Myanmar Investment Commission

DICA
Directorate of Investment and Company Administration

တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးသည့်အဖွဲ့၏

စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ

၂၀၂၂ ခုနှစ်

ဥယျောဇဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်းရယူဆောင်ရွက်တဲ့အချိန်ကာလမှာ လုပ်ငန်းရှင်များအနေနဲ့ အစိုးရဌာနဆိုင်ရာတွေနဲ့ ဆက်သွယ်ဆောင်ရွက်ကြတဲ့အခါ လွယ်ကူချောမွေ့စေပြီး စီးပွားရေးလုပ်ငန်းများ တိုးတက်မှုကတစ်ဆင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်ရေးကို အလေးထားလုပ်ဆောင်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးသည့်အဖွဲ့၏ စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်မှုဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ နိုင်ငံတော်၏ စီမံအုပ်ချုပ်ရေးနှင့် အစိုးရဌာနများ၏ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်နိုင်မှု မှတ်တမ်းတစ်ခုလို့လည်း ပြောလို့ရပါတယ်။ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများကို အစိုးရဌာနတွေမှာ လက်တွေ့တာဝန်ယူဆောင်ရွက်နေတဲ့ အရာထမ်းများကိုယ်တိုင် ပါဝင်ရေးဆွဲထားတာကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေနဲ့ အားကိုးအားထားပြု ရည်ညွှန်းလက်စွဲအဖြစ် ယုံကြည်လိုက်နာဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ လိုင်စင်/ပါမစ်တစ်ခုရရှိဖို့ လိုက်နာလုပ်ဆောင်ကြရတဲ့လုပ်ငန်းစဉ်များ ရိုးရှင်းလွယ်ကူဖို့အပြင် ငွေကြေးကုန်ကျမှု၊ လိုအပ်တဲ့စာရွက်စာတမ်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် အချိန်ကုန်သက်သာဖို့ အစိုးရဌာနများအနေနဲ့ အလေးထားဆောင်ရွက်ထားကြတာလည်း တွေ့နိုင်မှာဖြစ်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေနဲ့ ဘယ်လိုပါမစ်/လိုင်စင်ကို ဘယ်နေရာမှာ လျှောက်ထားနိုင်ပြီး ဘယ်ရာထူး၊ ဘယ်အဆင့်က လက်မှတ်ရေးထိုးပေးရတယ်ဆိုတာကိုပါ အလွယ်တကူသိရှိနိုင်မှာ ဖြစ်ပါတယ်။

ထို့အတူ ဒီစာစောင်ဟာ အစိုးရဌာနများအတွက် လက်စွဲလမ်းညွှန်အဖြစ် ထားရှိသွားမှာဖြစ်လို့ အစိုးရဌာနများက လုပ်ငန်းစဉ်များကို ပိုမိုကောင်းမွန်စေဖို့ ပြောင်းလဲသည့်ကိစ္စမှအပ အခြားသောပြောင်းလဲမှုများ မပြုလုပ်ကြရန်လည်း အရေးကြီးပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့်အဖွဲ့၏ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများစာစောင်ဟာ ကောင်းမွန်သောစီမံအုပ်ချုပ်မှုညွှန်းကိန်းတွေဖြစ်တဲ့ ကြိုတင်ခန့်မှန်းသိသာနိုင်မှု (Predictability)၊ တာဝန်ယူမှု (Responsibility)၊ တာဝန်ခံမှု (Accountability) နှင့် ပွင့်လင်းမြင်သာရှိမှု (Transparency) ကို တိုးတက်ဖြစ်ပေါ်စေမယ်လို့ ကျွန်ုပ်အနေနဲ့ ယုံကြည်ပါကြောင်း မိတ်ဆက်ပြောကြားလိုပါတယ်။

ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ကျေးဇူးတင်စကား

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း ဖြစ်ပေါ်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေခြင်း၊ ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ခြင်း၊ ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးခြင်း စသည့် မဏ္ဍိုင်ကြီးလေးရပ်အပေါ် အခြေခံ၍ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ရုံးလုပ်ငန်းများကို အဆင်ပြေချောမွေ့စေရေး အထောက်အကူပြုဆောင်ရွက်ပေး လျက်ရှိပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရုံးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနများ၏ ရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးသည် ဝန်ကြီးဌာန၏ ဦးစားပေးဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ဖြစ်သောကြောင့် ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက်တွင် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့် အဖွဲ့၏ စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများကို အမြန်ဆုံးထုတ်ပြန်နိုင်ရေးအတွက် မိမိဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးကို တာဝန်ပေး၍ ဦးဆောင်စေခဲ့ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်အဖွဲ့၏ စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများကို ၂၀၁၉ ခုနှစ်က မူကြမ်း ပြုစုပြီးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တရားဝင်ထုတ်ပြန်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။ ၂၀၁၉ ခုနှစ်က ပြုစုခဲ့သည့် မူကြမ်းကို ဌာနများ၏ လက်ရှိအသုံးပြုနေသည့် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိစေရန်အတွက် ပြန်လည်ပြုစုထုတ်ပြန်နိုင်ရေး လုပ်ငန်းစဉ်ကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့်အဖွဲ့ပါ ဌာန ၁၆ ခုနှင့် အစည်းအဝေး ၃ ကြိမ်ပြုလုပ်၍ သဘောထားမှတ်ချက်များ၊ အချက်အလက်များတောင်းခံ၍ လည်းကောင်း၊ စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးအတွက် အတွင်းရေးမှူးရုံး အဖွဲ့အဖြစ် ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မူဝါဒနှင့်ဥပဒေ ဌာနခွဲနှင့် သက်ဆိုင်ရာဌာနများအလိုက် အကြိမ်ကြိမ်ဆက်သွယ် ဆွေးနွေးမေးမြန်းခြင်းဖြင့် လည်းကောင်း အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများကို ပြုစုခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်က ပြုစုထားသည့် မူကြမ်းနှင့် ယခုစံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများကို နှိုင်းယှဉ်ကြည့်ပါက တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့် အဖွဲ့ပါ ဌာနများအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို များစွာပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသဖြင့် သက်ဆိုင်ရာဌာနများကို ကျေးဇူးတင်ရှိပါသည်။ ဌာနများအနေဖြင့် ပိုမိုကောင်းမွန်အောင် ပြုပြင် ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ပြုလုပ်နေကြသည်ဖြစ်ရာ ဤစံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ ကို Living Documents အဖြစ် ထားရှိသွားမည်ဖြစ်ပါသည်။

စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရုံးလုပ်ငန်းများကို ပိုမိုအဆင်ပြေချောမွေ့စေရေးနှင့် ပိုမိုအောင်မြင်စေရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်အဖွဲ့၏ စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ ပြုစုထုတ်ပြန်ခြင်းလုပ်ငန်းစဉ် တစ်လျှောက်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့်အဖွဲ့ဝင် ဌာနများနှင့် တစ်ဦးတစ်ယောက်ချင်းစီတို့ကို ကျေးဇူးတင်ရှိကြောင်း ဤနေရာမှ မှတ်တမ်းတင်အပ်ပါသည်။

အောင်နိုင်ဦး

ပြည်ထောင်စုဝန်ကြီး

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

မာတိကာ

ဥယျောဇဥ်	
ကျေးဇူးတင်စကား	
လိုင်စင်/ခွင့်ပြုမိန့်များ	**စာမျက်နှာ**
(၁) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန	
အလုပ်လုပ်ကိုင်မည့် နိုင်ငံခြားသားပညာရှင်များ၏ နေထိုင်ခွင့် သက်တမ်း၊ ပြည်ပြန်ဝင်ခွင့်ဗီဇာနှင့် အလုပ်သမားမှတ်ပုံတင်ကတ်အသစ်၊ သက်တမ်းတိုးမြှင့်ခြင်းအတွက် ထောက်ခံချက်ထုတ်ပေးခြင်း	၁ - ၂
(၂) မီးသတ်ဦးစီးဌာန	
အဆောက်အအုံမဆောက်လုပ်မီ မီးဘေးလုံခြုံရေးအကြံပြုချက် လျှောက်ထားခြင်း	၂ - ၄
မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက်လျှောက်ထားခြင်း	၂ - ၅
မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် သက်တမ်းတိုးလဲလှယ် လျှောက်ထားခြင်း	၂ - ၆
(၃) အကောက်ခွန်ဦးစီးဌာန	
အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုမိန့်ထုတ်ပေးခြင်း	၃ - ၃
(၄) ပြည်တွင်းအခွန်များဦးစီးဌာန	
အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုမိန့် ထုတ်ပေးခြင်း	၄ - ၄
အခွန်ထမ်းမှတ်ပုံတင်(TIN) လျှောက်ထားခြင်း	၄ - ၅
ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန် လုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ် လျှောက်ထားခြင်း	၄ - ၆
တံဆိပ်ခေါင်းခွန်	၄ - ၇
အွန်လိုင်းမှ အခွန်ပေးဆောင်နိုင်ရန် မှတ်ပုံတင်ခြင်း	၄ - ၁၀
(၅) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန	
ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခြင်း	၅ - ၄
စက်ရုံ၊ အလုပ်ရုံနှင့် အဆောက်အဦများတွင် လျှပ်စစ်သွယ်တန်း တပ်ဆင်မှုများအား ဗို့အားနိမ့်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခြင်း	၅ - ၅
ယာယီလျှပ်စစ်သွယ်တန်းတပ်ဆင်မှုကို စစ်ဆေးခြင်း	၅ - ၇
ဂျင်နရေတာနှင့်အခြားလျှပ်စစ်ပစ္စည်းများ (ဝရိန်စက်၊ အပူပေးစက်၊ အင်ဗာတာနှင့် လျှပ်စစ်မီတာအသစ်) အား စစ်ဆေးခြင်းနှင့် အသုံးပြုမှု မှတ်ပုံတင်လက်မှတ်	၅ - ၈
စက်လှေကားနှင့် ဓာတ်လှေကားတပ်ဆင်ခြင်းအတွက် တည်ဆောက် ခွင့်ပြုမိန့်	၅ - ၁၀

လိုင်စင်/ခွင့်ပြုမိန့်များ	စာမျက်နှာ
စက်လှေကားနှင့် ဓာတ်လှေကားစစ်ဆေးခြင်းနှင့် အသုံးပြုခွင့် ထုတ်ပေးခြင်း	၅ – ၁၁
ဘွိုင်လာစစ်ဆေးခြင်းနှင့် အသုံးပြုခွင့်လက်မှတ် ထုတ်ပေးခြင်း	၅ – ၁၂
ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း	၅ – ၁၆
(၆) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန	
မျိုးခြံလုပ်ငန်း/ မွေးမြူရေးခြံလုပ်ငန်း မှတ်ပုံတင်လျှောက်ထားခြင်း	၆ – ၅
တိရစ္ဆာန်အစာထုတ်စက်ရုံ မှတ်ပုံတင်လျှောက်ထားခြင်း	၆ – ၆
တိရစ္ဆာန်အရှင်များတင်သွင်းခြင်း	၆ – ၇
အအေးခဲအသားများတင်သွင်းခြင်း	၆ – ၁၀
ဘဲမွှေး၊ ငန်းမွှေး၊ ကြက်ဆင်မွှေး၊ ယုန်မွှေးနှင့် တောကြောင်မွှေး တင်သွင်းခြင်း	၆ – ၁၃
တိရစ္ဆာန်အစာ၊ ဆေးဝါးနှင့် မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခြင်း	၆ – ၁၅
တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် တိရစ္ဆာန်အစာများတင်ပို့ခြင်း	၆ – ၁၇
တိရစ္ဆာန်အရှင်များကို မြန်မာနိုင်ငံမှ အခြားနိုင်ငံများသို့ တင်ပို့ခြင်း	၆ – ၁၉
(၇) စိုက်ပျိုးရေးဦးစီးဌာန	
ဓာတ်မြေဩဇာထုတ်လုပ်ခွင့်မှတ်ပုံတင်လျှောက်ထားခြင်း	၇ – ၆
ဓာတ်မြေဩဇာ တင်သွင်းခွင့်၊ တင်ပို့ခွင့်မှတ်ပုံတင်လျှောက်ထားခြင်း	၇ – ၆
ပြည်ပမှ မြေဩဇာတင်သွင်းခွင့် ထောက်ခံချက်လျှောက်ထားခြင်း	၇ – ၇
မြေဩဇာသိုလှောင်လိုင်စင်လျှောက်ထားခြင်းနှင့် လိုင်စင်သက်တမ်းတိုး လျှောက်ထားခြင်း	၇ – ၇
မြေဩဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်း	၇ – ၈
ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများကို ပြည်တွင်းသို့ တရားဝင် တင်သွင်း ဖြန့်ဖြူးရောင်းချနိုင်ရန် မှတ်ပုံတင်လျှောက်ထားလာသည့် ပိုးသတ်ဆေးများကို ပိုးသတ်ဆေးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ပိုးသတ်ဆေးမှတ်ပုံတင်ခွင့်ပြုခြင်း	၇ – ၉
ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်း	၇ – ၁၃
ပိုးသတ်ဆေးပြန်လည်ထုပ်ပိုးရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်း	၇ – ၁၅
ပိုးသတ်ဆေးလက်လီ/လက်ကား ရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်း	၇ – ၁၆
ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင်လျှောက်ထားခြင်း	၇ – ၁၈
မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးများအတွက် တင်သွင်းခွင့်	၇ – ၁၉
ပြည်ပမှ တင်သွင်းရောက်ရှိလာသော ပိုးသတ်ဆေးများအား အကောက်ခွန် ဦးစီးဌာန၏ Myanmar Automated Cargo Clearance System (MACCS) စနစ်ဖြင့် ချိတ်ဆက်ပြီး ကုန်ပစ္စည်းများရောက်ရှိချိန်တွင် စိစစ်စစ်ဆေး၍ ကိုက်ညီမှုရှိပါက တင်သွင်းခွင့်ပြုခြင်း	၇ – ၂၀

လိုင်စင်/ခွင့်ပြုမိန့်များ	စာမျက်နှာ
သီးနှံထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်းမှ ပြည်တွင်းလုံခြုံစိတ်ချစွာ စားသုံးနိုင်ရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးသီးနှံထွက်ကုန်များ၌ ပိုးသတ်ဆေးဓါတ်ကြွင်း၊ မှိုအဆိပ်နှင့် အဆိပ်ဓါတ်သတ္တုများကို စစ်ဆေးခြင်း	၇ – ၂၃
အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် တင်သွင်းခွင့်ထောက်ခံချက် (Import Certificate – IC) ထုတ်ပေးခြင်း	၇ – ၂၅
အပင်နှင့်အပင်ထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (Phytosanitary Certificate – PC) ထုတ်ပေးခြင်း	၇ – ၂၆
အပင်နှင့်အပင်ထွက်ပစ္စည်းများ ပြန်လည်တင်ပို့ခြင်း သို့မဟုတ် transit အတွက် လျှောက်ထားခြင်း	၇ – ၂၇
အပင်နှင့်အပင်ထွက်ပစ္စည်းများတင်သွင်းရာတွင် ကုန်ပစ္စည်းများရောက်ချိန်၌ အကောက်ခွန်ဦးစီးဌာန၏ Myanmar Automated Cargo Clearance System (MACCS) စနစ်ကိုကျင့်သုံး၍ လိုက်နာဆောင်ရွက်ခြင်း	၇ – ၂၈
စမ်းသပ်စိုက်ပျိုးရန်အတွက် ပြည်တွင်းသို့ အပင်မျိုးသစ်တင်သွင်းခွင့်ထောက်ခံချက် လျှောက်ထားခြင်း	၇ – ၂၉
မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိရန် ရည်ရွယ်၍ စမ်းသပ်စိုက်ပျိုးခွင့် လျှောက်ထားခြင်း	၇ – ၃၀
အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုလက်မှတ် လျှောက်ထားခြင်း	၇ – ၃၁
မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားခြင်း	၇ – ၃၂
မျိုးစေ့အရည်အသွေးစစ်ဆေးခန်းဖွင့်လှစ်ခွင့် လျှောက်ထားခြင်း	၇ – ၃၃
မျိုးစေ့တင်သွင်းခွင့်၊ တင်ပို့ခွင့်ထောက်ခံချက်လျှောက်ထားခြင်း	၇ – ၃၃
(၈) ငါးလုပ်ငန်းဦးစီးဌာန	
ကမ်းဝေးငါးဖမ်းလိုင်စင်	၈ – ၅
ကမ်းနီးငါးဖမ်း၊ ငါးသယ်လိုင်စင်	၈ – ၇
ငါးသယ်ရေယာဉ်လိုင်စင် (ပြည်တွင်း၊ ပြည်ပ)	၈ – ၈
ရေလုပ်သားမှတ်ပုံတင်ခြင်း	၈ – ၁၀
အငှားဂရန်အင်း၊ သီးသန့်အင်းငှားရမ်းခွင့် (မြန်မာနိုင်ငံသားများသာလျှင်)	၈ – ၁၁
တင်ဒါလိုင်စင်	၈ – ၁၂
ငါးဖမ်းကိရိယာလိုင်စင်	၈ – ၁၄
ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်အသိအမှတ်ပြုလက်မှတ်	၈ – ၁၅
စီးပွားဖြစ်ငါးမွေးမြူခြင်းလိုင်စင် (ငါး၊ ပုစွန်)	၈ – ၁၈
ငါးသားဖောက်စီးပွားဖြစ်လုပ်ငန်း၊ အလှမွေးငါးစီးပွားဖြစ် မွေးမြူခွင့်လိုင်စင်	၈ – ၂၀

လိုင်စင်/ခွင့်ပြုမိန့်များ	စာမျက်နှာ
ပို့ကုန်၊ သွင်းကုန်ဆိုင်ရာရေနေသတ္တဝါအရှင် ကျန်းမာရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ်	၈ – ၂၁
ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်	၈ – ၂၃
ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်ခွင့်လိုင်စင် (အငယ်စား၊ အလတ်စား လုပ်ငန်းလိုင်စင်)	၈ – ၂၅
ငါးချဆိပ်ကမ်းမှတ်ပုံတင်လက်မှတ်	၈ – ၂၆
ရေလုပ်ငန်းသုံးရေခဲစက်ရုံမှတ်ပုံတင်လက်မှတ်	၈ – ၂၈
ရေထွက်ပစ္စည်းသယ်ယူသည့်ထောက်အထားလက်မှတ်	၈ – ၃၀
မွေးမြူရေးအတွက် လိုအပ်သော ငါးစာ၊ အစာကုန်ကြမ်းနှင့် ဖြည့်စွက်စာ၊ ဆေးဝါး တင်သွင်းခြင်းအတွက် ထောက်ခံချက်	၈ – ၃၁
ငါး၊ ပုစွန်သားပေါက်၊ အလှမွေးငါးနှင့် မွေးမြူရေးငါးများ တင်သွင်းခြင်း အတွက် ထောက်ခံချက်	၈ – ၃၂
ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် အအေးခန်းစက်ရုံနှင့် ငါးပေါင်းမှုန့် စက်ရုံလိုင်စင်	၈ – ၃၅
ကျန်းမာရေးထောက်ခံချက်လက်မှတ်	၈ – ၃၇
ရေထွက်ပစ္စည်းများအား လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်ရန် တင်သွင်းခြင်းအတွက် သွင်းကုန်လိုင်စင်ဆိုင်ရာထောက်ခံချက်	၈ – ၃၈
လက်ခစားအပ်ကုန်စနစ်ဖြင့်ထုတ်လုပ်ထားသော ကုန်ချောရေထွက် ပစ္စည်းများကို ပြန်လည်တင်ပို့နိုင်ရန်အတွက် ပြန်လည်တင်ပို့လိုင်စင်ဆိုင်ရာ ထောက်ခံချက်ထုတ်ပေးခြင်း	၈ – ၄၁
ပြည်တွင်းစားသုံးရန်ပြည်ပမှ ရေထွက်ပစ္စည်းများ တင်သွင်းခြင်းအတွက် သွင်းကုန်လိုင်စင်ဆိုင်ရာ ထောက်ခံချက်	၈ – ၄၂
ပြည်ပသို့ ရေထွက်ပစ္စည်းများတင်ပို့ခြင်းအတွက် အကောက်ခွန်ဦးစီးဌာနသို့ ရေထွက်ပစ္စည်းထောက်ခံစာ	၈ – ၄၄
(၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန	
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ စီမံကိန်းအဆိုပြုလွှာ တင်သွင်းခြင်း	၉ – ၂
(၁၀) သတ္တုတွင်းဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း	
ဓာတ်သတ္တုရှာဖွေရန်ခွင့်ပြုမိန့်လျှောက်ထားခြင်း	၁၀ – ၅
ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့် သက်တမ်းတိုးလျှောက်ထားခြင်း	၁၀ – ၇
ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်လျှောက်ထားခြင်း	၁၀ – ၉
ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်သက်တမ်းတိုး လျှောက်ထားခြင်း	၁၀ – ၁၁
ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်လျှောက်ထားခြင်း	၁၀ – ၁၃

လိုင်စင်/ခွင့်ပြုမိန့်များ	စာမျက်နှာ
ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန်ခွင့်ပြုမိန့်လျှောက်ထားခြင်း	၁၀ – ၁၅
ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်း	၁၀ – ၁၈
ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်လျှောက်ထားခြင်း	၁၀ – ၁၉
ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်သက်တမ်းတိုး လျှောက်ထားခြင်း	၁၀ – ၂၁
ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း	၁၀ – ၂၂
ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် သက်တမ်းတိုး လျှောက်ထားခြင်း	၁၀ – ၂၄
ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်း နှင့် ဝယ်ယူခြင်းလုပ်ငန်းများအနက် လုပ်ငန်းတစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း	၁၀ – ၂၅
ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း (အလတ်စား တူးဖော်ထုတ်လုပ်ခြင်းအတွက်)	၁၀ – ၂၇
ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း (အသေးစားနှင့် လက်လုပ်လက်စား တူးဖော် ထုတ်လုပ်ခြင်းအတွက်)	၁၀ – ၂၉
ကျောက်မျက်ရတနာအချောထည်၊ လက်ဝတ်ရတနာနှင့် ကျောက်မျက်ဖြင့် ပြုလုပ်သော ပစ္စည်းများအား ရောင်းချခြင်းလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း	၁၀ – ၃၂
(၁၁) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန	
နေထိုင်ခွင့်/ နိုင်ငံခြားသားမှတ်ပုံတင်/ အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာ/ တစ်ကြိမ် ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးခြင်း	၁၁ – ၅
(၁၂) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန	
နိုင်ငံခြားသားအလုပ်သမားမှတ်ပုံတင်ခြင်း	၁၂ – ၃
(၁၃) ကုန်သွယ်ရေးဦးစီးဌာန	
ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း	၁၃ – ၄
သွင်းကုန်လိုင်စင်	၁၃ – ၆
ပို့ကုန်လိုင်စင်	၁၃ – ၈
(၁၄) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန	
ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ တည်ဆောက်မှုနှင့် ပြုပြင်မွမ်းမံမှု ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်း	၁၄ – ၃

လိုင်စင်/ခွင့်ပြုမိန့်များ	စာမျက်နှာ
ဟိုတယ်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်း	၁၄ – ၅
ဟိုတယ်လုပ်ငန်းလိုင်စင် သက်တမ်းတိုးလျှောက်ထားခြင်း	၁၄ – ၈
တည်းခိုရိပ်သာလိုင်စင် လျှောက်ထားခြင်း	၁၄ – ၉
တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် သက်တမ်းတိုးလျှောက်ထားခြင်း	၁၄ – ၁၁
ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း (ပြည်တွင်းခရီးစဉ်နှင့် ပြည်ဝင် ခရီးစဉ်)	၁၄ – ၁၂
ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း (ပြည်ပခရီးစဉ်)	၁၄ – ၁၄
ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် သက်တမ်းတိုးလျှောက်ထားခြင်း (ပြည်တွင်းခရီးစဉ်၊ ပြည်ဝင်ခရီးစဉ်နှင့် ပြည်ပခရီးစဉ်)	၁၄ – ၁၆
ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း	၁၄ – ၁၇
ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် သက်တမ်းတိုး လျှောက်ထားခြင်း	၁၄ – ၁၈
ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း	၁၄ – ၁၉
ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်သက်တမ်းတိုး	၁၄ – ၂၁
(၁၅) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်း	
ထရန်စဖော်မာအသုံးပြုခွင့် လျှောက်ထားခြင်း	၁၅ – ၃
မီတာအသုံးပြုခွင့် လျှောက်ထားခြင်း	၁၅ – ၅
အဆောက်အဦဆောက်လုပ်နေစဉ် ထရန်စဖော်မာအတွက် ယာယီလျှပ်စစ်အသုံးပြုခွင့် လျှောက်ထားခြင်း	၁၅ – ၇
အဆောက်အဦဆောက်လုပ်နေစဉ် ယာယီမီတာအသုံးပြုခွင့်လျှောက်ထားခြင်း	၁၅ – ၉
(၁၆) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ	
မြေပိုင်ဆိုင်မှု မှန်ကန်သော ဆောက်လုပ်ခွင့် (Low Risk Building)	၁၆ – ၂
မြေပိုင်ဆိုင်မှုအရပ်ကတိစာချုပ်ဖြင့် ဆောက်လုပ်ခွင့် (Low Risk Building)	၁၆ – ၄
အဆောက်အအုံပြီးစီးကြောင်း လက်မှတ် (BCC) (Low Risk Building)	၁၆ – ၇
ဆောက်လုပ်ခွင့် (Medium Risk Building)	၁၆ – ၉
အဆောက်အအုံပြီးစီးကြောင်း လက်မှတ် (BCC) (Medium Risk Building)	၁၆ – ၁၄
ဆောက်လုပ်ခွင့် (High Risk Building)	၁၆ – ၁၇
အဆောက်အအုံပြီးစီးကြောင်း လက်မှတ် (BCC) (High Risk Building)	၁၆ – ၂၃
Minor Building Works and Temporary Structural	၁၆ – ၂၆
Technical Administrative Information Sheet (TAIS)	၁၆ – ၂၈
ဖျက်သိမ်းခွင့်ပြုမိန့်	၁၆ – ၃၀

(၁) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အဖွဲ့၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ အလုပ်လုပ်ကိုင်မည့် နိုင်ငံခြားသားများအတွက် နေထိုင်ခွင့်သက်တမ်း၊ ပြည်ပြန်ဝင်ခွင့်နှင့် အလုပ်သမားမှတ်ပုံတင်ကတ်အသစ်/ သက်တမ်းတိုးမြှင့်ခြင်းအတွက် ထောက်ခံချက်ကို လျှောက်ထားရယူနိုင်ပါသည်။

အလုပ်လုပ်ကိုင်မည့် နိုင်ငံခြားသားပညာရှင်များ၏ နေထိုင်ခွင့်သက်တမ်း၊ ပြည်ပြန်ဝင်ခွင့် ဗီဇာနှင့် အလုပ်သမားမှတ်ပုံတင်ကတ်အသစ်/ သက်တမ်းတိုးမြှင့်ခြင်းအတွက် ထောက်ခံချက် ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ခွင့်ပြုမိန့်/ အတည်ပြုမိန့် (ခ) အဆိုပြုချက်ပါ ပြည်တွင်း/ ပြည်ပ ဝန်ထမ်းစာရင်း (ဂ) လက်ရှိခန့်ထားပြီး ပြည်တွင်း/ ပြည်ပ ဝန်ထမ်းစာရင်း (ဃ) ထပ်တိုးစာရင်းရှိပါက ကော်မရှင်မှ ခွင့်ပြုထားသော ထပ်တိုးလူဦးရေစာရင်း ဒါရိုက်တာ လျှောက်ထားလိုပါက အောက်ပါတို့ကို PDF ဖိုင်ဖြင့် ပူးတွဲ တင်ပြ၍ဖြစ်ပါသည်- - နိုင်ငံခြားသား၏နိုင်ငံကူးလက်မှတ် - ဒါရိုက်တာစာရင်း ပညာရှင် လျှောက်ထားလိုပါက အောက်ပါတို့ကို PDF ဖိုင်ဖြင့် ပူးတွဲတင်ပြ၍ဖြစ်ပါသည်- - နိုင်ငံခြားသား၏ နိုင်ငံကူးလက်မှတ် - မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အလုပ်ခန့်ထားစာ - အလုပ်သမားမှတ်ပုံတင်ကတ် သက်တမ်းတိုးမြှင့်ပါက ယခင်ခွင့်ပြုပေးထားသည့် အလုပ်သမားကတ် မှီခိုသူ လျှောက်ထားလိုပါက အောက်ပါတို့ကို PDF ဖိုင်ဖြင့် ပူးတွဲတင်ပြ၍ဖြစ်ပါသည်- - နိုင်ငံခြားသား၏ နိုင်ငံကူးလက်မှတ်)

	- မှီခိုသူ အထောက်အထား (လက်ထပ်စာချုပ်၊ မွေးစာရင်း၊ အိမ်ထောင်စုဇယား) - မှီခိုသူနှင့် သက်ဆိုင်သော နိုင်ငံခြားသား ဒါရိုက်တာ (သို့မဟုတ်) နိုင်ငံခြားသားပညာရှင်၏ အထောက် အထား (company extract form (သို့မဟုတ်) မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခန့်ထားခွင့်ပြုစာ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လျှောက်ထားလိုသည့် အကြောင်း အရာများကို လိုအပ်သော အထောက်အထားများနှင့်တကွ movas.dica.gov.mm တွင် ဖြည့်သွင်းလျှောက်ထားရ မည်။ (ခ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လျှောက်ထားချက်ကို မှန်ကန်ပြည့်စုံမှု ရှိ မရှိ စစ်ဆေးပါမည်။ (ဂ) ပြည်စုံမရှိသော လျှောက်ထားချက်များအား Reject ဖြင့် လည်းကောင်း၊ ပြည်စုံပါက Approve ဖြင့် လည်းကောင်း၊ MOVAS စနစ်ဖြင့် အလိုအလျှောက် ပို့လွှတ်သော email ဖြင့် ကုမ္ပဏီသို့ အကြောင်းကြားပေးမည်ဖြစ်ပါသည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၃ ရက်
လျှောက်ထားရမည့် နေရာ	ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (OSS)
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/ အဆင့်	ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၂) မီးသတ်ဦးစီးဌာန

မီးသတ်ဦးစီးဌာန

၁။ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေပုဒ်မ (၁၇) အရ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းသည် အောက်ပါကိစ္စရပ်များအတွက် ခွင့်ပြုမိန့်ထုတ်မပေးမီ မီးဘေး လုံခြုံရေး ကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက်ကို ရယူရမည်-

(က) သုံးထပ်နှင့်အထက်ရှိ အဆောက်အအုံ၊ စုပေါင်းပိုင်အိမ်ရာ၊ ဈေး၊ လူအများအပြား စုဝေးအသုံးပြုသည့် အဆောက်အအုံများဆောက်လုပ်ခြင်း။

(ခ) ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်းလုပ်ကိုင်ခြင်း။

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် သိုလှောင်ကန်များဆောက်လုပ်ခြင်း။

(ဃ) မီးဘေးအန္တရာယ် စိုးရိမ်ရသောလုပ်ငန်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ အသုံးပြု၍လုပ်ငန်းလုပ်ကိုင်ခြင်း။

(င) မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း။

(စ) မော်တော်ယာဉ်၊ မီးရထား၊ လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘော၊ စက်တပ် ရေယာဉ်၊ စက်မဲ့ရေယာဉ်တို့ကို အသုံးပြု၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း။

၂။ မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် လျှောက်ထားမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် တူညီသောလုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက် ပေးလျက် ရှိပါသည်။ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် မီးသတ်ဦးစီးဌာနများတွင် သွားရောက်၍လည်းကောင်း၊ https://app.fsd.gov.mm အွန်လိုင်းမှတစ်ဆင့်လည်းကောင်းလျှောက်ထားနိုင်သည်။

(က) (၃) ထပ်မှ (၉) ထပ်အထိ ရိုးရိုးလူနေအဆောက်အအုံများ (မြေအောက်ခန်း မပါ)။

(ခ) တည်းခိုခန်း (ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာလုပ်ငန်းမပါ)။

(ဂ) ပညာရေးဆိုင်ရာအဆောက်အအုံများ။

(ဃ) စက်သုံးဆီဆိုင်များ။

အထက်တွင်ဖော်ပြမထားသော အခြားအဆောက်အအုံများ၏ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက်အတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်သို့လည်းကောင်း၊ https://app.fsd.gov.mm အွန်လိုင်းမှတစ်ဆင့်လည်းကောင်း လျှောက်ထားနိုင်သည်။

၃။ မီးသတ်ဦးစီးဌာနသည် တင်ပြလာသော စာရွက်စာတမ်းများနှင့် တည်ဆောက်မည့် ပုံစံများကို စစ်ဆေးပြီးနောက် အဆောက်အအုံအမျိုးအစားနှင့် အသုံးပြုမှု ရည်ရွယ်ချက်ပေါ် မူတည်၍ လိုအပ်သော အဆောက်အုံများအတွက် အဆိုပြုမီးဘေးလုံခြုံရေးစနစ်အား Presentation ပြုလုပ်ပေးရန်အကြောင်းကြားပါမည်။

၄။ အဆောက်အအုံသစ်ဆောက်လုပ်ပြီးစီး၍ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် ထုတ်ပေးရန်လျှောက်ထားလာပါက မီးသတ်ဦးစီးဌာနမှ မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆောက်အအုံတွင် တပ်ဆင်ထားသော မီးသတ်ပစ္စည်း ကိရိယာများ၊ မီးငြိမ်းသတ်ရေးစနစ်များ စစ်ဆေးစမ်းသပ်မှု အောင်မြင်ပါက မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် ထုတ်ပေးပါမည်။ ထိုထောက်ခံချက်၏ သက်တမ်းသည် ၃ နှစ် အထိသာ အကျုံးဝင်၍ ၃ နှစ် ပြည့်ပါက သက်တမ်းတိုးပြန်လည်လျှောက်ထားရမည်။

၅။ ယခုအခါ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနသည် “မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀) – Myanmar Fire Safety Code (2020)” ကို အတည်ပြုထုတ်ပြန်ထားရှိပြီးဖြစ်ပါသဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆောက်အအုံများတွင် မီးဘေးလုံခြုံရေးနှင့် အရေးပေါ်ထွက်ပြေးလွတ်မြောက်မှုဆိုင်ရာ စနစ်များ ဒီဇိုင်းရေးဆွဲ တပ်ဆင်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန/ အဖွဲ့အစည်းများအနေဖြင့် ဤစံချိန်စံညွှန်းသတ်မှတ်ချက်ပါ ပြဋ္ဌာန်းသတ်မှတ်ချက်များ အတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

(၁) အဆောက်အအုံမဆောက်လုပ်မီ မီးဘေးလုံခြုံရေးအကြံပြုချက်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) မီးသတ်ဦးစီးဌာန၏လျှောက်လွှာ (ခ) ဂရန်မိတ္တူ (ဂ) မှတ်ပုံတင်မိတ္တူ (ဃ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်မိတ္တူ (လိုအပ်ပါက) (င) လုပ်ငန်းဆောင်ရွက်မည့် သက်ဆိုင်ရာ တာဝန်ခံ အင်ဂျင်နီယာ/ ဗိသုကာ၏ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်မိတ္တူ (စ) Architectural Drawing (ဆ) M & E Drawing (Fire Protection)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် အဆောက်အအုံအသစ် မဆောက်လုပ်မီ မီးဘေးလုံခြုံရေးအကြံပြုချက် ရရှိရန်အတွက် ဆောက်လုပ်မည့် အဆောက်အအုံ၏ အထပ်အရေအတွက်၊ အမျိုးအစားနှင့် အသုံးပြုမှုတို့အပေါ် မူတည်၍ မီးသတ်တပ်ဖွဲ့ဌာနချုပ် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်မီးသတ်ဦးစီးဌာနသို့ တင်ပြလျှောက်ထားရပါမည်။ (ခ) မီးသတ်ဦးစီးဌာနသည် တင်ပြလျှောက်ထားလာသည့် စာရွက်စာတမ်းများ ပြည့်စုံမှုရှိ မရှိနှင့် ဆောက်လုပ်မည့် အဆောက်အအုံ၏ Design Drawing တွင် ဖော်ပြထားသော အချက်အလက်များသည် မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀) နှင့်အညီရေးဆွဲထားခြင်း ရှိ မရှိတို့အား စစ်ဆေးပါမည်။ (ဂ) မီးသတ်ဦးစီးဌာနက တင်ပြလျှောက်ထားလာသော Design Drawing အား အတည်ပြုပြီးချိန်တွင် လျှောက်ထားသူသည် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းအတွက် ဝန်ဆောင်ခအား မြန်မာ့စီးပွားရေးဘဏ်သို့

	ပေးသွင်းရပါမည်။ (ဃ) မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးအကြံပြုချက်ကို ထုတ်ပေးပါမည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ (က)
ကြာမြင့်ချိန်	ရုံးဖွင့်ရက်၅ရက် (တင်ပြလျှောက်ထားလာသောစာရွက်စာတမ်းများနှင့်Design Drawing များသည်သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိပါက)
လျှောက်ထားရမည့်နေရာ	မီးသတ်တပ်ဖွဲ့ဌာနချုပ်သို့မဟုတ်သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်မီးသတ်ဦးစီးဌာန
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူး (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်မီးသတ်ဦးစီးမှူး
မှတ်ချက်	တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မီးဘေးလုံခြုံရေး အကြံပြုချက်အား https://app.fsd.gov.mm အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ပါသည်။ သီးခြားဖြေလျှော့ပေးစေလိုသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လျှောက်ထားသူသည် မီးသတ်ဦးစီးဌာနသို့ တွေ့ဆုံဆွေးနွေးခွင့် တောင်းခံနိုင်ပါသည်။

(၂) မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့်အထောက်အထားများ	(က) မီးဘေးလုံခြုံရေးစစ်ဆေးပေးရန် Company letter head ပါသော ကိုယ်တိုင်ရေးလျှောက်လွှာ။ (ခ) မီးသတ်ဦးစီးဌာန၏ လျှောက်လွှာ။ (ဂ) မီးဘေးလုံခြုံရေးအကြံပြုချက်မိတ္တူ။ (ဃ) မြန်မာ့စီးပွားရေးဘဏ်သို့ ပုံစံစစ်ဆေးခ ပေးသွင်းထားသော ငွေသွင်းချလံမိတ္တူ။
လုပ်ငန်းစဉ်အဆင့်	(က) မီးဘေးလုံခြုံရေး အကြံပြုချက်နှင့် Design Drawing ပါ သတ်မှတ်ချက်များအတိုင်း မီးဘေးလုံခြုံရေးစနစ်များ ပြည့်စုံစွာ တပ်ဆင်ပြီးပါက မီးဘေးလုံခြုံရေးစစ်ဆေး

	ထောက်ခံချက် ထုတ်ပေးရန်အတွက် မီးဘေးလုံခြုံရေး အကြံပြုချက် ထုတ်ပေးထားသည့် သက်ဆိုင်ရာမီးသတ် ဦးစီးဌာနသို့ လျှောက်ထားတင်ပြရပါမည်။ (ခ) မီးသတ်ဦးစီးဌာန၏ တာဝန်ပေးထားသည့် ကွင်းဆင်း အဖွဲ့က မြေပြင်ကွင်းဆင်းစစ်ဆေးပါမည်။ (ဂ) မြေပြင်ကွင်းဆင်းစစ်ဆေးအဖွဲ့၏ စစ်ဆေး တင်ပြချက် အပေါ် မူတည်၍ မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် ထုတ်ပေးရန် ဆက်လက် ဆောင်ရွက်ပါမည်။ (ဃ) မီးဘေးလုံခြုံရေးစစ်ဆေး ထောက်ခံချက်ကို ထုတ်ပေး ပါမည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	ရုံးဖွင့်ရက် ၁၀ ရက်
လျှောက်ထားရမည့် နေရာ	မီးသတ်တပ်ဖွဲ့ဌာနချုပ်သို့မဟုတ်သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်မီးသတ်ဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးမှူး
မှတ်ချက်	တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မီးဘေးလုံခြုံရေးစစ်ဆေး ထောက်ခံချက်အား https://app.fsd.gov.mm အွန်လိုင်းမှ တဆင့်လျှောက်ထားနိုင်ပါသည်။

(၃) မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက်သက်တမ်းတိုးလဲလှယ်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) မီးဘေးလုံခြုံရေးစစ်ဆေး ထောက်ခံချက် သက်တမ်းတိုး လဲလှယ်ရန် Company letter head ပါသော ကိုယ်တိုင်ရေး လျှောက်လွှာ။ (ခ) ထုတ်ပေးထားသော မီးဘေးလုံခြုံရေး စစ်ဆေး ထောက်ခံချက် မိတ္တူ။

လုပ်ငန်းစဉ်အဆင့်	(က) မီးဘေးလုံခြုံရေးစစ်ဆေး ထောက်ခံချက် သက်တမ်း မကုန်မီ လျှောက်ထားသူသည် မီးဘေးလုံခြုံရေး စစ်ဆေး ထောက်ခံချက် သက်တမ်းတိုး လဲလှယ်ပေးရန်အတွက် မီးဘေးလုံခြုံရေးစစ်ဆေး ထောက်ခံချက် ထုတ်ပေးထား သည့် မီးသတ်ဦးစီးဌာနသို့ လျှောက်ထားတင်ပြရပါမည်။ (ခ) မီးသတ်ဦးစီးဌာန၏ တာဝန်ပေးထားသည့် အဖွဲ့ဖြင့် မြေပြင်ကွင်းဆင်း စစ်ဆေးပါမည်။ (ဂ) မီးဘေးလုံခြုံရေးစစ်ဆေး ထောက်ခံချက် သက်တမ်းတိုး ကို ထုတ်ပေးပါမည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	ရုံးဖွင့်ရက် ၅ ရက်
လျှောက်ထားရမည့် နေရာ	မီးသတ်တပ်ဖွဲ့ဌာနချုပ် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်မီးသတ်ဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့်ရာထူး/ အဆင့်	ညွှန်ကြားရေးမှူး (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးမှူး
မှတ်ချက်	တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မီးဘေးလုံခြုံရေးစစ်ဆေး ထောက်ခံချက်သက်တမ်းတိုး အား https://app.fsd.gov.mm အွန်လိုင်းမှတဆင့် လျှောက်ထားနိုင်ပါသည်။

ပုံစံစာရင်း

ပုံစံအမှတ်စဉ်	**လျှောက်လွှာအမည်**
ပုံစံ (၁)	မီးဘေးလုံခြုံရေးစစ်ဆေး အကြံပြုချက် တောင်းခံခြင်းလျှောက်လွှာ
ပုံစံ (၂)	မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် ထုတ်ပေးပါရန် တင်ပြခြင်း လျှောက်လွှာ

နောက်ဆက်တွဲ (က)

မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုချက်အတွက်ပုံစံစစ်ဆေးခ

အုပ်စု	တိုင်းဒေသကြီး (သို့) ပြည်နယ်	နှုန်း (ကျပ်/စတုရန်းမီတာ)	
		စည်ပင်သာယာ နယ်နိမိတ်အတွင်း	စည်ပင်သာယာ နယ်နိမိတ်ပြင်ပ
၁	နေပြည်တော်	၁၀၀၀/-	၅၀၀/-
	ရန်ကုန်		
	မန္တလေး		
၂	စစ်ကိုင်း	၅၀၀/-	၂၀၀/-
	တနင်္သာရီ		
	ပဲခူး		
	မကွေး		
	ဧရာဝတီ		
၃	ကချင်	၂၀၀/-	၁၀၀/-
	ကယား		
	ကရင်		
	ချင်း		
	မွန်		
	ရခိုင်		
	ရှမ်း		

နောက်ဆက်တွဲ (ခ)

အဆောက်အအုံအမျိုးအစားအလိုက် မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုချက်ပုံစံ စစ်ဆေးခကောက်ခံမည့်စနစ်

စဉ်	ကောက်ခံမည့် ပုံစံ	အဆောက်အအုံအမျိုးအစား
၁။	ပုံစံစစ်ဆေးခ၏ ၁၀၀ %	(၁) စီးပွားရေးလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်သည့် အဆောက်အအုံ။ ယင်းအဆောက်အအုံမှာ မှတ်တမ်းများ၊ စာရင်းဇယာများ ထိန်းသိမ်းထားရှိခြင်းများ အပါအဝင် ရုံးခန်းများ၊ သက်မွေးဝမ်းကြောင်းဆိုင်ရာ သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်သည့် အဆောက်အအုံ ဖြစ်ပါသည်။ (ဥပမာ-ဘဏ်များ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ လေကြောင်းထိန်းသိမ်းရေးမျှော်စင်များ၊ တက္ကသိုလ် ကောလိပ်များ၊ စာတိုက်/ပုံနှိပ်တိုက်များ၊ မော်တော်ယာဉ် အရောင်းပြခန်းစသည်များ) (၂) စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သည့် အဆောက်အအုံ။ ယင်းအဆောက်အအုံမှာ ပစ္စည်း ကိရိယာများ တပ်ဆင်ခြင်း၊ ဖြုတ်ခြင်း၊ ထုတ်လုပ်ခြင်း၊ အချောကိုင်ခြင်း၊ တီထွင်ပြုလုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ပြုပြင်ခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်သော အဆောက်အအုံများဖြစ်ပါသည်။ (ဥပမာ - ယာဉ်အမျိုးမျိုး ထုတ်လုပ်သော စက်ရုံများ၊ စားသောက်ကုန် ထုတ်လုပ်သည့် လုပ်ငန်းများ၊ အီလက်ထရောနစ် ပစ္စည်းစက်ရုံများ၊ သတ္တုလုပ်ငန်းစသည်များ) (၃) ဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု မြင့်မားသည့်အဆောက်အအုံ။ ယင်းအဆောက်အအုံမှာ ရုပ်ပိုင်းဆိုင်ရာနှင့် ကျန်းမာရေး ဆိုင်ရာအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ သိုလှောင်ခြင်း၊ ထုတ်လုပ်သုံးစွဲခြင်းများ ဆောင်ရွက်သော အဆောက်အအုံဖြစ်ပါသည်။ (ဥပမာ- မီးရှူးမီးပန်းများ သိုလှောင်ခြင်း၊ ပေါက်ကွဲစေတတ်သော ဓာတုဗေဒပစ္စည်း အမျိုးမျိုးသိုလှောင်ခြင်းစသည်များ)

		(၄) ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အဆောက်အအုံ။ ယင်းအဆောက်အအုံမှာ ကုန်ပစ္စည်းများ ခင်းကျင်းပြသခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် အများပြည်သူများ အလွယ်တကူ ရရှိနိုင်ရေးအတွက် ကုန်ပစ္စည်းများ၊ ရောင်းကုန်များ သိုလှောင်ထားရှိရာ အဆောက်အအုံဖြစ်ပါသည်။ (ဥပမာ-ကုန်တိုက်များ၊ ဈေးများ၊ အရောင်းပြခန်းများ၊ လက်လီလက်ကား အရောင်းဆိုင်ကြီးစသည်များ) (၅) လူအများမှီတင်းနေထိုင်ရာ အဆောက်အအုံ။ ယင်းအဆောက်အအုံမှာ အိပ်စက် အနားယူရန် ရည်ရွယ်ချက်ဖြင့် အပန်းဖြေအိမ်များ၊ ဟိုတယ်များ၊ မိုတယ်များ၊ တိုက်ခန်းများ၊ ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ သင်တန်းအိပ်ဆောင်များ၊ လူနေအဆောက်အအုံများ ဖြစ်ပါသည်။ (၆) ပစ္စည်းသိုလှောင်ထားရှိရာ နေရာ အဆောက်အအုံ။ ယင်းအဆောက်အအုံမှာ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများ သိုလှောင်ရန်အသုံးပြုခြင်း မဟုတ်ဘဲ အခြားလုပ်ငန်းသုံးပစ္စည်းများ သိုလှောင်ထားရှိရန် အသုံးပြုသော အဆောက်အအုံ (သိုလှောင်ရုံ) ဖြစ်ပါသည်။ (ဥပမာ-လေယာဉ်ထားရှိရန် ဂိုဒေါင်များ၊ ပရိဘောဂပစ္စည်းများ ထားရှိရန် ဂိုဒေါင်များ၊ မော်တော်ယာဉ် ပြုပြင်ရေး အဆောက်အအုံများ၊ ကားရပ်နားရာ အဆောက်အအုံ စသည်များ)
၂။	ပုံစံစစ်ဆေးခ၏ ၅၀ %	လူအများစုဝေးအသုံးပြုမည့် အဆောက်အအုံမှာ အများပြည်သူ အနားယူ အပန်းဖြေရန်လည်းကောင်း၊ အစားအသောက်များ မှီဝဲသုံးဆောင်ရန်လည်းကောင်းစသည့် လူမှုရေးဆိုင်ရာ သို့မဟုတ် ဘာသာရေးဆိုင်ရာ လုပ်ငန်းများအသုံးပြုသော အဆောက်အအုံ ဖြစ်ပါသည်။ (ဥပမာ-ရုပ်ရှင်ရုံများ၊ ဂီတဖျော်ဖြေရေးပွဲခန်းမများ၊ ဂုဏ်ပြုဧည့်ခံပွဲခန်းမများ၊ စားသောက်ဆိုင်များ၊ ကပွဲခန်းမများ၊ အပန်းဖြေကစားကွင်းများ၊ အားကစားရုံများ၊ သယ်ယူပို့ဆောင်ရေး ယာဉ်ရပ်နားစခန်းစသည်များ)

၃။	ပုံစံစစ်ဆေးခ၏ ၂၅ %	(၁) ပညာရေးဆိုင်ရာအဆောက်အအုံ။ ယင်းအဆောက်အအုံမှာ အခြေခံပညာအဆင့် ပညာသင်ကြားရေးဆိုင်ရာ ရည်ရွယ်ချက်များဖြင့် တစ်ချိန်ထဲတွင် (၆) ဦးထက် ပိုမို အသုံးပြုခြင်းဖြစ်ပြီး လူဦးရေ (၁၀၀) အောက်ဖြင့် ဘာသာရေးဆိုင်ရာ လေ့ကျင့်သင်ကြားရာခန်းမများနှင့် စုဝေးခန်းမများပါဝင်သည်။ ထို့အပြင်အသက် (၂) နှစ်ခွဲ ထက်ကြီးပြီး (၅) ဦးထက်ပိုသော ကလေးငယ်များအား ပညာသင်ကြားပေးခြင်း၊ ပြုစုစောင့်ရှောက်ကြီးကြပ်ပေး ခြင်းများ ဆောင်ရွက်ရန် အသုံးပြုသည့် အဆောက်အအုံ များလည်းပါဝင်သည်။ (၂) လေ့ကျင့်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အဆောက်အအုံ။ ယင်းအဆောက်အအုံမှာ ကျန်းမာရေး သို့မဟုတ် အသက်အရွယ်စသည့် ရုပ်ပိုင်းဆိုင်ရာ ကန့်သတ်ချက် ရှိသူများအား ဆေးဝါးကုသပြုစု စောင့်ရှောက်ပေးရန် အတွက်လည်းကောင်း၊ စာရိတ္တပြန်လည်ပြုပြင်ရေး သို့မဟုတ် ပြစ်ဒဏ်ကျခံစေရေး ရည်ရွယ်ချက်များဖြင့် လူအများအား ဖမ်းဆီးချုပ်နှောင်ထားရှိရန်အတွက် လည်းကောင်း၊ နေထိုင်အသုံးပြုသူများ၏ လွတ်လပ်မှု အား ကန့်သတ်တားမြစ်ထားရှိရန် လည်းကောင်း အသုံးပြုသည့် အဆောက်အအုံဖြစ်ပါသည်။ (ဥပမာ – သင်တန်းကျောင်း များ၊ ပြန်လည်ထူထောင်ရေးစခန်းများ၊ ပြုစုစောင့်ရှောက် ရေးစခန်းစသည်များ) (၃) အထွေထွေလုပ်ငန်းသုံးအဆောက်အအုံ။ ယင်းအဆောက်အအုံမှာ မှီတင်းနေထိုင်အသုံးပြုမှုအရ တိကျစွာ အမျိုးအစားခွဲခြားထားခြင်းမရှိသော အထွေထွေ လုပ်ငန်းသုံးအဆောက်အအုံများဖြစ်ပါသည်။ (ဥပမာ– တိရစ္ဆာန်မွေးမြူရေးအဆောက်အအုံများ၊ ကိုယ်ပိုင်ကား ဂိုဒေါင်များ၊ သိုလှောင်ကန်များ၊ မျှော်စင်များ၊ ဖန်လုံအိမ် စသည်များ)

ပုံစံ (၁)

မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုချက်တောင်းခံခြင်းလျှောက်လွှာ

သို့

ညွှန်ကြားရေးမှူးချုပ်

မီးသတ်ဦးစီးဌာန

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အဆောက်အဦမီးဘေးလုံခြုံရေး (Fire Safety) အတွက်စစ်ဆေး အကြံပြုချက်တောင်းခံခြင်း**

၁။ ----------------------တိုင်းဒေသကြီး/ပြည်နယ်၊ ------------------မြို့နယ်၊--------------ရပ်ကွက်၊-----------------------လမ်း၊ အမှတ်( )တွင် အမြင့်ပေ( )ရှိ၊ ( )ခန်းတွဲ၊ (Fire Safety)ထပ်တိုက် အထပ်မြင့်အဆောက်အဦဆောက်လုပ်မည်ဖြစ်ပါ၍ အဆောက်အဦမီးဘေး လုံခြုံရေး (Fire Safety) အတွက် စစ်ဆေးအကြံပြုမှုဆောင်ရွက်ပေးပါရန်နှင့် ထောက်ခံချက်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၂။ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားသော အဆောက်အဦနှင့်စပ်လျဉ်း၍ အောက်ပါ အတိုင်း တင်ပြအပ်ပါသည်-

(က) အဆောက်အအုံအမည်(ရှိခဲ့လျှင်)နှင့် တည်နေရာ၊--

(ခ) အထပ်အရေအတွက် (ထပ်ခိုးအပါအဝင်)၊---

(ဂ) အဆောက်အအုံအား အသုံးပြုမည့်အမျိုးအစား၊---
(ဥပမာ,လူနေအိမ်၊ ဟိုတယ်၊ ရုံး၊ ဈေး၊ ရောနှောအသုံးပြုမှု အစရှိသဖြင့်၊ စက်ရုံဖြစ်ပါက လုပ်ငန်းအမျိုးအစား ဥပမာ, အထည်ချုပ်စက်ရုံ၊ ပလပ်စတစ် စက်ရုံ--)

(ဃ) အဆောက်အအုံ၏ (Structural System)၊ -- ---------
(REINFORCED CONCRETE / STEEL STRUCTURE / TIMBER / BRICK NOCKING/……..)

(င) အဆောက်အအုံ၏ အကျယ်ဆုံး၊ အထပ်ဧရိယာ၊--

(စ) အဆောက်အအုံ၏ အပေါ်ဆုံးလူနေအထပ်နှင့် မီးသတ်ယာဉ်ဝင်နိုင်သည့် လမ်းမှ အမြင့်ပေ၊--
----

(ဆ) တပ်ဆင်မည့် မီးသတ်စနစ်များ၊--- ---------
(မီးသတ်ဆေးဘူး၊Hose Reel/ Sprinkler/ Wet Riser/ Dry Riser/ Fire Alarm/ Detection System/ အခြား)

USoe Win(tz).docx

၃။ ယခုပူးတွဲတင်ပြသော အဆောက်အအုံကို မီးသတ်ဦးစီးဌာနမှ စစ်ဆေး ခွင့်ပြုသောပုံစံများ အတိုင်း ဆောက်လုပ်ဆောင်ရွက်ရန် တာဝန်ယူပါသည်။

တာဝန်ခံအဆောက်အအုံဗိသုကာ

(Architect) လက်မှတ်.................................

အမည်.......................................

RA/LA/SLA.No.....................................

တာဝန်ခံအဆောက်အအုံအင်ဂျင်နီယာ

(Construction Engineer) လက်မှတ်..

အမည်..

RE/RSE/PE. No....................................

တာဝန်ခံM&E Engineer

လက်မှတ်..

အမည်...

RE/RSE/PE. No.....................................

အဆောက်အအုံပိုင်ရှင်/တာဝန်ခံ

လက်မှတ်...

အမည်..

နေရပ်လိပ်စာ......................................

ဖုန်းနံပါတ်...

.

မှတ်ချက်။ သုံးထပ်နှင့်အထက်ရှိ အဆောက်အအုံ၊ စုပေါင်းပိုင်အိမ်ရာ၊ ဈေး၊ လူအများအပြား စုဝေးအသုံးပြုသည့် အဆောက်အအုံများ (Public Utility Building)၊ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် သိုလှောင်ကန်များအတွက် တာဝန်ခံဗိသုကာနှင့် အင်ဂျင်နီယာများမှ မိမိတာဝန်ယူထားသော အဆောက်အအုံများသည် မီးဘေးလုံခြုံရေး လိုအပ်ချက်များ ပြည့်မီအောင် စီမံဆောင်ရွက်ထားရှိကြောင်း အပြည့်အဝတာဝန်ခံရမည်။

ပုံစံ (၂)

မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက်ထုတ်ပေးပါရန် တင်ပြခြင်းလျှောက်လွှာ

အမှတ်စဉ်(   )

သို့

ညွှန်ကြားရေးမှူးချုပ်
မီးသတ်ဦးစီးဌာန
ရန်ကုန်မြို့

ရက်စွဲ၊ ၂၀   ခုနှစ်၊   လ   ရက်

အကြောင်းအရာ။ **ဆောက်လုပ်ပြီး အဆောက်အဦးအား စစ်ဆေး၍ ထောက်ခံချက်ထုတ်ပေး ပါရန် လျှောက်ထားခြင်း**

၁။ မီးသတ်ဦးစီးဌာန၏ (   )ရက်စွဲပါစာအမှတ်၊   / ၁၀၀ /   /ဦး ၁ အရ ရန်ကုန်တိုင်းဒေသကြီး၊ -------------------------မြို့နယ်၊-- ရပ်ကွက်၊--------------------------------လမ်း၊အမှတ်------------------တွင်ဦး/ဒေါ်---------------- --------------၏ (------------ခန်း၊-----------ထပ်)အဆောက်အဦကို ဆောက်လုပ်ခွင့်ရရှိခဲ့ရာယခုအခါ ဆောက်လုပ် ပြီးစီးပြီ ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါအဆောက်အဦ ဆောက်လုပ်ပြီးစီးကြောင်း သက်သေခံလက်မှတ်(BCC) ရရှိရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားရာတွင် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာစစ်ဆေးထောက်ခံချက် (Fire Safety Certificate)တင်ပြရန် လိုအပ်ပါသဖြင့် ကျွန်တော်/ကျွန်မတို့၏ ဆောက်လုပ်ပြီးအဆောက်အအုံ၌ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးအကြံပြုချက်များ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးပါရန်နှင့် ထောက်ခံချက်ထုတ်ပေးနိုင် ပါရန် လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

လက်မှတ်၊ -------------------------
အမည်၊ -------------------------
နေရပ်လိပ်စာ၊ -------------------------

ဖုန်းအမှတ်၊ -------------------------

USoe Win(tz).docx

(၃) အကောက်ခွန်ဦးစီးဌာန

အကောက်ခွန်ဦးစီးဌာန

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်ရရှိပြီးသော မည်သည့် ရင်းနှီးမြှုပ်နှံသူမဆို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရှိ တစ်နေရာတည်း၌ တစ်စု တစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများဆောင်ရွက်သည့်အဖွဲ့ (One Stop Service– OSS) ၏ အကောက်ခွန်ဦးစီးဌာန၌ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုမိန့်အား တင်ပြလျှောက်ထားနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူသည် အထောက် အထားများ ပြည့်စုံစွာ တင်ပြလျှောက်ထားပါက အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုမိန့်အား ၃ ရက်အတွင်း ရရှိနိုင်ပါသည်။

အကောက်ခွန်ဦးစီးဌာန (OSS) သည် အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ အကြံဉာဏ်ရယူခြင်း၊ ညှိနှိုင်းတိုင်ပင်ခြင်း ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက် ပေးလျက်ရှိပြီး ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ထုံးလုပ်နည်း တစ်ခုချင်းစီအတွက် အသေးစိတ် အချက်အလက်များအား မြန်မာနိုင်ငံအကောက်ခွန်ဦးစီးဌာနရုံးချုပ်ရှိ ထုတ်ကုန် သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၌ ရယူနိုင်ပါသည်။

ဗဟိုဌာန	လုပ်ထုံးလုပ်နည်းအမည်	ဆက်သွယ်ရန်ဖုန်း
ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာနရုံးချုပ်၊ ရန်ကုန်	– သွင်းကုန်ကြေညာလွှာ – ပို့ကုန်ကြေညာလွှာ – အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ဆောင်ရွက်ခြင်းစနစ်	ညွှန်ကြားရေးမှူး (သွင်း/ထုတ်) (၀၅၁) ၃၈၀၇၂၅ လက်ထောက်ညွှန်ကြားရေးမှူး (သွင်း/ထုတ်) (၀၅၁) ၃၈၇၁၅၁

အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) လိပ်စာ – အမှတ် ၁၃၂၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ (၀၅၁) ၃၉၁၄၂၂ သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံးများ၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ ဝက်ဆိုက်: https://www.maccs.gov.mm www.myanmartradeportal.gov.mm www.myanmarcustoms.gov.mm

အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုမိန့် ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကုမ္ပဏီ letter head ပါသော လျှောက်လွှာ (ခ) ကုမ္ပဏီဝန်ခံကတိ (ဂ) ကိုယ်စားလှယ်လွှဲစာ (ဃ) MIC မှ အခွန်အကောက်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုကြောင်း အကြောင်းကြားစာ (မူရင်းနှင့် မိတ္တူ) (င) Invoice (မူရင်းနှင့် မိတ္တူ) (စ) Sale Contract (မိတ္တူ) (ဆ) သွင်းကုန်လိုင်စင် (မိတ္တူ) (ဇ) MIC မှ တင်သွင်းခွင့်ပြုထားသော တင်သွင်းမည့် အစီအစဉ် Proposal (မိတ္တူ) (ဈ) မူလအဆိုပြုချက်ပါ တန်ဖိုးများအတွင်းသာ တင်သွင်းခြင်းဖြစ်ပြီး ပြောင်းလဲမှုမရှိကြောင်း ရှင်းလင်းချက် (ည) အခွန်အကောက် ကင်းလွတ်ခွင့်ပြုပြီးစီးမှု အခြေအနေ (၁) ကုမ္ပဏီ၏ အခွန်အကောက် ကင်းလွတ်ခွင့် လျှောက်ထားသည့်စာရင်း (၂) ကုမ္ပဏီ၏ အခွန်အကောက် ကင်းလွတ်ခွင့် ပြုပြီးစာရင်း (၃) လက်ကျန်စာရင်း (ဋ) MIC ခွင့်ပြုမိန့် (မိတ္တူ) (ဌ) ထုတ်ကုန်/ သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင် (မိတ္တူ) (ဍ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)နှင့် Company Extract Form (မိတ္တူ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သောအထောက်အထားများနှင့်တကွ အကောက်ခွန်ဦးစီးဌာန (OSS) သို့ တင်ပြလျှောက်ထားရမည်။ (ခ) အကောက်ခွန်ဦးစီးဌာန (OSS) မှ လျှောက်ထားမှုကို

	ပြည့်စုံမှု ရှိ မရှိ စစ်ဆေးပါမည်။ (ဂ) အကောက်ခွန်ဦးစီးဌာန (OSS) မှ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ကင်းလွတ်ခွင့်နှင့်စပ်လျဉ်း၍ လိုအပ်သော ထပ်မံစစ်ဆေးမှုများ ပြုလုပ်ရန်အတွက် လျှောက်ထားမှုအထောက်အထားများအား ဆက်လက်ပေးပို့ပါမည်။ (ဃ) ပြည်တွင်းအခွန်များဦးစီးဌာန (OSS) မှ တင်ပြလာသော အထောက်အထားများအား စစ်ဆေးပြီးနောက် အကောက်ခွန်ဦးစီးဌာနသို့ ပြည်လည်ပေးပို့ပါမည်။ (င) အကောက်ခွန်ဦးစီးဌာနမှ ပြည်လည်စစ်ဆေးပြီးနောက် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုမိန့်အား ထုတ်ပြန်ပါမည်။ (စ) လျှောက်ထားသူသည် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုမိန့်ကို အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၌ ထုတ်ယူရပါမည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	၃ ရက်
လျှောက်ထားရမည့်နေရာ	အကောက်ခွန်ဦးစီးဌာန (OSS)
အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/ အဆင့်	OSS တာဝန်ခံအရာရှိ

(၄) ပြည်တွင်းအခွန်များဦးစီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့် (သို့မဟုတ်) အတည်ပြုမိန့်ရရှိပြီးသော မည်သည့်ရင်းနှီးမြှုပ်နှံသူမဆို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများဆောင်ရွက်သည့်အဖွဲ့ (One Stop Service – OSS) ရှိ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဌာန၌ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုမိန့်အား တင်ပြလျှောက်ထားနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူသည် အထောက်အထားများ ပြည့်စုံစွာတင်ပြလျှောက်ထားပါက အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုမိန့်အား ၃ ရက်အတွင်း ရရှိနိုင်ပါသည်။

၂။ ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုချက်ရရှိပြီးပါက ရင်းနှီးမြှုပ်နှံသူသည် အခွန်ထမ်းဆောင်မှု ဗဟိုရုံးတွင် လူကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ အခွန်ထမ်းအဖြစ် မှတ်ပုံတင် လျှောက်ထားနိုင်သည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) သည် ကုမ္ပဏီဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အခြားအခွန်အမျိုးမျိုး မည်သည့်အခွန်ပေးဆောင်မှုအတွက်မဆို အသုံးပြုနိုင်ပါသည်။

၃။ ကုမ္ပဏီများအနေဖြင့် ကြိုတင်ဝင်ငွေခွန်အား ၃ လ ၁ ကြိမ် ပေးဆောင်ရပြီး ကုန်သွယ်လုပ်ငန်းခွန်ကိုမူ လစဉ်ပေးဆောင်ရမည်ဖြစ်ကာ သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်း အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ပေးဆောင်ရပါမည်။

၄။ တစ်ဦးချင်းပုဂ္ဂိုလ်ဝင်ငွေခွန် (လစာဝင်ငွေခွန်) ပေးဆောင်ရန်အတွက် ကုမ္ပဏီ၏ အခွန်ထမ်း မှတ်ပုံတင်အမှတ် (TIN) အား အသုံးပြုနိုင်ပါသည်။ ဝန်ထမ်းတစ်ဦးချင်းစီအတွက် တစ်ဦးချင်းပုဂ္ဂိုလ်ဝင်ငွေခွန် (လစာဝင်ငွေခွန်) ကို ကုမ္ပဏီမှ ၎င်းတို့လစာထဲမှ နုတ်ယူထားရှိပြီး သက်ဆိုင်ရာ ကုမ္ပဏီအား အခွန်စည်းကြပ်မှု ခံယူသည့် ရုံးများတွင် အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးဆောင်နိုင်ပါသည်။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပါ ဝင်ငွေအလွှာနှုန်းထားများအတိုင်း ဝင်ငွေခွန်ကျသင့်ပါမည်။

၅။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂) နှင့် အလယ် အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၃)၊ အလယ် အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၄) နှင့် အလယ် အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၅) တို့၏ အခွန်ထမ်းများအနေဖြင့် အခွန်ပေးဆောင်ရာ

တွင် ဗဟိုဘဏ်၏ CBM NET စနစ်ရှိ Customers Credit Transfer Function ကို အသုံးပြု၍ မည်သည့် ပုဂ္ဂလိကဘဏ်တွင်မဆို ပေးဆောင်နိုင်ပြီဖြစ်ပါသည်။ အဆိုပါစနစ်ကို အသုံးပြုရန်အတွက် ရင်းနှီးမြှုပ်နှံသူတစ်ဦးချင်းစီသည် Account Registration ပြုလုပ်ရန် သက်ဆိုင်ရာ အခွန်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၆။ ပြည်တွင်းအခွန်များဦးစီးဌာန (OSS) သည် ရင်းနှီးမြှုပ်နှံသူများအား အခွန်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ညှိနှိုင်းတိုင်ပင်ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ရာတွင် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်တို့အား အမှန်တကယ်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် လုပ်ဆောင်ရန်အတွက် ရင်းနှီးမြှုပ်နှံသူများသည် အခွန်ထမ်းကြီးများအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး၊ (သို့မဟုတ်) မြို့နယ်အခွန်ဦးစီးရုံးများသို့ ဆက်သွယ်ဆောင်ရွက်ရမည်။

၇။ စာချုပ်စာတမ်းများချုပ်ဆိုရာတွင် တံဆိပ်ခေါင်းခွန် ပေးဆောင်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တံဆိပ်ခေါင်းခွန် မပေးဆောင်ထားသော စာချုပ်စာတမ်းများသည် တရားရုံး၌ အကျိုးသက်ရောက်မှုမရှိပါ။ ယေဘုယျအားဖြင့် တံဆိပ်ခေါင်းခွန်ကို စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးသည့်နေ့တွင် ပေးဆောင်ရမည်ဖြစ်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန (OSS) သည် ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ) နှင့် ကိုယ်စားလှယ်လွှဲစာများအတွက် တံဆိပ်ခေါင်းများကို ထုတ်ပေးလျက်ရှိပြီး အခြားတံဆိပ်ခေါင်းခွန်များအတွက် မြို့နယ်အခွန်ဦးစီးရုံးများတွင် ပေးဆောင်နိုင်ပါသည်။

(၁) အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုမိန့် ထုတ်ပေးခြင်း

တင်ပြရန် လိုအပ်မည့် အထောက်အထားများ	(က)	ကုမ္ပဏီ letter head ပါသော လျှောက်လွှာ
	(ခ)	ကုမ္ပဏီဝန်ခံကတိ
	(ဂ)	ကိုယ်စားလှယ်လွှဲစာ
	(ဃ)	MIC မှ အခွန်အကောက်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုကြောင်း အကြောင်းကြားစာ (မူရင်းနှင့် မိတ္တူ)
	(င)	Invoice (မူရင်းနှင့် မိတ္တူ)
	(စ)	Sale Contract (မိတ္တူ)
	(ဆ)	သွင်းကုန်လိုင်စင် (မိတ္တူ)
	(ဇ)	MIC မှ တင်သွင်းခွင့်ပြုထားသော တင်သွင်းမည့် အစီအစဉ် Proposal (မိတ္တူ)
	(ဈ)	ကုမ္ပဏီမှ မူလအဆိုပြုချက်ပါ တန်ဖိုးများအတွင်းသာ တင်သွင်းခြင်းဖြစ်ပြီး ပြောင်းလဲမှုမရှိကြောင်းရှင်းလင်းချက်
	(ည)	အခွန်အကောက် ကင်းလွတ်ခွင့်ပြုပြီးစီးမှုအခြေအနေ (၁) ကုမ္ပဏီ၏ အခွန်အကောက် ကင်းလွတ်ခွင့် လျှောက်ထားသည့်စာရင်း (၂) ကုမ္ပဏီ၏အခွန်အကောက် ကင်းလွတ်ခွင့်ပြုပြီး စာရင်း (၃) လက်ကျန်စာရင်း
	(ဋ)	MIC ခွင့်ပြုမိန့် (မိတ္တူ)
	(ဌ)	ထုတ်ကုန်/သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင် (မိတ္တူ)
	(ဍ)	ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ) နှင့် Company Extract Form (မိတ္တူ)
လုပ်ငန်းစဉ်အဆင့်	(က)	လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများနှင့်တကွ အကောက်ခွန်ဦးစီးဌာန (OSS) သို့ တင်ပြလျှောက်ထားရမည်။
	(ခ)	အကောက်ခွန်ဦးစီးဌာန (OSS) မှ စစ်ဆေးပြီးနောက်

	ပြည်တွင်းအခွန်များဦးစီးဌာနသို့ လျှောက်ထားမှု အထောက်အထားများအား ဆက်လက်ပေးပို့ပါမည်။ (ဂ) ပြည်တွင်းအခွန်များဦးစီးဌာန (OSS) မှ တင်ပြလာသော အထောက်အထားများအား စစ်ဆေးပါမည်။ (ဃ) ပြည်တွင်းအခွန်များဦးစီးဌာန (OSS) နှင့် အကောက်ခွန်ဦးစီးဌာန(OSS)တို့မှအတည်ပြုချက်ရယူပြီး အကောက်ခွန် ဦးစီးဌာန (OSS) မှ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုမိန့် အတည်ပြုချက်အား ထုတ်ပြန်ပါမည်။
ဝန်ဆောင်ခ	မရှိ
ကြာမြင့်ချိန်	၃ ရက်
လျှောက်ထားရမည့် နေရာ	အကောက်ခွန်ဦးစီးဌာန (OSS)
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/ အဆင့်	OSS တာဝန်ခံအရာရှိ

(၂) အခွန်ထမ်းမှတ်ပုံတင် (TIN) လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) အခွန်ထမ်းမှတ်ပုံတင်ပုံစံ (ခ) ပြည်တွင်းအခွန်များဦးစီးဌာန၏ သတင်းအချက်အလက်တောင်းခံလွှာ (ဂ) လက်ရှိဘဏ်စာရင်းအကောင့်နံပါတ် (ဃ) ကိုယ်စားလျှောက်ထားပါက ကိုယ်စားလှယ်ခန့်အပ်စာ (င) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ) နှင့် Company Extract Form (မိတ္တူ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထား များ နှင့်တကွ အခွန်ထမ်းမှတ်ပုံတင်ပုံစံကို အခွန်ထမ်း ဝန်ဆောင်မှုဗဟိုအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်း

	မှဖြစ်စေ တင်ပြလျှောက်ထားနိုင်ပါသည်။ (ခ) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံးသည် လျှောက်ထားခြင်းအား ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ) နှင့် Company Extract Form (မိတ္တူ) တို့ကို ကြည့်ရှု၍ စစ်ဆေးပါမည်။ (ဂ) တင်ပြလျှောက်ထားလာသော အထောက်အထားများ ပြည့်စုံမှန်ကန်မှု ရှိ မရှိကို အခွန်ထမ်းဝန်ဆောင်မှုဗဟို အဖွဲ့ရုံးမှ စိစစ်ပြီးနောက် ပြည့်စုံမှန်ကန်ပါက အခွန်ဆိုင်ရာအချက်အလက်များစိစစ်ရေးဗဟိုအဖွဲ့သို့ ပေးပို့ပြီး အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) အားထုတ်ပေးပါမည်။
ဝန်ဆောင်ခ	မရှိ
ကြာမြင့်ချိန်	အများဆုံး ၇ ရက်
လျှောက်ထားရမည့် နေရာ	အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/ အဆင့်	အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံးမှ တာဝန်ခံအရာရှိ
မှတ်ချက်	Email ဖြင့် ဆက်သွယ်လိုလျှင် အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး ၏ အောက်ပါ email address သို့ ဆက်သွယ်ပါရန်- ctpsuird@gmail.com

(၃) ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန် လုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ပတခ(ကသခ)-၁: ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရန် လုပ်ငန်းလုပ်ကိုင်သူက မှတ်ပုံတင်ရန် လျှောက်လွှာ (ခ) ပတခ (ကသခ) -၃ : လုပ်ငန်းစတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာ (ဂ) ပတခ(ကသခ) -၂: ကုန်သွယ်လုပ်ငန်းခွန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (ယခင်ထုတ်ပေးထားခြင်းရှိပါက

	တင်ပြရန်)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လုပ်ငန်းစတင်လုပ်ကိုင်လျှင် လုပ်ငန်းစတင်ကြောင်း အကြောင်းကြားစာပုံစံ ပတခ (ကသခ) - ၃ ဖြင့် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးသို့ အကြောင်းကြားရမည်။ (ခ) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် လုပ်ငန်းဖြစ်လျှင် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ပုံစံ ပတခ (ကသခ) - ၁ ဖြင့် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်လွှာ တင်သွင်းရပါမည်။ (ဂ) သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးရုံးက လုပ်ငန်းရှင်အား မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပေးသည့် လက်မှတ် ပတခ (ကသခ) – ၂ ကို ထုတ်ပေးပါမည်။
ဝန်ဆောင်ခ	မရှိ
ကြာမြင့်ချိန်	အများဆုံးအလုပ်လုပ်ရက် ၁ ရက် (စာရွက်စာတမ်းပြည့်စုံပါက)
လျှောက်ထားရမည့် နေရာ	သက်ဆိုင်ရာကုမ္ပဏီအား အခွန်စည်းကြပ်သည့်ရုံး
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/ အဆင့်	သက်ဆိုင်ရာကုမ္ပဏီအား အခွန်စည်းကြပ်သည့်ရုံး၏ တာဝန်ခံ အရာရှိ
မှတ်ချက်	ကုန်သွယ်လုပ်ငန်းခွန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ကို နှစ်စဉ် ဘဏ္ဍာနှစ်မကုန်ခင် သက်တမ်းတိုးအသစ်လဲလှယ်ရပါမည်။

(၄) တံဆိပ်ခေါင်းခွန်

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကိုယ်စားလှယ်လွှဲစာ (ခ) မြေငှားစာချုပ်အတွက်မူ ညှိနှိုင်းစာချုပ်မိတ္တူ ၂ စုံ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထား များနှင့်တကွ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ

	ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အဖွဲ့ (OSS) ရှိ ပြည်တွင်းအခွန်များဦးစီးဌာန (သို့) မြို့နယ်အခွန်ဦးစီးရုံးသို့ တင်ပြလျှောက်ထားနိုင်ပါသည်။ (ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများ ဆောင်ရွက်သည့်အဖွဲ့ (OSS) ရှိ ပြည်တွင်း အခွန်ဦးစီးဌာန (သို့) မြို့နယ်အခွန်ဦးစီးရုံးမှ တင်ပြလာသော အထောက်အထားများအား စစ်ဆေးပါမည်။ (ဂ) စစ်ဆေးပြီးနောက် တံဆိပ်ခေါင်းခွန် ကျသင့်ငွေကို တွက်ချက်ပြီး လျှောက်ထားသူအား တံဆိပ်ခေါင်းခွန် ပေးဆောင်ရန်အတွက် ပြေစာအား ထုတ်ပေးပါမည်။ (ဃ) လျှောက်ထားသူသည် ဘဏ် (သို့) အွန်လိုင်းမှတဆင့် အဆိုပါပြေစာနှင့်အတူ ငွေပေးသွင်းနိုင်ပါမည်။ (င) ငွေပေးသွင်းပြီးနောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက် သည့် အဖွဲ့ (OSS) ရှိ ပြည်တွင်းအခွန်များဦးစီးဌာန (သို့) မြို့နယ်အခွန်ဦးစီးရုံးသည် စာရွက်စာတမ်းများတွင် တံဆိပ်ခေါင်းခွန်များ ကပ်နှိပ်ပေးပါမည်။
ဝန်ဆောင်ခ	(က) ကိုယ်စားလှယ်လွှဲစာ (ရုံးခွန်ကပ် ၃၀၀ ကျပ် သို့မဟုတ် ၅၀ ကျပ်) (ခ) ဖက်စပ်လုပ်ငန်းသဘောတူစာချုပ် - ၁ % (အများဆုံး အခွန် ၁၅၀၀၀၀ ကျပ်) (ဂ) ထုတ်လုပ်မှုလုပ်ငန်းစာချုပ် - ၁ % (အများဆုံးအခွန် ၁၅၀၀၀၀ ကျပ်) (ဃ) အကျိုးအမြတ်ခွဲဝေခြင်းစာချုပ် - ၁ % (အများဆုံးအခွန် ၁၅၀၀၀၀ ကျပ်) (င) ဆောက်လုပ်ရေးလုပ်ငန်း သဘောတူစာချုပ် - ၁ % (အများဆုံးအခွန် ၁၅၀၀၀၀ ကျပ်)

	(စ) သယ်ယူပို့ဆောင်မှု – ၂ % (ဆ) ငှားရမ်းစာချုပ်နှင့်တဆင့် ငှားရမ်းစာချုပ် – နှစ်စဉ် ပျမ်းမျှငှားရမ်းခ၏ ၀.၅ % (၃ နှစ်အောက်)၊ နှစ်စဉ် ပျမ်းမျှငှားရမ်းခ၏ ၂ % (၃ နှစ်အထက်) (ဇ) ဒဏ်ငွေ (သို့) အာမခံကြေး (သို့) ကြိုတင်ငွေ – နှစ်စဉ် ပျမ်းမျှငှားရမ်းခ၏ ၂ % (ဈ) အစုရှယ်ယာလွှဲပြောင်းခြင်း – ၀.၁ % (ည) အပေါင်စာချုပ် – ၂ % (ပေါင်နှံသူမှ အဆောက် အဦပိုင်ဆိုင်မှု အားပေးထားခြင်း), ၀.၅ % (ပိုင်ဆိုင်မှုအား မပေးထားခြင်း) (ဋ) မီးသတ်အာမခံစရန်ငွေ– ၂ %
ကြာမြင့်ချိန်	၁ ရက်
လျှောက်ထားရမည့် နေရာ	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စု တစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများ ဆောင်ရွက်သည့် အဖွဲ့ (OSS) ရှိ ပြည်တွင်းအခွန်များဦးစီးဌာန (သို့) မြို့နယ်အခွန်ဦးစီးရုံး
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	OSS တာဝန်ခံအရာရှိ သို့မဟုတ် မြို့နယ်အခွန်ဦးစီး
မှတ်ချက်	(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများ ဆောင်ရွက်သည့်အဖွဲ့ (OSS) ရှိ ပြည်တွင်း အခွန်ဦးစီးဌာနသည် Company Extract Form နှင့် ကိုယ်စားလှယ်လွှဲစာတို့အတွက်သာ တံဆိပ်ခေါင်းခွန်ကို ဆောင်ရွက်ပေးလျက်ရှိသည်။ (ခ) အခြားစာရွက်စာတမ်းများအတွက်မူ (ဥပမာ– မြေငှား စာချုပ်၊ ချေးငွေစာချုပ်) သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီး ဌာနမှူးရုံးများတွင် ဆောင်ရွက်ရပါမည်။ (ဂ) မြေငှားသဘောတူစာချုပ်နှင့် စပ်လျဉ်း၍–

	(၁) တံဆိပ်ခေါင်းခွန်ကိုငွေးရမ်းသူမှ ပေးဆောင်ရမည်။ (ဤနေရာတွင် ရင်းနှီးမြှုပ်နှံသူဖြစ်သည်။) (၂) အခွန်ရုံးသို့တင်ပြသော စာချုပ်မိတ္တူများသည် အမှန်တကယ်ချုပ်ဆိုသော စာချုပ်နှင့် ကွဲလွဲမှု မရှိစေရပါ။ (၃) နှစ်ရှည်မြေငှားရမ်းစာချုပ်ကိုမူ တရားဥပဒေနှင့် ညီညွတ်စေရန်နှင့် ခိုင်လုံမှုရှိစေရန် မှန်မှန်ကန်ကန် တံဆိပ်ခေါင်းခွန် နှိပ်သင့်ပါသည်။

(၅) အွန်လိုင်းမှ အခွန်ပေးဆောင်နိုင်ရန်အတွက် မှတ်ပုံတင်ခြင်း

တင်ပြရန် လိုအပ်မည့် အထောက်အထားများ	(က) အွန်လိုင်းမှ အခွန်ပေးဆောင်နိုင်ရန်အတွက် မှတ်ပုံတင်ပုံစံ (ခ) အခွန်ငွေလွှဲပို့ပုံစံ (Remittance Form)
၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)နှင့်အညီ အခွန်မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ရငွေနှင့်အတူ ကုန်စည်ကိုဝယ်ယူသူသို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ ကုန်သွယ်လုပ်ငန်းခွန်ကို ဥပဒေနှင့်အညီ တစ်ပါတည်း ရယူပြီး ပြည်တွင်းအခွန်များဦးစီးဌာနသို့ မပျက်မကွက်ပေးသွင်းပါမည်ဟု ကတိပြုပါသည်။

လက်မှတ် ------------------

လိပ်စာ ------------------

မှတ်ချက်။ လုပ်ငန်းခွဲ(၂)ခုထက်ပိုပါက နောက်ဆက်တွဲဖြင့် တင်ပြရန် ------------------

---

လက်ခံရရှိကြောင်းဖြတ်ပိုင်း

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ကသခ-၁ ပုံစံဖြင့် လျှောက်လွှာတစ်စောင်ကို ဦး/ဒေါ်------------------ထံမှ လက်ခံရရှိပါသည်။ ဝင်စာမှတ်ပုံတင်အမှတ်----- ---------------ဖြင့် မှတ်ပုံတင်ပြီး ဖြစ်သည်။

လက်ခံသူအမည် ----------------------

တာဝန်အဆင့် ----------------------

ရုံး ----------------------------

ရက်စွဲ ----------------------------

ရုံးတံဆိပ်

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်။

ပတခ(ကသခ)-၃။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(ခ)အရ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို စတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာ (စည်းမျဉ်း ၆ ညွှန်း)

ရက်စွဲ -----------------

သို့

မြို့နယ်အခွန်ဦးစီးဌာနမှူး

-------------------- မြို့နယ်

အောက်ဖော်ပြပါ ကုန်စည် ---------- ကုန်သွယ်မှု/ဝန်ဆောင်မှု (များ)ကို အောက်ပါလုပ်ငန်းလိပ်စာတွင် ------------ခုနှစ်------ ----------- (   ) ရက်နေ့မှစ၍ စတင် ထုတ်လုပ် ---------- ကုန်သွယ်မှု/ဝန်ဆောင်မှုဆောင်ရွက် ပါကြောင်း အကြောင်းကြားပါသည်။

ထုတ်လုပ် ---------- ကုန်သွယ်မှု/ဝန်ဆောင်မှုဆောင်ရွက် သည့် ကုန်စည် ---------- ကုန်သွယ်မှု/ဝန်ဆောင်မှု များ ---

----

ကုန်စည်ထုတ်လုပ်သည့် ---------- ကုန်သွယ်မှု/ဝန်ဆောင်မှုဆောင်ရွက်သည့် လုပ်ငန်းအဓိကနေရာ ------------------------------------

----

လုပ်ငန်းခွဲများ

(၁)---

(၂)---

လက်မှတ် -----------------------------

အမည် -----------------------------

နိုင်ငံသားစိစစ်ရေးအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် -----------------------------

လိပ်စာ -----------------------------

မှတ်ချက်။ လုပ်ငန်းခွဲ(၂)ခုထက်ပိုပါက နောက်ဆက်တွဲဖြင့် တင်ပြရန်

လက်ခံရရှိကြောင်းဖြတ်ပိုင်း

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (ခ) အရ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း စတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာတစ်စောင်ကို --------------------ထံမှလက်ခံ ရရှိပါသည်။ဝင်စာမှတ်ပုံတင်အမှတ် --------------ဖြင့် မှတ်ပုံတင်ပြီး ဖြစ်သည်။

ရုံးတံဆိပ်

လက်ခံသူလက်မှတ် ---------------------

လက်ခံသူအမည် ---------------------

တာဝန်အဆင့် ---------------------

ရုံး ---------------------

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်။

ပတခ(ကသခ)-၂။

ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သူအား
မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပေးသည့်လက်မှတ် (စည်းမျဉ်း ၄ ညွှန်း)

ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

--------------------------မြို့နယ်
-----------------ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်/-----------------

မှတ်ပုံတင်လက်မှတ်အမှတ်စဉ်------------------------------ရက်စွဲ------------------------------
ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ

လုပ်ငန်းရှင်/ကုမ္ပဏီအမည် --

နိုင်ငံသားစိစစ်ရေးအမှတ်/ကုမ္ပဏီမှတ်ပုံတင်အမှတ်--------------------------------------

လိပ်စာ --

၁။ အောက်ဖော်ပြပါ ကုန်စည်/ကုန်သွယ်မှု/ဝန်ဆောင်မှု (များကို) ထုတ်လုပ်/ကုန်သွယ်မှု/ဝန်ဆောင်မှုဆောင်ရွက် ------------------------------ သူဦး/ဒေါ်---------- သို့ မှတ်ပုံတင် ခွင့်ပြုကြောင်းလက်မှတ်ကို ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄ အရ ထုတ်ပေးလိုက်သည်။

ထုတ်လုပ်/ကုန်သွယ်မှု/ဝန်ဆောင်မှုဆောင်ရွက် သည့် ကုန်စည်/ကုန်သွယ်မှု/ဝန်ဆောင်မှု (များ) --

၂။ မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပေးသောလက်မှတ်သည် အောက်ဖော်ပြပါနေရာ၌ လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းအတွက်ဖြစ်သည်။

လုပ်ငန်းအဓိကတည်ရှိရာနေရာ --

လုပ်ငန်းခွဲများ

(၁) --

(၂) --

၃။ လုပ်ငန်းရပ်စဲလျှင် ရပ်စဲသည့်နေ့အထိ စည်းကြပ်ရန်ရှိသော ကာလအတွက် ကြေညာလွှာကို ရပ်စဲသည့်နေ့မှ ၁၅ရက်အတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးထံသို့ ဤမှတ်ပုံတင်လက်မှတ်နှင့်အတူ ပေးပို့ရမည်။

၄။ ဤမှတ်ပုံတင်လက်မှတ် သို့မဟုတ် လက်မှတ်မိတ္တူများကို လုပ်ငန်းဥပစာအသီးသီးတွင် အများမြင်သာအောင် ချိတ်ဆွဲထားရမည်။

၅။ ဤလက်မှတ်သည် -----------ခုနှစ်၊မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသောနှစ်အထိသာ အတည်ဖြစ်သည်။

၆။ -----------ခုနှစ်၊-----------လ------ ရက်နေ့တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရုံးတံဆိပ်)

လက်မှတ်-------------------------
မြို့နယ်အခွန်ဦးစီးဌာနမှူး

ရက်စွဲ---------------- ---------------------------မြို့နယ်။

အွန်လိုင်းမှ အခွန်ပေးဆောင်နိုင်ရန်အတွက် မှတ်ပုံတင်ပုံစံ

စဉ်	အခွန်ပေးဆောင်မှုဆိုင်ရာအချက်အလက်	
၁။	အခွန်ထမ်းအမည်	
၂။	အခွန်ထမ်းနေရပ်လိပ်စာ နှင့် လုပ်ငန်းအမည်	
၃။	အခွန်ထမ်း၏ဆက်သွယ်ရန်ဖုန်းနံပါတ်	
၄။	အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN)	
၅။	အခွန်ထမ်းဆက်သွယ်ရန်အီးမေးလ်လိပ်စာ	
၆။	ပေးသွင်းမည့်ဘဏ်အမည်	
၇။	ပေးသွင်းမည့်ဘဏ်၏ ဘဏ်ခွဲအမည်	
၈။	ပေးသွင်းမည့်ဘဏ်၏ ဘဏ်ခွဲကုဒ်နံပါတ်	
၉။	MD နံပါတ် (ဆိုင်ရာအခွန်ရုံးငွေစာရင်းအမှတ်)	
၁၀။	မြန်မာ့စီးပွားရေးဘဏ်ခွဲအမည်	
၁၁။	မြန်မာ့စီးပွားရေးဘဏ်ခွဲကုဒ်	
၁၂။	အခွန်ရုံး၏လိပ်စာ	
၁၃။	အခွန်ရုံး၏ဖုန်းနံပါတ်	

လက်မှတ် ---------------------
အခွန်မှူးအမည် ---------------------
ရာထူး ---------------------
အခွန်ရုံး ---------------------

အခွန်ငွေလွှဲပို့နှုန်းပုံစံ (Remittance Form)

၁။ အခွန်ထမ်းအမည် -

၂။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(TIN) -

၃။ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် -

၄။ အခွန်အမျိုးအစား -

၅။ ပေးဆောင်မှုအမျိုးအစား -

၆။ အခွန်ပေးဆောင်သည့်ကာလ -

၇။ ဝင်ငွေနှစ် -

၈။ ပေးဆောင်သည့်ပမာဏ -

(ဂဏန်းဖြင့်) ကျပ် -

(စာဖြင့်) ကျပ် -

နေ့စွဲ။ - -

(၅) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိသော ရင်းနှီးမြှုပ်နှံသူသည် လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်၊ ဘွိုင်လာ အသုံးပြုခွင့်လက်မှတ်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်များကို ရင်းနှီးမြှုပ်နှံမှု ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့တွင် တင်ပြလျှောက်ထားနိုင်ပါသည်။ စက်မှုကြီးကြပ်ရေး နှင့်စစ်ဆေးရေးဦးစီးဌာနအား ကိုယ်စားပြုသူတစ်ဦးသည် ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်း လုပ်ငန်းအဖွဲ့တွင် ဌာနမှူးအဖြစ် ရုံးထိုင်ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ကိုယ်စားလှယ်သည် အထက်ဖော်ပြပါလက်မှတ်များ လျှောက်ထားရာတွင် လိုအပ်သည့် သတင်းအချက်အလက်များပေးလျက်ရှိသည်။

၂။ လျှပ်စစ်စစ်ဆေးရေးဌာနသည် လျှပ်စစ်နှင့် ဆက်စပ်သော စီးပွားရေးလုပ်ငန်းများနှင့် လျှပ်စစ်ပစ္စည်းကိရိယာများကို ၂၀၁၄ လျှပ်စစ်ဥပဒေနှင့် တည်ဆဲလျှပ်စစ်ဆိုင်ရာ လုပ်ထုံး လုပ်နည်းများအတိုင်း အောက်ပါအချက်များအား စစ်ဆေးဆောင်ရွက်လျက်ရှိသည်-

(က) အများပြည်သူသုံး အဆောက်အအုံများတွင် လျှပ်စစ်တပ်ဆင်သွယ်တန်းမှု စစ်ဆေးခြင်း၊ ဘက်ထရီအားသွင်းကိရိယာ၊ အပူပေးစက်၊ ဂဟေဆော်စက်၊ လျှပ်စစ်ဓာတ်အားပေးစက်၊ လျှပ်စစ်မီတာစသည့် လျှပ်စစ်ဆိုင်ရာပစ္စည်းများ စစ်ဆေးခြင်း၊ ဓာတ်လှေကား၊ စက်လှေကား၊ ဗို့အားမြင့်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ စစ်ဆေးခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးခြင်း

(ခ) လျှပ်ထုတ်စက်၏ လည်ပတ်နှုန်းနှင့် အသုံးပြုမှုစစ်ဆေးခြင်းနှင့် လျှပ်စစ် ဓာတ်အားထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း

(ဂ) ပြည်တွင်းမှ ထုတ်လုပ်သည့် လျှပ်စစ်ပစ္စည်းများကို ထုတ်လုပ်သူ၏ ထုတ်လုပ်သော စံချိန်စံညွှန်းနှင့်အညီ စစ်ဆေး၍ ပြည်တွင်းဖြစ် လျှပ်စစ် ပစ္စည်းထုတ်လုပ်မှု လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို ထုတ်ပေးပါသည်။ ပြည်ပမှတင်သွင်းသည့် လျှပ်စစ်ပစ္စည်းများကို တင်သွင်း သည့်နိုင်ငံမှ ထုတ်လုပ်ထားသည့် လျှပ်စစ်ပစ္စည်း အရည်အသွေး စစ်ဆေးချက်မှတ်တမ်းကို ထုတ်ပေးပါသည်။

အမှန်တကယ်တွင် မီတာတပ်ဆင်ခြင်းအပါအဝင် လျှပ်စစ်သွယ်တန်းခြင်းကိစ္စများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဆောင်ရွက်သည်ကို သတိပြုရမည်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိသော ရင်းနှီးမြှုပ်နှံသူသည် စက်ရုံတွင် ဘွိုင်လာတပ်ဆင်အသုံးပြုလိုပါက ဘွိုင်လာအသုံးမပြုမီ ဘွိုင်လာစစ်ဆေးရေးဌာနသို့ လျှောက်ထားရန်လိုအပ်သည်။ ဘွိုင်လာအသုံးပြုခွင့် လက်မှတ် လျှောက်ထားခြင်းနှင့် အခြားလိုအပ်သောစာရွက်စာတမ်းများကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြရမည်။

၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိသော ရင်းနှီးမြှုပ်နှံသူသည် စက်မှုလုပ်ငန်းတည်ထောင်ပြီး စတင်လုပ်ကိုင်မည်ဆိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေများရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးများတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ အမှတ်စဉ် ၃ ပါ လုပ်ငန်းစဉ်များအတိုင်း လျှောက်ထားရယူနိုင်ပါသည်။

၅။ အဆိုပါမှတ်ပုံတင်သက်တမ်းကို ၁ နှစ် သတ်မှတ်ထားသောကြောင့် ရင်းနှီးမြှုပ်နှံသူသည် သက်တမ်းကုန်ဆုံး ရက်မတိုင်မီ သက်တမ်းတိုးရန်လိုအပ်ပါသည်။ သက်တမ်းကုန်ဆုံးပြီးနောက် ရက်ပေါင်း ၆၀ အတွင်း သက်တမ်းတိုး လျှောက်ထားပါက သက်မှတ်နောက်ကျဒဏ်ကြေးကိုပါ ရင်းနှီးမြှုပ်နှံသူမှ ပေးဆောင်ရမည်။ သတ်မှတ်ထားသော ရက် ၆၀ အတွင်း သက်တမ်းတိုးလျှောက်ထားခြင်း မပြုပါက အဆိုပါမှတ်ပုံတင်လက်မှတ် ပျက်ပြယ်မည်ဖြစ်ပါသည်။

(၁) လျှပ်စစ်ဘေးအန္တရာယ် ကင်းရှင်းကြောင်းလက်မှတ်ထုတ်ပေးခြင်း (ထရန်စဖော်မာ၊ လျှပ်စစ်ဓာတ်အားပေးစက်၊ ဗို့အားပေးစက်၊ ဗို့အားမြင့်နှင့် အိမ်တွင်းဝါယာ သွယ်တန်းခြင်း)

(၁.၁) လျှပ်စစ်စစ်ဆေးခြင်း

(၁.၁.၁) ဓာတ်အားခွဲရုံ နှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခြင်း

တင်ပြရန်လိုအပ်သော အထောက်အထားများ	(က) လျှောက်ထားသူမှ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး စစ်ဆေးပေးပါရန် လျှောက်လွှာ (ခ) ဓာတ်အားခွဲရုံ/လိုင်းတည်ဆောက်ခွင့်ပြုမိန့် (မိတ္တူ) (ဂ) Single Line Diagram ၊ Line Route Map ၊ Catalogue နှင့် စံသတ်မှတ်ချက်
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အတွက် လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ လျှောက်လွှာကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) Single Line Diagram၊ စံသတ်မှတ်ချက်၊ Line Route Map၊ Catalogue လျှပ်စစ်စစ်ဆေးရေးမှ တာဝန်ရှိသူမှ စိစစ်ပါမည်။ (ဂ) လျှောက်လွှာတွင် ဖော်ပြထားသော စံသတ်မှတ်ချက်များ နှင့်အညီ တည်ဆောက်တပ်ဆင်မှု ပြီးစီးပါက စစ်ဆေးရေး အဖွဲ့သည် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ၏ သွယ်တန်း တပ်ဆင်မှုကို ကွင်းဆင်းစစ်ဆေးပါမည်။ (ဃ) စစ်ဆေးမည့်နေ့နှင့် လာရောက်စစ်ဆေးမည့်သူအမည်ကို စစ်ဆေးမည့် အချက်များနှင့်တကွ လျှောက်ထားသူထံ အကြောင်းကြားပါမည်။ (င) စစ်ဆေးပြီးနောက်ပြုပြင်ရန် အချက်များရှိပါက ၇ ရက် အတွင်း အပြီးဆောင်ရွက်ရမည်ဖြစ်ပြီး ပြင်ဆင်ပြီး၍ လိုအပ် လျှင် နောက်တစ်ကြိမ်ထပ်မံ စစ်ဆေးမည်ဖြစ်ပါသည်။ (စ) စစ်ဆေးခကို မြန်မာ့စီးပွားရေးဘဏ်ရှိ သတ်မှတ်ငွေစာရင်း

	ခေါင်းစဉ်သို့ ၇ ရက်အတွင်း ပေးသွင်းရမည်ဖြစ်ပြီး မူရင်းချလံ ၁ စောင်ကို ဌာနသို့ ပြန်လည်ပေးပို့ရမည် ဖြစ်ပါသည်။ (ဆ) စစ်ဆေးခြင်းနှင့် စစ်ဆေးခပေးသွင်းပြီးနောက် (လိုအပ်ပါက တပ်ဆင်မှုများတွင် ပြင်ဆင်မှုများ ဆောင်ရွက်ပြီးမှသာ) လျှပ်စစ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ် ထုတ်ပေးမည်ဖြစ်ပါသည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ (က) တွင်ကြည့်ပါ။
ကြာမြင့်ချိန်	ရုံးဖွင့်ရက် အများဆုံး ၇ ရက်
လျှောက်ထားရမည့် နေရာ	သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ လျှပ်စစ်စစ်ဆေးရေးဌာန
မှတ်ချက်	ဗို့အားမြင့်ခေတ်အားခွဲရုံ စစ်ဆေးခြင်းအတွက် လျှပ်စစ်တိုင်းတာရေး ကိရိယာများအား စစ်ဆေးလိုသူမှ သယ်ယူပေးရမည်ဖြစ်ပါသည်။

(၁.၁.၂) စက်ရုံ၊ အလုပ်ရုံနှင့် အဆောက်အဦများတွင် လျှပ်စစ်သွယ်တန်း တပ်ဆင်မှုများအား ဗို့အားနိမ့် စစ်ဆေးရေးအဖွဲ့ မှ စစ်ဆေးခြင်း

တင်ပြရန်လိုအပ်သော အထောက်အထားများ	(က) လျှောက်ထားသူမှ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး စစ်ဆေးပေးပါရန် လျှောက်ထားစာ (ခ) Single Line Diagram (ဂ) တပ်ဆင်ထားသောဝန်အား၊ စက်နှင့်မော်တာအရေအတွက်
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လျှပ်စစ်စစ်ဆေးရန်အတွက် လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ လျှောက်လွှာကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြ

	လျှောက်ထားရမည်။ (ခ) တပ်ဆင်သွယ်တန်းမည့်/ သွယ်တန်းထားသည့် ဒီဇိုင်းပုံစံကို လျှပ်စစ်စစ်ဆေးရေးဌာန တာဝန်ရှိသူမှ စိစစ်ပါမည်။ (ဂ) လျှောက်လွှာတွင် ဖော်ပြထားသော စံသတ်မှတ်ချက်များပြီးစီးပါက ဗို့အားနိမ့် စစ်ဆေးရေးအဖွဲ့သည် လျှပ်စစ်သွယ်တန်းတပ်ဆင်မှုအား မြေပြင်ကွင်းဆင်း စစ်ဆေးပါမည်။ (ဃ) စစ်ဆေးမည့်နေ့နှင့် လာရောက်စစ်ဆေးမည့်သူအမည်ကို စစ်ဆေးမည့်အချက်များနှင့်တကွ လျှောက်ထားသူထံ အကြောင်းကြားပါမည်။ (င) စစ်ဆေးပြီးနောက် ပြုပြင်ရန်လိုအပ်ချက်များကို မှတ်ချက်ပြုပါက ၇ ရက်အတွင်း အပြီးဆောင်ရွက်ရမည် ဖြစ်ပြီး ပြင်ဆင်မှုအစီရင်ခံစာကို လျှပ်စစ်စစ်ဆေးရေးဌာနသို့ တင်ပြရပါမည်။ (စ) ပြင်ဆင်မှုအစီရင်ခံစာ ရရှိပြီးနောက် စစ်ဆေးမှု မှတ်တမ်းကို စစ်ဆေးသူတို့ တင်ပြပြီးနောက် လိုအပ်ပါက စစ်ဆေးမှုကို နောက်တစ်ကြိမ်ထပ်မံဆောင်ရွက်ပါမည်။ (ဆ) စစ်ဆေးခကို မြန်မာ့စီးပွားရေးဘဏ်ရှိ သတ်မှတ်ငွေစာရင်းခေါင်းစဉ်သို့ ၇ ရက်အတွင်း ပေးသွင်းရမည်ဖြစ်ပြီး မူရင်းချလံ ၁ စောင်ကို ဌာနသို့ ပြန်လည်ပေးပို့ရမည်ဖြစ်ပါသည်။ (ဇ) စစ်ဆေးခြင်းနှင့် စစ်ဆေးခ ပေးသွင်းပြီးနောက် (လိုအပ်ပါက တပ်ဆင်မှုများတွင် ပြင်ဆင်မှုများ ဆောင်ရွက်ပြီးမှသာ) လျှပ်စစ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ (က) တွင်ကြည့်ပါ
ကြာမြင့်ချိန်	ရုံးဖွင့်ရက် အများဆုံး ၇ရက်
လျှောက်ထားရမည့်	သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်

နေရာ	စစ်ဆေးရေးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ လျှပ်စစ်စစ်ဆေးရေးဌာန

(၁.၁.၃) ယာယီလျှပ်စစ်သွယ်တန်းတပ်ဆင်မှုကို စစ်ဆေးခြင်း

တင်ပြရန်လိုအပ်သော အထောက်အထားများ	(က) လျှောက်ထားသူမှ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး စစ်ဆေးပေးပါရန် လျှောက်ထားစာ (ခ) Single Line Diagram၊ Line Route Map၊ Catalogue နှင့် စံသတ်မှတ်ချက် (ဂ) တပ်ဆင်မည့်လျှပ်စစ်ပစ္စည်းများ၏ Test Certificate နှင့် စံသတ်မှတ်ချက်များ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လျှပ်စစ်စစ်ဆေးရန်အတွက် လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ လျှောက်လွှာကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) စစ်ဆေးမည့်နေ့နှင့် လာရောက်စစ်ဆေးမည့်သူ အမည်ကို စစ်ဆေးမည့် အချက်များနှင့်တကွ လျှောက်ထားသူထံ အကြောင်းကြားပါမည်။ (ဂ) လျှပ်စစ်သွယ်တန်းတပ်ဆင်မှုများ စစ်ဆေးခြင်းစစ်ဆေးခ ပေးသွင်းပြီးနောက် (လိုအပ်ပါက တပ်ဆင်မှုများတွင် ပြင်ဆင်မှုများ ဆောင်ရွက်ပြီးမှသာ) လျှပ်စစ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။
ကြာမြင့်ချိန်	ရုံးဖွင့်ရက်အများဆုံး ၇ ရက်
လျှောက်ထားရမည့် နေရာ	သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန

အတည်ပြု လက်မှတ်ရေးထိုး သည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ လျှပ်စစ်စစ်ဆေးရေးဌာန

(၁.၂) ဂျင်နရေတာနှင့် အခြားလျှပ်စစ်ပစ္စည်းများ (ဝရိန်စက်၊ အပူပေးစက်၊ အင်ဗာတာနှင့် လျှပ်စစ်မီတာအသစ်) အား စစ်ဆေးခြင်းနှင့် အသုံးပြုမှုမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်သော အထောက်အထားများ	(က) Company Letter Head ပါသော စစ်ဆေးပေးပါရန် လျှောက်လွှာ (ခ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ (ဂ) လျှပ်စစ်ခတ်အား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့် (လိုအပ်ပါက) (ဃ) Test Certificate၊ စံသတ်မှတ်ချက်နှင့် အသေးစိတ် ဖော်ပြချက်များ (င) ဌာနမှ နောက်ဆုံးထုတ်ပေးထားသည့် လျှပ်စစ်အန္တရာယ် ကင်းရှင်းကြောင်းလက်မှတ်(လိုအပ်ပါက)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လျှပ်စစ်စစ်ဆေးရန်အတွက် လိုအပ် သော စာရွက်စာတမ်းများနှင့်တကွ လျှောက်လွှာကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြ လျှောက်ထားရမည်။ (ခ) လျှောက်လွှာပုံစံနှင့် စံချိန်စံနှုန်းတို့ကို လျှပ်စစ် စစ်ဆေးရေး ဌာနမှ စိစစ်ပါမည်။ (ဂ) စစ်ဆေးမည့်နေ့နှင့် လာရောက်စစ်ဆေးမည့်သူ အမည်ကို စစ်ဆေးမည့်အချက်များနှင့်တကွ လျှောက်ထားသူထံ အကြောင်းကြားပါမည်။ (ဃ) လျှောက်လွှာတွင် ဖော်ပြထားသော စံသတ်မှတ်ချက်များ နှင့် တည်ဆောက်ပြီးစီးပါက စစ်ဆေးရေးအဖွဲ့သည်

	လျှပ်စစ်ထုတ်စက်နှင့် လျှပ်စစ်သွယ်တန်း တပ်ဆင်မှုများ အား မြေပြင် ကွင်းဆင်းစစ်ဆေးပါမည်။ (င) စစ်ဆေးပြီးနောက် ပြင်ဆင်ရန် လိုအပ်သည်များကို ၇ ရက် အတွင်း အပြီးဆောင်ရွက်ရပါမည်။ (စ) ပြင်ဆင်မှုအစီရင်ခံစာ ရရှိပြီးနောက်နှင့် စစ်ဆေးမှု မှတ်တမ်းများကို စစ်ဆေးသူတို့အား တင်ပြပြီးနောက် လိုအပ်ပါက စစ်ဆေးမှုကို နောက်တစ်ကြိမ် ထပ်မံစစ်ဆေး ပါမည်။ (ဆ) စစ်ဆေးခကို မြန်မာ့စီးပွားရေးဘဏ်ရှိ သတ်မှတ်ငွေစာရင်း ခေါင်းစဉ်သို့ ၇ ရက်အတွင်း ပေးသွင်းရမည်ဖြစ်ပြီး မူရင်းချလံ ၁ စောင်ကို ဌာနသို့ ပြန်လည်ပေးပို့ရမည် ဖြစ်ပါသည်။ (ဇ) စစ်ဆေးခြင်းနှင့် စစ်ဆေးခပေးသွင်းပြီးနောက် (လိုအပ်ပါ က တပ်ဆင်မှုများတွင် ပြင်ဆင်မှုများ ဆောင်ရွက်ပြီးမှသာ) လျှပ်စစ်စစ်ဆေးရေးဌာနသည် လျှပ်စစ်အန္တရာယ် ကင်းရှင်း ကြောင်းလက်မှတ် ထုတ်ပေးပါမည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။
ကြာမြင့်ချိန်	အခြား လျှပ်စစ်ပစ္စည်းများအတွက် – ရုံးဖွင့်ရက် အများဆုံး ၇ ရက် Generator အတွက် – ရုံးဖွင့်ရက် အများဆုံး ၇ ရက်
လျှောက်ထားရမည့် နေရာ	သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့်ရာထူး/ အဆင့်	ညွှန်ကြားရေးမှူး၊ လျှပ်စစ်စစ်ဆေးရေးဌာန

(၁.၃) စက်လှေကားနှင့် ခါတ်လှေကား

(၁.၃.၁) စက်လှေကားနှင့် ခါတ်လှေကား တပ်ဆင်ခြင်းအတွက် တည်ဆောက်ခွင့်ပြုမိန့်

တင်ပြရန်လိုအပ်သော အထောက်အထားများ	(က) ခါတ်လှေကား/ စက်လှေကားလျှောက်လွှာပုံစံပါ အချက်အလက်များ ပြည့်စုံစွာ ဖော်ပြ၍ လျှောက်ထားခြင်း (ခ) ခါတ်လှေကား/ စက်လှေကားဆိုင်ရာပုံစံများ (ဂ) Steel/ Belt ကြိုး စမ်းသပ်ပြီးကြောင်း Certificate (ဃ) အဆောက်အဦပိုင်ခွဲကြောင်း ထောက်ခံချက် (သို့မဟုတ်) သက်ဆိုင်ရာ စည်ပင်သာယာရေး ကော်မတီ၏ အဆောက်အဦဆိုင်ရာ ခွင့်ပြုမိန့် (င) တည်ဆောက်ခွင့်တာဝန်ယူသူ၏ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ် (သို့မဟုတ်) ခါက်လှေကား/ စက်လှေကားကျွမ်းကျင်မှုဆိုင်ရာ ဌာနမှ အသိအမှတ်ပြုထားသည့် လက်မှတ် (စ) အဆောက်အဦအတွင်း ခါတ်လှေကား/ စက်လှေကား တည်နေရာပြပုံစံ (ဆ) ခါတ်လှေကား/ စက်လှေကားဆိုင်ရာ အသေးစိတ် အချက်အလက်များစာအုပ် (Catalogue)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လျှပ်စစ်စစ်ဆေးရန်အတွက် လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ လျှောက်လွှာကို လျှပ်စစ်စစ်ဆေးရေးဌာန (ရုံးချုပ်)၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) လျှောက်လွှာပုံစံကို လျှပ်စစ်စစ်ဆေးရေးဌာနမှ အချက်အလက်ပြည့်စုံမှု ရှိမရှိ စိစစ်ပါမည်။ (ဂ) ခါတ်လှေကားနှင့် စက်လှေကား တပ်ဆင်ရန် အတည်ပြုချက်ထုတ်ပေးပါမည်။ (ဃ) အတည်ပြုချက်ရရှိပါက လျှောက်ထားသူသည် ခါတ်လှေကား၊ စက်လှေကားတပ်ဆင်ခြင်း စတင်

	ဆောင်ရွက်နိုင်ပါသည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။
ကြာမြင့်ချိန်	ရုံးဖွင့်ရက် အများဆုံး ၇ ရက်
လျှောက်ထားရမည့် နေရာ	သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ လျှပ်စစ်စစ်ဆေးရေးဌာန
မှတ်ချက်	ဓာတ်လှေကား၊ စက်လှေကားများမတပ်ဆင်မီ အနည်းဆုံး ၁၅ ရက်အတွင်း အတည်ပြုချက်ရယူရန် လျှောက်ထားရမည်။

(၁.၃.၂) စက်လှေကားနှင့် ဓာတ်လှေကား စစ်ဆေးခြင်းနှင့် အသုံးပြုခွင့်ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်သော အထောက်အထားများ	(က) Company Letter Head ပါသော အပေါ်စာ (ခ) ဓာတ်လှေကား/စက်လှေကား တည်ဆောက်ခွင့်ပြုမိန့် (မိတ္တူ) နှင့် ထုတ်လုပ်သူဘက်မှပေးသော Test Certificate (ဂ) ဓာတ်လှေကား/ စက်လှေကားဆိုင်ရာ နည်းပညာ သတ်မှတ်ချက်များနှင့် Catalogue၊ အဆောက်အဦ၏ ခံနိုင်ရည်ရှိမှု ထောက်ခံချက်
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ဓာတ်လှေကား/စက်လှေကား စစ်ဆေးရန် လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ လျှောက်လွှာကို သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) စစ်ဆေးမည့်နေ့နှင့် လာရောက်စစ်ဆေးမည့်သူ၏ အမည်ကို လျှောက်ထားသူထံ အကြောင်းကြားပါမည်။ (ဂ) စစ်ဆေးပြီးနောက် ပြင်ဆင်ရန် လိုအပ်သည်ဟု မှတ်ချက်

	ပြုသည်များကို ၇ ရက်အတွင်း အပြီးဆောင်ရွက်ရမည် ဖြစ်ပါသည်။ (ဃ) ပြင်ဆင်ခြင်းလုပ်ငန်းပြီးစီးလျှင် နောက်တစ်ကြိမ် ထပ်မံ စစ်ဆေးပါမည်။ (င) စစ်ဆေးပြီးနောက် ပြင်ဆင်ရန် မှတ်ချက် မရှိလျှင် စစ်ဆေးခကို မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းရမည် ဖြစ်ပြီး ငွေသွင်းချလန်ကို လျှပ်စစ်စစ်ဆေးရေးဌာနသို့ ပေးပို့ရပါမည်။ (စ) စစ်ဆေးခပေးသွင်းပြီးနောက် စစ်ဆေးရေးမှူးချုပ်၏ မှတ်ချက် မရှိလျှင် ဓာတ်လှေကား၊ စက်လှေကား အသုံးပြုခွင့်လက်မှတ် ထုတ်ပေးပါမည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။
ကြာမြင့်ချိန်	ရုံးဖွင့်ရက် အများဆုံး၇ ရက်
လျှောက်ထားရမည့် နေရာ	သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန
အတည်ပြု လက်မှတ်ရေးထိုး သည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ လျှပ်စစ်စစ်ဆေးရေးဌာန
မှတ်ချက်	ဓာတ်လှေကား၊စက်လှေကားများ၏ အသုံးပြုခွင့်လက်မှတ် သက်တမ်းမှာ ထုတ်ပေးသည့်နေ့မှစ၍ ၁ နှစ်ဖြစ်ပါသည်။

(၂) ဘွိုင်လာ စစ်ဆေးခြင်းနှင့် အသုံးပြုခွင့်လက်မှတ် ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်သော အထောက်အထားများ	(က) ဘွိုင်လာအသုံးပြုခွင့်လက်မှတ် လျှောက်လွှာ (ခ) ပြည်ပမှ တင်သွင်းလာသောဘွိုင်လာ သို့မဟုတ် ပြည်တွင်းတွင် ဝယ်ယူသော ဘွိုင်လာနှင့် သက်ဆိုင်သည့် အထောက်အထားစာရွက်စာတမ်းများ (ဂ) ဘွိုင်လာထုတ်လုပ်ရာတွင် လိုက်နာခဲ့သော ထုတ်လုပ်မှု နှင့် စမ်းသပ်မှုစံချိန်စံညွှန်း သက်သေခံလက်မှတ်

	(ဃ) ဘွိုင်လာထုတ်လုပ်ပြီးသည်အထိ အဆင့်ဆင့် စစ်ဆေးခဲ့ကြောင်းကို သက်ဆိုင်ရာနိုင်ငံက တရားဝင် ထုတ်ပေးသော အာမခံလက်မှတ် (င) ဘွိုင်လာတွင် အသုံးပြုသော သံသား၏ ထုတ်လုပ်မှုနည်းစဉ်၊ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနှင့် စက်မှုဂုဏ်သတ္တိဆိုင်ရာ သက်သေခံလက်မှတ်များ (စ) ဘွိုင်လာ၏ အသေးစိတ်ရေးဆွဲပုံစံ၊ ဂဟေဆက်ကြောင်းများကို ဓာတ်မှန်ရိုက်၍ စစ်ဆေးတွေ့ရှိချက်နှင့် အပူပြဂရပ်များ (ဆ) ဘွိုင်လာထုတ်လုပ်သည့်ကုမ္ပဏီ၏ အမှတ်တံဆိပ်နှင့် ထုတ်လုပ်သည့်အမှတ်စဉ် (ဇ) ရည်ရွယ်တည်ဆောက်သည့် ဖိအား၊ ရေနွေးငွေ့ထုတ်လုပ်မှုပမာဏနှင့် အသုံးပြုမည့်လောင်စာ (ဈ) ဘွိုင်လာနှင့် တွဲဖက်အသုံးပြုသော ရေနွေးငွေ့ပိုက်များ တပ်ဆင်သွယ်တန်းပုံ အသေးစိတ်ရေးဆွဲထားသည့်ပုံစံ (ည) စစ်ဆေးရေးမှူးချုပ်က အခါအားလျော်စွာ သတ်မှတ်သော အထောက်အထားနှင့် သက်သေခံလက်မှတ်များ။
လုပ်ငန်းစဉ်အဆင့်	၁။ ဘွိုင်လာအသစ်အားမှတ်ပုံတင်စစ်ဆေးခြင်း (က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများနှင့်တကွ လျှောက်လွှာကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် One Stop Service ရှိ စက်မှုကဏ္ဍ သို့မဟုတ် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) ဘွိုင်လာစစ်ဆေးရေးမှူးမှ စစ်ဆေးမည့်ရက်ကို လျှောက်ထားသူထံသို့ ကြိုတင်အကြောင်းကြားပါမည်။ (ဂ) စစ်ဆေးရာတွင် စစ်ဆေးရေးမှူးသည် ဘွိုင်လာ၏

	အတိုင်းအတာ ဖိအားခံနိုင်ရည် တွက်ချက်မှုနှင့် ရေဖိအားဖြင့် စမ်းသပ်စစ်ဆေးပါမည်။ (ဃ) ဘွိုင်လာစစ်ဆေးခြင်း အောင်မြင်ခဲ့လျှင် သတ်မှတ်ထားသော စစ်ဆေးခကို လျှောက်ထားသူမှ ပေးသွင်းရမည်။ (င) စစ်ဆေးခပေးသွင်းပြီးနောက် လျှောက်ထားသူသည် ငွေသွင်းချလန်ကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ဘွိုင်လာစစ်ဆေးရေး) သို့ တင်ပြ၍ ဘွိုင်လာအသုံးပြုခွင့်လက်မှတ်ကို ထုတ်ယူနိုင်ပါသည်။ ၂။ ဘွိုင်လာအသုံးပြုခွင့်လက်မှတ် အသစ်လဲလှယ်ခြင်း အတွက်စစ်ဆေးခြင်း (က) လျှောက်ထားသူသည် အသုံးပြုခွင့်လက်မှတ် အသစ်ထုတ်ပေးရန် ဘွိုင်လာ၏ မှတ်ပုံတင်အမှတ်နှင့် တစ်နှစ်ထက်မပိုသော အသုံးပြုလိုသည့် သက်တမ်းတို့ကို ဖော်ပြလျှောက်ထားရမည်။ (ခ) လျှောက်ထားသူသည် သတ်မှတ်ထားသော ဘွိုင်လာစစ်ဆေးခအား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်။ (ဂ) ဘွိုင်လာစစ်ဆေးရေးမှူးမှ စစ်ဆေးမည့်ရက်ကို လျှောက်ထားသူထံ ကြိုတင်အကြောင်းကြားပါမည်။ (ဃ) စစ်ဆေးမည့်ရက်တွင် လုပ်ငန်းရှင်မှ ဘွိုင်လာအား အစစ်ဆေးခံနိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်။ (င) ဘွိုင်လာစစ်ဆေးခြင်း အောင်မြင်ခဲ့လျှင် ဘွိုင်လာအသုံးပြုခွင့် လက်မှတ်အသစ်ကို ထုတ်ပေးမည်ဖြစ်ပါသည်။
ဝန်ဆောင်ခ	(က) ဘွိုင်လာအသစ်အား မှတ်ပုံတင်စစ်ဆေးပြီး အသုံးပြုခွင့်လက်မှတ်ထုတ်ပေးခြင်းအတွက် ဘွိုင်လာစစ်ဆေးမှုဝန်ဆောင်ခမှာ ဘွိုင်လာ၏ မီးရှိန်ရမျက်နှာပြင် ဧရိယာ

	အပေါ်မူတည်၍ (အနည်းဆုံး ၃၀၀၀၀ ကျပ်မှအများဆုံး ၁၅၀၀၀၀ ကျပ်) (ခ) ဘွိုင်လာအသုံးပြုခွင့်လက်မှတ်အသစ် လဲလှယ်ခြင်းအတွက် ဘွိုင်လာစစ်ဆေးမှုဝန်ဆောင်ခမှာ ဘွိုင်လာ၏ မီးရှိန်ရမျက်နှာပြင်ဧရိယာအပေါ် မူတည်၍ (အနည်းဆုံး ၂၀၀၀၀ ကျပ်မှ အများဆုံး ၁၅၀၀၀၀ ကျပ်)
ကြာမြင့်ချိန်	(က) ဘွိုင်လာအသစ်အား မှတ်ပုံတင်စစ်ဆေးပြီး အသုံးပြုခွင့်လက်မှတ်ထုတ်ပေးခြင်းအတွက် ကြာမြင့်ချိန်မှာ လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ အောက်ပါအတိုင်းဖြစ်ပါသည်– – လျှောက်လွှာတင်သွင်းခြင်း (၁ ရက်) – စစ်ဆေးမည့်ရက် အကြောင်းကြားခြင်း (အနည်းဆုံး ၅ ရက်ကြိုတင်) – ဖွင့်ပြစစ်ဆေးခြင်း (၁ ရက်) – ရေဖိအားဖြင့်စစ်ဆေးခြင်း (၁ ရက်) – မီးရှိန်ရမျက်နှာပြင်ဧရိယာနှင့် ခွင့်ပြုဖိအားတွက်ချက်ခြင်း (၁ ရက်) – စစ်ဆေးခပေးသွင်းခြင်း (၁ ရက်) – စစ်ဆေးပြီးဘွိုင်လာအသုံးပြုခွင့်လက်မှတ်ထုတ်ပေးခြင်း (၁ ရက်) (ခ)ဘွိုင်လာအသုံးပြုခွင့်လက်မှတ်အသစ်လဲလှယ်ခြင်းအတွက် ကြာမြင့်ချိန်မှာ လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ အောက်ပါအတိုင်းဖြစ်ပါသည်– – လျှောက်လွှာတင်သွင်းခြင်း (၁ ရက်) – စစ်ဆေးခပေးသွင်းခြင်း (၁ ရက်) – စစ်ဆေးမည့်ရက်အကြောင်းကြားခြင်း (အနည်းဆုံး ၅ ရက် ကြိုတင်) – စစ်ဆေးခြင်း (၁ ရက်) စစ်ဆေးပြီး ဘွိုင်လာအသုံးပြုခွင့် လက်မှတ်ထုတ်ပေးခြင်း (၁ ရက်)

လျှောက်ထားရမည့် နေရာ	သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ပြည်ထောင်စုနယ်မြေ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး (ဘွိုင်လာစစ်ဆေးရေးဌာန) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
မှတ်ချက်	ဘွိုင်လာအသုံးပြုခွင့် လက်မှတ်သက်တမ်းမှာ ထုတ်ပေးသည့်ရက်မှ ၁နှစ် ဖြစ်ပါသည်။ ဘွိုင်လာအသုံးပြုခွင့်လက်မှတ် အသစ်လဲလှယ်ခြင်း လုပ်ငန်းစဉ်အတွင်း ဘွိုင်လာအား တစ်ဖန်ထပ်မံစစ်ဆေးပါမည်။

(၃) ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်သော အထောက်အထားများ	(က) ပုဂ္ဂလိက စက်မှုလုပ်ငန်းမှတ်ပုံတင်လျှောက်လွှာ (ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် (ဂ) ကုမ္ပဏီနှင့်သက်ဆိုင်သည့် လိုအပ်သော အချက်အလက်များ (၁) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (၂) ထုတ်ကုန် သွင်းကုန် လိုင်စင် (ဃ) လုပ်ငန်းရှင်နှင့် ပတ်သက်သော သတင်းအချက်အလက်များ (၁) လုပ်ငန်းရှင်၏ နိုင်ငံကူးလက်မှတ်အရွယ် ဓာတ်ပုံ ၃ ပုံ (Passport size) (၂) လုပ်ငန်းရှင်သည် နိုင်ငံခြားသားဖြစ်ပါက နိုင်ငံကူးလက်မှတ်မိတ္တူနှင့် ကိုယ်ရေးမှတ်တမ်း (CV form) (သို့) နိုင်ငံသားဖြစ်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့်အိမ်ထောင်စု ဇယားမိတ္တူ

	(င) အခြားလိုအပ်သော အထောက်အထားများ (၁) လုပ်ငန်းသည် စက်မှုဇုန်နယ်မြေအတွင်းတွင် တည်ရှိပါက စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီ၏ ထောက်ခံစာ (သို့) စက်မှုဇုန်နယ်မြေပြင်ပတွင် တည်ရှိပါက သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံစာ (၂) လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ အခြားလိုအပ်သော ထောက်ခံစာများ **ဥပမာ**– စားသောက်ရေးဆိုင်ရာလုပ်ငန်းများ – FDA ထောက်ခံစာ (စ) မြေနေရာ၊ အဆောက်အဦးနှင့် ပတ်သက်သော သတင်းအချက်အလက်များ (၁) ကိုယ်ပိုင်မြေဖြစ်လျှင် မြေပိုင်ဆိုင်မှု အထောက်အထား ဂရန်မိတ္တူ (၂) အငှားမြေဖြစ်လျှင် မြေအငှားစာချုပ် မိတ္တူ (ဆ) အလုပ်သမားခန့်ထားခြင်းနှင့် ပတ်သက်သော သတင်းအချက်အလက်များ (၁) လူမှုဖူလုံရေးအဖွဲ့ အလုပ်ရှင်မှတ်ပုံတင်အမှတ် (ဇ) လျှပ်စစ်ဓာတ်အားသုံးစွဲခြင်းနှင့် ပတ်သက်သော သတင်းအချက်အလက်များ (၁) လျှပ်စစ်ဓာတ်အားအသုံးပြုခြင်းဆိုင်ရာ အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ် (၂) ဂျင်နရေတာ အသုံးပြုပါက လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ မှတ်ပုံတင်လက်မှတ် (ဈ) ဘွိုင်လာအသုံးပြုခြင်းများရှိပါက ဘွိုင်လာအသုံးပြုခွင့်လက်မှတ် (ည) ကုန်ထုတ်လုပ်မှု နည်းစဉ်

	(ဠ)	ခါတ်ပုံမှတ်တမ်း (၁) အဆောက်အဦး၏ ရှေ့၊ နောက်၊ဝဲ၊ယာ ပုံ (၂) စက်များ၏ ပုံ (၃) ဂျင်နရေတာ/ ထရန်စဖော်မာများ၏ ပုံ (၄)ကုန်ကြမ်းများနှင့် ကုန်ချောများ ၏ပုံ
လုပ်ငန်းစဉ်အဆင့်	(က)	လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများနှင့်တကွ လျှောက်လွှာကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး/ပြည်ထောင်စုနယ်မြေ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနသို့လူကိုယ်တိုင် သို့မဟုတ် အွန်လိုင်း (https://www.disi.gov.mm/index.php/site/login.html) မှတစ်ဆင့် တင်ပြလျှောက်ထားနိုင်သည်။ (ဥပမာ- လျှပ်စစ်သုံးလုပ်ငန်းများအတွက် လျှပ်စစ်စစ်ဆေးရေးဌာန ခွင့်ပြုမိန့်၊ ဘွိုင်လာပါရှိသော လုပ်ငန်းများအတွက် ဘွိုင်လာအသုံးပြုခွင့် လက်မှတ်၊ အရက်/ဘီယာ လုပ်ငန်းများအတွက် ယစ်မျိုးလိုင်စင်၊ စားသောက်ကုန်နှင့် ဆေးဝါးလုပ်ငန်းများအတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ခွင့်ပြုမိန့် စသည်တို့နှင့်အတူ)
	(ခ)	လျှောက်ထားချက် ပြည့်စုံမှန်ကန်ပါက သက်ဆိုင်ရာအရာရှိသည် သက်ဆိုင်သော စစ်ဆေးပုံစံများနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးပါမည်။
	(ဂ)	ပုဂ္ဂလိကစက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍ အစည်းအဝေးဆုံးဖြတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြအတည်ပြုချက်ရယူပါသည်။
	(ဃ)	အတည်ပြုချက်ရရှိပါကပြည်နယ် (သို့) တိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးသည် မှတ်ပုံတင်ခွင့်ရရှိသော ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်အား မှတ်ပုံတင်ကြေးပေးသွင်းစေ၍ ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်

	လက်မှတ် ထုတ်ပေးပါသည်။
ဝန်ဆောင်ခ	စက်မှုမှတ်ပုံတင်ကြေးနှင့် အရွယ်အစားသတ်မှတ်ချက်ကို နောက်ဆက်တွဲ (ခ) နှင့် နောက်ဆက်တွဲ (ဂ) တွင် ဖော်ပြထားပါသည်။
ကြာမြင့်ချိန်	အထောက်အထားများ ပြည့်စုံပါက ရုံးဖွင့်ရက် ၁၄ ရက်
လျှောက်ထားရမည့် နေရာ	သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လူကိုယ်တိုင် သို့မဟုတ် အွန်လိုင်း (https://www.disi.gov.mm/index.php/site/login.html) မှ တစ်ဆင့်တင်ပြလျှောက်ထားနိုင်သည်။
အတည်ပြု လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	အကြီးစားစက်မှုလုပ်ငန်း – ညွှန်ကြားရေးမှူးချုပ် အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း – တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူး
မှတ်ချက်	ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး/ ပြည်ထောင်စုနယ်မြေဦးစီးဌာနရုံးများမှ တင်ပြလာသော မှတ်ပုံတင်ရန် လျှောက်လွှာများကို ခွင့်ပြုခြင်း၊ ငြင်းဆိုခြင်း၊ ဆိုင်းငံ့ခြင်းများ ပြုလုပ်နိုင်သည်။ မှတ်ပုံတင် သက်တမ်းမှာ ၁ နှစ် ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူသည် သက်တမ်း ကုန်ဆုံးရက်မတိုင်မီ သက်တမ်းတိုးရန် လိုအပ်ပါသည်။

နောက်ဆက်တွဲ (က)။ လျှပ်စစ်စစ်ဆေးခြင်းဝန်ဆောင်ခများစာရင်း

စဉ်	စစ်ဆေးရမည့်ပစ္စည်းအမျိုးအစား	စစ်ဆေးခ (ကျပ်ငွေ)	မှတ်ပုံတင်ခ (ကျပ်ငွေ)
၁	စက်ရုံ၊ စက်မှုလုပ်ငန်း		
	(က)လျှပ်စစ်စီးကူးမှုခံနိုင်အားစစ်ဆေးခြင်း	၁၀၀၀	-
	(ခ)မြေချစနစ်	၅၀၀	-
၂	မီးစက်များ		
	(က)၁ ကေဗွီအေမှ ၂၅ ကေဗွီအေ	၁၀၀၀	၁၀၀၀
	(ခ)၂၆ ကေဗွီအေမှ ၅၀ ကေဗွီအေ	၁၂၀၀	၂၀၀၀
	(ဂ)၅၁ ကေဗွီအေမှ ၁၀၀ ကေဗွီအေ	၁၄၀၀	၅၀၀၀
	(ဃ) ၁၀၁ ကေဗွီအေမှ ၂၀၀ ကေဗွီအေ	၁၆၀၀	၇၅၀၀
	(င) ၂၀၁ ကေဗွီအေမှ ၅၀၀ ကေဗွီအေ	၂၀၀၀	၁၀၀၀၀
	(စ) ၅၀၁ ကေဗွီအေမှအထက်	၃၀၀၀	၁၅၀၀၀
၃	ဓာတ်လှေကားနှင့်စက်လှေကား (အတည်ပြုရန်)		
	(က)လူစီး	၁၀၀၀၀	၂၀၀၀၀
	(ခ)ကုန်တင်	၃၀၀၀၀	၆၀၀၀၀
	(ဂ)Service	၂၀၀၀၀	၂၀၀၀၀
	(ဃ)ခွင့်ပြုခ	-	၅၀၀
	အသစ်တပ်ဆင်ထားသောဓာတ်လှေကားနှင့် စက်လှေကားများစစ်ဆေးခ		
	(က) လူစီး	၃၀၅၀၀	-
	(ခ) ကုန်တင်	၉၀၅၀၀	-
	(ဂ)Service	၄၀၅၀၀	-
	ဓာတ်လှေကားနှင့် စက်လှေကားအသုံးပြုခွင့်လက်မှတ်၊ အသစ်လဲလှယ်ခြင်း၊ စစ်ဆေးခ		
	(က) လူစီး	၁၀၅၀၀	-
	(ခ) ကုန်တင်	၃၀၅၀၀	-
	(ဂ) Service	၂၀၅၀၀	-
၄	လျှပ်စစ်ပစ္စည်းကိရိယာများ		
	(က)ဂဟေဆော်စက် ၁ မှ ၅ ကေဗွီအေ	၁၂၀၀	-
	(ခ) ဂဟေဆော်စက် ၆ မှ ၁၅ ကေဗွီအေ	၁၅၀၀	-
	(ဂ)ဂဟေဆော်စက် ၁၆ ကေဗွီအေနှင့်အထက်	၃၀၀၀	-
	(ဃ)ဘက်ထရီအားသွင်းစက်	၅၀၀	-
	(င) အပူပေးစက် (တစ်ယူနစ်အတွက်)	၆၀၀	-

စဉ်	စစ်ဆေးရမည့်ပစ္စည်းအမျိုးအစား	စစ်ဆေးခ (ကျပ်ငွေ)	မှတ်ပုံတင်ခ (ကျပ်ငွေ)
၅	အများသုံးအဆောက်အဦများ စစ်ဆေးခြင်း		
	(က)သာမန်ညှော်ဂေဟာ	၆၀၀၀	-
	(ခ)မီးအားမြင့်စက်သုံးညှော်ဂေဟာ	၁၅၀၀၀	-
	(ဂ)ဟိုတယ်နှင့်မိုတယ်များ	၅၀၀၀၀	-
	(ဃ)သာမန်ရုပ်ရှင်ရုံ	၁၀၀၀၀	-
	(င)ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံ	၃၀၀၀၀	-
၆	ပါဝါမီတာအသစ်များနှင့်ဓာတ်အားခွဲရုံများ		
	စစ်ဆေးခြင်း		-
	(က) ၃၀၀ ကေဗွီအေနှင့်အောက်	၂၀၀၀၀	-
	(ခ) ၃၀၀ ကေဗွီအေမှ ၅၀၀ ကေဗွီအေအောက်	၃၀၀၀၀	-
	(ဂ) ၅၀၀ ကေဗွီအေမှ ၇၅၀ ကေဗွီအေအောက်	၄၀၀၀၀	-
	(ဃ)၇၅၀ ကေဗွီအေမှ ၁၀၀၀ ကေဗွီအေအောက်	၅၀၀၀၀	-
	(င) ၁၀၀၀ ကေဗွီအေနှင့်အထက်	၆၀၀၀၀	-
	(စ) ၆၆/၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံများ	၂၀၀၀၀၀	-
	(ဆ)ပါဝါမီတာအသစ်စစ်ဆေးခ	၁၀၀၀၀	

နောက်ဆက်တွဲ (ခ)။ စက်မှုမှတ်ပုံတင်ကြေးသတ်မှတ်ချက်(ရေတွက်ပုံ- ကျပ်)

စဉ်	လုပ်ငန်း	လုပ်ငန်းသစ်		သက်တမ်းတိုးခြင်း		ပြောင်းလဲခြင်း			
		မှတ်ပုံတင်ခ	ဒဏ်ကြေး (ရက်၃၀)	မှတ်ပုံတင်သက်တမ်းတိုးဆောင်ရွက်ခ	ဒဏ်ကြေး (ရက်၆၀)	လုပ်ငန်းအမည်	တည်နေရာ	လုပ်ငန်းရှင်/ ပိုင်ဆိုင်မှု	စက်မှုမှတ်ပုံတင်ဆိုင်ရာအချက်အလက်များ
၁	အကြီးစား	၅၀၀၀၀	၂၅၀၀၀	၄၀၀၀၀	၂၀၀၀၀	၂၅၀၀၀	၂၅၀၀၀	၅၀၀၀၀	၅၀၀၀၀
၂	အလတ်စား	၂၅၀၀၀	၁၂၅၀၀	၂၀၀၀၀	၁၀၀၀၀	၁၂၅၀၀	၁၂၅၀၀	၂၅၀၀၀	၂၅၀၀၀
၃	အသေးစား	၁၂၀၀၀	၆၀၀၀	၁၀၀၀၀	၅၀၀၀	၆၀၀၀	၆၀၀၀	၁၂၀၀၀	၁၂၀၀၀

နောက်ဆက်တွဲ (ဂ)   ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၏ အရွယ်အစားသတ်မှတ်ချက်များ

စဉ်	အရွယ် အစား	အလုပ်သမား ခန့်ထားမှု (ဦးရေ)	အားအသုံးပြုမှု (မြင်းကောင်ရေ)	မတည်ရင်းနှီးငွေ (ကျပ်သန်း)	ထုတ်လုပ်မှုတန်ဖိုး (ကျပ်သန်း)
၁	အကြီးစား	>၁၀၀	>၅၀	>၅	>၁၀
၂	အလတ်စား	>၅၀ နှင့် ≤၁၀၀	>၂၅ နှင့် ≤ ၅၀	>၁ နှင့် ≤ ၅	>၂.၅ နှင့် ≤ ၁၀
၃	အငယ်စား	≤ ၅၀	>၅နှင့်≤ ၂၅	≤ ၁	≤ ၂.၅

ပုံစံများ

ပုံစံအမှတ်	အမည်
ပုံစံ	စက်ရုံအလုပ်ရုံများမှ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးလက်မှတ်ရရှိရန် လျှောက်ထား ရမည့် လျှောက်လွှာ
ပုံစံ	ဓာတ်လှေကားလျှောက်လွှာပုံစံ နမူနာ
ပုံစံ	ဓာတ်လှေကား အသုံးပြုခွင့်လက်မှတ် နမူနာ
ပုံစံ	ဘွိုင်လာမှတ်ပုံတင်၍ အသုံးပြုခွင့်လက်မှတ်ထုတ်ပေးရန်လျှောက်လွှာ
ပုံစံ	ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်လျှောက်လွှာ

ပုံစံ_ စက်ရုံအလုပ်ရုံများမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလက်မှတ်ရရှိရန် လျှောက်ထားရမည့် လျှောက်လွှာ

သို့

တိုင်းလျှပ်စစ်စစ်ဆေးရေးမှူး
လျှပ်စစ်စစ်ဆေးရေး
ရန်ကုန်တိုင်းဒေသကြီး
အမှတ် (၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

ရက်စွဲ၊ -----------------------------

အကြောင်းအရာ။ **လျှပ်စစ်ဓာတ်အား သွယ်တန်းတပ်ဆင်အသုံးပြုမှုများ စစ်ဆေးပေးပါရန်**

အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ အောက်ဖော်ပြပါနေရာဒေသရှိ ----------- ---------------------------------- အတွင်း လျှပ်စစ်သွယ်တန်းတပ်ဆင်အသုံးပြုမှုများကို လိုအပ်သလိုစစ်ဆေး၍ လျှပ်စစ်ဓာတ်အား အသုံးပြုခြင်းဆိုင်ရာ အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁။ လုပ်ငန်းပိုင်ရှင်အမည်--
၂။ မှတ်ပုံတင်အမှတ် --
၃။ လုပ်ငန်းတည်နေရာ --
၄။ လုပ်ငန်းအမည် --

လျှောက်ထားသူလက်မှတ် --
လျှောက်ထားသူအမည် --
လျှောက်ထားသူမှတ်ပုံတင်အမှတ် ---------------------------------
ဆက်သွယ်ရန်ဖုန်း --

ပုံစံ_ ဓာတ်လှေကားလျှောက်လွှာပုံစံ နမူနာ

စက်မှုဝန်ကြီးဌာန

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

လျှပ်စစ်စစ်ဆေးရေးဌာန

ဓာတ်လှေကားလျှောက်လွှာပုံစံ

၁။ ဓာတ်လှေကားအမျိုးအစား ----------------------

၂။ ဓာတ်လှေကားတည်ဆောက်သည့်ကုမ္ပဏီ ----------------------

၃။ ဓာတ်လှေကားအမြန်နှုန်း ----------------------

၄။ ထုတ်လုပ်သူသတ်မှတ်ထားသော– ----------------------

(က) သယ်ဆောင်နိုင်သောပေါင်/ကီလိုဂရမ် ----------------------

(ခ) လူဦးရေ ----------------------

၅။ သတ်မှတ်ထားသောအများဆုံးဝန်ဖြင့် ----------------------

ဓာတ်လှေကားအိမ်၏စုစုပေါင်းအလေးချိန် ----------------------

၆။ ဆန့်ကျင်ဘက် (counter weight) ၏အလေးချိန် ----------------------

၇။ ယက်မများ၏အလေးချိန်နှင့်အရွယ်အစား ----------------------

၈။ ဓာတ်လှေကားအိမ်နှင့်ဆန့်ကျင်ဘက်အလေးတို့ကို ----------------------

ဆွဲထားသည့်စတီးလ်ကြိုး (Steel rope) ၏ ----------------------

အရွယ်အစား၊အရေအတွက်၊အလေးချိန်နှင့် ----------------------

ပြတ်မှုခံနိုင်အား (ton) ----------------------

၉။ ဓာတ်လှေကားမြန်နှုန်းထိန်းကိရိယာ ----------------------

စတီးလ်ကြိုး (Steel rope) ၏အရွယ်အစား၊ ----------------------

အလေးချိန်နှင့်ပြတ်မှုခံနိုင်အား (ton) ----------------------

၁၀။ အလိုအလျောက်အရှိန်သတ်ဘရိတ် ----------------------

(brake) အမျိုးအစား ----------------------

၁၁။ အရေးပေါ်အရှိန်သတ်ဘရိတ် ----------------------

(emergency brake) အမျိုးအစား ----------------------

၁၂။ ဓာတ်လှေကားဝင်ပေါက်အမျိုးအစား ----------------------

၁၃။ ကန့်သတ်ခလုတ်(limit switch)အရေအတွက်နှင့် ----------------------

အမျိုးအစား

၁၄။ အသုံးပြုသောမော်တာ၏ -

(က) မြင်းကောင်ရေ/ကီလိုဝပ် --------------------

(ခ) ဗို့ --------------------

(ဂ) အမ်ပီယာ --------------------

(ဃ) အပတ်ရေ --------------------

၁၅။ သတ္တုပစ္စည်းများကိုမြေခတ်ချထားမှုရှိ/မရှိ --------------------

၁၆။ တပ်ဆင်မည့်အဆောက်အအုံ၏အထပ်ပေါင်းနှင့်အမြင့် --------------------

၁၇။ တွင်း (Pit) အနက် --------------------

၁၈။ လျှောက်ထားသည့်ပိုင်ရှင်အမည် --------------------

၁၉။ တည်ဆောက်သည့်နေရာဒေသ --------------------

၂၀။ တည်ဆောက်သည့်အဖွဲ့အစည်း --------------------

၂၁။ တည်ဆောက်တပ်ဆင်သူ၏လျှပ်စစ်ကျွမ်းကျင်မှု --------------------

မှတ်ပုံတင်နံပါတ်နှင့်အဆင့် --------------------

၂၂။ ဓာတ်လှေကားအိမ်၏အရွယ်အစား --------------------

မှတ်ချက်။ **ဓာတ်လှေကားနှင့်ပတ်သက်သည့် စံချိန်စံညွှန်းများ၊ လျှပ်စစ်ပုံစံများကို ပူးတွဲပေးပို့ရမည်။**

လျှောက်ထားသူအမည် -----------

လျှောက်ထားသည့်ရက်စွဲ -----------

စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
လျှပ်စစ်စစ်ဆေးရေးဌာန
ဓာတ်လှေကားအသုံးပြုခွင့်လက်မှတ်

မှတ်ပုံတင်အမှတ်	–	အမျိုးအစား	–
ပိုင်ရှင်အမည်	–	ခွင့်ပြုသောဦးရေ	–
စတင်မှတ်ပုံတင်သည့်ရက်စွဲ	–	ဝန်ချိန်	–
အသုံးပြုခွင့်စတင်သည့်နေ့	–	မော်တာဝန်အား	–
အသုံးပြုခွင့်ကုန်ဆုံးသည့်နေ့	–	အမြန်နှုန်း	–
တည်နေရာ	–		

စစ်ဆေးရေးမှူးချုပ်
လျှပ်စစ်စစ်ဆေးရေးဌာန

ဘွိုင်လာကိုမှတ်ပုံတင်၍အသုံးပြုခွင့်လက်မှတ်ထုတ်ပေးရန်လျှောက်လွှာ

(လုပ်ထုံးလုပ်နည်းအပိုဒ်၃)

သို့

ဘွိုင်လာစစ်ဆေးရေးမှူး

--------------------ပြည်နယ်/တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ဘွိုင်လာအသစ်ကို မှတ်ပုံတင်၍ အသုံးပြုခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားခြင်း။**

-------------------- ပြည်နယ်/ တိုင်းဒေသကြီး၊ ------------------------------------
မြို့နယ်၊------------------ ------------------စက်မှုဇုန်၊-------------------------
ရပ်ကွက်/ကျေးရွာ၊---------------------လမ်း၊အမှတ်( )ရှိ ------------------------------------
၏ -- လုပ်ငန်း /
စက်ရုံမှဘွိုင်လာအသစ်( )လုံးအာ းမှတ်ပုံတင်စစ်ဆေးပေးပါရန် လျှောက်ထားအပ်ပါသည်-

ဘွိုင်လာနှင့်ပတ်သက်သောအချက်များ

၁။ ဘွိုင်လာတည်ရှိမှုအခြေအနေ---
လူနေရပ်ကွက်/ ကျေးရွာ/ မြို့နယ်/ စက်မှုဇုန်/ အထူးစီးပွားရေးဇုန်

၂။ ဘွိုင်လာအမျိုးအစား ---

၃။ ထုတ်လုပ်သည့်နိုင်ငံ ---

၄။ ရေနွေးငွေ့ထုတ်လုပ်နိုင်မှုပမာဏ--

၅။ ဘွိုင်လာတင်သွင်းသူ/ ကုမ္ပဏီအမည်---

၆။ ဘွိုင်လာနှင့်ပတ်သက်သည့်သက်သေခံလက်မှတ်/ရေးဆွဲပုံစံများ -------------------------------
----

၇။ အသုံးပြုမည့်လောင်စာ ---

၈။ မီးခိုးသွားလမ်းနှင့်ခေါင်းတိုင်အခြေအနေ --

၉။ အသုံးပြုမည့်ရေအမျိုးအစားနှင့်ရေသန့်စင်မှုစနစ် ---

လျှောက်ထားသူ

ပုံစံ- ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လျှောက်လွှာ

ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်လျှောက်လွှာ

ပုံစံ (က)

လုပ်ငန်းအမည် --- လုပ်ငန်းတည်နေရာလိပ်စာ --- အမှတ်စဉ် ----------------

လုပ်ငန်းအမျိုးအမည် --- မြို့နယ် --------------------------- ပြည်နယ်/တိုင်း ဒေသကြီး ---------------------- မူရင်း/ပထမမိတ္တူ/ဒုတိယမိတ္တူ

စဉ်	လုပ်ငန်းအကြောင်းအရာ	စဉ်	တစ်နှစ်ပုံမှန်ထုတ်လုပ်မှု/ လျာထားချက်	ရေ တွက်ပုံ	အရေ အတွက်	တန်ဖိုး (ကျပ်သိန်း)	စဉ်	တစ်နှစ်ကုန်ကြမ်းပစ္စည်းအသုံးပြုမှု / လျာထားချက်	ရေ တွက်ပုံ	အရေ အတွက်
၁	ပိုင်ဆိုင်မှုအမျိုးအစား -	၁					၁	အဓိကကုန်ကြမ်း		
	(တစ်ဦးတည်းပိုင် /အစုစပ်ပိုင် /ကုမ္ပဏီပိုင်)	၂								
၂	လုပ်ငန်းလုပ်ကိုင်သူအမည် -	၃								
၃	ကိုင်ဆောင်သည့်မှတ်ပုံတင်အမှတ် -	၄								
၄	လုပ်ငန်းစတင်တည်ထောင်သည့် /လိုသည့် -	၅					၂	အထောက်အကူပြုကုန်ကြမ်း		
	ခုနှစ် .... လ .... ရက်	၆								
၅	ရင်းနှီးမြှုပ်နှံမှုတန်ဖိုး (ကျပ်သိန်း) -	၇								
	(US$သိန်း) -	၈					၃	စက်သုံးဆီ /ဓာတ်ငွေ့များ		
		၉								
			စုစုပေါင်း							

စဉ်	တပ်ဆင်သည့် /လိုသည့် စက်ပစ္စည်းကိရိယာအမျိုးအမည်	အရေ အတွက်	မြင်း ကောင်ရေ	စဉ်	အားအသုံးပြုမှု /လျာထားချက်	မြင်း ကောင်ရေ	စဉ်	အလုပ်သမားခန့်ထားမှု / လျာထားချက်	ဦးရေ		
									ကျား	မ	ပေါင်း
၁				၁	လျှပ်စစ်ဓာတ်အား		၁	ကြီးကြပ်အုပ်ချုပ်သူ			
၂				၂	ဓာတ်ဆီ/ဒီဇယ်အင်ဂျင်စက်အား		၂	ကျွမ်းကျင်လုပ်သား			
၃				၃	ရေနွေးငွေ့အသုံးပြုအင်ဂျင်စက်အား		၃	ရိုးရိုးလုပ်သား			
၄				၄	ပေးပို့သည့်အခြားအား (ရေအား /လေအားစသည်များ)		၄	အလုပ်သင်			
	စုစုပေါင်း							စုစုပေါင်း			

ဌာနဆိုင်ရာမှဖြည့်စွက်ရန်

လျှောက်လွှာလက်ခံအမှတ်စဉ် /ရက်စွဲ ------------------------------------ လုပ်ငန်းလုပ်ကိုင်သူလက်မှတ် ---------------------- အမည် ---------------------- လျှောက်ထားသည့်ရက်စွဲ ------------------------------------

လက်ခံသူ အရာရှိလက်မှတ် --- ကိုင်ဆောင်သည့် မှတ်ပုံတင်အမှတ် -- နေရပ်လိပ်စာ ---

(၆) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်/အတည်ပြုမိန့် ရရှိပြီးသောရင်းနှီးမြှုပ်နှံသူသည် မွေးမြူရေးနှင့်ကုသရေးလုပ်ငန်းဆိုင်ရာရင်းနှီးမြှုပ်နှံမှုများနှင့်သက်ဆိုင်သောလိုင်စင်များ၊ မှတ်ပုံတင်ခြင်းများနှင့် ထောက်ခံစာများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် လျှောက်ထားနိုင်သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးကို တာဝန်ချထားသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းဆိုင်ရာရင်းနှီးမြှုပ်နှံမှုများနှင့်သက်ဆိုင်သောလိုင်စင်များ၊ မှတ်ပုံတင်ခြင်းများနှင့် ထောက်ခံစာများ လျှောက်ထားရာတွင် လိုအပ်သောအချက်အလက်များကို ပံ့ပိုးပေးလျက်ရှိသည်။

၂။ ယခုလက်ရှိတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လိုင်စင်အတွက်ဝန်ဆောင်မှု မပေးနိုင်ပါ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်/ အတည်ပြုမိန့် မရရှိမီနှင့်ရရှိပြီးနောက်ရင်းနှီးမြှုပ်နှံသူအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကိုယ်စားလှယ်နှင့် တိုင်ပင်ဆွေးနွေးနိုင်သည်။

၃။ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ၁၉၉၃ အရ အောက်ဖော်ပြပါ မှတ်ပုံတင်ခြင်းများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် လျှောက်ထားနိုင်သည်−

(က) မျိုးခြံလုပ်ငန်း/ မွေးမြူရေးခြံလုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်း

(ခ) တိရစ္ဆာန်အစာထုတ်စက်ရုံမှတ်ပုံတင်လျှောက်ထားခြင်း

၄။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ရည်ရွယ်ချက်များမှာ−

(က) ဒေသတွင်းစားသုံးမှုအတွက်လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရန်နှင့် ပိုလျှံသည့်ထုတ်ကုန်များကို တင်ပို့ရန်၊

(ခ) စိုက်ပျိုးရေးကဏ္ဍ၏ လိုအပ်ချက်နှင့်အတူ ကျွဲ၊ နွားများ မွေးမြူခြင်းကိုထိန်းသိမ်းရန်၊

(ဂ) မူလမျိုးများထိန်းသိမ်းခြင်းကို ဆောင်ရွက်ရန်နှင့် ဒေသတွင်းအခြေအနေအရ တိရစ္ဆာန်များ၏မျိုးများကို အဆင့်မြှင့်တင်ထုတ်လုပ်ရန်၊

(ဃ) အသေးစားမွေးမြူရေးခြံများ တည်ထောင်စေခြင်းအားဖြင့် ကျေးလက်စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အပံ့ပြုနိုင်ရန်၊

(င) အိမ်နီးချင်းနိုင်ငံများ၏ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ မွေးမြူရေး ထွက်ကုန်များ၏အရည်အသွေးနှင့် ထုတ်လုပ်နိုင်စွမ်းကိုမြှင့်တင်ရန်။

(စ) ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်နှင့်စီးပွားဖြစ်မွေးမြူ ထုတ်လုပ်ခြင်း လုပ်ငန်းကို အားပေးရန်၊

(ဆ) နိုင်ငံတကာအဖွဲ့အစည်းများ၏ တိရစ္ဆာန်ကျန်းမာရေးလမ်းညွှန်ချက်အရ တိရစ္ဆာန် ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးကိုပိုမိုတိုးတက်စေရန်နှင့်အဆင့်မြှင့်တင်ရန်

(ဇ) နိုင်ငံတကာဆက်ဆံရေးနှင့် မွေးမြူရေးထွက်ကုန်များအတွက် လူမှုစီးပွား ဆက်နွှယ်မှုကို ပိုမိုမြှင့်တင်ရန်။

၅။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ရည်ရွယ်ချက်များအရ ဌာနမှအောက်ဖော်ပြပါ စစ်ဆေးမှုအမျိုးအစားများကို ဆောင်ရွက်သွားမည်-

(က) ပြည်တွင်းတွင်ရောင်းချရန်အတွက်တိရစ္ဆာန်အစာကိုစစ်ဆေးခြင်း

(ခ) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ကုန်နှင့်တိရစ္ဆာန်အစာများကို တင်ပို့ရန်အတွက် စစ်ဆေးခြင်း၊

(ဂ) တင်သွင်းလာသည့်တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ကုန်နှင့်တိရစ္ဆာန်အစာများကို စစ်ဆေးခြင်း၊

(ဃ) မျိုးခြံနှင့်ဥဖောက်လုပ်ငန်းများကိုစစ်ဆေးခြင်း၊

(င) အသား၊ နို့၊ ဥ သို့မဟုတ် အခြားသောတိရစ္ဆာန်ထွက်ကုန်များ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးသည့် မွေးမြူရေးခြံများကို စစ်ဆေးခြင်း၊

(စ) ပြည်သူများစားသုံးရန်အတွက် ရည်ရွယ်သောတိရစ္ဆာန်အသားနှင့် သားသတ်ရန် ရည်ရွယ်ထားသောတိရစ္ဆာန်တို့၏ ကျန်းမာရေးကို စစ်ဆေးခြင်း။

၆။ တိရစ္ဆာန်အရှင်များ၊ အေးခဲအသားများ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ (ဘဲမွေး၊ ငန်းမွေး၊ ကြက်ဆင်မွေး၊ ယုန်မွေး၊ တောကြောင်မွေးစသည့်)၊ တိရစ္ဆာန်အစာ၊ ဆေးဝါးနှင့် အသုံးအဆောင် များ တင်သွင်းသူနှင့်တိရစ္ဆာန်များ (တိရစ္ဆာန်အရှင်များ အပါအဝင်)၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့်

တိရစ္ဆာန်အစာတို့ကိုတင်ပို့သူများသည် တင်သွင်းခြင်းနှင့် တင်ပို့ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အထက်ဖော်ပြပါစစ်ဆေးမှုများကို ခံယူရမည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသော ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇ အရ တိရစ္ဆာန်ထွက်ပစ္စည်းများထုတ်လုပ်ခြင်း၊ မွေးမြူခြင်းနှင့် ယင်းနှင့် ဆက်စပ်လုပ်ငန်းများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၇ ပုဒ်မ ၇၅ (ဂ) အရ ကော်မရှင်ထံတွင် လျှောက်ထား၍ ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ရရှိခံစား နိုင်သည်။

၇။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သတ်မှတ်ခြင်းအရ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်ခွင့်မရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်တွင်းသို့တင်သွင်းရန်အလို့ငှာ တိရစ္ဆာန်ထိန်းသိမ်းစစ်ဆေးရေး စခန်း တည်ထောင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်ထိန်းသိမ်းရေးဝန်ဆောင်မှုလုပ်ငန်းတို့ဖြစ်သည်။ တိရစ္ဆာန်ဆေးကုခန်းလုပ်ငန်း သည် ပြည်တွင်းရှိနိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦးဦး (သို့မဟုတ်) နိုင်ငံသားပိုင်လုပ်ငန်းတစ်ခုခုနှင့် ပူးပေါင်း၍ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ် သည်။ အောက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည်–

(က) တိရစ္ဆာန်ရောဂါကာကွယ်ဆေးထုတ်လုပ်ရောင်းချမှုလုပ်ငန်း

(ခ) တိရစ္ဆာန်သုံးဆေးဝါးထုတ်လုပ်ရောင်းချမှုလုပ်ငန်း

(ဂ) တိရစ္ဆာန်များစီးပွားဖြစ်မွေးမြူထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

(ဃ) မျိုးခြံနှင့်သားပေါက်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း (ကြက်/ဘဲ/ငုံး)

(င) မျိုးရိုးဗီဇဆိုင်ရာသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ မျိုးထိန်းသိမ်းခြင်းနှင့် မျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

(စ) မျိုးတိရစ္ဆာန်များအားပြည်ပမှ တင်သွင်း၍မွေးမြူ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း (မျိုးတိရစ္ဆာန်၊မျိုးရည်ခဲချောင်းနှင့်သန္ဓေသား)

(ဆ) တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ထွက်ပစ္စည်းဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဓာတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများ

(ဇ) တိရစ္ဆာန်ရောဂါဓာတ်ခွဲရှာဖွေစစ်ဆေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း

(ဈ) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ သုတေသနနှင့် ရောဂါစူးစမ်းလေ့လာမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ

(၁) မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(၁-၁) မျိုးခြံလုပ်ငန်း/ မွေးမြူရေးခြံလုပ်ငန်း မှတ်ပုံတင်လျှောက်ထားခြင်း

တင်ပြရန် လိုအပ်မည့် အထောက်အထားများ	ကုမ္ပဏီ၏ Letter Head ဖြင့် လျှောက်ထားလွှာ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည်လျှောက်ထားလွှာကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ တင်ပြပြီး၊ မွေးမြူရေးခြံနှင့် ဥခြံ မှတ်ပုံတင်ခြင်းအတွက် စစ်ဆေးခြင်းကိုဆောင်ရွက်နိုင်ရန် အကြောင်းကြားထားရမည်။ (ခ) မြို့နယ်ဦးစီးမှူးသည် မျိုးခြံလုပ်ငန်း/ မွေးမြူရေးခြံလုပ်ငန်း စစ်ဆေးခြင်းပုံစံ (AHD/PC (5)) အရ မျိုးခြံလုပ်ငန်း/ မွေးမြူရေးခြံလုပ်ငန်း စစ်ဆေးမှုကို ဆောင်ရွက်ပြီး၊ ဥဖောက်လုပ်ငန်းစစ်ဆေးခြင်း ပုံစံ(AHD/PC(6)) အရ ဥခြံကို စစ်ဆေးပြီး၊ စစ်ဆေးပြီးနောက်သဘောထား မှတ်ချက် တစ်စုံတစ်ရာ မရှိလျှင် လျှောက်ထားသူသည် မျိုးခြံလုပ်ငန်း/ ဥဖောက်လုပ်ငန်း/ မွေးမြူရေးခြံလုပ်ငန်း မှတ်ပုံတင်လက်မှတ် (AHD/PC (7))ကို သက်ဆိုင်ရာ မှတ်ပုံတင်ကြေးများကို ပေးဆောင်အပြီးတွင် လက်ခံရရှိမည်။
ဝန်ဆောင်ခ	ကောက်ခံသည့် နှုန်းထားများသည် စစ်ဆေးမည့်ခြံ၏ တိရစ္ဆာန် အရေအတွက်ပေါ်တွင် မူတည်သည်။
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၇ ရက် (ယေဘုယျအားဖြင့်)
လျှောက်ထားရမည့် နေရာ	မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့်	ခရိုင်ဦးစီးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ရာထူး/အဆင့်	
မှတ်ချက်	ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို လက်ခံရရှိပြီးနောက် လျှောက်ထားသူအနေဖြင့် ခြံတည်ဆောက်ခြင်းလုပ်ငန်းကို စတင်လုပ်ဆောင်နိုင်သည်။
သက်တမ်း	ခြံမှတ်ပုံတင်သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ ၁ နှစ်အတွင်းဖြစ်သည်။

(၁-၂) တိရစ္ဆာန်အစာထုတ်စက်ရုံ မှတ်ပုံတင်လျှောက်ထားခြင်း

တင်ပြရန် လိုအပ်မည့် အထောက်အထားများ	ကုမ္ပဏီ၏ Letter Head ဖြင့် လျှောက်ထားလွှာ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် တိရစ္ဆာန်အစာထုတ်စက်ရုံ မှတ်ပုံတင်လျှောက်ထားခြင်းအတွက် လျှောက်ထားလွှာကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ တင်ပြပြီး၊ တိရစ္ဆာန်အစာထုတ်စက်ရုံ စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်ရန်အကြောင်းကြားရမည်။ (ခ) ဌာနမှဖွဲ့စည်းပေးသော စစ်ဆေးရေးအဖွဲ့သည် တိရစ္ဆာန်အစာစက်ရုံ၊ အစာစပ်စက်ရုံနှင့် ဆေးဝါးစက်ရုံများ၊ သားသတ်စက်ရုံစစ်ဆေးခြင်း ပုံစံအရ တိရစ္ဆာန် အစာထုတ် စက်ရုံ စစ်ဆေးမှုကို ဆောင်ရွက်ပြီး၊ စစ်ဆေးပြီးနောက် သဘောထားမှတ်ချက် တစ်စုံတစ်ရာ မရှိလျှင် လျှောက်ထား သူသည် တိရစ္ဆာန်အစာထုတ်လုပ်သူ မှတ်ပုံတင်လက်မှတ်ကို သက်ဆိုင်ရာမှတ်ပုံတင်ကြေးများကို ပေးဆောင်အပြီးတွင် လက်ခံရရှိမည်။
ဝန်ဆောင်ခ	-
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၁၂ ရက် (ယေဘုယျအားဖြင့်)
လျှောက်ထားရမည့်	မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

နေရာ	
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်
မှတ်ချက်	လျှောက်ထားသူသည် လျှောက်ထားလွှာကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှတစ်ဆင့် နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်မှ တိရစ္ဆာန်အစာထုတ်လုပ်သူ မှတ်ပုံတင်လက်မှတ်ကို ထုတ် ပေးမည်ဖြစ်သည်။ တိရစ္ဆာန်အစာထုတ်လုပ်သူ မှတ်ပုံတင်လက်မှတ်ကို ထုတ်မပေးမီ ထုတ်လုပ်သည့်လုပ်ငန်းသည် ကောင်းမွန်သော ထုတ်လုပ်မှု နည်းစဉ် (GMP) ကို လိုက်နာဆောင်ရွက်ခြင်းရှိမရှိကို စစ်ဆေးနိုင် ရန်အတွက် လက်တွေ့ကွင်းဆင်းစစ်ဆေးမှုကို ဆောင်ရွက်ရမည်။
သက်တမ်း	ထုတ်ပေးသည့်နေ့မှစ၍ (၁) နှစ်အတွင်း ဖြစ်သည်။

(၂) ပြည်ပမှတင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(၂-၁) တိရစ္ဆာန်အရှင်များတင်သွင်းခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) သဘောထားမှတ်ချက်တောင်းခံခြင်းလျှောက်လွှာ (ခ) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦး လက်မှတ်ထိုးထားသော လျှောက်လွှာနှင့် ကတိဝန်ခံချက် (ဂ) တင်ပို့လာသည့်နိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းမှ ထုတ်ပေးသည့် ကျန်းမာရေး ထောက်ခံစာ (မိတ္တူ)၊ ကြက်နှင့် ကြက်သားပေါက်တို့တွင် ကြက်ငှက် တုပ်ကွေးရောဂါကင်းရှင်းကြောင်း၊ ဝက်နှင့် ဝက်သားပေါက်တို့တွင် Foot and Mouth Disease (FMD), African Swine Fever (ASF) နှင့် PRRS ရောဂါ ကင်းစင်ကြောင်းကို တင်ပို့လာသည့် နိုင်ငံမှ ဖော်ပြထား

	ရမည်။ (ဃ) မွေးမြူရေးခြံမှတ်ပုံတင်(မိတ္တူ) (င) ကုန်ပစ္စည်းအမှာလွှာ (စ) အရောင်းအဝယ်သဘောတူစာချုပ် (ဆ) ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ) (ဇ) ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော ထုတ်ကုန် သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ်(မိတ္တူ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် သို့မဟုတ် တင်သွင်းသူသည် တိရစ္ဆာန်အရှင်များ မြန်မာနိုင်ငံသို့ တင်သွင်းခြင်းအတွက် ထောက်ခံချက်ထုတ်ပေးနိုင်ရန်အတွက် တင်ပြရန် လိုအပ်သော အထောက်အထားများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် တင်ပြလာသော အထောက်အထားများကို စိစစ်ပြီး ပြည့်စုံခဲ့လျှင် ကုန်သွယ်ရေးဦးစီးဌာနမှ တင်သွင်းလိုင်စင် ထုတ်ပေးနိုင်ရန်အတွက် ထောက်ခံချက်ထုတ်ပေးမည်။ (ဂ) ထောက်ခံချက်ကို လက်ခံရရှိပြီးနောက် လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် ကုန်သွယ်ရေးဦးစီးဌာနမှ တင်သွင်းလိုင်စင်ကို လျှောက်ထားနိုင်သည်။ (ဃ) MACCS စနစ်ကို အသုံးပြု၍ လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် သွင်းကုန်ကြေညာလွှာကို အကောက်ခွန်ဦးစီးဌာနသို့ တင်ပြသောအခါ တင်သွင်းလာသော ကုန်ပစ္စည်းများကို ခွဲခြားစစ်ဆေးနိုင်ရန်အတွက် လိုအပ်သော အချက်အလက်များကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ပေးပို့ရမည်။

	(င) တင်သွင်းလာသော တိရစ္ဆာန်အရှင်များ ဆိပ်ကမ်း၊ လေဆိပ်နှင့် နယ်စပ်ဂိတ်များသို့ ရောက်ရှိသောအခါ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စစ်ဆေးရေးအရာရှိများသည် တိရစ္ဆာန်များ၏ ကျန်းမာရေးကို မျက်မြင်စစ်ဆေးပြီး ကျန်းမာရေးထောက်ခံချက် လက်မှတ်နှင့် နမူနာများကို ဓာတ်ခွဲစစ်ဆေးရန် ယူဆောင်မည်။ (စ) MACCS စနစ်မှတဆင့် ဓာတ်ခွဲစစ်ဆေးသည့် ရလာဒ်များကို အကြောင်းပြန်မည်။ (ဆ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးသည့် ရလာဒ်များကို လက်ခံရရှိပြီးနောက် လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် တင်သွင်းလာသော တိရစ္ဆာန်အရှင်များအတွက် အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်သည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ (၁) တွင်ကြည့်ပါ။
ကြာမြင့်ချိန်	နောက်ဆက်တွဲ (၁) တွင်ကြည့်ပါ။
လျှောက်ထားရမည့်နေရာ	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
မှတ်ချက်	• မြန်မာနိုင်ငံသို့ တိရစ္ဆာန်အရှင်များ တင်သွင်းရန် လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် တင်သွင်းခွင့် ထောက်ခံချက်ကို မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနတွင် လျှောက်ထားရမည်။ • **တင်သွင်းသူသည် စစ်ဆေးခများအပြင် ထိန်းသိမ်း ထားရန် လိုအပ်ပါက** တင်သွင်းလာသော တိရစ္ဆာန်အရှင်များ ထိန်းသိမ်းခကိုပါ ပေးရမည်။ • တင်သွင်းလာသော ကုန်ပစ္စည်းများ ရောက်ရှိလာသည့်အခါ

	အောက်ဖော်ပြပါ စာရွက်စာတမ်းများကို စစ်ဆေးရန် လိုအပ်မည်ဖြစ်ပါသည်– • မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပေးသော ထောက်ခံချက် • ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော တင်သွင်း လိုင်စင် • တင်ပို့လာသည့်နိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းမှ ထုတ်ပေးသည့် ကျန်းမာရေး ထောက်ခံစာ (မူရင်း) • ထုတ်ပိုးပစ္စည်းစာရင်း (Packing List) • BL/Airway Bill • နယ်စပ်ကုန်သွယ်မှုအတွက် Animal Health Recommendation Certificate (AHD/PC(3))

(၂-၂) အေးခဲအသားများတင်သွင်းခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (ခ) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦး လက်မှတ်ထိုးထားသော လျှောက်လွှာနှင့် ကတိဝန်ခံချက် (ဂ) တင်ပို့လာသည့်နိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းမှ ထုတ်ပေးသည့် ကျန်းမာရေး ထောက်ခံစာ (မိတ္တူ)၊ ကြက်သား၊ ဘဲသားနှင့် ကြက်ဆင်သားတို့တွင် ကြက်ငှက် တုပ်ကွေးရောဂါ ကင်းစင်ကြောင်းကို တင်ပို့လာသည့် နိုင်ငံမှ ဖော်ပြထားရမည်။ ဝက်နှင့်ဝက်သားတို့တွင် Foot and Mouth Disease (FMDF), African Swine Fever (ASF)နှင့် PRRS ရောဂါကင်းစင်ကြောင်းကို တင်ပို့လာသည့် နိုင်ငံမှ ဖော်ပြထားရမည်။ (ဃ) အသားထုတ်သည့် စက်ရုံ၏ HACCPနှင့် GMP လက်မှတ် (င) ကုန်ပစ္စည်းအမှာလွှာနှင့် Packing Lists

	(စ) အရောင်းအဝယ်သဘောတူစာချုပ် (ဆ) ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် (မိတ္တူ) (ဇ) ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော ထုတ်ကုန် သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ်(မိတ္တူ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် သို့မဟုတ် တင်သွင်းသူသည် အေးခဲ အသားများ မြန်မာနိုင်ငံသို့ တင်သွင်းခြင်းအတွက် ထောက်ခံချက် ထုတ်ပေးနိုင်ရန်အတွက် တင်ပြရန် လိုအပ်သော အထောက်အထားများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တင်ပြလာသော အထောက်အထားများကို စိစစ်ပြီး ပြည့်စုံခဲ့လျှင် ကုန်သွယ်ရေးဦးစီးဌာနမှ တင်သွင်းလိုင်စင် ထုတ်ပေးနိုင်ရန် အတွက် ထောက်ခံချက်ကို ထုတ်ပေးမည်။ (ဂ) ထောက်ခံချက်ကို လက်ခံရရှိပြီးနောက် လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် ကုန်သွယ်ရေးဦးစီးဌာနမှ တင်သွင်းလိုင်စင်ကို လျှောက်ထားနိုင်သည်။ (ဃ) MACCS စနစ်ကို အသုံးပြု၍ လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် သွင်းကုန်ကြေညာလွှာကို အကောက်ခွန် ဦးစီးဌာနသို့ တင်ပြသောအခါ တင်သွင်းလာသော ကုန်ပစ္စည်းများကို ခေတ်ခွဲစစ်ဆေးနိုင်ရန် အတွက် လိုအပ်သော အချက်အလက်များကို မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနသို့ ပေးပို့ရမည်။ (င) တင်သွင်းလာသော အေးခဲအသားများ ဆိပ်ကမ်း၊ လေဆိပ်နှင့် နယ်စပ်ဂိတ်များသို့ ရောက်ရှိသောအခါ မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာနမှ စစ်ဆေးရေးအရာရှိများသည် အေးခဲ အသားများ၏ အခြေအနေကို မျက်မြင်စစ်ဆေးပြီး

	ကျန်းမာရေးထောက်ခံချက် လက်မှတ်နှင့် နမူနာများကို ဓာတ်ခွဲစစ်ဆေးရန် ယူဆောင်မည်။ (စ) MACCS စနစ်မှတဆင့် ဓာတ်ခွဲစစ်ဆေးသည့် ရလာဒ်များကို အကြောင်းပြန်မည်။ (ဆ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးသည့် ရလာဒ်များကို လက်ခံရရှိပြီးနောက် လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် တင်သွင်းလာသော အေးခဲအသားများအတွက် အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်သည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ (၂) တွင်ကြည့်ပါ။
ကြာမြင့်ချိန်	အနည်းဆုံးအလုပ်လုပ်ရက် ၇ ရက်
လျှောက်ထားရမည့်နေရာ	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှ တာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ ညွှန်ကြားရေးမှူး
မှတ်ချက်	• OIE Website တွင် ကြေညာထားသော ကြက်ငှက်တုပ်ကွေး ရောဂါကင်းစင်သော နိုင်ငံများမှ တင်သွင်းခြင်းကိုသာ ခွင့်ပြုမည်။ • မြန်မာနိုင်ငံသို့ အေးခဲအသားများ တင်သွင်းသည့် အကြိမ်တိုင်းအတွက် လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် တင်သွင်းထောက်ခံချက်ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် လျှောက်ထားရမည်။ • တင်သွင်းလာသော ကုန်ပစ္စည်းများ ရောက်ရှိလာသည့်အခါ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို စစ်ဆေးရန်လိုအပ်မည် ဖြစ်ပါသည်– • မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပေးသော ထောက်ခံချက်

	• ကုန်သွယ်ရေးဦးစီးဌာနမှထုတ်ပေးသော တင်သွင်းလိုင်စင် • တင်ပို့လာသည့်နိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ တာဝန်ရှိ အဖွဲ့အစည်းမှ ထုတ်ပေးသည့် ကျန်းမာရေး ထောက်ခံစာ (မူရင်း) • ထုတ်ပိုးပစ္စည်းစာရင်း (Packing List)နှင့် Invoice • BL/Airway Bill • နယ်စပ်ကုန်သွယ်မှုအတွက် Animal Health Recommendation Certificate (AHD/PC(3))

(၂-၃) ဘဲမွေး၊ ငန်းမွေး၊ ကြက်ဆင်မွေး၊ ယုန်မွေးနှင့် တောကြောင်မွေး တင်သွင်းခြင်း

တင်ပြရန် လိုအပ်မည့် အထောက်အထားများ	(က) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (ခ) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦး လက်မှတ်ထိုးထားသော လျှောက်လွှာနှင့် ကတိဝန်ခံချက် (ဂ) တင်ပို့လာသည့်နိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ တာဝန်ရှိ အဖွဲ့အစည်းမှ ထုတ်ပေးသည့် ကျန်းမာရေး ထောက်ခံစာ (မူရင်း) နှင့် ပင်ရင်းဒေသထောက်ခံချက်လက်မှတ် (မူရင်း) (ဃ) ဘဲမွေး၊ ငန်းမွေး၊ ကြက်ဆင်မွေး၊ ယုန်မွေးနှင့် တောကြောင်မွေးတို့၏ မွေးကုဦးစီးဌာနမှ ထုတ်ပေးသော ဓာတ်ခွဲခန်းစမ်းသပ်ချက် (င) ကုန်ပစ္စည်းအမှာလွှာ (စ) ထုတ်ပိုးစာရင်း (Packing List) (ဆ) အရောင်းအဝယ်သဘောတူစာချုပ် (ဇ) ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော တင်သွင်း လိုင်စင် (မိတ္တူ) (ဈ) ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော ထုတ်ကုန် သွင်းကုန်

	လုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ် (မိတ္တူ) (ည) ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မိတ္တူ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် သို့မဟုတ် တင်သွင်းသူသည် ဘဲမွေး၊ ငန်းမွေး၊ ကြက်ဆင်မွေး၊ ယုန်မွေးနှင့် တောကြောင် မွေး တင်သွင်းခြင်းအတွက် ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော တင်သွင်းလိုင်စင်ကို ရရှိပြီးဖြစ်ရမည်။ (ခ) မြန်မာနိုင်ငံအတွင်းသို့ ဘဲမွေး၊ ငန်းမွေး၊ ကြက်ဆင်မွေး၊ ယုန်မွေးနှင့် တောကြောင်မွေး တင်သွင်းခြင်းအတွက် ကျန်းမာရေးထောက်ခံချက် လက်မှတ်ထုတ်ပေးနိုင်ရန် MACCS စနစ်ကို အသုံးပြု၍ လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ဂ) လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် ဘဲမွေး၊ ငန်းမွေး၊ ကြက်ဆင်မွေး၊ ယုန်မွေးနှင့် တောကြောင် မွေးတို့၏ နမူနာများကို ဓာတ်ခွဲစစ်ဆေးနိုင်ရန်အတွက် တင်ပြရမည်။ (နမူနာပစ္စည်းများသည် DHL ကဲ့သို့သော နိုင်ငံတကာပို့ဆောင် ဆက်သွယ်ရေးမှတစ်ဆင့် ပေးပို့သော ပစ္စည်းများဖြစ်ရမည်။) (ဃ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် တင်ပြလာသော အထောက်အထားများနှင့် နမူနာများကို စစ်ဆေးမည်။ (င) တင်ပြလာသော အထောက်အထားများ ပြည့်စုံပြီး စစ်ဆေးထားသော နမူနာများတွင် မည်သည့်ကူးစက်ရောဂါ မှမရှိလျှင် MACCS စနစ်မှတစ်ဆင့် လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် ကျန်းမာရေးထောက်ခံချက် လက်မှတ်ကို လက်ခံရရှိမည်။

ဝန်ဆောင်ခ	– မက်ထရစ်တန် ၁ တန်လျှင် ၁၅,၀၀၀ ကျပ် – ၁ ကီလိုဂရမ်လျှင် ၁၅ ကျပ်
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၇ ရက်
လျှောက်ထားရမည့်နေရာ	MACCS စနစ်ကို အသုံးပြု၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ တင်ပြရန်
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ ညွှန်ကြားရေးမှူး

(၂-၄) တိရစ္ဆာန်အစာ၊ ဆေးဝါးနှင့် မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခြင်း

တင်ပြရန်လိုအပ်မည့်အထောက်အထားများ	(က) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (ခ) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦး လက်မှတ်ထိုးထားသော လျှောက်လွှာ (ဂ) ကုန်ပစ္စည်းအမှာလွှာ (ဃ) အရောင်းအဝယ်သဘောတူစာချုပ် (င) ဆန်းစစ်လေ့လာခြင်းလက်မှတ်နှင့် ထောက်ခံချက်လက်မှတ် (စ) ထုတ်လုပ်သည့်စက်ရုံ၏ HACCP နှင့် GMP လက်မှတ် (ဆ) လွတ်လပ်စွာ ရောင်းချခွင့် (သို့မဟုတ်) ထုတ်ကုန် လိုင်စင် (ဇ) တင်ပို့လာသည့်နိုင်ငံ၏ တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းမှ ထုတ်ပေးသည့် အသားနှင့် အရိုးအသား၊ သွေးခဲ၊ ခြင်ဆီနှင့်အမွေးအတွက် ကျန်းမာရေး ထောက်ခံစာ (မိတ္တူ) နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဘက်တီးရီးယားဌာနစိတ်၏ ဓာတ်ခွဲခန်းစစ်ဆေးမှုရလဒ် (မိတ္တူ) (ဈ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်အစာနှင့် ဆေးဝါး သုတေသနဌာနစိတ်၏ ဓာတ်ခွဲခန်း စစ်ဆေးမှု ရလဒ် (မိတ္တူ)

	(ည) ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် (မိတ္တူ) (ဋ) ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော ထုတ်ကုန် သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (မိတ္တူ) (ဌ) မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများအတွက် ဓာတ်ပုံ များနှင့် Catalogue များ ပူးတွဲတင်ပြရန်
လုပ်ငန်းစဉ်အဆင့်	(က) ပထမဆုံးအနေဖြင့် တိရစ္ဆာန်အစာနှင့် ဆေးဝါးသုတေသန ဌာနစိတ်၏ ဓာတ်ခွဲခန်း စစ်ဆေးမှုရလာဒ်အတွက် လျှောက်ထား သူ သို့မဟုတ် တင်သွင်းသူသည် တိရစ္ဆာန်အစာနှင့် ဆေးဝါးနမူနာများကို တင်ပြရမည်။ (ခ) ဓာတ်ခွဲခန်းစစ်ဆေးမှုရလာဒ်ကို လက်ခံရရှိပြီးနောက် လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် တင်ပြရန် လိုအပ်သော အထောက်အထားများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ တင်သွင်းခွင့်ထောက်ခံချက် ထုတ်ပေး နိုင်ရန်အတွက် တင်ပြလျှောက်ထားရမည်။ (ဂ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ကုန်သွယ်ရေးဦးစီးဌာနတွင် တင်သွင်းလိုင်စင်လျှောက်ထား နိုင်ရန်အတွက် တင်သွင်းခွင့်ထောက်ခံချက်ကို ထုတ်ပေးမည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ (၃) တွင် ကြည့်ပါ။
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၇ ရက်
လျှောက်ထားရမည့် နေရာ	မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ ညွှန်ကြားရေးမှူး

မှတ်ချက်	တင်သွင်းလာသော ကုန်ပစ္စည်းများ ရောက်ရှိလာသည့်အခါ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို စစ်ဆေးရန် လိုအပ်ပါသည်– – မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးသော ထောက်ခံချက် – ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော တင်သွင်းလိုင်စင် – တင်ပို့လာသည့် နိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းမှ ထုတ်ပေးသည့် ကျန်းမာရေး ထောက်ခံစာ(မူရင်း) – ထုပ်ပိုးပစ္စည်းစာရင်း (Packing List) – BL/ Airway Bill – နယ်စပ်ကုန်သွယ်မှုအတွက် Animal Health Recommendation Certificate (AHD/PC (3))

(၃) ပြည်ပသို့တင်ပို့ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

(၃-၁) တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် တိရစ္ဆာန်အစာများတင်ပို့ခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦး လက်မှတ်ထိုးထားသော လျှောက်လွှာ (ခ) ပြည်ပသို့ တင်ပို့မည့် ပစ္စည်းများအား စစ်ဆေးပေးပါရန် လျှောက်လွှာ (ဂ) မွေးမြူရေးခြံမှတ်ပုံတင် (မိတ္တူ) (ဃ) ကုန်ပစ္စည်းအမှာလွှာ (င) အရောင်းအဝယ်သဘောတူစာချုပ် (စ) ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မိတ္တူ) (ဆ) ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော ပို့ကုန်သွင်းကုန်

	လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်(မိတ္တူ) (ဇ) သားသတ်ရုံ၊ သားသတ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် အထောက်အထား သို့မဟုတ် ဝယ်ယူခဲ့ခြင်းဖြစ်ပါက ရောင်းချသူ၏ သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် အထောက်အထားမိတ္တူ၊ ထုတ်လုပ်သည့် စက်ရုံ၏ ထုတ်လုပ်မှု ကောင်းမွန်ကြောင်း ထောက်ခံချက် HACCP or GMP Certificate နှင့် အမှန်တကယ် ဝယ်ယူခဲ့ကြောင်း အထောက်အထား (စာချုပ်စာတမ်း) (ဈ) ပြည်ပသို့ တင်ပို့ရာတွင် ဖြစ်ပေါ်လာသော ကိစ္စအဝဝနှင့် စပ်လျဉ်း၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိကုမ္ပဏီမှ တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း ကတိဝန်ခံချက် (ည) ဝယ်ယူစုဆောင်းသည့် နေရာနှင့် သိုလှောင်ထားရှိသည့်နေရာ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူ သို့မဟုတ် တင်ပို့သူသည် တိရစ္ဆာန်၊ တိရစ္ဆာန် ထွက်ပစ္စည်းများနှင့် တိရစ္ဆာန်အစာများ တင်ပို့ခြင်းအတွက် လိုအပ်သော အထောက်အထားများနှင့် နမူနာများ (တင်ပို့မည့်) ကို မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တင်ပြလာသော အထောက်အထားများကို စစ်ဆေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း (ဂ) တင်ပို့မည့် တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် တိရစ္ဆာန်အစာများ၏ နမူနာများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးရမည်။ (ဃ) တင်ပြလာသော အထောက်အထားများနှင့် နမူနာများ ပြည့်စုံခဲ့လျှင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ကုန်သွယ်ရေးဦးစီးဌာနတွင် တင်ပို့လိုင်စင် လျှောက်ထားနိုင်ရန်အတွက် ထောက်ခံချက်လက်မှတ်ကို ထုတ်ပေးပြီး၊

	တင်ပို့ခြင်းအတွက် လိုအပ်သော ကျန်းမာရေးထောက်ခံချက်လက်မှတ်ကိုလည်း ထုတ်ပေးသည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ (၄) တွင် ကြည့်ပါ။
ကြာမြင့်ချိန်	နောက်ဆက်တွဲ (၄) တွင် ကြည့်ပါ။
လျှောက်ထားရမည့်နေရာ	မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
မှတ်ချက်	ထောက်ခံချက် လက်မှတ်၏ သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ ၃ လအတွင်းဖြစ်သည်။

(၃-၂) တိရစ္ဆာန်အရှင်များကို မြန်မာနိုင်ငံမှ အခြားနိုင်ငံများသို့ တင်ပို့ခြင်း

တင်ပြရန်လိုအပ်မည့်အထောက်အထားများ	(က) ကုမ္ပဏီ၏ letter head ဖြင့် တင်ပို့မည့်နိုင်ငံ ဖော်ပြ၍ ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ လျှောက်လွှာ (ခ) ပြည်ပသို့တင်ပို့မည့် ပစ္စည်းများအား စိစစ်ပေးပါရန် လျှောက်လွှာ (ဂ) ကုန်ပစ္စည်းအမှာလွှာ (ဃ) အရောင်းအဝယ်သဘောတူစာချုပ် (င) ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ် မိတ္တူ (စ) ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်(မိတ္တူ) (ဆ) မွေးမြူရေးခြံမှတ်ပုံတင် (ADG/PC-7)/ ယာယီစုဆောင်းရပ်အတည်ပြုလက်မှတ် (မိတ္တူ)

	(ဇ) ပြည်ပသို့ ကျွဲနွားတင်ပို့ခြင်းဖြစ်ပါက ကျွဲနွားမွေးမည့် စီမံချက် (မိတ္တူ) (ဈ) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းတွင် ထားရှိ၍ ကျန်းမာရေးစစ်ဆေးမှုခံယူမည်ဖြစ်ကြောင်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တည်ဆဲဥပဒေများကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူ သို့မဟုတ် တင်ပို့သူသည် တိရစ္ဆာန်အရှင်များ တင်ပို့ခြင်းအတွက် ထောက်ခံချက်ကို ရရှိနိုင်ရန် တင်ပြရန် လိုအပ်သော အထောက်အထားများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် လျှောက်ထားနိုင်သည်။ (ခ) တင်ပို့မည့် တိရစ္ဆာန်များကို စစ်ဆေးရန် လိုအပ်သောကြောင့် လျှောက်ထားသူသည် တင်ပို့မည့် တိရစ္ဆာန်များကို ယာယီစုဆောင်းရပ်သို့ သယ်ဆောင်ပြီး စစ်ဆေးခံပြီးနောက် အတည်ပြုအမှတ်အသား (Micro Chip/Ear-Tag) များ ထည့်သွင်းမှုကို ခံယူရမည်။ (ဂ) တင်ပြလာသော အထောက်အထားများနှင့် နမူနာများ ပြည့်စုံခဲ့လျှင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် တိရစ္ဆာန် ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်းတွင် ယာယီ စုဆောင်းရပ်မှ (Micro Chip/ Ear-Tag) ထည့်သွင်းတပ်ဆင်၍ မှတ်ပုံတင်ထားပြီးသောကျွဲနွားများ ဟုတ် မဟုတ်ကို စစ်ဆေးပြီး တိရစ္ဆာန်ရောဂါကင်းရှင်းသော ကျွဲနွားများအတွက် Animal Quarantine Certificate ကို ထုတ်ပေး၍ ပြည်ပသို့ တင်ပို့ခွင့်ပြုသွားပါမည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ (၅) တွင် ကြည့်ပါ။
ကြာမြင့်ချိန်	အလုပ်လုပ်ရက် (၁၄-၁၆) ရက်
လျှောက်ထားရမည့်	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

နေရာ	
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ ညွှန်ကြားရေးမှူး
မှတ်ချက်	- လျှောက်လွှာကြေးအပြင် တင်ပို့သူမှ တင်ပို့မည့် တိရစ္ဆာန်များ အတွက် ထိန်းသိမ်းသည့် အဖိုးအခကိုလည်း ပေးသွင်းရမည်။ - တင်ပို့ခွင့်ရရှိသည့် တိရစ္ဆာန်အမျိုးအစားများနှင့် နွား၊ ကျွဲ၊ သိုးနှင့် ဆိတ်၊ မြင်း၊ ဝက်၊ ကြက်၊ ခွေး၊ ကြောင်နှင့် တိရစ္ဆာန်ရုံ တိရစ္ဆာန်များ ပါဝင်သည်။ - တင်ပို့သူသည် တိရစ္ဆာန်အရှင်များ တင်ပို့ခြင်းအတွက် ထောက်ခံချက်ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် လျှောက်ထားနိုင်သည်။ - တိရစ္ဆာန်အရှင်များတင်ပို့ခြင်းအတွက် ၂၁ ရက်တိုင် အစိုးရ အသိအမှတ်ပြု ထိန်းသိမ်းရေးစခန်းတွင် ထိန်းသိမ်းထားရမည် ဖြစ်ပြီး ယင်းတိရစ္ဆာန်များ၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးပြီး ကျန်းမာရေး တာဝန်ခံမှ လိုအပ်သော လုပ်ဆောင်မှု များကို ပြုလုပ်ရမည်။ - တင်ပို့မည့် တိရစ္ဆာန်များ ကာကွယ်ဆေးထိုးပြီး ကြောင်းနှင့် ကျန်းမာရေးလက်မှတ် ထုတ်ပေးပြီးဖြစ်ကြောင်း သိရှိနိုင်စေရန် တိရစ္ဆာန်များတွင် နားကပ်အမှတ်အသား တပ်ဆင်ထားမည်။

ပုံစံများ

(၁) မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်သက်ဆိုင်သည့်ပုံစံများ		
စဉ်	ပုံစံအမှတ်	အမည်
၁	ပုံစံ	မျိုးခြံလုပ်ငန်း/မွေးမြူရေးခြံလုပ်ငန်းစစ်ဆေးခြင်းပုံစံ (AHD/PC (5))
၂	ပုံစံ	ဥဖောက်လုပ်ငန်းစစ်ဆေးခြင်းပုံစံ (AHD/PC (6))
၃	ပုံစံ	မျိုးခြံလုပ်ငန်း/ဥဖောက်လုပ်ငန်း/မွေးမြူရေးခြံလုပ်ငန်းမှတ်ပုံတင်လက်မှတ် (AHD/PC (7))
၄	ပုံစံ	တိရစ္ဆာန်အစာစက်ရုံ၊အစာစပ်စက်ရုံနှင့်ဆေးဝါးစက်ရုံများ၊ သားသတ်စက်ရုံစစ်ဆေးခြင်းပုံစံ
၅	ပုံစံ	တိရစ္ဆာန်အစာထုတ်လုပ်သူမှတ်ပုံတင်လက်မှတ်
(၂) ပြည်ပမှတင်သွင်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်သက်ဆိုင်သည့်ပုံစံများ		
၆	ပုံစံ	ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ
၇	ပုံစံ	ကျန်းမာရေးထောက်ခံချက်လက်မှတ်နမူနာ
(၃) ပြည်ပသို့တင်ပို့ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်သက်ဆိုင်သည့်ပုံစံများ		
၈	ပုံစံ	ပြည်ပသို့တင်ပို့မည့်ပစ္စည်းများအားစစ်ဆေးပေးပါရန်လျှောက်လွှာ
၉	ပုံစံ	Animal Quarantine Certificate နမူနာပုံစံ

နောက်ဆက်တွဲ (၁) – တိရစ္ဆာန်အရှင်များတင်သွင်းခြင်းအတွက်လျှောက်လွှာကြေးများနှင့် ကြာချိန်

Types of importation of Live Animal		Application Fee		Time Frame
1	For importation of dog and cat	10,000 MMK per head		1 Working Day
2	For importation of chicken/ duck	Chicken	50 MMK per Head	7 days
		Chick and Duckling	4 MMK per Head	
		Fecund Egg	2 MMK per Head	
3	For Importation of buffalo, cow , sheep, goat, horse and pig for commercial and breeding purpose	Buffalo, cow, horse	10,000 MMK per Head	7 days
		Sheep, goat, pig	2,000 MMK per Head	
		Water bug & Others	100 MMK per Head	
		Rabbit and Guinea Pig	1,000 MMK per Head	

နောက်ဆက်တွဲ (၂) – အေးခဲအသားများတင်သွင်းခြင်းအတွက်လျှောက်လွှာကြေးများ

Sr	Types of importation of Frozen Meat	Fee per Metric Ton (MT)
1	Frozen fresh meat	1,500 MMK
2	Frozen dried meat	4,000 MMK
3	Frozen fish/ Shrimp	1,000 MMK
4	Gall or bile	1,500 MMK
5	Buffalo or cow’s horns	1,000 MMK
6	Frozen bone	750 MMK

7	Buffalo or Cow's skin	15 MMK per one piece
8	Sheep or goat's skin	**5 MMK per one piece**
9	Windpipe, Stomach, intestine, heart, chicken's leg	1,000 MMK
10	Lard or tallow	500 MMK
11	Honey	2,500 MMK
12	Bird's Nest	3,000 MMK

နောက်ဆက်တွဲ (၃) တိရစ္ဆာန်အစာများ၊ ဆေးဝါးနှင့် မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခြင်းအတွက် လျှောက်လွှာကြေးများ

Sr.	**Types of importation of animal feed, veterinary drug and equipment**	**Fee**
1	For test kit (which is used for farm) and other farm equipment (for semen straw)	0.1% of the value 2% of the value
2	For animal feed	650 MMK per Metric Ton (MT)
3	For ground nut cake or sesame cake	200 MMK per Metric Ton (MT)
4	For fish powder or shrimp bran	1000 MMK per Metric Ton (MT)

နောက်ဆက်တွဲ (၄) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် တိရစ္ဆာန်အစာတင်ပို့ခြင်းအတွက် လျှောက်လွှာကြေးများနှင့် ကြာချိန်

Types of exportation of animals, animal products and animal fee		**Application Fee**	**Time Frame**
1	Exportation of clothes made with duck or chicken feathers	15,000 MMK per Metric Ton (MT) (15 MMK per Kg)	16 days

Types of exportation of animals, animal products and animal fee		Application Fee		Time Frame
2	Exportation of frozen meat and dried meat	Frozen Meat	1,500 MMK per Metric Ton (MT)	16 days
		Dried Meat	4,000 MMK per Metric Ton (MT)	
3	Exportation of animal skin, frozen bone, shell and animal products (including dried fish powder, shrimp powder, dried corn, green gram shell powder, green mung shell powder)	Animal feed	650 MMK per Metric Ton (MT)	16 days
		Ground nut cake, Sesame cake	200 MMK per Metric Ton (MT)	
		Dried fish powder, shrimp powder	1000 MMK per Metric Ton (MT)	
		Frozen bone	750 MMK per Metric Ton (MT)	
		Sheep/Goat skin	**5 MMK per one piece**	

နောက်ဆက်တွဲ (၅) တိရစ္ဆာန်အရှင်များ မြန်မာနိုင်ငံမှ အခြားနိုင်ငံများသို့ တင်ပို့ခြင်းအတွက် လျှောက်လွှာကြေးများ

Sr. No.	Types of exportation of live animals	Application Fee	
1	For exportation of dog & cat	10000 MMK per Head	
2	For exportation of buffalo, cow, sheep & goat	**For buffalo, cow (Health check-up)**	**10000 MMK per Head**
		For goat (Health check-up)	2000 MMK per Head

(၇) စိုက်ပျိုးရေးဦးစီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်/ အတည်ပြုမိန့်ရရှိပြီးဖြစ်သော ရင်းနှီးမြှုပ်နှံသူသည် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့်သက်ဆိုင်သော လိုင်စင်များ၊ မှတ်ပုံတင်ခြင်းများနှင့် ထောက်ခံစာများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနတွင် လျှောက်ထားနိုင်သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများဆောင်ရွက်သည့်အဖွဲ့ (One Stop Servie – OSS) တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးကို တာဝန်ချထားသည်။ စိုက်ပျိုးရေး ဦးစီးဌာန (OSS) မှ စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့်သက်ဆိုင်သော လိုင်စင်များ၊ မှတ်ပုံတင်ခြင်းများနှင့် ထောက်ခံစာများလျှောက်ထားရာတွင် လိုအပ်သောအချက်အလက်များကို ပံ့ပိုးပေးလျက်ရှိသည်။

၂။ လိုင်စင်များနှင့်မှတ်ပုံတင်ခြင်းများ ဆောင်ရွက်ရာတွင် ဓာတ်ခွဲခန်းစမ်းသပ်မှုရလဒ်များ လိုအပ်သောကြောင့် ယခုလက်ရှိတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် စိုက်ပျိုးရေးဦးစီးဌာန (OSS) မှ လိုင်စင်နှင့် မှတ်ပုံတင်ခြင်းများအတွက် ဝန်ဆောင်မှုမပေးနိုင်ပါ။ (ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးရည်တို့၏ အရည်အသွေးကို စစ်ဆေးရန်) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်/ အတည်ပြုမိန့် မရရှိမီနှင့် ရရှိပြီးနောက် ရင်းနှီးမြှုပ်နှံသူအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန (OSS) မှ ကိုယ်စားလှယ်နှင့် တိုင်ပင်ဆွေးနွေးနိုင်သည်။

၃။ **ဓာတ်မြေဩဇာလုပ်ငန်း**နှင့်ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူအနေဖြင့် အောက်ဖော်ပြပါလိုင်စင်များနှင့် မှတ်ပုံတင်ခြင်းတို့ကို စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲနှင့် ဆက်သွယ်ဆောင်ရွက်လျှောက်ထားနိုင်သည်–

(က) ဓာတ်မြေဩဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လျှောက်ထားခြင်း

(ခ) ပြည်ပမှ မြေဩဇာတင်သွင်းခွင့် မှတ်ပုံတင်လျှောက်ထားခြင်း

(ဂ) ပြည်ပသို့ မြေဩဇာတင်ပို့ခွင့် မှတ်ပုံတင်လျှောက်ထားခြင်း

(ဃ) မြေဩဇာသိုလှောင်လိုင်စင် လျှောက်ထားခြင်းနှင့် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်း

(င) ပြည်ပမှ မြေဩဇာ တင်သွင်းခွင့် ထောက်ခံချက် လျှောက်ထားခြင်း

၄။ စိုက်ပျိုးရေးဦးစီးဌာနမှ အထက်ပါလိုင်စင်များနှင့် မှတ်ပုံတင်များကို မြေသြဇာဥပဒေ ၂၀၀၂ နှင့် မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၅၊ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၂၀၀၇ တို့အရ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၅။ **ပိုးသတ်ဆေးလုပ်ငန်း**နှင့်ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူအနေဖြင့် အောက်ဖော်ပြပါ လိုင်စင်များနှင့် မှတ်ပုံတင်ခြင်းတို့ကို စိုက်ပျိုးရေးဦးစီးဌာနတွင် လျှောက်ထားနိုင်သည်။

(က) ပိုးသတ်ဆေး (သို့မဟုတ်) အဆိပ်ရှိ ပစ္စည်းများကို ပြည်တွင်းသို့ တရားဝင် တင်သွင်းဖြန့်ဖြူး ရောင်းချနိုင်ရန် မှတ်ပုံတင်လျှောက်ထားလာသည့် ပိုးသတ်ဆေးများကို ပိုးသတ်ဆေးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ပိုးသတ်ဆေးမှတ်ပုံတင် ခွင့်ပြုခြင်း

(ခ) ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့် လိုင်စင်

(ဂ) ပိုးသတ်ဆေး ပြန်လည်ထုပ်ပိုးရောင်းချခွင့် လိုင်စင်

(ဃ) ပိုးသတ်ဆေး လက်လီ/ လက်ကား ရောင်းချခွင့် လိုင်စင်

(င) ပိုးသတ်မှိုင်းတိုက်ခွင့် လိုင်စင်

(စ) မှတ်ပုံတင်ရရှိပြီး မြန်မာနိုင်ငံတွင် အသုံးပြုရန် ပြည်ပမှ တင်သွင်းမည့် ပိုးသတ်ဆေးများအား စိစစ်၍ တင်သွင်းခွင့် ထောက်ခံချက် ထုတ်ပေးခြင်း

(ဆ) ပြည်ပမှ တင်သွင်းရောက်ရှိလာသော ပိုးသတ်ဆေးများအား အကောက်ခွန် ဦးစီးဌာန၏ Myanmar Automated Cargo Clearance System (MACCS) စနစ်ဖြင့် ချိတ်ဆက်ပြီး ကုန်ပစ္စည်းများ ရောက်ရှိချိန်တွင် စိစစ်စစ်ဆေး၍ ကိုက်ညီမှုရှိပါက တင်သွင်းခွင့်ပြုခြင်း

(ဇ) သီးနှံထွက်ကုန်များ စစ်ဆေးရေး ဓာတ်ခွဲခန်းမှ ပြည်တွင်း လုံခြုံစိတ်ချစွာ စားသုံးနိုင်ရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးသီးနှံထွက်ကုန်များ၌ ပိုးသတ်ဆေး ဓာတ်ကြွင်း၊ မှိုအဆိပ်နှင့် အဆိပ် ဓာတ်သတ္တုများကို စစ်ဆေးခြင်း

(ဈ) အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် တင်သွင်းခွင့် ထောက်ခံချက် (Import Certification –IC) ထုတ်ပေးခြင်း

(ည) အပင်နှင့် အပင်ထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် (Phytosanitary Certificate–PC) ထုတ်ပေးခြင်း

(ဋ) အပင်နှင့်အပင်ထွက်ပစ္စည်းများ တင်သွင်းရာတွင် ကုန်ပစ္စည်းများရောက်ရှိချိန် ၌ အကောက်ခွန်ဦးစီးဌာန၏ Myanmar Automated Cargo Clearance System (MACCS) စနစ်ကို ကျင့်သုံး၍ လိုက်နာဆောင်ရွက်ခြင်း

၆။ စိုက်ပျိုးရေးဦးစီးဌာနမှ အထက်ပါလိုင်စင်များနှင့် မှတ်ပုံတင်များကို ပိုးသတ်ဆေးဥပဒေ ၂၀၁၆ နှင့် ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၂၀၁၉ တို့အရ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၇။ **မျိုးစေ့လုပ်ငန်း**နှင့်ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူအနေဖြင့် အောက်ဖော်ပြပါလိုင်စင်များနှင့် မှတ်ပုံတင်ခြင်းတို့ကို စိုက်ပျိုးရေးဦးစီးဌာနတွင် လျှောက်ထားနိုင်သည်။

(က) စမ်းသပ်စိုက်ပျိုးရန်အတွက် ပြည်တွင်းသို့ အပင်မျိုးသစ်တင်သွင်းခွင့် ထောက်ခံချက်လျှောက်ထားခြင်း

(ခ) မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိရန်ရည်ရွယ်၍ စမ်းသပ်စိုက်ပျိုးခွင့် လျှောက်ထားခြင်း

(ဂ) အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုလက်မှတ် လျှောက်ထားခြင်း

(ဃ) မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားခြင်း

(င) မျိုးစေ့အရည်အသွေးစစ်ဆေးခန်းဖွင့်လှစ်ခွင့် လျှောက်ထားခြင်း

(စ) မျိုးစေ့တင်သွင်းခွင့် ထောက်ခံချက်လျှောက်ထားခြင်း

(ဆ) မျိုးစေ့တင်ပို့ခွင့် ထောက်ခံချက်လျှောက်ထားခြင်း

၈။ စိုက်ပျိုးရေးဦးစီးဌာနမှ အထက်ပါလိုင်စင်များနှင့် မှတ်ပုံတင်များကို မျိုးစေ့ဥပဒေ ၂၀၁၅ နှင့် မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၂၀၁၆ တို့အရ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၉။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသော ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇ အရ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် ဝန်ဆောင်မှုများတွင်

ရင်းနှီးမြှုပ်နှံခြင်းစသည်တို့သည် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၇ ပုဒ်မ ၇၅ (ဂ) အရ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် ပါဝင်သော ရင်းနှီးမြှုပ်နှံမှုများသည် ကော်မရှင်ထံတွင် လျှောက်ထား၍ ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ရရှိခံစားနိုင်သည်။

၁၀။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သတ်မှတ်ခြင်းအရ ကောက်ပဲသီးနှံများအား ဖော်ထုတ်ပြီးစိုက်ပျိုးမြေတွင် စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်၌ဖြန့်ဖြူးခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းသည် ပြည်တွင်းရှိနိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦးဦး (သို့မဟုတ်) နိုင်ငံသားပိုင်လုပ်ငန်းတစ်ခုခုနှင့် ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သည်။ အောက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည်။

(က) စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး၊ မြေဩဇာ၊ ဟော်မုန်း၊ ပေါင်းသတ်ဆေး စသည်များ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ တင်ပို့ခြင်း လုပ်ငန်းများ

(ခ) မျိုးစေ့အဖြစ် ရည်ရွယ်ထုတ်လုပ်သည့် စပ်မျိုးစပါးမျိုးစေ့များ ထုတ်လုပ်တင်ပို့ခြင်း လုပ်ငန်း

(ဂ) စိုက်ပျိုးရေးဆိုင်ရာ ဓာတ်ခွဲခန်းလုပ်ငန်းများ

(ဃ) စိုက်ပျိုးရေးသုတေသနလုပ်ငန်းများနှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းဆိုင်ရာ သုတေသနလုပ်ငန်းများ

(င) ရာသီသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း

(စ) မျိုးစေ့များ ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပသို့ပြန်လည်တင်ပို့ခြင်း

(ဆ) အပင်မျိုးသစ်များ တင်သွင်းထုတ်လုပ် ဖြန့်ဖြူးသည့် လုပ်ငန်းများ

၁၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ ၁၅/၂၀၁၇ အပိုဒ် (ဃ) (၃) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် စံသတ်မှတ်ချက်များကို အောက်ပါဝက်ဘ်ဆိုဒ်တွင် ရယူနိုင်သည်။

https://www.dica.gov.mm/en/archive-for-documents?title=The+Standard+Criteria=for+Investment+Activities+to+obtain+the+approval+of+the+Ministry+of+Agriculture%2C+Livestock+and+Irrigation+&tid=All&date_filter%5Bvalue%5D%5Bmonth%5D=&date_filter_1%5Bvalue%5D%5Byear%5D

(၁) ဓာတ်မြေဩဇာလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(၁.၁) ဓာတ်မြေဩဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	စာရွက်စာတမ်းလိုအပ်ချက် မရှိပါ။
လုပ်ငန်းစဉ်အဆင့်	Myanmar Agricultural Inputs Registrartion System (MAIRS), http://mairs.doa.gov.mm တွင် online စနစ်ဖြင့် မှတ်ပုံတင် လျှောက်ထားခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်။
ဝန်ဆောင်ခ	ထုတ်လုပ်မှတ်ပုံတင်ကြေး – ၆၀၀၀၀ ကျပ် (၃ နှစ် သက်တမ်း)
ကြာမြင့်ချိန်	– Solid fertilizer (Local producer) အတွက် ၃၆ ရက် – Foliar Fertilizer (Local producer) အတွက် ၃၆ ရက် + သီးနှံ ၁ ရာသီ
လျှောက်ထားရမည့် နေရာ	Myanmar Agricultural Inputs Registration System (MAIRS)
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	အတွင်းရေးမှူး၊ မြေဩဇာကော်မတီ

(၁-၂) ဓာတ်မြေဩဇာ တင်သွင်းခွင့်/ တင်ပို့ခွင့် မှတ်ပုံတင်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	စာရွက်စာတမ်းလိုအပ်ချက်မရှိပါ။
လုပ်ငန်းစဉ်အဆင့်	Myanmar Agricultural Inputs Registrartion System (MAIRS), http://mairs.doa.gov.mm တွင် online စနစ်ဖြင့် မှတ်ပုံတင် လျှောက်ထားခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်။
ဝန်ဆောင်ခ	၉၀၀၀၀ ကျပ် (၃နှစ်သက်တမ်း)
ကြာမြင့်ချိန်	Solid fertilizer (importer/ exporter) အတွက် ၂၀ ရက် Foliar Fertilizer (Local producer) အတွက် ၂၀ ရက် +သီးနှံ ၁ ရာသီ
လျှောက်ထားရမည့် နေရာ	**Myanmar Agricultural Inputs Registration System (MAIRS)**

အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	အတွင်းရေးမှူး၊ မြေဩဇာကော်မတီ

(၁-၃) ပြည်ပမှ မြေဩဇာတင်သွင်းခွင့် ထောက်ခံချက် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ပြည်တွင်းသို့ မြေဩဇာတင်သွင်းရန် ထောက်ခံချက် လျှောက်လွှာ (Form 8) (ခ) မြေဩဇာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ်(မိတ္တူ) (ဂ) ထုတ်ပိုးမှုပုံစံ/ ကုန်အမှာစာ/ အရောင်းအဝယ်စာချုပ် (ဃ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ
လုပ်ငန်းစဉ်အဆင့်	Email ဖြင့် တင်ပြလာသော လျှောက်လွှာများကို စိစစ်၍ နေ့ချင်းပြီး Manual စနစ်ဖြင့် ဆောင်ရွက်ပေးပါသည်။
ကြာမြင့်ချိန်	နေ့ချင်းပြီး ဆောင်ရွက်ပေးပါသည်။
ဝန်ဆောင်ခ	မရှိပါ။
လျှောက်ထားရမည့် နေရာ	စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချမှုဌာနခွဲ
အတည်ပြု လက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန

(၁-၄) မြေဩဇာသိုလှောင်လိုင်စင် လျှောက်ထားခြင်းနှင့် လိုင်စင်သက်တမ်းတိုး လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	စာရွက်စာတမ်းလိုအပ်ချက် မရှိပါ။
လုပ်ငန်းစဉ်အဆင့်	Myanmar Agricultural Inputs Registration System (MAIRS)
ဝန်ဆောင်ခ	လုပ်ငန်းငယ် (၁၆၀၀ square feet အောက်)၊ ၁ သိန်းကျပ် (၂ နှစ် သက်တမ်း) လုပ်ငန်းကြီး (၁၆၀၀ square feet အထက်)၊ ၃ သိန်းကျပ် (၂ နှစ်

	သက်တမ်း)
ကြာမြင့်ချိန်	၇ ရက်
လျှောက်ထားရမည့်နေရာ	Myanmar Agricultural Inputs Registration System (MAIRS)
အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန

(၁-၅) မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့်အထောက်အထားများ	(က) မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်လျှောက်လွှာ (Form 15) (ခ) မြေသြဇာမှတ်ပုံတင်လက်မှတ် (မိတ္တူ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်းနှင့် သက်ဆိုင်သော လိုအပ်သော အထောက်အထားများကို တင်ပြရမည်။ (ခ) တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျှင် ညွှန်ကြားရေးမှူး ပြည်နယ်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနသည် မြေသြဇာဖြန့်ဖြူးရောင်းချခွင့်ပြု လိုင်စင် (Form 16) ကို ထုတ်ပေးသည်။
ဝန်ဆောင်ခ	**လိုင်စင်နှုန်းထားများ** (က) မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် (ဆိုင် ၁ ဆိုင်အတွက်၊ ပထမဆုံးအကြိမ် လျှောက်ထားခြင်းအတွက်) ၂ နှစ်လျှင် ၅၀,၀၀၀ ကျပ် **သက်တမ်းတိုးအတွက် ကောက်ခံသည့်နှုန်း** ၂ နှစ်လျှင် ၅၀,၀၀၀ ကျပ် (ခ) မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် (ဆိုင် ၁ ဆိုင်အတွက်၊ သက်တမ်းတိုးခြင်းမရှိ၊ ဒုတိယအကြိမ် လျှောက်ထားခြင်း အတွက်) ၂ နှစ်လျှင် ၈၀,၀၀၀ ကျပ်
ကြာမြင့်ချိန်	အလုပ်လုပ်ရက် (၁) ရက်အတွင်း

လျှောက်ထားရမည့် နေရာ	သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး
မှတ်ချက်	- အသေးစိတ်အချက်အလက်များကို မြေအသုံးချရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာနတွင် စုံစမ်းနိုင်သည်။ - ညွှန်ကြားရေးမှူး ပြည်နယ်နှင့်တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနသည် မြေဩဇာဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ထုတ် ပေးသည်။ - မြေဩဇာကို တစ်နှစ်အတွင်း ၅ တန်၊ (ရွက်ဖျန်း မြေဩဇာ (Liquid) ဖြစ်ပါက ၂၀၀ လီတာနှင့်အထက်၊ (Powder) ဖြစ်ပါက ၄၀၀ ကီလိုဂရမ်နှင့်အထက်) ဖြန့်ဖြူး ရောင်းချပါက ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားရ မည်။

(၂) ပိုးသတ်ဆေးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(၂-၁) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများကို ပြည်တွင်းသို့ တရားဝင် တင်သွင်း ဖြန့်ဖြူးရောင်းချနိုင်ရန် မှတ်ပုံတင်လျှောက်ထားလာသည့် ပိုးသတ်ဆေးများကို ပိုးသတ်ဆေးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ပိုးသတ်ဆေး မှတ်ပုံတင်ခွင့်ပြုခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) မှတ်ပုံတင်လျှောက်ထားရန် လျှောက်လွှာနှင့်အတူ ပိုးသတ်ဆေးထုတ်လုပ်သူမှ မြန်မာနိုင်ငံတွင် မှတ်ပုံတင် ခြင်း၊ တင်သွင်းဖြန့်ဖြူးခြင်းတို့ကို သဘောတူကြောင်းစာ (ခ) မူရင်း ပိုးသတ်ဆေးထုတ်လုပ်သူ (Manufacturer) ၏ သက်ဆိုင်ရာနိုင်ငံမှ အစိုးရအသိအမှတ်ပြုလိုင်စင်၊ မှတ်ပုံတင်ထုတ်လုပ်ခွင့် အထောက်အထားများ၊ ထုတ်လုပ်သူအား ဆက်သွယ်နိုင်မည့်ပုဂ္ဂိုလ်၊ လိပ်စာ၊ Email ၊ Web page (ဂ) အခြားနိုင်ငံများတွင်မှတ်ပုံတင်ထားသော နိုင်ငံစာရင်းနှင့်

	အဆိုပါလိုင်စင်/ခွင့်ပြုမိန့် အထောက်အထားများ (ဃ) ပိုးသတ်ဆေးနှင့်ပတ်သက်သည့် ပူးတွဲတင်ပြရမည့် နည်းပညာအချက်အလက်များ စာတမ်း၊ (General Information, Properties of the Active Ingredient, Properties of the Formulated Product , Intended uses and methods of application, Assessment of Efficacy of Pesticide, Toxicology, Residue Data, Environmental Data , Disposal of surplus pesticide and pesticide containers, Label, GAP Table) (င) အဆိုပြုတင်ပြသည့် အင်္ဂလိပ်/ မြန်မာနှစ်ဘာသာဖြင့် ပြန်ဆိုထားသည့် တံဆိပ် (အညွှန်းစာ) (စ) ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးရန် ပိုးသတ်ဆေး နမူနာ – (၁) Formulated product Pesticide 250 CC (or) 250 gm (၂) Analytical Standard 2×1 gm with attachment of Certificate of Analysis (Chromatograph), if pesticide contains more than one active ingredient, Standards packed separately (OECD GLP) (၃) Capillary separation columns used in Gas Liquid Chromatography (GC) and High Performance Liquid Chromatography (HPLC) column(s)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် လိုအပ်သည့် အချက်အလက်များ ပြည့်စုံမှုရှိ/မရှိကို စစ်ဆေးပါသည်။ (ခ) ပြည့်စုံပါက သတ်မှတ်ထားသည့် ပိုးသတ်ဆေးမှတ်ပုံတင် ကြေးနှုန်းထားများနှင့် ပိုးသတ်ဆေး နမူနာတစ်မျိုး အတွက် ဓါတ်ခွဲစစ်ဆေးခငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်စာရင်းအမှတ် MD–013156 သို့

	ပေးသွင်းရပါမည်။ (Registration Fee နှင့် Analytical Fee ဓါတ်ခွဲစစ်ဆေးခ ငွေသွင်းပြီးသော်လည်း Sample နှင့် Dossier တွင် ဖော်ပြထားသည့် အချက်အလက်များ ပြည့်စုံမှုမရှိလျှင် မှတ်ပုံ တင်ခြင်းလုပ်ငန်းစဉ်မှ လုံးဝပယ်ဖျက်မည်ဖြစ်ပါ သည်) (ဂ) ထုတ်လုပ်သူ၏ ကိုယ်ရေးကို အသေးစိတ် စစ်ဆေးရမည်။ (ဃ) မူရင်းပိုးသတ်ဆေး ထုတ်လုပ်သူ ကိုယ်ရေး အထောက်အထားများ ပြည့်စုံမှန်ကန်ပါက ပိုးသတ်ဆေး နှင့် ပတ်သက်သော နည်းပညာအချက်အလက်များကို နည်းပညာကော်မတီဝင်များမှ စစ်ဆေးပါသည်။ (င) ပိုးသတ်ဆေးနှင့် ပတ်သက်သော နည်းပညာ အချက်အလက်များ ပြည့်စုံမှန်ကန်ပါက အရည်အသွေး စစ်ဆေးရန် ပိုးသတ်ဆေးနမူနာကို ပိုးသတ်ဆေး ဓါတ်ခွဲခန်းသို့ ပေးပို့ရပါမည်။ (စ) ပိုးသတ်ဆေးဓါတ်ခွဲခန်းမှ အရည်အသွေး စစ်ဆေးမှု ရလဒ်နှင့် နည်းပညာအချက်အလက်များ စိစစ် ထောက်ခံချက်များနှင့်အတူ နည်းပညာကော်မတီ အစည်းအဝေး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးများသို့ တင်ပြပါသည်။ (ဆ) မှတ်ပုံတင်အဖွဲ့အစည်းအဝေးမှ ဆုံးဖြတ်အတည်ပြုပြီး မှတ်ပုံတင်ခွင့်ပြုသော ပိုးသတ်ဆေးများကို မှတ်ပုံတင် အမျိုးအစားအလိုက် မှတ်ပုံတင်လက်မှတ် ထုတ်ပေးပါ သည်။
ဝန်ဆောင်ခ	Analytical fee for pesticide registration = နမူနာ ၁ ခုချင်းစီအတွက် ၃၀၀,၀၀၀ ကျပ် Experimental Registration (before starting of commercial operation regarding pesticide/ conducting the bio-efficacy trials) = ၂ နှစ်လျှင် ၁,၀၀၀,၀၀၀ ကျပ်

	Provisional Registration = ၅ နှစ်လျှင် ၂,၀၀၀,၀၀၀ ကျပ် Full Registration = ၁၀ နှစ်လျှင် ၅,၀၀၀,၀၀၀ ကျပ် Special Use Permit for Pesticide = ၁ နှစ်လျှင် ၁,၀၀၀,၀၀၀ ကျပ်
ကြာမြင့်ချိန်	လိုအပ်သည့်အချက်၊ တင်သွင်းရမည့်အချက်အလက်များ ပြည့်စုံလျှင် အလုပ်လုပ်ရက် (၈) ပတ်နှင့် လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံမှုရှိ/မရှိပေါ်မူတည်၍ အချိန် ကြာမြင့်နိုင်မည်။ ပြည့်စုံပြီးမှ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးသို့ တင်ပြသည်။ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ အစည်းအဝေးသည် (၆) လ တစ်ကြိမ် ကျင်းပပါမည်။
မှတ်ချက်	ပိုးသတ်ဆေးမှတ်ပုံတင်လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်ပြင်ဆင် လျှောက်ထားခြင်းနှင့်စပ်လျဉ်းသော အသေးစိတ် နည်းစဉ်များကို သိရှိနိုင်ရန် လျှောက်ထားသူအနေဖြင့် ပိုးသတ်ဆေးဥပဒေ ၂၀၁၆ ကို ကိုးကားနိုင်သည်။ Registration Fee နှင့် Analytical Fee ဓါတ်ခွဲစစ်ဆေးခငွေသွင်းပြီးသော်လည်း Sample နှင့် Dossier တွင် ဖော်ပြထားသည့် အချက်အလက်များ ပြည့်စုံမှုမရှိခြင်း၊ သတ်မှတ်ထားသော နမူနာများတင်သွင်းရန် ပျက်ကွက်ခြင်းများတို့ကြောင့် တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံမှုမရှိလျှင် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်မှ လုံးဝပယ်ဖျက်မည်ဖြစ်ပါသည်။
လျှောက်ထားရမည့် နေရာ	Myanmar Agricultural Inputs Registration System (MAIRS)
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

(၂-၂) ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ဖော်စပ်ထုတ်လုပ်မည့် ပိုးသတ်ဆေးများနှင့် ပတ်သက်သော ပညာရပ်ဆိုင်ရာအချက်အလက်များ ဖော်ပြပါရှိမည့် ထုတ်လုပ်မှုနည်းစနစ်အကျဉ်း (စွန့်ပစ်ရေများ ရေသန့်စင်ရေးနှင့် အခြားစွန့်ပစ်ပစ္စည်းများ သန့်စင်ရေး လုပ်ငန်းများ အပါအဝင်) (ခ) ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့မှ ထုတ်ပေးသည့် ပိုးသတ်ဆေးမှတ်ပုံတင် (ဂ) ပိုးသတ်ဆေးမူပိုင်ရရှိထားသူ (သို့မဟုတ်) အဆိပ်ရှိပစ္စည်းထုတ်လုပ်သူ၏ သဘောတူညီချက်၊ (ဃ) ထုတ်လုပ်မှုတွင် ပါဝင်ဆောင်ရွက်မည့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခွင့် လက်မှတ်မိတ္တူ၊ (င) ဖော်စပ်မည့် ပိုးသတ်ဆေးစာရင်းနှင့် အရည်အသွေးစစ်ဆေးရန် ပိုးသတ်ဆေးနမူနာ (စ) ထုပ်ပိုးမှု အရွယ်အစားနှင့် နှစ်အလိုက် ထုတ်လုပ်မည့် ပမာဏ၊ (ဆ) ထည့်သွင်း/ထုပ်ပိုးပစ္စည်း နမူနာနှင့် တံဆိပ် (အညွှန်းစာ)များ၊ (ဇ) အသုံးပြုမည့်ပစ္စည်းကိရိယာများ စုဆောင်းထားရှိမှု၊ (ဈ) လုပ်ငန်းခွင်ကျန်းမာရေးနှင့် စက်ရုံဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ဆောင်ရွက်ထားရှိမှု၊ (ည) စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများကို စနစ်တကျ စွန့်ပစ်ရန် ဆောင်ရွက်ထားရှိမှု၊ (ဋ) မီးဘေးအန္တရာယ် ကာကွယ်ရန် ကိရိယာများ တပ်ဆင်ထားရှိမှု၊ (ဌ) စက်ရုံတွင်းမှ အနံ့အသက်များ ပပျောက်ရန် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်၊ (ဍ) ကုန်ကြမ်းပစ္စည်းများ သိုလှောင်မှုလုပ်ငန်းစဉ်၊ (ဎ) သဘာဝပတ်ဝန်းကျင် အန္တရာယ်ကင်းစေရေးအတွက် ဆောင်ရွက်ထားရှိမှု၊ (ဏ) ထုတ်လုပ်ပြီးသော ပိုးသတ်ဆေးများကို သိုလှောင်မည့်

	လုပ်ငန်းစဉ်နှင့် သိုလှောင်ရုံအတွက် လက်လီ လက်ကား ရောင်းချခွင့်လိုင်စင်၊ (တ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များ၊ (ထ) လိုင်စင်လျှောက်ထားသည့် စက်ရုံအတွက် လိုအပ်မည့် (တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်အလိုက် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၏ ထောက်ခံချက်များ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် တင်ပြရန် လိုအပ်မည့်အထောက် အထားများကို စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြလျှောက် ထားရမည် ဖြစ်ပါသည်။ (ခ) သီးနှံကာကွယ်ရေးဌာနခွဲမှ ပိုးသတ်ဆေးနည်းပညာ ကော်မတီဝင်များ ပါဝင်သောစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းကာ စက်ရုံအား ကွင်းဆင်းစစ်ဆေးပါမည်။ (ဂ) ကွင်းဆင်းစစ်ဆေးအစီရင်ခံစာကို ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန ပိုးသတ် ဆေးမှတ်ပုံတင်အဖွဲ့မှ စိစစ်ပြီးခွင့်ပြုပါက ညွှန်ကြားရေး မှူးချုပ်ထံ တင်ပြကာ သတ်မှတ်ထားသော လိုင်စင်ကြေး သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း သက်ဆိုင်ရာ ကုမ္ပဏီမှ ပေးသွင်းပြီး ပုံစံ(၄) ဖြင့် လိုင်စင်ထုတ် ပေးပါသည်။
ဝန်ဆောင်ခ	၃ နှစ်လျှင် ၁,၀၀၀,၀၀၀ ကျပ် (ဆေးတစ်မျိုးအတွက်)
ကြာမြင့်ချိန်	လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံလျှင် အလုပ်လုပ်ရက် (၂) ပတ်နှင့်လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံမှုရှိ/မရှိပေါ် မူတည်၍ အချိန်ကြာမြင့်နိုင်မည်။
လျှောက်ထားရမည့် နေရာ	စိုက်ပျိုးရေးဦးစီးဌာန
အတည်ပြု လက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန

(၂-၃) ပိုးသတ်ဆေး ပြန်လည်ထုပ်ပိုးခွင့်လိုင်စင် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ပြန်လည်ထုပ်ပိုးမည့် ပိုးသတ်ဆေးများစာရင်း (ခ) ထုပ်ပိုးမှုအရွယ်အစားနှင့် နှစ်အလိုက် ပြန်လည် ထုပ်ပိုးမည့် ပမာဏ (ဂ) ထည့်သွင်း/ ထုပ်ပိုး နမူနာနှင့် တံဆိပ် (အညွှန်းစာ) များ (ဃ) ပိုးသတ်ဆေးမှတ်ပုံတင်ခွင့် ရရှိထားသူနှင့် ထုတ်လုပ်သူ ၏ သဘောထားတူညီချက်စာ (င) လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂိုလ်များ၏ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခွင့်လက်မှတ်မိတ္တူနှင့် ရှေးဦးသူနာပြုနည်း များ ဖြေဆိုအောင်မြင်ကြောင်း ထောက်ခံချက် (စ) ပြန်လည်ထုပ်ပိုးခြင်း လုပ်ငန်းအတွက် အသုံးပြုမည့် ပစ္စည်းကိရိယာများ စုဆောင်းထားရှိမှု (ဆ) လုပ်ငန်းခွင် ကျန်းမာရေးနှင့် စက်ရုံဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ဆောင်ရွက်ထားရှိမှု၊ (ဇ) စွန့်ပစ်ပစ္စည်းများနှင့်ရေဆိုးများကို စနစ်တကျ စွန့်ပစ်ရန် ဆောင်ရွက်ထားရှိမှု (ဈ) မီးဘေးအန္တရာယ်နှင့် ကျန်းမာရေး အန္တရာယ်များမှ ကာကွယ်ရန် ကိရိယာများတပ်ဆင်ထားခြင်းရှိမှု (ည) စက်ရုံတွင်းမှ အနံ့အသက်များ ပပျောက်ရန် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ် (ဋ) ကုန်ကြမ်းပစ္စည်းများ သိုလှောင်မှုလုပ်စဉ် (ဌ) သဘာဝပတ်ဝန်းကျင် အန္တရာယ်ကင်းစေရေးအတွက် ဆောင်ရွက်ထားရှိမှု (ဍ) ထုတ်လုပ်ပြီးသော ပိုးသတ်ဆေးများကို သိုလှောင်မည့် လုပ်ငန်းစဉ်၊ သိုလှောင်ရုံအတွက် လက်လီလက်ကား ရောင်းချခွင့်လိုင်စင် (ဎ) သယ်ယူပို့ဆောင်ရေး လုပ်ငန်းစဉ်များ (ဏ) လိုင်စင်လျှောက်ထားသည့် စက်ရုံအတွက် လိုအပ်မည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်အလိုက် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၏ ထောက်ခံချက်များ

လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် တင်ပြရန် လိုအပ်မည့်အထောက်အထားများကို စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) သီးနှံကာကွယ်ရေးဌာနခွဲမှ ပိုးသတ်ဆေးနည်းပညာကော်မတီဝင်များ ပါဝင်သောစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းကာ စက်ရုံအား ကွင်းဆင်းစစ်ဆေးပါမည်။ (ဂ) ကွင်းဆင်းစစ်ဆေးအစီရင်ခံစာကို ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ စိစစ်ပြီးခွင့်ပြုပါက ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနထံ တင်ပြကာ သတ်မှတ်ထားသော လိုင်စင်ကြေး သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း သက်ဆိုင်ရာ ကုမ္ပဏီမှ ပေးသွင်းပြီး ပုံစံ (၆) ဖြင့် လိုင်စင်ထုတ်ပေးပါသည်။
ဝန်ဆောင်ခ	ပိုးသတ်ဆေးတစ်မျိုးအတွက် ၃ နှစ်လျှင် ၁,၀၀၀,၀၀၀ ကျပ်
ကြာမြင့်ချိန်	လိုအပ်သည့် အချက်၊တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံလျှင် အလုပ်လုပ်ရက် ၇ ရက်နှင့် လိုအပ်သည့်အချက်၊ တင်သွင်းရမည့်အချက်အလက်များ ပြည့်စုံမှုရှိ/မရှိပေါ်မူတည်၍ အချိန်ကြာမြင့်နိုင်မည်။
လျှောက်ထားရမည့်နေရာ	စိုက်ပျိုးရေးဦးစီးဌာန
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန

(၂-၄) ပိုးသတ်ဆေးလက်လီ/လက်ကားရောင်းချခွင့်လိုင်စင်လျှောက်ထားခြင်း

တင်ပြရန်လိုအပ် မည့်အထောက်အထားများ	(က) ပိုးသတ်ဆေး လက်လီ/ လက်ကားရောင်းချခွင့် လိုင်စင်လျှောက်လွှာ (ခ) လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းဆင်းပြီးကြောင်း လက်မှတ် (ဂ) ပတ်ဝန်းကျင်၏ သဘောတူညီကြောင်းထောက်ခံချက်

	(ဃ) လိုင်စင်လျှောက်ထားသော တည်ရှိသည့် တည်နေရာ အလိုက် သက်ဆိုင်ရာ ဇုန်/ ရပ်ကွက်ရှိတာဝန်ရှိသူ၏ ထောက်ခံချက်များ
လက်တွေ့လုပ်ထုံး လုပ်နည်း	(က) လက်လီ/လက်ကား ရောင်းချခွင့် လိုင်စင်လျှောက်ထား ရာတွင် သတ်မှတ်ထားသည့်လျှောက်လွှာတွင် လိုအပ် သည့် အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်၍ သက်ဆိုင်ရာခရိုင်ဦးစီးမှူးရုံး စိုက်ပျိုးရေးဦးစီးဌာနတွင် တင်ပြလျှောက်ထားရမည်။ (ခ) ခရိုင်ဦးစီးမှူးမှ စိစစ်၍ လိုင်စင်ခွင့်ပြုပါက သတ်မှတ်ထား သည့် လိုင်စင်ကြေးကို ပေးသွင်းစေပြီး လျှောက်ထားသူ အား ပိုးသတ်ဆေး လက်လီ/လက်ကား ရောင်းချခွင့် လိုင်စင်ထုတ်ပေးပါသည်။
ဝန်ဆောင်ခ	၃ နှစ်လျှင် ၃၀၀,၀၀၀ ကျပ်
ကြာမြင့်ချိန်	လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံလျှင် အလုပ်လုပ်ရက် ၂ ပတ်နှင့် လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံမှုရှိ/မရှိပေါ် မူတည်၍ အချိန်ကြာမြင့်နိုင်မည်။
မှတ်ချက်	အသေးစိတ်နည်းစဉ်များကို သိရှိနိုင်ရန် လျှောက်ထားသူ အနေ ဖြင့် ပိုးသတ်ဆေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ၂၀၁၉ ကို ကိုးကားနိုင်သည်။ မှတ်ပုံတင် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင် ရရှိထားသည့် ပိုးသတ်ဆေးများကိုသာ ရောင်းချရမည်။
လျှောက်ထားရမည့် နေရာ	ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန

(၂-၅) ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က)	လိုင်စင်လျှောက်လွှာနှင့်အတူ ပိုးသတ်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သည့် မေးခွန်းများဖြေကြားခြင်း
	(ခ)	ပိုးသတ်မှိုင်းတိုက်ရာတွင် အသုံးပြုမည့် ပစ္စည်း ကိရိယာများစုဆောင်းထားရှိမှုစာရင်း
	(ဂ)	လုပ်ငန်းခွင်ကျန်းမာရေး စစ်ဆေးချက်မှတ်တမ်းများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံထားရှိမှုများ၊ မီးဘေးနှင့် အရေးပေါ်ထိခိုက်မှုများအတွက် ကြိုတင် ပြင်ဆင်ထားရှိမှုများ
	(ဃ)	မှတ်ပုံတင်ထားသောပိုးသတ်ဆေးများစာရင်းနှင့် မြန်မာ ဘာသာဖြင့် အညွှန်းစာများ
	(င)	ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကိုင်တွယ်မည့်သူ များ၏ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူ အသိအမှတ်ပြု ကဒ်ပြားမိတ္တူ
	(စ)	စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရန် ဆောင်ရွက် ထားရှိမှု၊ (Waste Disposal Management)
	(ဆ)	အသုံးပြုမည့် ပိုးသတ်ဆေးများကို သိုလှောင်မည့် လုပ်ငန်းစဉ်၊ သိုလှောင်ရုံအတွက် လက်လီလက်ကား ရောင်းချခွင့်လိုင်စင်
	(ဇ)	ပိုးသတ်မှိုင်းတိုက်ခြင်း သို့မဟုတ် ပိုးမွှားထိန်းချုပ်ရေး လုပ်ငန်းတို့၏ စံပြုလုပ်ထုံးလုပ်နည်းများ (Standard Operation Procedure) ဆောင်ရွက်ထားရှိမှုများ
	(ဈ)	လုပ်ငန်းနှင့်ပတ်သတ်သော ရရှိထားသင့်သည့် လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ဆောင်ရွက်ထားရှိမှု
	(ည)	သိုလှောင်ရုံအတွင်း လုပ်ငန်းသုံးပစ္စည်းများ၏ စနစ်တကျ သိုလှောင်ထားရှိမှု
လုပ်ငန်းစဉ်အဆင့်	(က)	လျှောက်ထားသူသည် တင်ပြရန် လိုအပ်မည့်အထောက် အထားများကို စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြလျှောက် ထားရမည်။
	(ခ)	သီးနှံကာကွယ်ရေးဌာနခွဲမှ ပိုးသတ်ဆေးနည်းပညာ

	ကော်မတီဝင်များပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းကာ စက်ရုံအား ကွင်းဆင်းစစ်ဆေးပါမည်။ (ဂ) ကွင်းဆင်းစစ်ဆေးအစီရင်ခံစာကို ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ စိစစ်ပြီးခွင့်ပြုပါက ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနထံ တင်ပြကာ သတ်မှတ်ထားသော လိုင်စင်ကြေးကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း သက်ဆိုင်ရာကုမ္ပဏီမှ ပေးသွင်းပြီး ပုံစံ(၈) ဖြင့် လိုင်စင်ထုတ်ပေးပါသည်။
ဝန်ဆောင်ခ	၃ နှစ်လျှင် ၃၀၀,၀၀၀ ကျပ်
ကြာမြင့်ချိန်	လိုအပ်သည့်အချက်၊ တင်သွင်းရမည့်အချက်အလက်များ ပြည့်စုံလျှင် အလုပ်လုပ်ရက် (၁) ပတ်နှင့် လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံမှု ရှိ/မရှိ ပေါ်မူတည်၍ အချိန်ကြာမြင့်နိုင်မည်။
လျှောက်ထားရမည့်နေရာ	စိုက်ပျိုးရေးဦးစီးဌာန
အတည်ပြု လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန

(၂-၆) မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးများအတွက် တင်သွင်းခွင့်

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	တင်သွင်းခွင့် လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ လိုအပ်သော အောက်ဖော်ပြပါ အချက်အလက်များအား ပူးတွဲ တင်ပြရန် လိုအပ်ပါသည်။ (က) ပိုးသတ်ဆေးမှတ်ပုံတင်မိတ္တူ (ခ) ပိုးသတ်ဆေး (သို့မဟုတ်) အဆိပ်ရှိပစ္စည်း ကိုင်တွယ်ထိန်းသိမ်းမည့်သူများ၏ အမည်နှင့် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူ အသိအမှတ်ပြုကဒ်ပြားနှင့် ထုတ်ပေးသည့်ရက်စွဲ (ဂ) မြန်မာအညွှန်းစာ

	(ဃ) ကုန်ပို့လွှာ (င) ပြန်လည်ထုတ်ပိုးမည့် အရွယ်အစားများအတွက် ပြန်လည် ထုတ်ပိုးရောင်းချခွင့်လိုင်စင်မိတ္တူ (စ) ထုတ်လုပ်သူမှ တင်ပို့မှု/ တဆင့်တင်ပို့မှုအတွက် သဘောတူညီချက် (ဆ) လက်လီလက်ကားရောင်းချခွင့် လိုင်စင်မိတ္တူ (ဇ) ပိုးသတ်ဆေးအရည်အသွေး ဓာတ်ခွဲစစ်ဆေးခ ပေးသွင်းပြီးကြောင်း ပြေစာမူရင်း (ဈ) Technical Grade တင်သွင်းရန်အတွက် ဖော်စပ်ထုတ်လုပ်ခွင့်လိုင်စင်မိတ္တူ (ည) ကိုယ်စားဆောင်ရွက်လျှင် ကုမ္ပဏီ၏ ကိုယ်စားလှယ်လွှဲစာနှင့် မှတ်ပုံတင်မိတ္တူ (ဋ) တင်သွင်းသည့် ကုမ္ပဏီ၏ ကုမ္ပဏီမှတ်ပုံတင်မိတ္တူ (ဌ) ကုန်သွယ်ရေးဦးစီးဌာန၏ Exporter and Importer Registration မိတ္တူ (ဍ) ထုတ်ပိုးမှုအရွယ်အစား ၁၀၀စီစီ/ဂရမ်ထက် သေးငယ်ပါက လက်ကမ်းစာ စောင်ခိုင်မြဲစွာ ပူးတွဲထားခြင်း (သို့) အညွှန်းစာ ရှင်းလင်းပြတ်သားစွာ မြင်နိုင်သော ထုတ်ပိုးမှုနမူနာပုံစံ
လုပ်ငန်းစဉ်အဆင့်	(က) တင်သွင်းသူမှ လျှောက်လွှာပုံစံတွင်ဖြည့်စွက်၍ ပူးတွဲလျှောက်ထားတင်ပြရန် လိုအပ်သော အချက်အလက်များအား စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ စိစစ်ခြင်း။ (ခ) ပိုးသတ်ဆေး အရည်အသွေး ဓာတ်ခွဲစစ်ဆေးခအား မြန်မာ့စီးပွားရေးဘဏ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၏ စာရင်းအမှတ် MD.013156 သို့ ပေးသွင်းရန် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ငွေသွင်းစာထုတ်ပေးခြင်း။ (ဂ) အရည်အသွေး ဓာတ်ခွဲစစ်ဆေးခပေးသွင်းပြီးကြောင်း ငွေသွင်းပြေစာမူရင်းအား တင်သွင်းသူမှ စိုက်ပျိုးရေးဦးစီး

	ဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲသို့ ပေးပို့ခြင်း။ (ဃ) ပိုးသတ်ဆေး တင်သွင်းခွင့် ထောက်ခံချက်အား ကုန်သွယ်ရေးဦးစီးဌာန၏ Myanmar Tradenet 2.0 Online စနစ်ဖြင့် (၅.၁.၂၀၂၁) ရက်နေ့မှ စတင်၍ ထုတ်ပေးခြင်း။
ဝန်ဆောင်ခ	ပိုးသတ်ဆေး အရည်အသွေးစစ်ဆေးခ - တင်သွင်းမည့် ပိုးသတ်ဆေးပမာဏ (၂၀) မက်ထရစ်တန်လျှင် (၃၀၀၀၀၀) ကျပ်နှုန်း
ကြာမြင့်ချိန်	ရုံးဖွင့်ရက်- (၃-၄) ရက်
မှတ်ချက်	ရုံးပိတ်ရက်မပါ။
လျှောက်ထားရမည့် နေရာ	တင်သွင်းခွင့်လျှောက်လွှာအား တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေး ဌာနခွဲ၊ ဘုရင့်နောင်လမ်းမကြီး၊ ရန်ကုန်သို့ လိပ်မူ၍ လျှောက်ထား ရမည်။
အတည်ပြုလက်မှတ် ရေးထိုးသည့်ရာထူး/ အဆင့်	တွဲဖက်အတွင်းရေးမှူး(ကိုယ်စား)၊ ဒုတိယညွှန်ကြားရေးမှူး

(၂-၇) ပြည်ပမှ တင်သွင်းရောက်ရှိလာသော ပိုးသတ်ဆေးများအား အကောက်ခွန်ဦးစီး ဌာန၏ Myanmar Automated Cargo Clearance System (MACCS) စနစ်ဖြင့် ချိတ်ဆက်ပြီး ကုန်ပစ္စည်းများရောက်ရှိချိန်တွင် စိစစ်စစ်ဆေး၍ ကိုက်ညီမှုရှိပါက တင်သွင်းခွင့်ပြုခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	တင်သွင်းခွင့် ထောက်ခံချက်ရရှိထားသော ပိုးသတ်ဆေးများ ပြည်ပမှ တင်သွင်းရောက်ရှိလာသောအခါ လိုအပ်သော အောက် ဖော်ပြပါ အချက်အလက်များအား ပူးတွဲလျှောက်ထားရန် လိုအပ်ပါသည်- (က) OGA application form (ခ) Custom Declaration form (ဂ) Bill of Lading (ဃ) ထုတ်ပိုးမှုစာရင်း ၊ ကုန်ပို့လွှာ

	(င) ပိုးသတ်ဆေးတင်သွင်းခွင့်ထောက်ခံချက် (စ) ကုန်သွယ်ရေးဦးစီးဌာန၏ သွင်းကုန်လိုင်စင် (ဆ) ပူးတွဲတင်ပြရမည့်ခာတ်ပုံများ (ကုန်သေတ္တာ၊ ထုတ်ပိုးမှု ပုံစံ) (ဇ) အရည်အသွေးစစ်ဆေးရန် ကိုယ်စားပြုနမူနာ (ဈ) ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့်လိုင်စင်
လုပ်ငန်းစဉ်အဆင့်	(က) ပိုးသတ်ဆေးများ တင်သွင်းရောက်ရှိချိန်တွင် ကုန်ပစ္စည်းများ ဆိပ်ကမ်းမှ မထုတ်ယူမီ ကုန်တင်သွင်းသူသည် စစ်ဆေးမှုခံယူရန် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲသို့ ကြိုတင်ဆက်သွယ်အကြောင်းကြားခြင်း (ခ) စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေး ဌာနခွဲမှ ကိုယ်စားပြုနမူနာရယူမည့် ပုံစံနှင့် ပတ်သက်၍ ပြန်လည်အကြောင်းကြားခြင်း (ဂ) ကိုယ်စားပြုနမူနာနှင့်အတူ ပူးတွဲလျှောက်ထားတင်ပြသော အချက်အလက်များအား ပိုးသတ်ဆေးတင်သွင်းခွင့်နှင့်အညီ ကိုက်ညီမှု ရှိ/မရှိ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ စိစစ်ခြင်း (ဃ) ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးခြင်း (င) ကိုက်ညီမှုရှိပါက တင်သွင်းခွင့်ပြုရန် အကောက်ခွန်ဦးစီးဌာန၊ Myanmar Automated Cargo Clearance System ဖြင့် ချိတ်ဆက်၍ After Release Order စနစ်ဖြင့် (၉.၁၀.၂၀၂၀) ရက်နေ့မှစတင်၍ OGA Approval ထုတ်ပေးခြင်း။
ဝန်ဆောင်ခ	–
ကြာမြင့်ချိန်	ရုံးဖွင့်ရက်– (၃–၅) ရက်
လျှောက်ထားရမည့်နေရာ	ပိုးသတ်ဆေးများ ပြည်ပမှ တင်သွင်းရောက်ရှိလာသောအခါ တင်သွင်းခွင့်ပြုရန် လျှောက်ထားမှုအား တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်းမကြီး၊ ရန်ကုန်သို့ လိပ်မူ၍ လျှောက်ထားရမည်။

အတည်ပြုလက်မှတ် ရေးထိုး သည့်ရာထူး/ အဆင့်	ညွှန်ကြားရေးမှူး(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူး

(၂-၈) သီးနှံထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်းမှ ပြည်တွင်းလုံခြုံစိတ်ချစွာ စားသုံးနိုင်ရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးသီးနှံထွက်ကုန်များ၌ ပိုးသတ်ဆေးဓါတ်ကြွင်း၊ မှိုအဆိပ်နှင့် အဆိပ်ဓါတ်သတ္တုများကို စစ်ဆေးခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) Certificate of Analysis (COA) လျှောက်ထားရန် လျှောက်လွှာအား ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ (ရန်ကုန်) သို့ လိပ်မူ၍ ကုမ္ပဏီ Letter Head ပါသော လျှောက်လွှာဖြင့် စစ်ဆေးလိုသော စမ်းသပ်ချက်အား တင်ပြလျှောက်ထားရမည်။ (ခ) တင်ပို့မည့် သီးနှံထွက်ကုန်များ၏ ကိုယ်စားပြု နမူနာနှင့်အတူ လျှောက်ထားရမည်။ (ဂ) လျှောက်ထားသူသည် မိမိတင်ပို့မည့်နိုင်ငံ၏ တင်သွင်းရန် သတ်မှတ်ချက်/ လိုအပ်ချက်များအား သိရှိပြီး ယင်းလိုအပ်ချက်နှင့်အညီ Certificate of Analysis (COA) ဓါတ်ခွဲခန်းစစ်ဆေးချက်လက်မှတ်အား လျှောက်ထားရမည်ဖြစ်သည်။ လျှောက်ထားသူသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်လွှာဖြင့် ဓာတ်ခွဲစစ်ဆေးခွင့်ပြုမိန့် ရရှိပြီး ဖြစ်ရမည်။ (ခ) ဓာတ်ခွဲစစ်ဆေးခငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်စာရင်းအမှတ် MD– 013156 သို့ ပေးသွင်းရပါမည်။ (ဂ) ဘဏ်ချလံမိတ္တူနှင့်အတူ တင်ပို့မည့် သီးနှံထွက်ကုန်များ၏ ကိုယ်စားပြုနမူနာအား ဓာတ်ခွဲခန်းသို့ တင်ပြရမည်။ (ဃ) ကိုယ်စားပြုနမူနာအား (မက်ထရစ်တန် ၅၀ လျင်–၁ ကီလိုဂရမ်)၊ (မက်ထရစ် တန် ၅၀ ကျော်ပါက –၂ ကီလိုဂရမ်) ပေးသွင်းရမည်။ (င) ဓာတ်ခွဲခန်း၏ နမူနာလက်ခံလျှောက်လွှာ (Sample

	Application Form) တွင် ကိုယ်စားပြုနမူနာများ၏ သတင်းအချက်လက်များကို လျှောက်ထားသူကိုယ်တိုင် မှန်ကန်စွာဖြည့်စွက်ရမည်။ (စ) သီးနှံကာကွယ်ရေးဌာနခွဲ (သီးနှံထွက်ကုန်များ စစ်ဆေးရေးဓါတ်ခွဲခန်း) သည် လျှောက်လွှာ၊ ဘဏ်ချလံ မိတ္တူများနှင့်အတူ ကိုယ်စားပြုနမူနာအား လက်ခံရရှိပြီး ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးပြီးနောက် နမူနာအား ဓါတ်ခွဲစစ်ဆေးရန် ဆက်လက်ဆောင်ရွက်ပါသည်။ တင်ပို့မည့် နိုင်ငံ၏ လိုအပ်ချက်အပေါ် မူတည်ပြီး ဓါတ်ခွဲခန်း၏ စစ်ဆေးမှုဆောင်ရွက်မည်ဖြစ်ပါသည်။
ဝန်ဆောင်ခ	ပိုးသတ်ဆေးဓါတ်ကြွင်းများစစ်ဆေးခြင်း (ပိုးသတ်ဆေး ၄၀ မျိုး) = ၃၀၀၀၀ ကျပ် မှိုဆိပ်စစ်ဆေးခြင်း = ၃၀၀၀၀ ကျပ် အဆိပ်ဓာတ်သတ္တု (Ni, Cu, Cd, Pb) များ (၁)မျိုးစီအတွက် = ၁၅၀၀၀ ကျပ်
ကြာမြင့်ချိန်	ဓာတ်ခွဲခန်းမှ စစ်ဆေးမှုရလာဒ် (COA) အား (၅ရက်အတွင်း) ထုတ်ပေးမည် ဖြစ်ပါသည်။
မှတ်ချက်	Certificate of Analysis (COA) ဓါတ်ခွဲ စစ်ဆေးချက်လက်မှတ်အား လာရောက်ထုတ်ယူရန် အကြောင်းကြားပေးပါသည်။
လျှောက်ထားရမည့်နေရာ	ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန

(၂-၉) အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် တင်သွင်းခွင့်ထောက်ခံချက် (Import Certificate – IC) ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ဘဏ်၏ ငွေလက်ခံနှင့် တင်သွင်းခွင့်ထောက်ခံချက် လျှောက်လွှာကို တင်ပြရမည်။ (ခ) တင်သွင်းသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက ကုမ္ပဏီ Letter Head ဖြင့် ကိုယ်စားလှယ် လွှဲစာပါရှိရမည်။ (ဂ) စိုက်ပျိုးရန်အတွက်ဖြစ်ပါက (၁) ကြံ (သကြားထွက်သီးနှံဌာနခွဲမှ ထောက်ခံချက်) (၂) နှစ်ရှည်ပင် (နှစ်ရှည်သီးနှံဌာနခွဲမှ ထောက်ခံချက်) (၃) မျိုးစေ့နှင့် အပင် (မျိုးစေ့ဌာနခွဲမှ ထောက်ခံချက်) (၄) သစ်တောထွက်အပင် (သစ်တောဦးစီးဌာနမှ ထောက်ခံချက်) ပါရှိရမည် ဖြစ်ပါသည်။
လုပ်ငန်းစဉ်အဆင့်	လျှောက်လွှာပြည့်စုံမှု ရှိ မရှိ စစ်ဆေးပြီး မှတ်ပုံတင် စာရင်းရေးသွင်းခြင်း၊ IC သက်တမ်း (၃) လ တွက်ချက် ခြင်း၊ IC နံပါတ်ရယူခြင်းနှင့် ကွန်ပြူတာတွင် ဒေတာအချက်အလက်များ ထည့်သွင်းခြင်း၊ ပရင့်ထုတ်ခြင်း၊ တံဆိပ်တုံးနှင့် ဖောင်းကြွစာလုံးများ ရိုက်နှိပ်ခြင်း၊ တာဝန်ခံအရာရှိမှ လက်မှတ်ရေးထိုးခြင်း။
ဝန်ဆောင်ခ	တင်သွင်းခွင့်ထောက်ခံချက် လက်မှတ်တစ်စောင်အတွက် အခကြေးငွေ ၃၀၀၀၀ ကျပ်
ကြာမြင့်ချိန်	လျှောက်လွှာစာရင်းသွင်းလက်ခံပြီးချိန်မှ (၃) ရက်
မှတ်ချက်	(ရုံးပိတ်ရက်မပါ။)
လျှောက်ထားရမည့် နေရာ	သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု/ နယ်စပ်စစ်ဆေးရေးစခန်းများ၊ စိုက်ပျိုးရေးဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့်ရာထူး/ အဆင့်	သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု(တာဝန်ခံ)/နယ်စပ်စစ်ဆေးရေးစခန်း (တာဝန်ခံ) များ၊ စိုက်ပျိုးရေးဦးစီးဌာန

(၂-၁၀) အပင်နှင့်အပင်ထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (Phytosanitary Certificate – PC) ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	ဘဏ်၏ ငွေလက်ခံနှင့် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံ လက်မှတ် လျှောက်လွှာကို တင်ပြရမည်။
လုပ်ငန်းစဉ်အဆင့်	(က) ပြည်ပသို့ မတင်ပို့မီ (သင်္ဘော/လေယာဉ်/ကားမတင်မီ) ကြိုတင် လျှောက်ထားခြင်း၊ (ခ) တင်ပို့မည့်အပင်နှင့် အပင်ထွက်ပစ္စည်း၏ ကိုယ်စားပြု နမူနာနှင့်အတူ မိမိတင်ပို့မည့် နိုင်ငံ၏ တင်သွင်းရန် သတ်မှတ်ချက်/ လိုအပ်ချက်အား သိရှိပြီး ယင်းလိုအပ် ချက်နှင့်အညီ လျှောက်ထားခြင်း၊ (ဂ) စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပေးသည့် အဆိပ်ငွေ့ မှိုင်းတိုက်ခြင်းလုပ်ငန်းအဖွဲ့မှ ပိုးသတ်ပြီးကြောင်း ထောက်ခံချက်လက်မှတ် (မူရင်း) ပူးတွဲတင်ပြခြင်း၊ (ဃ) သစ်တောထွက်ပစ္စည်းဖြစ်ပါက သစ်တောဦးစီးဌာန၏ တရားဝင်ထောက်ခံချက်နှင့် သစ်အတိုင်းစာရင်း ပါရှိခြင်း၊ (င) တင်သွင်းမည့်နိုင်ငံ၏ လိုအပ်ချက်အရ ခွာတ်ခွဲခန်းတွင် စစ်ဆေးရမည့် - ပိုးမွှားများအတွက် စစ်ဆေးရန်ကြာမြင့်ချိန် (၂) ရက် + ပုံမှန် ကြာမြင့်ချိန် (၃) ရက် = (၅) ရက် ဖြစ်ပြီး၊ - ရောဂါများအတွက် စစ်ဆေးရန်ကြာမြင့်ချိန် (၇) ရက် + ပုံမှန် ကြာမြင့်ချိန် (၃) ရက် = (၁၀) ရက် ကြာမြင့်မည်ဖြစ်ပါသည်။
ဝန်ဆောင်ခ	ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ်တစ်စောင်အတွက် အခကြေးငွေ ၃၀၀၀၀ ကျပ်
ကြာမြင့်ချိန်	လျှောက်လွှာစာရင်းသွင်းလက်ခံပြီးချိန်မှ (၃) ရက်
မှတ်ချက်	(ရုံးပိတ်ရက်မပါ။)
လျှောက်ထားရမည့် နေရာ	သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု/ နယ်စပ်စစ်ဆေးရေးစခန်းများ၊ စိုက်ပျိုးရေး ဦးစီးဌာန
အတည်ပြုလက်မှတ်	သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု

ရေးထိုးသည့်ရာထူး/ အဆင့်	ထိန်းချုပ်ရေးဌာနစု/ နယ်စပ်စစ်ဆေးရေးစခန်းများ၊ စိုက်ပျိုးရေး ဦးစီးဌာန

အပင်နှင့်အပင်ထွက်ပစ္စည်းများပြန်လည်တင်ပို့ခြင်း သို့မဟုတ် transit အတွက် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ပြန်လည်တင်ပို့ခြင်း ၁။ လျှောက်လွှာပုံစံနှင့် ဘဏ်၏ ငွေလက်ခံတိုနှင့်အတူ လျှောက်ထားရမည်။ ၂။ မူလတင်ပို့သည့်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (မူရင်း) ပါရှိရမည်။ ၃။ မိမိပြန်လည်တင်ပို့မည့်နိုင်ငံ၏ တင်သွင်းရန် သတ်မှတ်ချက်/ လိုအပ်ချက်များ သိရှိပြီး၊ ယင်းလိုအပ်ချက်နှင့်အညီ လျှောက်ထားရမည်။
လုပ်ငန်းစဉ်အဆင့်	**(က) ပြန်လည်တင်ပို့ခြင်း** ၁။ တစ်ဖက်နိုင်ငံသို့တင်ပို့ခြင်းအတွက် စိုက်ပျိုးရေး ဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှား ရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု/ နယ်စပ်စစ်ဆေးရေးစခန်း၏ စစ်ဆေးမှုခံယူရမည်။ ၂။ မူလတင်ပို့သည့်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (မူရင်း) နှင့် တိုက်ဆိုင်စစ်ဆေးပြီး နောက် ပိုးမွှားရောဂါကင်းရှင်းမှု မရှိခြင်း (သို့မဟုတ်) ပစ္စည်းများ ပြန်လည် ထုပ်ပိုးထားခြင်း/ ပေါက်ပြဲခြင်း တွေ့ရှိပါက ပိုးသတ်ခြင်းကို ဆောင်ရွက်ရမည်။ **(ခ) transit** ၁။ ကြားစခန်းတွင် ခေတ္တရပ်နားပြီး တစ်ဘက်နိုင်ငံသို့ တင်ပို့ခြင်းအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ် ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု/ နယ်စပ်စစ်ဆေးရေးစခန်း၏ စစ်ဆေးမှုခံယူရမည်။ ၂။ တင်သွင်းသည့်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (မူရင်း) ပါရှိရမည်။

	၃။ ယင်းလက်မှတ်နှင့် တိုက်ဆိုင်စစ်ဆေးပြီးနောက် ပိုးမွှား ရောဂါကင်းရှင်းမှုမရှိခြင်း (သို့မဟုတ်) ပစ္စည်းများ ပြန်လည်ထုပ်ပိုးခြင်း/ ပေါက်ပြဲခြင်း တွေ့ရှိပါက ပိုးသတ်ပြီး ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် လျှောက်ထားရမည်။
ဝန်ဆောင်ခ	ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် တစ်စောင်အတွက် အခကြေးငွေ ၃၀၀၀၀ ကျပ်
ကြာမြင့်ချိန်	လျှောက်လွှာစာရင်းသွင်း လက်ခံပြီးချိန်မှ (၃) ရက် (ရုံးပိတ်ရက်မပါ။)
လျှောက်ထားရမည့် နေရာ	သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု/နယ်စပ် စစ်ဆေးရေးစခန်းများ၊ စိုက်ပျိုးရေးဦးစီးဌာန
အတည်ပြု လက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ် ရေးဌာနစု (တာဝန်ခံ)/ နယ်စပ် စစ်ဆေးရေးစခန်း(တာဝန်ခံ)များ၊ စိုက်ပျိုးရေးဦးစီးဌာန

(၂-၁၁) အပင်နှင့်အပင်ထွက်ပစ္စည်းများတင်သွင်းရာတွင် ကုန်ပစ္စည်းများရောက်ချိန်၌ အကောက်ခွန်ဦးစီးဌာန၏ Myanmar Automated Cargo Clearance System (MACCS) စနစ်ကိုကျင့်သုံး၍ လိုက်နာဆောင်ရွက်ခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) မူလတင်ပို့သည့်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (မူရင်း) ပါရှိရမည်။ (ခ) တင်သွင်းခွင့်ထောက်ခံချက် (Import Certificate– IC) မူရင်း ပါရှိရမည်။ (ဂ) OGA test application (ဃ) Bill of Lading (BL) (င) အထက်ဖော်ပြပါ စာရွက်စာတမ်းများကို MACCS စနစ်တွင် Soft Copy ကို Attach ပြုလုပ်၍ Hard Copy ကို သီးနှံကာကွယ်ရေးဌာနခွဲသို့ တင်ပြရမည်။
လုပ်ငန်းစဉ်အဆင့်	ကုန်ပစ္စည်းရောက်ရှိချိန်တွင် (MACCS စနစ်အရ) စစ်ဆေးမှုကို

	ဆောင်ရွက်ခြင်း (က) ကုန်ပစ္စည်းရောက်ရှိချိန်တွင် စစ်ဆေးမှုခံယူရန် စိုက်ပျိုးရေး ဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲသို့ လာရောက် အကြောင်းကြားရမည်။ (ခ) စစ်ဆေးရေးမှူးမှ တင်သွင်းခွင့်ထောက်ခံချက် လက်မှတ်နှင့် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်အား တိုက်ဆိုင်စစ်ဆေးခြင်း၊ ကိုယ်စားပြုနမူနာ (၀.၀၀၅- ၀.၀၁%) အား မျက်မြင်စစ်ဆေးခြင်း၊ လိုအပ်ပါက ကိုယ်စားပြုနမူနာအား ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်း ကို ဆောင်ရွက်မည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	ပိုးမွှားရောဂါကင်းရှင်းပါက MACCS စနစ်တွင် နေ့ချင်းပြီး Agree လုပ်ပေးမည်ဖြစ်ပါသည်။
မှတ်ချက်	(ရုံးပိတ်ရက်မပါ။)
လျှောက်ထားရမည့် နေရာ	သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊ မြဝတီနယ်စပ် ပိုးမွှားရောဂါထိန်းချုပ်ရေးစခန်း စိုက်ပျိုးရေးဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု (တာဝန်ခံ) မြဝတီနယ်စပ်ပိုးမွှားရောဂါထိန်းချုပ်ရေးစခန်း (တာဝန်ခံ) စိုက်ပျိုးရေးဦးစီးဌာန

(၃) မျိုးစေ့လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(၃-၁) စမ်းသပ်စိုက်ပျိုးရန်အတွက် ပြည်တွင်းသို့ အပင်မျိုးသစ်တင်သွင်းခွင့်ထောက်ခံချက် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ*	မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ (၂၀၁၆)၊ ပုံစံ (၁) အရ, - လျှောက်လွှာ (mairs.doa.gov.mm) တွင် ဖြည့်ရန် - အဆိုပြုလွှာမိတ္တူ (ပူးတွဲတင်ပြရန်)

	- တင်သွင်းသည့်နိုင်ငံမှ ဗီဇပြုပြင်ထားသောသီးနှံ ဟုတ် မဟုတ် ထောက်ခံချက် (ပူးတွဲတင်ပြရန်)
လုပ်ငန်းစဉ်အဆင့်	MAIRS ဖြင့်လျှောက်ထားနိုင်သည်။
ဝန်ဆောင်ခ	မရှိပါ
ကြာမြင့်ချိန်	၂၄ နာရီအတွင်း
လျှောက်ထားရမည့် နေရာ	mairs.doa.gov.mm
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ မျိုးစေ့ဌာနခွဲ ၊ အတွင်းရေးမှူး (ကိုယ်စား) တွဲဖက်အတွင်းရေးမှူး၊ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ

*** လျှောက်ထားသူမှ mairs.doa.gov.mm တွင် account registration ပြုလုပ်ပြီးပါက**

(၃-၂) မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိရန် ရည်ရွယ်၍ စမ်းသပ်စိုက်ပျိုးခွင့် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ*	မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ(၂၀၁၆)၊ ပုံစံ၂ (က) အရ, လျှောက်လွှာ (mairs.doa.gov.mm) တွင် ဖြည့်ရန် အောက်ပါတို့ပူးတွဲရန် - မိဘအမည်မှန်ကန်ကြောင်း ထောက်ခံချက် (တစ်ဖက်နိုင်ငံမှ) - မျိုး၏အရည်အချင်းလက္ခဏာများ (တစ်ဖက်နိုင်ငံမှမူရင်း)၊ - ဗီဇပြုပြင်ထားသောသီးနှံ ဟုတ်/မဟုတ် ထောက်ခံချက် (တစ်ဖက်နိုင်ငံမှ)၊ - မျိုးနှင့်ပတ်သက်သည့် ဓါတ်ပုံမှတ်တမ်းများ၊ – မျိုးစေ့နမူနာ (စမ်းသပ်စိုက်ပျိုးခွင့်ပြုပါကပေးပို့ရန်)
လုပ်ငန်းစဉ်အဆင့်	MAIRS ဖြင့်လျှောက်ထားနိုင်သည်။
ဝန်ဆောင်ခ	မရှိပါ။
စမ်းသပ်စိုက်ပျိုးခ	သီးနှံအမျိုးအစား၊ စမ်းသပ်မည့်ဒေသနှင့် စမ်းသပ်မည့်အကြိမ် အရေအတွက်ပေါ်မူတည်ပါသည်။

ကြာမြင့်ချိန်	ရုံးလုပ်ငန်းများအတွက် (၁) ပတ်ဖြစ်ပြီး၊ စမ်းသပ်စိုက်ပျိုးရန် ကြာမြင့်ချိန်သည် သီးနှံနှင့်မျိုးပေါ်မူတည်ပါသည်။
လျှောက်ထားရမည့် နေရာ	mairs.doa.gov.mm
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး (မျိုးစေ့ဌာနခွဲ) အတွင်းရေးမှူး၊မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ

*** လျှောက်ထားသူမှ mairs.doa.gov.mm တွင် account registration ပြုလုပ်ပြီးပါက**

(၃-၃) အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုလက်မှတ် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ(၂၀၁၆)၊ ပုံစံ(၃)အရ လျှောက်လွှာ (mairs.doa.gov.mm) တွင် ဖြည့်ရန် အောက်ပါတို့ပူးတွဲရန် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ သက်ဆိုင်ရာသီးနှံ (စမ်းသပ် စိုက်ပျိုးရသည့်သီးနှံများ (သို့) စမ်းသပ်စိုက်ပျိုး ကင်းလွတ်ခွင့်ပြုသည့် သီးနှံ (သို့) မိဘမျိုးလိုင်းသစ်များ) အလိုက် သတ်မှတ်ပုံစံအတိုင်းပြုစုထားသော စာအုပ်
လုပ်ငန်းစဉ်အဆင့်	MAIRS ဖြင့်လျှောက်ထားနိုင်သည်။
ဝန်ဆောင်ခ	မရှိပါ။
မျိုးသစ်အသိအမှတ်ပြု လက်မှတ်ခ	ကျပ်သုံးသိန်းတိတိ၊ သက်တမ်း (၁၀) နှစ် (ဟင်းသီးဟင်းရွက် မျိုးများနှင့် မိဘလိုင်းများ) ကျပ်ငါးသိန်းတိတိ၊ သက်တမ်း (၁၀) နှစ် (အခြားမျိုးများ)
ကြာမြင့်ချိန်	မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီနှင့် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီအစည်းအဝေးများအား (၃) လ တစ်ကြိမ် ကျင်းပလျက်ရှိပါသည်။ စမ်းသပ်စိုက်ပျိုးခွင့်မှ ကင်းလွတ်ခွင့်ပြုထားသောသီးနှံများကို အနီးစပ်ဆုံးမျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ အစည်းအဝေးတွင် တင်ပြနိုင်မည်ဆိုပါက ကြာမြင့်ချိန် (၃) လ မှ (၄) လ

	အထိ ကြာမြင့်မည်ဖြစ်ပြီး စမ်းသပ်စိုက်ပျိုးရမည့်သီးနှံများ အတွက် စမ်းသပ်စိုက်ပျိုးကြာမြင့်ချိန်မှာ ၃ လမှ ၁၀ လအထိ ကြာမြင့်မည်ဖြစ်ပါသည်။ စပါးသီးနှံဖြစ်ပါက နှစ်ရာသီ စမ်းသပ် စိုက်ပျိုးရမည်ဖြစ်သည့်အတွက် (၁၀) လ အထိ ကြာမြင့်မည် ဖြစ်ပါသည်။
လျှောက်ထားရမည့် နေရာ	mairs.doa.gov.mm
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ဒုတိယဝန်ကြီး (ဥက္ကဋ္ဌ၊ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ) ညွှန်ကြားရေးမှူးချုပ် (အတွင်းရေးမှူး၊ မျိုးစေ့ဆိုင်ရာအမျိုးသား ကော်မတီ)

(၃-၄) မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ*	မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ(၂၀၁၆)၊ ပုံစံ(၈)အရ, – လျှောက်လွှာ (mairs.doa.gov.mm)တွင် ဖြည့်ရန် အောက်ပါတို့ပူးတွဲရန် – မျိုး၏ဓါတ်ပုံမှတ်တမ်းများ - အပင်မျိုးမွေးမြူသူ/ အသိအမှတ်ပြုလက်မှတ်ရရှိသူ/ အဖွဲ့အစည်း၏ သဘောထားမှတ်ချက် - ထုတ်ပိုးမှုပုံစံ (ရှေ့၊ နောက်)
လုပ်ငန်းစဉ်အဆင့်	MAIRS ဖြင့်လျှောက်ထားနိုင်သည်။
ဝန်ဆောင်ခ	မရှိပါ
မျိုးစေ့လုပ်ငန်းလိုင်စင်ခ	ကျပ်သုံးသိန်းတိတိ၊ သက်တမ်း (၅) နှစ်
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၄ ရက်မှ ၅ ရက်
လျှောက်ထားရမည့် နေရာ	mairs.doa.gov.mm
အတည်ပြုလက်မှတ် ရေးထိုးသည့်	ညွှန်ကြားရေးမှူးချုပ် (ဥက္ကဋ္ဌ၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ)

ရာထူး/အဆင့်	

*လျှောက်ထားသူမှ mairs.doa.gov.mm တွင် account registration ပြုလုပ်ပြီးပါက

(၃-၅) မျိုးစေ့အရည်အသွေးစစ်ဆေးခန်းဖွင့်လှစ်ခွင့် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ(၂၀၁၆)၊ ပုံစံ(၅)အရ, လျှောက်လွှာ (mairs.doa.gov.mm) တွင် ဖြည့်ရန် အောက်ပါတို့ပူးတွဲရန် - အဆောက်အဦဓါတ်ပုံ (အတိုင်းအတာ၊ဖွဲ့စည်းပုံ၊စနစ်ပုံ) - မျိုးစေ့အရည်အသွေးစစ်ဆေးခန်းသုံးပစ္စည်းများ - မျိုးစေ့စစ်ဆေးမည့် ကျွမ်းကျင်ဝန်ထမ်းဦးရေ (ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်းအထောက်အထား)
လုပ်ငန်းစဉ်အဆင့်	MAIRS ဖြင့်လျှောက်ထားနိုင်သည်။
ဝန်ဆောင်ခ	မရှိပါ
မှတ်ပုံတင် လက်မှတ်ခ	ကျပ်သုံးသိန်းတိတိ၊ သက်တမ်း (၃) နှစ်
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၃ ရက်မှ ၄ ရက်
လျှောက်ထားရမည့် နေရာ	mairs.doa.gov.mm
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ဒုတိယဝန်ကြီး (ဥက္ကဋ္ဌ၊ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ)

(၃-၆) မျိုးစေ့တင်သွင်းခွင့်၊ တင်ပို့ခွင့်ထောက်ခံချက်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ(၂၀၁၆)၊ ပုံစံ(၁၁) နှင့် (၁၂) အရ, လျှောက်လွှာ (mairs.doa.gov.mm)တွင် ဖြည့်ရန် ပြည်တွင်းသို့ တင်သွင်းခွင့် - အဆိုပြုလွှာမိတ္တူ (သို့မဟုတ်) အဆိုပြုလွှာမိတ္တူနှင့်

	မျိုးစေ့လုပ်ငန်းလိုင်စင် (ပူးတွဲရန်) ပြည်ပသို့ တင်ပို့ခွင့် - အဆိုပြုလွှာမိတ္တူ (ပူးတွဲရန်)
လုပ်ငန်းစဉ်အဆင့်	MAIRS ဖြင့်လျှောက်ထားနိုင်သည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	၂၄ နာရီအတွင်း
လျှောက်ထားရမည့်နေရာ	mairs.doa.gov.mm
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူး (မျိုးစေ့ဌာနခွဲ) အတွင်းရေးမှူး၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ

ပြည်တွင်းသို့ မြေသြဇာတင်သွင်းရန် ထောက်ခံစာလျှောက်လွှာ (Form 8)

သို့

ညွှန်ကြားရေးမှူးချုပ်

စိုက်ပျိုးရေးဦးစီးဌာန

နေပြည်တော်

အကြောင်းအရာ။ ။ ပြည်တွင်းသို့မြေသြဇာတင်သွင်းရန် ထောက်ခံစာလျှောက်ထားခြင်း။

ပြည်တွင်းသို့ မြေသြဇာတင်သွင်းနိုင်ရေးအတွက် ထောက်ခံစာထုတ်ပေးပါရန် လျှောက်ထားပါသည်။

၁။ လျှောက်ထားသူ

(က) အမည် --

(ခ) ကုမ္ပဏီအမည် --

(ဂ) တင်သွင်းခွင့်မှတ်ပုံတင်လက်မှတ်အမှတ်စဉ် -----------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------

နိုင်ငံသားမှတ်ပုံတင်အမှတ် --

၃။ အမြဲတမ်းနေရပ်လိပ်စာ ---

၄။ ပြည်တွင်းသို့ တင်သွင်းလိုသည့်မြေသြဇာ

(က) အမည် --

(ခ) စံချိန်စံညွှန်း ---

(ဂ) ထုတ်ပိုးပစ္စည်း ---

(၁) အမျိုးအစား --

(၂) အရွယ်အစား --

(၃) အသားတင်အလေးချိန် ----------------------------------

၅။ တင်သွင်းလိုသည့် ပမာဏ(မက်ထရစ်တန်/လီတာ) ---------------------------

၆။ ရောင်းချမည့်ဈေးနှုန်း --

၇။ တင်သွင်းလိုသည့်ကာလ ---

၈။ တင်သွင်းမည့်

(က) နိုင်ငံ ------------------------------

(ခ) ဒေသ ------------------------------

(ဂ) ဆိပ်ကမ်း ------------------------------

‘ပူးတွဲ’

(က) မြေသြဇာကော်မတီမှ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ပြည်တွင်းသို့ တင်သွင်းသည့် မြေသြဇာနမူနာကို ဤလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ပါသည်။

(ခ) အရောင်းအဝယ်စာချုပ် မိတ္တူတစ်စောင်ကို ပူးတွဲတင်ပြပါသည်။

____

(လျှောက်ထားသူလက်မှတ်)

ပုံစံ(၁၅)

မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်လွှာ

နေ့စွဲ၊ ----------

သို့

တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး
စိုက်ပျိုးရေးဦးစီးဌာန
---------------------------------- မြို့။

အကြောင်းအရာ။ ။ မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်း။

မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ထုတ်ပေးပါရန် လျှောက်ထားပါသည်။

၁။ လျှောက်ထားသူ
(က) အမည် --
(ခ) ဆိုင်အမည် --

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ --
နိုင်ငံသားမှတ်ပုံတင်အမှတ် --

၃။ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု
(က) အရည်အချင်း --
(ခ) လုပ်ငန်းအတွေ့အကြုံ --

၄။ အမြဲတမ်းနေရပ်လိပ်စာ --

၅။ မြေသြဇာ ဖြန့်ဖြူးရောင်းချမည့်နေရာ --
အဆောက်အဦးလိပ်စာ --
(က) အဆောက်အဦးအမျိုးအစား (အမိုး၊ အကာ၊ အခင်း)----------------------------------
----
(ခ) ဧရိယာအကျယ်အဝန်း --

၆။ ဖြန့်ဖြူးရောင်ချမည့် မြေသြဇာများ

အမှတ်စဉ်	**အမည်**	**စံချိန်စံညွှန်း**	**ထုတ်ပိုးပစ္စည်း**		
			အမျိုးအစား	**အရွယ်အစား**	**အသားတင်အလေးချိန်**
၁။	------------		-------------	-----------------	------------------------
၂။	------------		-------------	-----------------	------------------------
၃။	------------		-------------	-----------------	------------------------
၄။	------------		-------------	-----------------	------------------------
၅။	------------		-------------	-----------------	------------------------

----

လျှောက်ထားသူလက်မှတ်

ပုံစံ(၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင်

ရက်စွဲ-------------------

၁။ လိုင်စင်အမှတ်---

၂။ --ကုမ္ပဏီ/လုပ်ငန်းမှ ဦး/ ဒေါ်---------
---------နိုင်ငံသားစိစစ်ရေးကတ်ပြား/ အမျိုးသားမှတ်ပုံတင်/
နိုင်ငံခြားသားမှတ်ပုံတင်အမှတ်-----------------------------
အားအောက်ဖော်ပြပါကျွမ်းကျင်သူဝန်ထမ်းများ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့်--------------
----
တွင် ရှိသောအဆောက်အအုံ/ သိုလှောင်ရုံများတွင်ဖော်ပြထားသည့် ပိုးသတ်ဆေးများ ထုတ်လုပ်ရန် သို့မဟုတ် ဖော်စပ်ရောင်းချရန် ခွင့်ပြုလိုပါသည်။

အမည်---------------------------	ကျွမ်းကျင်မှုဆိုင်ရာ-------------------
---------------------------	အရည်အချင်း------------------------
---------------------------	----------------------

ထုတ်လုပ်သည့်ပစ္စည်း အမည်	အသုံးပြုသည့် ကုန်သွယ်မှုအမည်	ပါဝင်သောအဆိပ်ရှိပစ္စည်း ပြင်းအား/ ဖော်စပ်ပုံ
-------------------------	-------------------------	----------------------
-------------------------	-------------------------	----------------------
-------------------------	-------------------------	----------------------

စည်းကမ်းချက်များ

(က) လိုင်စင်ရရှိသူသည် ထုတ်လုပ်/ဖော်စပ်မည့် ပိုးသတ်ဆေးနှင့်ပတ်သက်၍ မှတ်ပုံတင် ရရှိပြီး ဖြစ်ရမည်။

(ခ) ထုတ်လုပ်သော ပိုးသတ်ဆေး၏ အရည်အသွေး စံနှုန်းများသည့် မှတ်ပုံတင် သို့မဟုတ် ပြင်ဆင် မှတ်ပုံတင် လက်မှတ်တွင် ဖော်ပြထားသော ပိုးသတ်ဆေး အရည်အသွေးများနှင့် ကိုက်ညီမှုရှိရမည်။

(ဂ) လိုင်စင်ရရှိသူသည် ထုတ်လုပ်မှု သို့မဟုတ် ဖော်စပ်ကြီးကြပ်သူတာဝန်ခံ ပြောင်းလဲလျှင် လိုင်စင် ထုတ်ပေးရာဌာန/ ပုဂ္ဂိုလ်ထံယင်းပြောင်းလဲမှုကို ကြိုတင် အကြောင်းကြားရမည်။

(ဃ) လိုင်စင်ရရှိသူသည် ပိုးသတ်ဆေးတစ်မျိုးမျိုးအား ဖြည့်စွက်ထုတ်လုပ်/ ဖော်စပ်ခြင်းကို ဆောင်ရွက်လိုပါက လိုင်စင်ပါ ပိုးသတ်ဆေးအမည်စာရင်းတွင် ဖြည့်စွက်ထည့်သွင်း နိုင်ရန်အလို့ငှာ လျှောက်လွှာ အသစ်တစ်စောင်ထပ်မံတင်သွင်းရမည်။

(င) မှတ်ပုံတင်အဖွဲ့မှ အတည်ပြုထားသောတံဆိပ်နှင့် အညွှန်းစာ (မြန်မာဘာသာ) ဖော်ပြပါရှိရမည်။

(စ) ကန့်သတ်ထားသော ပိုးသတ်ဆေးအမျိုးအစားကို ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် လက်မှတ်ရသူများကိုသာ ရောင်းချရမည်။

(ဆ) ပိုးသတ်ဆေးဝယ်ယူသူများ၏ အမည်နှင့်နေရပ်လိပ်စာကို ရေးမှတ်ပြီးပြေစာဖြင့် ရောင်းချရမည်။

(ဇ) လိုင်စင်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးရန်နှင့် နောက်ကျပါက သတ်မှတ်သည့် ဒဏ်ကြေးကို ပေးဆောင်ရမည်။ ဖလကျော်လွန်ပါက လိုင်စင်ဖျက်သိမ်းခြင်းခံရမည်။

ရုံးတံဆိပ်

ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

ပုံစံ(၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

ပိုးသတ်ဆေးများပြန်လည်ထုပ်ပိုးရောင်းချခွင့်လိုင်စင်

ရက်စွဲ-----------------

၁။ လိုင်စင်အမှတ်---

၂။ ဦး/ဒေါ်------------------------------ နိုင်ငံသားစိစစ်ရေးကတ်ပြား/ အမျိုးသားမှတ်ပုံတင်/ နိုင်ငံခြားသားမှတ်ပုံတင်အမှတ်------------------------ --------------------------------အား အောက်ဖော်ပြပါ ကျွမ်းကျင်သူ ဝန်ထမ်းများ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့်------------------------------------ --ဒေသတွင် ရှိသော အဆောက်အအုံ/ သိုလှောင်ရုံများတွင်ဖော်ပြထားသည့် ပိုးသတ်ဆေးများအား ပြန်လည်ထုပ်ပိုးရောင်းချ ခွင့်ပြုလိုက်သည်။

အမည်------------------------	ကျွမ်းကျင်မှုဆိုင်ရာ ----------------
------------------------	အရည်အချင်း --------------------
------------------------	--------------------

ပိုးသတ်ဆေး အမည်	အဆိပ်ရှိပစ္စည်း နှင့်ပြင်းအား	ထည့်သွင်း/ ထုပ်ပိုး ပစ္စည်းအရွယ်အစား
--------------------	--------------------	--------------------
-----------------	--------------------	---------------
------------------	------------------	--------------------

စည်းကမ်းချက်များ

(က) ပြန်လည်ထုပ်ပိုးသော ပိုးသတ်ဆေး၏ အရည်အသွေးစံနှုန်းများသည် မှတ်ပုံတင် လက်မှတ်တွင် ဖော်ပြထားသော ပိုးသတ်ဆေး အရည်အသွေး များနှင့် ကိုက်ညီမှုရှိမည်။

(ခ) ပူးတွဲပါတံဆိပ်နှင့် အညွှန်းစာများ(မြန်မာဘာသာဖြင့်) အား ပိုးသတ်ဆေး ထည့်သွင်း/ ထုပ်ပိုးပစ္စည်းတိုင်းတွင်ကပ်ထားရန်နှင့်သုံးစွဲရန် အညွှန်းများကို လည်း ထုပ်ပိုးပစ္စည်း ယူနစ်တိုင်းတွင် ပူးတွဲထည့်သွင်းပေးရမည်။

(ဂ) လိုင်စင်ရရှိသူသည် လမ်းညွှန်ကြီးကြပ်သူတာဝန်ခံ ပြောင်းလဲလျှင် လိုင်စင်ထုတ်ပေးရာဌာန/ ပုဂ္ဂိုလ်ထံယင်းပြောင်းလဲမှုကို ကြိုတင် အကြောင်းကြားရမည်။

(ဃ) လိုင်စင်ကိုင်ဆောင်သူသည် ပိုးသတ်ဆေးတစ်မျိုးမျိုးအား ထပ်မံဖြည့်စွက်၍ ပြန်လည် ထုပ်ပိုးခြင်းဆောင်ရွက်လိုပါက လိုင်စင်ပါ ပိုးသတ်ဆေး အမည်စာရင်းတွင် ထပ်မံဖြည့် စွက်ထည့်သွင်းနိုင်ရန်အလို့ငှာ လျှောက်လွှာ အသစ်တစ်စောင် ထပ်မံတင်သွင်းရမည်။

(င) မှတ်ပုံတင်အဖွဲ့က အတည်ပြုထားသော တံဆိပ်နှင့် အညွှန်းစာ (မြန်မာဘာသာ) ဖြင့် ဖော်ပြပါရှိရမည်။

(စ) ကန့်သတ်ထားသော ပိုးသတ်ဆေးအမျိုးအစားကို ပိုးသတ်ဆေး ကိုင်တွယ် သုံးစွဲခွင့် ရှိသူကိုသာ ရောင်းချရမည်။

(ဆ) ပေါက်ပြဲနေသော ပိုးသတ်ဆေးများကို လုံခြုံအောင်ထုပ်ပိုးပြီးမှ ရောင်းချ ရမည်။

(ဇ) ပိုးသတ်ဆေးဝယ်ယူသူများ၏ အမည်နှင့် နေရပ်လိပ်စာကို ရေးမှတ်ပြီး ပြေစာ ဖြင့် ရောင်းချရမည်။

(ဈ) လိုင်စင်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးရန်နှင့် နောက်ကျပါက သတ်မှတ်သည့် ဒဏ်ကြေးကို ပေးဆောင်ရမည်။ ဖလကျော်လွန်ပါက လိုင်စင်ဖျက်သိမ်းခြင်းခံရမည်။

ရုံးတံဆိပ်

ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

ပုံစံ(၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင်

ရက်စွဲ-------------------

၁။ အဖွဲ့အစည်းအမည်---

၂။ ပုဂ္ဂလိကကုမ္ပဏီဖြစ်ပါကကုန်သွယ်ရေးဝန်ကြီးဌာနတွင်
မှတ်ပုံတင်ထားသည့်မှတ်ပုံတင်အမှတ်---

၃။ အဖွဲ့အစည်း၏နေရပ်လိပ်စာ--

၄။ တာဝန်ခံလျှောက်ထားသူ၏အမည်---

၅။ နိုင်ငံသားစိစစ်ရေးကတ်ပြား/အမျိုးသားမှတ်ပုံတင်/
နိုင်ငံခြားသားမှတ်ပုံတင်အမှတ်---

၆။ တာဝန်ခံလျှောက်ထားသူ၏နေရပ်လိပ်စာ---------------------------------------

၇။ ဆောင်ရွက်လိုသည့် ပိုးသတ်ရေးလုပ်ငန်းများ-----------------------------------

၈။ ပိုးသတ်ရေးလုပ်ငန်းတွင် ကြီးကြပ်ဆောင်ရွက်မည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ၎င်းတို့၏ အရည် အချင်းနှင့် ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်အသိအမှတ်ပြုကတ်ပြားအမှတ်

စဉ်	အမည်	ပညာအရည်အချင်း	ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် အသိအမှတ်ပြုကတ်ပြားအမှတ်
---	----------------------	----------------------	---------------------
---	----------------------	----------------------	---------------------
---	----------------------	----------------------	---------------------

၉။ လုပ်ငန်းဆောင်ရွက်ခွင့်အသိအမှတ်ပြုလွှာထုတ်ပေးသည့်နေ့စွဲ-------------------

၁၀။ လုပ်ငန်းဆောင်ရွက်ခွင့်သက်တမ်းကုန်သည့်နေ့စွဲ-----------------------------

စည်းကမ်းချက်များ

(၁) ပိုးသတ်ဆေးများသိုလှောင်ထားပါက လက်လီလက်ကားရောင်းချခွင့် လိုင်စင်သီးခြား လျှောက်ထားရမည်။

(၂) ကြီးကြပ်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များ၏ အချက်အလက်များပတ်သက်၍ အပြောင်းအလဲ ရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ပြန်လည်တင်ပြရမည်။

(၃) လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂိုလ်များ၏ ပိုးသတ်ဆေးကိုင်တွယ် သုံးစွဲခွင့် လက်မှတ်မိတ္တူနှင့် ရှေးဦးသူနာပြုနည်းများ ဖြေဆိုအောင်မြင်ကြောင်း ထောက်ခံချက် တင်ပြရမည်။

(၄) လိုင်စင်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးရန်နှင့် နောက်ကျပါက သတ်မှတ်သည့် ဒဏ်ကြေးကို ပေးဆောင်ရမည်။ ၆လကျော်လွန်ပါက လိုင်စင် ဖျက်သိမ်းခြင်းခံရမည်။

ရုံးတံဆိပ်

ညွှန်ကြားရေးမှူးချုပ်

စိုက်ပျိုးရေးဦးစီးဌာန

ပုံစံ ၁

သို့

ဥက္ကဋ္ဌ
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်

ရက်စွဲ ----------------------

အကြောင်းအရာ။ စမ်းသပ်စိုက်ပျိုးရန်အတွက် ပြည်တွင်းသို့ အပင်မျိုးသစ်တင်သွင်းခွင့် ထောက်ခံချက် လျှောက်ထားခြင်း

၁။ လျှောက်ထားသူ

(က) အမည်--

(ခ) ကုမ္ပဏီ/အဖွဲ့အစည်းအမည်------------------------------------

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် (မိတ္တူပူးတွဲတင်ပြရန်)--

(ဃ) လူမျိုး၊ နိုင်ငံသား---

(င) ပညာအရည်အချင်း --

(စ) အမြဲတမ်းနေရပ်လိပ်စာ ---------------------------------------

ဖုန်း--

ဖက်(စ်)--

E-mail ---

၂။ ပြည်တွင်းသို့ တင်သွင်းလိုသည့်အပင်မျိုးသစ်

(က) သီးနှံအမည် ----------------------------------

(ခ) မျိုးအမည် ----------------------------------

(ဂ) ထုပ်ပိုးပစ္စည်းအမျိုးအစား ----------------------------------

(ဃ) တင်သွင်းလိုသည့် ပမာဏ (ဂရမ်/ ကီလို) ----------------------------------

၃။ တင်သွင်းမည့်

(က) နိုင်ငံ ----------------------------------

(ခ) ကုမ္ပဏီ/အဖွဲ့အစည်း ----------------------------------

(ဂ) ဆိပ်ကမ်း/လေဆိပ်/နယ်စပ်ဂိတ် ----------------------------------

၄။ လျှောက်လွှာနှင့်အတူပူးတွဲတင်ပြရမည့် အချက်အလက်များ-

(က) အပြည်ပြည်ဆိုင်ရာမျိုးစေ့အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ လုပ်ထုံးလုပ်နည်းနှင့် အညီ စိစစ်ခွင့်ပြုထားသည့် မျိုးစေ့အရည်အသွေး ထောက်ခံချက်မိတ္တူ

(ခ) ပိုးမွှားရောဂါကင်းစင်ကြောင်း ထောက်ခံချက် (သီးနှံကာကွယ်ရေးဌာနခွဲနှင့် ချိတ် ဆက်ဆောင်ရွက်ရန်၊ ပိုးမွှားရောဂါကင်းစင်ကြောင်းထောက်ခံချက်ကို Quarantine Check Point တွင် မျိုးစေ့နှင့်အတူတင်ပြရန်)

(ဂ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ

(ဃ) ဗီဇပြုပြင်ထားသည့်သီးနှံဟုတ်/ မဟုတ် (တစ်ဖက်နိုင်ငံမှ)

(င) အဆိုပြုလွှာမိတ္တူ

(စ) မျိုးစေ့တင်သွင်း၊ တင်ပို့မှတ်ပုံတင်မိတ္တူ

၅။ လျှောက်လွှာပါအချက်အလက်များနှင့် ပူးတွဲတင်ပြထားသောအချက်အလက်များသည် ပြည့်စုံမှန်ကန်ကြောင်း ဝန်ခံပါသည်။

လျှောက်ထားသူလက်မှတ်

ကုမ္ပဏီ/အဖွဲ့အစည်း
အမှတ်တံဆိပ်

ရုံးလုပ်ငန်းအဖွဲ့မှ ဖြည့်စွက်ရန်

လျှောက်လွှာအမှတ်စဉ်-------------------- လျှောက်လွှာလက်ခံရရှိသည့်နေ့စွဲ---------

(လက်မှတ်)
တာဝန်ခံ
ရုံးလုပ်ငန်းအဖွဲ့

ပုံစံ ၂ (က)

သို့

ဥက္ကဋ္ဌ
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ

စာအမှတ် ---------------
ရက်စွဲ ---------------

အကြောင်းအရာ။ မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိရန်ရည်ရွယ်၍ စမ်းသပ်စိုက်ပျိုးခွင့်လျှောက်ထားခြင်း

၁။ လျှောက်ထားသူ

(က) အမည် --

(ခ) ကုမ္ပဏီ/ အဖွဲ့အစည်းအမည် --

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် (မိတ္တူပူးတွဲ၍) --

(ဃ) အမြဲတမ်းနေရပ်လိပ်စာ --
ဖုန်း---
ဖက်(စ်)---
E-mail --

၂။ စမ်းသပ်စိုက်ပျိုးလိုသော အပင်မျိုးသစ်၏ အရည်အသွေးနှင့် အရည်အချင်းလက္ခဏာများ

(က) သီးနှံအမည် -

(ခ) မျိုးအမည် -

(ဂ) မျိုး၏အမျိုးအစား (Variety Type) -
(F_1/OP) -

(ဃ) မူရင်းဒေသ -

(င) မူရင်းအမည်/ မွေးမြူရေးလိုင်းနံပါတ် -

(စ) မိဘအမည် -
(မှန်ကန်ကြောင်းထောက်ခံချက်ပူးတွဲတင်ပြရန်)

(ဆ) ရယူခဲ့သည့်အဖွဲ့အစည်းနှင့်နိုင်ငံ -

(ဇ) စိုက်ပျိုးရန်သင့်တော်သော
- ဒေသ -
- ရာသီ -
- နေ့တာတုံ့ပြန်မှုရှိမရှိ -

- အပူချိန် အနိမ့်၊ အမြင့် –
- မြေမျက်နှာပြင် အနိမ့်၊ အမြင့် –

(ဈ) အသက်ရက် –

(ည) သိသာထင်ရှားသောအရည်အသွေး –
လက္ခဏာများ

၃။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့်အချက်အလက်များ–

(က) တစ်ဖက်နိုင်ငံမှ မျိုး၏အရည်အချင်းလက္ခဏာများ (မူရင်း)

(ခ) ဗီဇပြုပြင်ထားသောသီးနှံဟုတ်/မဟုတ် (ပြည်ပမှ စစ်ဆေးချက်)

(ဂ) မျိုးနှင့်ပါတ်သက်သည့်ဓါတ်ပုံမှတ်တမ်းများ

(ဃ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ

(င) တင်သွင်း၊ တင်ပို့မှတ်ပုံတင်မိတ္တူ

(စ) မျိုးစေ့နမူနာ

ကုမ္ပဏီ/အဖွဲ့အစည်း
အမှတ်တံဆိပ်

တာဝန်ရှိသူ

------------------------- ကုမ္ပဏီ/

အဖွဲ့အစည်း

ရုံးလုပ်ငန်းအဖွဲ့မှ ဖြည့်စွက်ရန်

လျှောက်လွှာအမှတ်စဉ်---------------၊ လျှောက်လွှာလက်ခံရရှိသည့်ရက်စွဲ--------------

(လက်မှတ်)

တာဝန်ခံ

ရုံးလုပ်ငန်းအဖွဲ့

ပုံစံ ၃

သို့

ဥက္ကဋ္ဌ
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်

ရက်စွဲ-------

အကြောင်းအရာ။ အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုလက်မှတ်လျှောက်ထားခြင်း

၁။ လျှောက်ထားသူ

(က) အမည် --

(ခ) လုပ်ငန်းအမျိုးအစား ---
----------- (ကိုယ်တိုင်ထုတ်လုပ်သူ / အခြား)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်/
(မိတ္တူပူးတွဲတင်ပြရန်) ---

(ဃ) လူမျိုး၊ နိုင်ငံသား---

(င) ပညာအရည်အချင်း --

(စ) ကုမ္ပဏီ/အဖွဲ့အစည်းအမည်---

(ဆ) အမြဲတမ်းနေရပ်လိပ်စာ ---
ဖုန်း---
ဖက်(စ်)--
E-mail ---

(ဇ) စမ်းသပ်စိုက်ပျိုးခွင့် လျှောက်လွှာအမှတ်စဉ်နှင့် ရက်စွဲ ------------------------

၂။ လျှောက်ထားသည့်အပင်မျိုးသစ်

(က) အပင်မျိုးသစ်ရယူခဲ့သည့် အဖွဲ့အစည်း/ ဌာန ----------------------------

(ခ) သီးနှံအမည် ---

(ဂ) ရက္ခဗေဒအမည် ---

(ဃ) မျိုးအမည် ---

(င) ဗီဇပြုပြင်သီးနှံဟုတ်/ မဟုတ် --

(စ) မိဘ/ မူရင်းမျိုးအမည် ---

(ဆ) အခြားဒေသ/နိုင်ငံများတွင် မှတ်ပုံတင်ထားခြင်းရှိ/မရှိ ရှိ ☐ မရှိ ☐

(၁) ရှိလျှင် ဒေသ/နိုင်ငံ -------------------- --------------------

(၂) ရက်စွဲ --

(၃) မျိုးအမည်-------- --

(ဇ) မျိုးစေ့ကိုဈေးကွက်တင်ရောင်းချထားခြင်းရှိ/မရှိ ရှိ ☐ မရှိ ☐

(၁) ရှိလျှင် ဒေသ/ နိုင်ငံ --

(၂) ရောင်းချခဲ့သည့်ကာလ --

၃။ လျှောက်လွှာနှင့်အတူပူးတွဲတင်ပြရမည့် အချက်အလက်များ-

(က) အပင်မျိုးသစ်မျိုးစေ့နမူနာ (မိဘမျိုးလိုင်းများနှင့် နှစ်ရှည်သီးနှံများအတွက် မလိုပါ)

(ခ) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ သက်ဆိုင်ရာသီးနှံ (စမ်းသပ်စိုက်ပျိုးရသည့် သီးနှံမျိုးများ/ စမ်းသပ်စိုက်ပျိုးကင်းလွတ်ခွင့်ပြုသီးနှံများ/ မိဘမျိုးလိုင်းသစ်များ) အလိုက် တင်ပြရမည့် စာအုပ်ပုံစံ

၄။ သတ်မှတ်ထားသော မျိုးသစ်အသိအမှတ်ပြု လက်မှတ်ခကို ပေးသွင်းပါမည်ဟု ဝန်ခံကတိပြုပါသည်။

၅။ လျှောက်လွှာပါ အချက်အလက်များနှင့် ပူးတွဲတင်ပြထားသော အချက်အလက်များသည် ပြည့်စုံမှန်ကန်ကြောင်းဝန်ခံပါသည်။

....

လျှောက်ထားသူလက်မှတ်

ကုမ္ပဏီ/အဖွဲ့အစည်း
အမှတ်တံဆိပ်

ရုံးလုပ်ငန်းအဖွဲ့မှ ဖြည့်စွက်ရန်

လျှောက်လွှာအမှတ်စဉ်----------------------လျှောက်လွှာလက်ခံရရှိသည့်နေ့စွဲ-------

(လက်မှတ်)
တာဝန်ခံ
ရုံးလုပ်ငန်းအဖွဲ့

ပုံစံ - ၅

သို့

ညွှန်ကြားရေးမှူး
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်

ရက်စွဲ-------------------------

အကြောင်းအရာ။ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းဖွင့်လှစ်ခွင့် လျှောက်ထားခြင်း

၁။ အဆောက်အဦ အမျိုးအစား (အတိုင်းအတာနှင့် အခန်းဖွဲ့စည်းမှု အသေးစိတ်ကို ဓာတ်ပုံ၊ စနစ်ပုံများနှင့်တကွ ပူးတွဲဖော်ပြရန်)

၂။ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းဖွင့်လှစ်မည့်နေရာလိပ်စာအပြည့်အစုံ

အမှတ် ---------------------------- လမ်း ----------------------------

ရပ်ကွက် ---------------------------- မြို့နယ် ----------------------------

ခရိုင် ---------------------------- တိုင်းဒေသကြီး/ပြည်နယ် ----------------

၃။ အသုံးပြုမည့် မျိုးစေ့အရည်အသွေးစစ်ဆေးခန်းသုံးပစ္စည်းများ(ပူးတွဲတင်ပြရန်)

၄။ မျိုးစေ့စစ်ဆေးမှုကျွမ်းကျင်ဝန်ထမ်းဦးရေ --
(ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်းအထောက်အထား) ပူးတွဲတင်ပြရန်

၅။ လျှောက်ထားသူ

(က)အမည် --

(ခ) ကုမ္ပဏီ/အဖွဲ့အစည်းအမည်--

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်
(မိတ္တူပူးတွဲတင်ပြရန်)--

(ဃ)လူမျိုး၊ နိုင်ငံသား--

(င) ကိုးကွယ်သည့်ဘာသာ --

(စ) ပညာအရည်အချင်း --

(ဆ)အမြဲတမ်းနေရပ်လိပ်စာ --

ဖုန်း--

ဖက်(စ်)--

E-mail --

"မှတ်ချက်"

အသေးစိတ်အချက်အလက်များကိုနောက်ဆက်တွဲဖြင့် ဖော်ပြရမည်။

ပုံစံ - ၈

သို့

ဥက္ကဋ္ဌ
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်

ရက်စွဲ ------------------------

အကြောင်းအရာ။ မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားခြင်း

၁။ လျှောက်ထားသူ

(က) အမည် --

(ခ) ကုမ္ပဏီအမည် --

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်/ ---------------

----

(ဃ) လူမျိုး၊ နိုင်ငံသား --

(င) ပညာအရည်အချင်း --

(စ) အမြဲတမ်းနေရပ်လိပ်စာ --

ဖုန်း --

ဖက်(စ်) --

E-mail --

(ဆ) လုပ်ငန်းအတွေ့အကြုံ --

၂။ လုပ်ကိုင်လိုသည့်မျိုးစေ့လုပ်ငန်း (က) မျိုးစေ့ထုတ်လုပ်ရောင်းချခြင်း ☐

(ခ) ရောင်းဝယ်ဖြန့်ဖြူးခြင်း ☐

(ဂ) တင်သွင်းဖြန့်ဖြူးခြင်း ☐

(ဃ) တင်ပို့ခြင်း ☐

(င) မျိုးစေ့သိုလှောင်ခြင်း ☐

၃။ မျိုးမှတ်ပုံတင်အမှတ် --

၄။ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့်ရက်စွဲ --

၅။ ထုတ်လုပ်မည့် (သို့မဟုတ်) တင်သွင်း/ တင်ပို့မည့် သီးနှံမျိုးစေ့အဆင့် (မိဘမျိုးစေ့/ ဆင့်ပွား မျိုးစေ့/မျိုးသန့်မျိုးပွားမျိုးစေ့/ စီးပွားဖြစ်မျိုးသန့်မျိုးစေ့/ အခြား) ------------------------

----

(က) သီးနှံအမည် --

(ခ) မျိုးအမည်/လိုင်းနံပါတ် --

(ဂ) မိဘမျိုးလိုင်းများ --

ပုံစံ - ၈

၆။ မျိုးစေ့အဆင့်နှင့် ရယူခဲ့သည့်ဌာန/ အဖွဲ့အစည်း

၇။ စိုက်ပျိုးမည့်/ ဖြန့်ဖြူးမည့် မြို့နယ် ----------- ကျေးရွာအုပ်စု ------------ ကျေးရွာ ---------
ကွင်းအမှတ် ------------------------------ ဦးပိုင်အမှတ် ------------------------------------

၈။ စိုက်ပျိုးမည့် ဧရိယာ (ဧက)/ ဖြန့်ဖြူးမည့်ပမာဏ ---

၉။ ထုတ်လုပ်မည့်ကာလအပိုင်းအခြား ---

၁၀။ ပူးတွဲတင်ပြသည့်အထောက်အထားများ

(က) မျိုး၏ဓါတ်ပုံမှတ်တမ်းများ

(ခ) အပင်မျိုးမွေးမြူသူ/ အသိအမှတ်ပြုလက်မှတ်ရရှိသူ/ အဖွဲ့အစည်း၏ သဘောထားမှတ်ချက်

(ဂ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ/အသင်းအဖွဲ့လက်မှတ်မိတ္တူ/ အိမ်ထောင်စုဇယား မိတ္တူနှင့် မှတ်ပုံတင်မိတ္တူ

(ဃ) လိုင်စင်ဓါတ်ပုံ (၂ ပုံ)

(င) ထုတ်ပိုးမှုပုံစံ (ရှေ့၊ နောက်)

(စ) **မျိုးစေ့လုပ်ငန်းလုပ်ကိုင်သူ၏ဝန်ခံကတိ**

၁။ သီးနှံအုပ်စုတစ်ခုချင်းအလိုက် လိုင်စင်သီးခြားလျှောက်ထားပါ မည်။

၂။ မျိုးစေ့စံချိန်စံညွှန်းနှင့်ညီညွတ်ခြင်းရှိ၊ မရှိကိုသက်ဆိုင်ရာမျိုးစေ့အရည်အသွေးစစ်ဆေးခန်းတွင် စစ်ဆေးပါ မည်။

၃။ စိုက်ပျိုးထားသော သီးနှံခင်းများတွင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခံယူပါ မည်။

၄။ ကွင်းဆင်းစစ်ဆေးချက်များကိုသတ်မှတ်နှုန်းထားအတိုင်းပေးသွင်းပါ မည်။

၅။ စစ်ဆေးရမည့် မျိုးစေ့နမူနာပမာဏကို မျိုးစေ့အရည်အသွေး စစ်ဆေးရေး အဖွဲ့မှ မျိုးစေ့နမူနာ လာရောက်ယူပါ က နမူနာပမာဏ အလုံအလောက် ပေးပါ မည်။ မျိုးစေ့အရည်အသွေး စစ်ဆေးခကိုလည်း သတ်မှတ်ထားသည့် နှုန်းအတိုင်း ပေးသွင်းပါ မည်။

၁၁။ လျှောက်လွှာပါ အချက်အလက်များနှင့် ပူးတွဲတင်ပြထားသောအချက်အလက်များသည် ပြည့်စုံမှန်ကန်ကြောင်းဝန်ခံပါ သည်။

ကုမ္ပဏီ/အဖွဲ့အစည်းအ
မှတ်တံဆိပ်

လျှောက်ထားသူလက်မှတ်

ပုံစံ ၁၁

သို့

ဥက္ကဋ္ဌ
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်

ရက်စွဲ ----------------------

အကြောင်းအရာ။ **ပြည်တွင်းသို့ မျိုးစေ့တင်သွင်းရန်အတွက် ထောက်ခံချက် လျှောက်ထားခြင်း**

၁။ လျှောက်ထားသူ

(က) အမည် --

(ခ) ကုမ္ပဏီ/အဖွဲ့အစည်းအမည် --

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်
(မိတ္တူပူးတွဲတင်ပြရန်)--

(ဃ) လူမျိုး၊ နိုင်ငံသား--

(င) ပညာအရည်အချင်း ---

(စ) အမြဲတမ်းနေရပ်လိပ်စာ ---
ဖုန်း--
ဖက်(စ်)--
E-mail ---

၂။ ပြည်တွင်းသို့ တင်သွင်းလိုသည့် မျိုးစေ့

(က)အမည် ----------------------------------

(ခ) ထုပ်ပိုးပစ္စည်းအမျိုးအစား ----------------------------------

(ဂ) တင်သွင်းလိုသည့် ပမာဏ ----------------------------------
(မက်ထရစ်တန်/ ကီလို) ----------------------------------

၃။ မျိုးမှတ်ပုံတင်အမှတ် ----------------------------------

၄။ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့်ရက်စွဲ----------------------------------

၅။ တင်သွင်းမည့်

(က) နိုင်ငံ ----------------------------------

(ခ) ကုမ္ပဏီ/အဖွဲ့အစည်း ----------------------------------

(ဂ) ဆိပ်ကမ်း/လေဆိပ်/နယ်စပ်ဂိတ် ----------------------------------

၆။ လျှောက်လွှာနှင့်အတူပူးတွဲတင်ပြရသည့်အချက်အလက်များ–

(က) အဆိုပြုလွှာမိတ္တူ

(ခ) သက်ဆိုင်ရာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ မျိုးစေ့အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ခွင့်ပြုထားသည့် မျိုးစေ့အရည်အသွေးထောက်ခံချက် မိတ္တူ

(ဂ) ပိုးမွှားရောဂါကင်းစင်ကြောင်းထောက်ခံချက်
(သီးနှံကာကွယ်ရေးဌာနခွဲနှင့်ချိတ်ဆက်ဆောင်ရွက်ရန်၊
ပိုးမွှားရောဂါကင်းစင်ကြောင်းထောက်ခံချက်ကို Quarantine Check Point တွင် မျိုးစေ့နှင့်အတူတင်ပြရန်)

(ဃ) တင်သွင်း၊ တင်ပို့မှတ်ပုံတင်မိတ္တူ

၇။ လျှောက်လွှာပါအချက်အလက်များနှင့် ပူးတွဲတင်ပြထားသောအချက်အလက်များသည် ပြည့်စုံ မှန်ကန်ကြောင်းဝန်ခံပါသည်။

ကုမ္ပဏီ/အဖွဲ့အစည်း
အမှတ်တံဆိပ်

လျှောက်ထားသူလက်မှတ်

ရုံးလုပ်ငန်းအဖွဲ့မှ ဖြည့်စွက်ရန်

လျှောက်လွှာအမှတ်စဉ်-------------------- လျှောက်လွှာလက်ခံရရှိသည့်နေ့စွဲ---------

(လက်မှတ်)
တာဝန်ခံ
ရုံးလုပ်ငန်းအဖွဲ့

ပုံစံ ၁၂

သို့

ဥက္ကဋ္ဌ
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်

ရက်စွဲ ----------------------

အကြောင်းအရာ။ ပြည်ပသို့ မျိုးစေ့တင်ပို့ရန်အတွက် ထောက်ခံချက်လျှောက်ထားခြင်း

၁။ လျှောက်ထားသူ

(က) အမည် ---

(ခ) ကုမ္ပဏီ/အဖွဲ့အစည်းအမည်--

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်

(မိတ္တူပူးတွဲတင်ပြရန်)---

(ဃ) လူမျိုး၊ နိုင်ငံသား ---

(င) ပညာအရည်အချင်း ---

(စ) အမြဲတမ်းနေရပ်လိပ်စာ

ဖုန်း--

ဖက်(စ်)---

E-mail ---

၂။ ပြည်ပသို့ တင်ပို့လိုသည့် မျိုးစေ့

(က) အမည် ----------------------------------

(ခ) ထုပ်ပိုးပစ္စည်းအမျိုးအစား ----------------------------------

(ဂ) တင်ပို့လိုသည့် ပမာဏ ----------------------------------

(မက်ထရစ်တန်/ ကီလို) ----------------------------------

၃။ အသိအမှတ်ပြုလက်မှတ်နံပါတ် ----------------------------------

၄။ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့်ရက်စွဲ----------------------------------

၅။ တင်ပို့မည့်

(က) နိုင်ငံ ----------------------------------

(ခ) အဖွဲ့အစည်း ----------------------------------

(ဂ) ဆိပ်ကမ်း/လေဆိပ်/နယ်စပ်ဂိတ် ----------------------------------

၆။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် အချက်အလက်များ-

(က) အဆိုပြုလွှာမိတ္တူ

(ခ) သက်ဆိုင်ရာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ မျိုးစေ့အရည်အသွေး စစ်ဆေးရေး အဖွဲ့၏ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုထားသည့် မျိုးစေ့ အရည်အသွေးထောက်ခံချက် မိတ္တူ

(ဂ) ပိုးမွှားရောဂါကင်းစင်ကြောင်းထောက်ခံချက် (သီးနှံကာကွယ်ရေးဌာနခွဲနှင့်ချိတ်ဆက်ဆောင်ရွက်ရန်၊ ပိုးမွှားရောဂါကင်းစင်ကြောင်းထောက်ခံချက်ကို Quarantine Check Point တွင် မျိုးစေ့နှင့်အတူတင်ပြရန်)

(ဃ) တင်သွင်း၊ တင်ပို့မှတ်ပုံတင်မိတ္တူ

၇။ လျှောက်လွှာပါအချက်အလက်များနှင့် ပူးတွဲတင်ပြထားသော အချက်အလက်များသည် ပြည့်စုံ မှန်ကန်ကြောင်းဝန်ခံပါသည်။

ကုမ္ပဏီ/အဖွဲ့အစည်း
အမှတ်တံဆိပ်

လျှောက်ထားသူလက်မှတ်

ရုံးလုပ်ငန်းအဖွဲ့မှ ဖြည့်စွက်ရန်

လျှောက်လွှာအမှတ်စဉ်-------------------- လျှောက်လွှာလက်ခံရရှိသည့်နေ့စွဲ---------

(လက်မှတ်)
တာဝန်ခံ
ရုံးလုပ်ငန်းအဖွဲ့

(၈) ငါးလုပ်ငန်းဦးစီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်/ အတည်ပြုမိန့်ရရှိပြီးဖြစ်သော ရင်းနှီးမြှုပ်နှံသူသည် ငါးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သောလိုင်စင်များ၊ မှတ်ပုံတင်ခြင်းများနှင့်ထောက်ခံစာများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနလက်အောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနတွင် လျှောက်ထားနိုင်သည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့တွင် ငါးလုပ်ငန်း ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးအား တာဝန်ပေးအပ်ထားပြီး သတင်းအချက်အလက်များ ပေးနိုင်ရန် မိခင်ဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံ မှုကော်မရှင် ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ ငါးလုပ်ငန်းဦးစီးဌာနမှ ငါး လုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သောလိုင်စင်များ၊ မှတ်ပုံတင်ခြင်းများနှင့် ထောက်ခံစာများ လျှောက်ထားရာတွင် လိုအပ်သောအချက်အလက်များကို ပံ့ပိုးပေးလျက် ရှိသည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသော ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇ အရ ငါးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့်အေးခဲခြင်း၊ စည်သွပ်ငါးထုတ်လုပ်ခြင်း၊ ငါး အသားပြားထုတ်လုပ်ခြင်းအပါအဝင် တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ရေညှိနှင့် ရေမှော် ထုတ်လုပ်ခြင်းစသည်တို့သည် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပါဝင် ပါသည်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၇ ပုဒ်မ ၇၅ (ဂ) အရ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင်ပါဝင်သော ရင်းနှီးမြှုပ်နှံမှုများသည် ကော်မရှင်ထံတွင် လျှောက်ထား၍ ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ရရှိခံစားနိုင်ပါသည်။

၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သတ်မှတ်ခြင်းအရ ရေချိုငါးဖမ်း လုပ်ငန်း၊ ၎င်းလုပ်ငန်းနှင့် ဆက်နွယ်သည့်ဝန်ဆောင်မှုလုပ်ငန်းများသည် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်ခွင့်မရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပါဝင်သည်။ ငါးချဉ်ဆိပ်ကမ်း၊ ငါးလေလံဈေး တည်ဆောက်ရေးလုပ်ငန်းနှင့် ရေလုပ်ငန်းဆိုင်ရာ သုတေသန လုပ်ငန်းတို့သည် ပြည်တွင်းရှိနိုင်ငံသား လူပုဂ္ဂိုလ်တစ်ဦးဦး (သို့မဟုတ်) နိုင်ငံသားပိုင် လုပ်ငန်းတစ်ခုခုနှင့် ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် ရင်းနှီးမြှုပ်မှုလုပ်ငန်းများဖြစ်သည်။ သို့ရာတွင် ယင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည်

ငါးလုပ်ငန်းဦးစီးဌာန၏ ဥပဒေလုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းနှင့် အညီဆောင်ရွက်ရမည်။ ငါးသယံဇာတ၊ ငါးမျိုးစိတ်နှင့်ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါသည်။

၅။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ၁၉၉၀ အရ မည်သူမျှလိုင်စင်မရှိဘဲ ကမ်းနီး သို့မဟုတ် ကမ်းဝေးငါးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။ အောက်တွင်ဖော်ပြထားသော လိုင်စင်များနှင့် မှတ်ပုံတင်ခြင်းများကို ငါးလုပ်ငန်းဥပဒေအရ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

(က) ကမ်းဝေးငါးလုပ်ငန်းလိုင်စင်

(ခ) ကမ်းနီးငါးလုပ်ငန်းလိုင်စင်

(ဂ) ငါးသယ်ရေယာဉ်လိုင်စင် (ပြည်တွင်း/ ပြည်ပ)

(ဃ) ရေလုပ်သားမှတ်ပုံတင်ခြင်း

၆။ **သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအရ** မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန်၊ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။ အောက်တွင်ဖော်ပြထားသောလိုင်စင်များကို ဤဥပဒေအရ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

(က) အငှားဂရန်

(ခ) တင်ဒါလိုင်စင်

(ဂ) ငါးဖမ်းကိရိယာများလိုင်စင်

၇။ **ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ ၁၉၈၉** အရ အောက်တွင်ဖော်ပြထားသော လိုင်စင်များ၊ မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်လက်မှတ်များကို ငါးလုပ်ငန်းဦးစီးဌာနတွင် ထုတ်ပေးသွားမည်ဖြစ်သည်။

(က) ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေး ခြင်း (GAqP)၊ (ရုံးချုပ်၊ နေပြည်တော်)

(ခ) စီးပွားဖြစ် ငါးမွေးမြူခြင်းလိုင်စင် (ငါး/ပုစွန်)၊ (တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်း ဦးစီး)

(ဂ) စီးပွားဖြစ် ငါး/ပုစွန်သားဖောက်လိုင်စင်နှင့် အလှမွေးငါးစီးပွားဖြစ် မွေးမြူခြင်းလိုင်စင် (တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီး)

(ဃ) ပို့ကုန်/ သွင်းကုန်ဆိုင်ရာ ရေနေသတ္တဝါအရှင် ကျန်းမာရေးဆိုင်ရာ မှတ်ပုံတင် လက်မှတ်၊ (ငါးရောဂါဌာနစု၊ သာကေတ)

(င) ငါးမွေးမြူခြင်းဆိုင်ရာ ငါးစာ၊ အစာနှင့် ဖြည့်စွက်စာ၊ တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ ဆေးဝါးတင်သွင်းခြင်းအတွက် ထောက်ခံချက်၊ (ရုံးချုပ်၊ နေပြည်တော်)

(စ) ငါးမွေးမြူခြင်းဆိုင်ရာ ငါး/ပုစွန်သား ပေါက်တင်သွင်းခြင်းအတွက် ထောက်ခံ ချက် ထုတ်ပေးခြင်းများ၊ (ရုံးချုပ်၊ နေပြည်တော်)

၈။ အောက်တွင်ဖော်ပြထားသော လိုင်စင်များနှင့် မှတ်ပုံတင်ခြင်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် ထုတ်ပေးသွားမည် ဖြစ်သည်။

(က) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်

(ခ) ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ခွင့်လိုင်စင် (အငယ်စား၊ အလတ်စားလုပ်ငန်း လိုင်စင်) (မြန်မာနိုင်ငံသားများအတွက်သာ)

(ဂ) ငါးချဆိပ်ကမ်းမှတ်ပုံတင်လက်မှတ်

(ဃ) ရေလုပ်ငန်းသုံးရေခဲစက်ရုံမှတ်ပုံတင်လက်မှတ်

၉။ **ရေထွက်ပစ္စည်းသယ်ယူသည့် အထောက်အထားလက်မှတ်**ကို ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ရုံးတွင် လျှောက်ထားရန်လိုအပ်ပြီး ယင်းကို ရေချိုနှင့် ရေငန် သို့မဟုတ် ငါးမွေးမြူ ကန်များမှ ရေထွက်ပစ္စည်းများကို တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်နိုင်ရန်အတွက် လိုအပ်ပါသည်။

၁၀။ **ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် အအေးခန်းစက်ရုံနှင့် ငါးပေါင်းမှုန့်စက်ရုံ လိုင်စင်** အတွက် ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ထံတွင် လျှောက်ထားရမည် ဖြစ်သည်။

၁၁။ ရေထွက်ပစ္စည်းများအား လက်ခစားအပ်ကုန်စနစ် (Contract Processing – CMP) ဖြင့် ထောက်ခံချက်ပေးခြင်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အဓိကရည်ရွယ်ချက်မှာ ကုမ္ပဏီများမှ လက်ခစားအပ်ကုန်စနစ်ဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ကုန်သွယ်ရေးဦးစီးဌာနသို့ ထောက်ခံချက်ပေးရန်အတွက် ဖြစ်ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့သည် တင်သွင်းလာသော ရေထွက်ပစ္စည်းများကို

ကွင်းဆင်းစစ်ဆေးခြင်းနှင့် ယင်းသို့စစ်ဆေးရာတွင် ပြုပြင်ထုတ်လုပ်မှုမတိုင်မီနှင့် ပြုပြင်ထုတ်လုပ်နေစဉ်အတွင်း စစ်ဆေးမှုကို ဆောင်ရွက်သွားမည် ဖြစ်သည်။

(၁) ပင်လယ်ငါးလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

(၁-၁) ကမ်းဝေးငါးဖမ်းလိုင်စင်

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကမ်းဝေးငါးဖမ်းလိုင်စင်လျှောက်လွှာ (ခ) ငါးဖမ်းရေယာဉ်၏ သတ်မှတ်ချက်များ (ဂ) ငါးဖမ်းရေယာဉ်လိုင်စင် (မိတ္တူ) (ဃ) ငါးဖမ်းရေယာဉ်၏ ဓာတ်ပုံများ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ကမ်းဝေးငါးဖမ်းလိုင်စင် လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးရုံး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးရုံး ငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ကမ်းဝေးငါးဖမ်းလိုင်စင်ကို ထုတ်ပေးမည်။
ဝန်ဆောင်ခ	ဝန်ဆောင်ခ မရှိပါ။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရ ကမ်းဝေး ငါးဖမ်းရေယာဉ်မှ နိုင်ငံတော်ပြည်ထောင်စုငွေစာရင်းသို့ ပေးဆောင်ရသည့် ငါးစိုခွန်၊ လေ့ခွန်၊ ကိရိယာခွန်၊ မှတ်ပုံတင်ကြေးများကို လိုင်စင်ကြေးအဖြစ် ကောက်ခံပါသည်။
ကြာမြင့်ချိန်	ကမ်းဝေးငါးဖမ်း လိုင်စင်လျှောက်ထားခြင်းအတွက် တင်ပြရန် လိုအပ်မည့် အထောက်အထားများပြည့်စုံပါက (၁) ရက်အတွင်း လိုင်စင်ထုတ်ပေးမည်ဖြစ်ပါသည်။
လျှောက်ထားရမည့် နေရာ	ပြည်နယ် (သို့) တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနရုံး
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/	ညွှန်ကြားရေးမှူး၊

အဆင့်	ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
သတ်မှတ်ချက်များ	• ဤလိုင်စင်ကို ငါးဖမ်းရေယာဉ်ပေါ်တွင် အစဉ်အမြဲသိမ်းဆည်းထားရမည်။ • သက်ဆိုင်ရာစစ်ဆေးရေးမှူးက စစ်ဆေးသောအခါ ပြသရမည်။ • မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ခွင့်ပြုသည့်ဒေသ၊ ခွင့်ပြုသည့် ငါးလုပ်ငန်းနှင့် ငါးဖမ်းကိရိယာကိုသာ လုပ်ကိုင်ခွင့်ရှိသည်။ • နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။ • ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ရေလုပ်သားကိုသာ တင်ဆောင်ရမည်။ • ကမ်းဝေးငါးဖမ်းဒေသမှာ ပူးတွဲရေပုံအရကမ်းခြေမှ (၁၀) မိုင်အပြင်ဘက်တွင် ငါးဖမ်းဆီးရန်ဖြစ်သည်။ • ဤလိုင်စင်ရရှိသူသည် ငါးလုပ်ငန်းဦးစီးဌာနမှ လိုအပ်၍ တောင်းခံသည့် စာရင်းဇယားနှင့်အချက်အလက်များကို ပြည့်စုံစွာတင်ပြပေးရမည်။ • ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲလိုင်စင်ပါ အချက်အလက်တစ်စုံတစ်ရာ ပြောင်းလဲခြင်းမပြုရ။ • ငါးဖမ်းဆီးခွင့်ပိတ်ပင်ထားသည့် ကာလမှာ နှစ်စဉ် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားချက်ထုတ်ပြန် သတ်မှတ်သည့် ကာလဖြစ်သည်။ • ငါးဖမ်းရေယာဉ်မှူး သို့မဟုတ် ရေယာဉ်ပိုင်ရှင်သည် ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ရေလုပ်သားများကိုသာ ခန့်အပ်ရမည်။ • ဤကမ်းဝေးငါးဖမ်းလိုင်စင်ကို လိုင်စင်ပေါ်တွင် ပြသထား

	သော သက်တမ်းမကုန်ဆုံးမီ ငါးလုပ်ငန်းဦးစီးဌာနတွင် သက်တမ်းတိုးရမည်။

(၁-၂) ကမ်းနီးငါးဖမ်း/ငါးသယ်လိုင်စင်

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကမ်းနီးငါးဖမ်း/ငါးသယ်လိုင်စင် လျှောက်လွှာ (ခ) ငါးဖမ်းရေယာဉ်၏ သတ်မှတ်ချက်များ (ဂ) ငါးဖမ်းရေယာဉ်လိုင်စင်(မိတ္တူ) (ဃ) ငါးဖမ်းရေယာဉ်၏ခေတ်ပုံများ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ကမ်းနီးငါးဖမ်းလိုင်စင် လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို မြို့နယ်ရုံးငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြ လျှောက်ထားရမည်။ (ခ) မြို့နယ်ရုံးငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ကမ်းနီးငါးဖမ်း/ ငါးသယ်လိုင်စင်ကို ထုတ်ပေးမည်။
ဝန်ဆောင်ခ	ဝန်ဆောင်ခ မရှိပါ။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရ ပေးဆောင်ရသည့် ငါးစိုခွန်၊ လှေခွန်၊ ကိရိယာခွန်၊ မှတ်ပုံ တင်ကြေးများကို ကမ်းနီးလိုင်စင်ကြေးအဖြစ် ကောက်ခံပါသည်။
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများ ပြည့်စုံပါက (၁) ရက် အတွင်း
လျှောက်ထားရမည့် နေရာ	မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/ အဆင့်	မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး
သတ်မှတ်ချက်များ	• ဤလိုင်စင်ကိုရေယာဉ်ပေါ်တွင် အမြဲသိမ်းဆည်းထားရမည်။ • စစ်ဆေးရေးမှူးက စစ်ဆေးသောအခါပြသရမည်။ • ခွင့်ပြုသည့်ဒေသ၊ လုပ်ငန်းနှင့် ကိရိယာကိုသာ လုပ်ကိုင်ခွင့်

	ရှိသည်။ • ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ရေလုပ်သားကိုသာ တင်ဆောင်ရမည်။ • ဦးစီးဌာနမှ တောင်းခံသည့် စာရင်းဇယားနှင့် အချက်အလက်များ ပြည့်စုံစွာတင်ပြပေးရမည်။ • ဤလိုင်စင်ကို လွှဲပြောင်းကိုင်ဆောင်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အချက်အလက်ပြင်ဆင်ခြင်းမပြုလုပ်ရ။ • သက်တမ်းကုန်ဆုံးနေသော လိုင်စင်ဖြင့် လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။ • သတ်မှတ်သည့်မြို့နယ်အတွင်း၌သာ လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည်။ • ရေလမ်းကြောင်းပိတ်ဆို့၍ ငါးဖမ်းဆီးခြင်းမပြုရ။ • ညအချိန်တွင် အခြားရေယာဉ်များမြင်သာအောင် အချက်ပြမီးဖွင့် ထားရမည်။ • ဤကမ်းနီးငါးဖမ်းလိုင်စင်ကို လိုင်စင်ပေါ်တွင် ပြသထားသော သက်တမ်းမကုန်ဆုံးမီ ငါးလုပ်ငန်းဦးစီးဌာနတွင် သက်တမ်းတိုးရမည်။

(၁-၃) ငါးသယ်ရေယာဉ်လိုင်စင် (ပြည်တွင်း/ ပြည်ပ)

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ငါးသယ်ရေယာဉ်လိုင်စင် လျှောက်လွှာ (ခ) ငါးသယ်ရေယာဉ်၏သတ်မှတ်ချက်များ (ဂ) ငါးသယ်ရေယာဉ်၏ဓာတ်ပုံများ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ငါးသယ်ရေယာဉ်လိုင်စင်လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးရုံး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးရုံး ငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို

	စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ငါးသယ်ရေယာဉ်လိုင်စင်ကို ထုတ်ပေးမည်။
ဝန်ဆောင်ခ	လိုင်စင်ကြေးဖြစ်ပါသည်။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရ ကမ်းဝေးငါးသယ်ရေယာဉ်မှ နိုင်ငံတော်ပြည်ထောင်စုငွေစာရင်းသို့ ပေးဆောင်ရသည့် လျှော်ခွန်နှင့် မှတ်ပုံတင်ကြေးများဖြစ်ပါသည်။ အခွန်အခဖြစ်ပါသည်။
ကြာမြင့်ချိန်	တင်ပြလာသောအထောက်အထားများ ပြည့်စုံခဲ့လျှင် အလုပ်လုပ်ရက် (၁) ရက်အတွင်း
လျှောက်ထားရမည့် နေရာ	တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/ အဆင့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
သတိမှတ်ချက်များ	• မိမိအား သယ်ယူပို့ဆောင်ခွင့်ပြုထားသည့် ရေထွက်ပစ္စည်းကို ခွင့်ပြုထားသည့်ရေယာဉ်၊ ပမာဏ၊ဒေသနှင့် အချိန်ကာလအတွင်း သယ်ယူရမည်။ • သယ်ယူပို့ဆောင်သည့်အခါ ဤလိုင်စင်ကို ယူဆောင်သွား၍ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ စစ်ဆေးသောအခါ ပြသရမည်။ • နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာရမည်။ • သက်တမ်းကုန်ဆုံးနေသော လိုင်စင်ဖြင့် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခြင်းမပြုရ။ • သယ်ယူပို့ဆောင်သည့် ရေထွက်ပစ္စည်းများကို နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားဝင်ခွင့်ပြုထားသည့် နည်းလမ်း များဖြင့်သာ လွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း ပြုလုပ်ရမည်။

	• ဤငါးသယ်ရေယာဉ်လိုင်စင်ကို လိုင်စင်ပေါ်တွင် ပြသထားသော သက်တမ်းမကုန်ဆုံးမီ ငါးလုပ်ငန်းဦးစီးဌာနတွင် သက်တမ်းတိုးရမည်။

(၁-၄) ရေလုပ်သားမှတ်ပုံတင်ခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ရေလုပ်သားမှတ်ပုံတင်လျှောက်လွှာ (ခ) ရေလုပ်သား၏နိုင်ငံသားမှတ်ပုံတင်ကတ် (မိတ္တူ) (ဂ) ရေလုပ်သား၏ဓာတ်ပုံများ (ပတ်စ်ပို့အရွယ်)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ရေလုပ်သားမှတ်ပုံတင် လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို မြို့နယ်ရုံးငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) မြို့နယ်ရုံးငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ရေလုပ်သား မှတ်ပုံတင်ကတ်ကို ထုတ်ပေးမည်။
ဝန်ဆောင်ခ	ဝန်ဆောင်ခ မဟုတ်ပါ။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရ တိုင်းဒေသကြီး/ပြည်နယ်ငွေစာရင်းသို့ ရေလုပ်သားမှတ်ပုံတင်ကြေးအဖြစ် ပေးဆောင်ရခြင်းဖြစ်ပါသည်။
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများပြည့်စုံခဲ့လျှင် အလုပ်လုပ်ရက် (၁) ရက်အတွင်း
လျှောက်ထားရမည့်နေရာ	မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၊
အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး
သတိမှတ်ချက်	• ဤရေလုပ်သားမှတ်ပုံတင်ကို မှတ်ပုံတင်ကတ်ပေါ်တွင် ပြသထားသော သက်တမ်းမကုန်ဆုံးမီငါးလုပ်ငန်းဦးစီးဌာနတွင် သက်တမ်းတိုးရမည်။

	• ရေလုပ်သား၏အသက်သည် ၁၈ နှစ်နှင့် အထက် ဖြစ်ရမည်။ • ရေလုပ်သားသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။

(၂) ရေချိုငါးလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

(၂-၁) အငှားဂရန်အင်း/သီးသန့်အင်းငှားရမ်းခွင့် (မြန်မာနိုင်ငံသားများသာလျှင်)

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	**ဂရန်အင်းငှားရမ်းခွင့် လျှောက်လွှာအတွက်** (က) ဂရန်အင်းငှားရမ်းခွင့်လျှောက်လွှာ(Form 2) **သီးသန့်အင်းငှားရမ်းခွင့်လျှောက်လွှာအတွက်** (က) သီးသန့်အင်းငှားရမ်းခွင့်လျှောက်လွှာ(Form 26)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် အငှားဂရမ်အင်း/ သီးသန့်အင်းငှားရမ်းခွင့် လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို မြို့နယ်ရုံးငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) မြို့ရုံးငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီးပြည့်စုံခဲ့လျှင် ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ် (Form 3) ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေအရ ထုတ်ပေးမည်။ (ဂ) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးရုံး ငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် အငှားဂရမ် (Form 6) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေအရ ထုတ်ပေးမည်။
ဝန်ဆောင်ခ	ငါးလုပ်ငန်းဈေးပြိုင်စနစ်ဖြင့်လေလံဆွဲဝယ်ယူခွင့်စနစ်အရ
ကြာမြင့်ချိန်	ရေချိုငါးလုပ်ငန်းရာသီချိန်အလိုက် ဆောင်ရွက်ခြင်း
လျှောက်ထားရမည့် နေရာ	မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၊
အတည်ပြုလက်မှတ်	ညွှန်ကြားရေးမှူး၊

ရေးထိုးသည့် ရာထူး/အဆင့်	ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
သတ်မှတ်ချက်များ	• ရေချိုငါးလုပ်ငန်းနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား (၂) အရ ရေချိုငါးလုပ်ငန်းများအား ဥပဒေပြုခြင်းကိုလည်းကောင်း၊ ပုဒ်မ ၂၅၆ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရေချိုငါးလုပ်ငန်း စီမံခန့်ခွဲခြင်းတို့ကိုလည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသို့ (၁၆-၄-၂၀၁၁) ရက်နေ့မှ စတင်၍ လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ပါသည်။ • အငှားဂရန်အင်း/တင်ဒါများ လေလံ/တင်ဒါ ရောင်းချခြင်းနှင့် ကိရိယာလိုင်စင်ခွန် ကောက်ခံခြင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များမှ ထုတ်ပြန်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနများမှ ဆောင်ရွက်လျက်ရှိပါသည်။ • ရေချိုငါးဖမ်းလုပ်ငန်း၊ ၎င်းလုပ်ငန်းနှင့်ဆက်နွယ်သည့် ဝန်ဆောင်မှုလုပ်ငန်းများသည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်ခွင့်မရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပါဝင်ပါသည်။ (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာ အမှတ် ၁၅/၂၀၁၇)

(၂-၂) တင်ဒါလိုင်စင်

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	တင်ဒါလိုင်စင် လျှောက်လွှာ(Form-8)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် တင်ဒါလိုင်စင် လျှောက်ထားရန်အတွက်တင်ပြရန် လိုအပ်သော အထောက်အထားများကို မြို့နယ်ရုံး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

	(ခ) မြို့နယ်ရုံးငါးလုပ်ငန်းဦးစီးဌာနသည် တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီးပြည့်စုံခဲ့လျှင် တင်ဒါဆွဲ ဝယ်ခွင့်လက်မှတ် (Form 9) ကို သက်ဆိုင်ရာ တိုင်းဒေသ ကြီး/ ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေအရ ထုတ်ပေးမည်။ (ဂ) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးရုံး ငါးလုပ်ငန်းဦးစီး ဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် တင်ဒါလိုင်စင် (Form 12) ကို ရရှိသူသည် တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနသို့ ငါးဖမ်းကိရိယာလိုင်စင်ခွန်ကို ပေးဆောင် ရမည်။
ဝန်ဆောင်ခ	ငါးလုပ်ငန်းတင်ဒါစနစ်အရ
ကြာမြင့်ချိန်	ရေချိုငါးလုပ်ငန်းရာသီချိန်အလိုက် ဆောင်ရွက်ခြင်း
လျှောက်ထားရမည့် နေရာ	မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
သတ်မှတ်ချက်များ	• ရေချိုငါးလုပ်ငန်းနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား(၂) အရ ရေချိုငါး လုပ်ငန်းများအား ဥပဒေပြုခြင်းကိုလည်းကောင်း၊ ပုဒ်မ ၂၅၆ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရေချိုငါးလုပ်ငန်း စီမံခန့်ခွဲခြင်း တို့ကိုလည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ သို့ (၁၆-၄-၂၀၁၁) ရက်နေ့မှ စတင်၍ လွှဲပြောင်းပေးအပ်ထားပြီး ဖြစ်ပါသည်။ • အငှားဂရန်အင်း/ တင်ဒါများ လေလံ/တင်ဒါရောင်းချခြင်းနှင့် ကိရိယာလိုင်စင်ခွန် ကောက်ခံခြင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များမှ ထုတ်ပြန် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ

	တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနများမှ ဆောင်ရွက်လျက်ရှိပါသည်။ • ရေချိုငါးဖမ်းလုပ်ငန်း၊ ၎င်းလုပ်ငန်းနှင့်ဆက်နွယ်သည့် ဝန်ဆောင်မှုလုပ်ငန်းများသည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်ခွင့်မရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပါဝင်ပါသည်။ (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာ အမှတ် ၁၅/၂၀၁၇)

(၂-၃) ငါးဖမ်းကိရိယာလိုင်စင်

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ငါးဖမ်းကိရိယာလိုင်စင် လျှောက်လွှာ(From-8) (ခ) ငါးဖမ်းကိရိယာ၏သတ်မှတ်ချက်များ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို မြို့နယ်ရုံးငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) မြို့နယ်ရုံးငါးလုပ်ငန်းဦးစီးဌာနသည် တင်ပြလာသော အထောက် အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ငါးဖမ်းကိရိယာလိုင်စင် (Form 15) ကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအရ ထုတ်ပေးမည်။
ဝန်ဆောင်ခ	လျှောက်ထားလာသော ငါးဖမ်းကိရိယာ၏ အမျိုးအစားပေါ်တွင် မူတည်၍ လိုင်စင်ဈေးနှုန်းများကို ကောက်ခံသွားမည်။
ကြာမြင့်ချိန်	ရေချိုငါးလုပ်ငန်းရာသီချိန်အလိုက်ဆောင်ရွက်ခြင်း
လျှောက်ထားရမည့် နေရာ	မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး
အတည်ပြုလက်မှတ် ရေးထိုးသည့်	မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး

ရာထူး/အဆင့်	
သတ်မှတ်ချက်များ	• ရေချိုငါးလုပ်ငန်းနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား (၂) အရ ရေချိုငါးလုပ်ငန်းများအား ဥပဒေပြုခြင်းကိုလည်းကောင်း၊ ပုဒ်မ ၂၅၆ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရေချိုငါးလုပ်ငန်းစီမံခန့်ခွဲခြင်းတို့ကိုလည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသို့ (၁၆-၄-၂၀၁၁) ရက်နေ့မှ စတင်၍ လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ပါသည်။ • အငှားဂရန်အင်း/ တင်ဒါများလေလံ/ တင်ဒါရောင်းချခြင်းနှင့် ကိရိယာ လိုင်စင်ခွန်ကောက်ခံခြင်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များမှ ထုတ်ပြန်ပြဋ္ဌာန်းထားသော ဥပဒေ၊နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနများမှ ဆောင်ရွက်လျက်ရှိပါသည်။ • ရေချိုငါးဖမ်းလုပ်ငန်း၊ ၎င်းလုပ်ငန်းနှင့်ဆက်နွယ်သည့် ဝန်ဆောင်မှု လုပ်ငန်းများသည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်ခွင့်မရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပါဝင်ပါသည်။ (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇)

(၃) ငါးမွေးမြူခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

(၃-၁) ကောင်းမွန်သောမွေးမြူရေးကျင့်စဉ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်မည့်အထောက်အထားများ	ကုမ္ပဏီ၏ (Letter Head) ဖြင့်တင်ပြလာသောလျှောက်လွှာ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်အသိအမှတ်ပြုလက်မှတ် လျှောက်ထားရန်အတွက် တင်ပြရန် လိုအပ်သော အထောက်အထားများကို ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြ

	လျှောက်ထားရမည်။ (ခ) ငါးလုပ်ငန်းဦးစီးဌာန၊ GAqP Extension and Inspection Team စစ်ဆေးရေးအဖွဲ့သည် ကွင်းဆင်းစစ်ဆေးပြီး အကြံပြုချက်နှင့်အညီ တင်ပြလာသော အထောက်အထား များကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမည်။
ဝန်ဆောင်ခ	စစ်ဆေးမှုတစ်ကြိမ်အတွက် ၄၈၀၀၀ ကျပ်
ကြာမြင့်ချိန်	တင်ပြလာသောအထောက်အထားများ ပြည့်စုံခဲ့လျှင် အလုပ်လုပ် ရက် ၁၀ ရက်အတွင်း
လျှောက်ထားရမည့် နေရာ	ငါးလုပ်ငန်းဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တာဝန်ခံအရာရှိမှ လက်မှတ် ရေးထိုးခြင်း
သတ်မှတ်ချက်များ	• ဤအသိအမှတ်ပြုလက်မှတ်ကို လက်မှတ်ပေါ်တွင် ပြသထား သော သက်တမ်းမကုန်ဆုံးမီ ငါးလုပ်ငန်းဦးစီးဌာနတွင် သက်တမ်းတိုးရမည်။ • မွေးမြူသူများမှ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် အသိအမှတ်ပြုလက်မှတ် လျှောက်ထားသောအခါ လက်မှတ် ထုတ်ပေးနိုင်ရန်အတွက် GAqP စစ်ဆေးရေးအဖွဲ့မှ မွေးမြူ သည့်နေရာကို စစ်ဆေးအပြီးတွင် အောက်ဖော်ပြပါ အချက်အလက်များနှင့် ကိုက်ညီပါက အသိအမှတ်ပြု လက်မှတ်ကို ငါးမွေးမြူရေးဌာနခွဲ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပေးမည်ဖြစ်သည်။ (က) မွေးမြူသည့်နေရာသည် ညစ်ညမ်းသော ရေများနှင့် အဝေးတွင် တည်ရှိရမည်ဖြစ်ပြီး သန့်စင်ကောင်းမွန် သော ရေအရင်းအမြစ်ဖြင့်သာ မွေးမြူခြင်းပြုရမည်။

(ခ) မွေးမြူသည့်ကန်သည် ငါး/ပုစွန် မွေးမြူခြင်း လုပ်ငန်းဆိုင်ရာ လမ်းညွှန်မှုများပေါ်တွင် အခြေခံ၍ တည်ဆောက်ရမည်။

(ဂ) မွေးမြူသည့် ကန်များမှ စိမ့်ထွက်လာသော ရေသည် ပတ်ဝန်းကျင်ရှိ ရေဧရိယာကို ညစ်ညမ်းမှုမရှိစေရ။

(ဃ) မွေးမြူသည့် တိရိစ္ဆာန်များ (ငါး သို့မဟုတ် ပုစွန်)ကို သက်တမ်း မကုန်ဆုံးသေးသော အရည်အသွေးပြည့်မီသည့် ငါးစာများကို ကျွေးမွေး၍မွေးမြူရသည်။

(င) မွေးမြူရေးအစာအမျိုးကို အရိပ်ရ၍ ခြောက်သွေ့အေးမြသောနေရာတွင် သိုလှောင်သိမ်းဆည်းရမည်။ သိမ်းဆည်းသည့်နေရာသည် သန့်ရှင်းရမည်ဖြစ်ပြီး နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်း၊ မိုးရေနှင့် စိုထိုင်းဆမြင့်မားမှု မရှိသောနေရာဖြစ်ရမည်။

(စ) မွေးမြူသော ငါး/ပုစွန်တို့၏ ကျန်းမာရေးနှင့် မွေးမြူသောကန်၏ ရေအရည်အသွေးတို့ကို ပုံမှန်စစ်ဆေးခြင်း ပြုလုပ်ရမည်ဖြစ်ပြီး ငါးရောဂါများ ရောင်တခင်ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ချမှတ်ထားသည့် လမ်းညွှန်မှုများ ကို လိုက်နာရမည်။

(ဆ) မွေးမြူသည့် နေရာသည် အိမ်သာနှင့်နီးသောနေရာ မိလ္လာ ပိုက်နှင့်နီးသော နေရာမဖြစ်ရ။

(ဇ) ငါးစာနှင့်အသုံးပြုသော ပစ္စည်းကိရိယာများကို ပြင်ပရောဂါပိုးမွှားများ ကူးစက်ခြင်းမှ ကာကွယ်ရန် သေချာစွာ သိမ်းဆည်းရမည်။

(ဈ) မွေးမြူသည့်နေရာများတွင် တားမြစ်ထားသော ဆေးဝါးများနှင့် ဓာတုပစ္စည်းများ အသုံးပြုခြင်းကို ရှောင်ကြဉ်ရမည်။

(ည) ငါးနှင့်ပုစွန်များကို တင်ပို့နိုင်ရန်အတွက် ဖမ်းဆီးသည့်အခါ ရောဂါပိုးများ ကူးစက်နေခြင်း ရှိ/မရှိကို သေချာစွာ စစ်ဆေးရမည်။

	(ဠ) ငါးပုစွန်များ တင်ပို့ရန်အတွက် အသုံးပြုသော ကိရိယာများ၊ ရေ နှင့်ရေခဲတို့သည် သန့်ရှင်းမှုရှိရမည်။ (ဥ) မွေးမြူသော ငါး၏အရွယ်အစား၊ မွေးမြူသည့်နေရာ၊ မွေးမြူသည့် ကန်၏အကျယ်၊ ရေ၏အရည်အသွေး၊ အစာကျွေးနှုန်း၊ ဓာတုပစ္စည်းများနှင့် ဆေးဝါးများ အသုံးပြုမှု၊ ရောဂါထိန်းချုပ်ရေး အစီအမံများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမှ ကာကွယ်ရေးအစီအစဉ်များကို သေချာစွာ မှတ်တမ်းတင်ထားရမည်။ (ဎ) မွေးမြူကန်တွင်အိမ်မွေးတိရစ္ဆာန်နှင့် အခြားတိရစ္ဆာန်များဖြစ်သော ကြက်၊ ဝက်၊ နွားများနှင့် တွဲဖက်မွေးမြူခြင်း မပြုရပါ။ (ဎ) တင်သွင်းလာသော ငါးစာနှင့် ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ငါးအစာတောင့်စက်ရုံများမှ ငါးစာ ဖြစ်ရမည်။ (ဏ) မွေးမြူထုတ်လုပ်သော မွေးမြူရေးတွင် အသုံးပြုသော ငါးအစာများသည် တရားဝင်ရေထွက်ကုန်များတွင် ပဋိဇီဝ ဆေးဝါးဓာတ်ကြွင်းများ မရှိရန်စစ်ဆေးအတည်ပြုချက် ရယူရမည်။ (တ) မွေးမြူထုတ်လုပ်သော ရေထွက်ကုန်များတွင် စံချိန်စံညွှန်းနှင့်အညီ မွေးမြူထုတ်လုပ်သော ရေထွက်ကုန်အမှတ်တံဆိပ် (Myanmar GAqP) ဖော်ပြရမည်။

(၃-၂) စီးပွားဖြစ် ငါးမွေးမြူခြင်းလိုင်စင် (ငါး/ ပုစွန်)

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ငါးမွေးမြူခြင်းလိုင်စင်လျှောက်လွှာ (Form b) (ခ) မွေးမြူသည့် မြေနေရာ သို့မဟုတ် ရေ၏ အမျိုးအစားနှင့် သက်ဆိုင်သည့် အချက်အလက်များ (ဂ) မွေးမြူမည့် လန (၃၉) ရပြီးဖြစ်သော မြေနေရာနှင့်

	သက်ဆိုင်သော အချက်အလက်များ (ပုံစံ ၁၀၅ ကို တွဲ၍တင်ပါ) (ဃ) ငါး/ပုစွန်သားပေါက် မွေးမြူမည့်မြေနေရာနှင့် ဧရိယာ၏ မြေပုံအကြမ်း
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် စီးပွားဖြစ် ငါးမွေးမြူခြင်းလိုင်စင် လျှောက်ထားရန်အတွက် တင်ပြရန် လိုအပ်သော အထောက်အထားများကို ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးရုံး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးရုံးငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် စီးပွားဖြစ် ငါးမွေးမြူခြင်းလိုင်စင်ကို ငါးမွေးမြူခြင်း သြဆိုင်ရာဥပဒေအရ ထုတ်ပေးမည်။
ဝန်ဆောင်ခ	**လိုင်စင်နှုန်းများ** **ငါးမွေးမြူသည့်စနစ်အပေါ်တွင် မူတည်၍ လိုင်စင်နှုန်းများမှာ–** ၁။ Extensive system ၃၀၀ ကျပ်/ဧက ၂။ Extensive plus system ၃၀၀ ကျပ်/ဧက ၃။ Semi-intensive system ၁၀၀၀ ကျပ်/ဧက **ငါးမွေးမြူသည့် နေရာပေါ်တွင် မူတည်၍ လိုင်စင်နှုန်းများမှာ–** ၁။ ရန်ကုန်နှင့် ဧရာဝတီ ၃၀၀၀ ကျပ်/ဧက ၂။ စစ်ကိုင်း၊ မန္တလေး၊ ပဲခူးနှင့်မွန်ပြည်နယ် ၁၅၀၀ ကျပ်/ဧက ၃။ အခြားတိုင်းဒေသကြီးများ ၉၀၀ ကျပ်/ဧက ၄။ လှောင်အိမ်စနစ်ဖြင့် မွေးမြူခြင်း (၁၀x၁၀x၁၀) ပေ ၂၀၀ကျပ်
ကြာမြင့်ချိန်	တင်ပြလာသောအထောက်အထားများ ပြည့်စုံခဲ့လျှင် အလုပ်လုပ်ရက် ၃ ရက်အတွင်း
လျှောက်ထားရမည့်	မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး

နေရာ	
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
သတိမှတ်ချက်များ	• ဤငါးမွေးမြူခြင်းလိုင်စင်ကို လိုင်စင်ပေါ်တွင်ပြသထားသော သက်တမ်းမကုန်ဆုံးမီ ငါးလုပ်ငန်းဦးစီးဌာနတွင် သက်တမ်းတိုးရမည်။ • ဤငါးမွေးမြူခြင်းလိုင်စင်သည် မြေယာပိုင်ဆိုင်မှု အထောက်အထား တစ်ရပ်အနေဖြင့် သက်ဆိုင်ခြင်း မရှိစေရ။ • ဒေသရင်းငါးမျိုးများကိုထိခိုက်စေမည့် ပြည်ပငါးမျိုးများ၊ မွေးမြူထွက်ကုန်များ၏ အရည်အသွေး၊ ရေနေသတ္တဝါရောဂါများနှင့် ပတ်ဝန်းကျင်ကို ထိခိုက်စေမည့် မွေးမြူနည်းစနစ်များဖြင့် မမွေးမြူရ။

(၃-၃) ငါးသားဖောက်စီးပွားဖြစ်လုပ်ငန်း၊ အလှမွေးငါး စီးပွားဖြစ်မွေးမြူခွင့်လိုင်စင်

တင်ပြရန်လိုအပ်မည့်အထောက်အထားများ	ငါးသားဖောက်စီးပွားဖြစ်လုပ်ငန်း၊အလှမွေးငါး စီးပွားဖြစ်မွေးမြူခွင့် လိုင်စင်လျှောက်လွှာ (Form c)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ငါးသားဖောက် စီးပွားဖြစ်လုပ်ငန်း၊ အလှမွေးငါးစီးပွားဖြစ်မွေးမြူခွင့် လိုင်စင်လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးရုံး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးရုံး ငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် စီးပွားဖြစ်ငါးသားဖောက်စီးပွားဖြစ်လုပ်ငန်း၊ အလှပြငါးစီးပွားဖြစ် မွေးမြူခွင့်လိုင်စင်ကို ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေ အပိုဒ်(၁၈) အရ ထုတ်ပေးမည်။

ဝန်ဆောင်ခ	**စီးပွားဖြစ်နူန်းထားများ** • ပုစွန်/ ငါး/ သားပေါက်/ အလှပြငါးပေါက် ၁၀၀၀ ကျပ် • အလှပြငါး မြို့နယ်တစ်မြို့နယ်လျှင် ၁၅၀၀ကျပ် (မွေးမြူသည့်နေရာတစ်နေရာတိုင်းအတွက်) အခြားဒဏ်ကြေးများ လိုင်စင်တစ်ခုလျှင်၂၀၀၀ကျပ်
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျှင် အလုပ်လုပ်ရက် ၂ ပတ် အတွင်း
လျှောက်ထားရမည့်နေရာ	ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနရုံး
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
သတ်မှတ်ချက်များ	ငါးသားဖောက်ခြင်းနှင့် အလှမွေးငါးမွေးမြူခြင်းတွင် အသုံးပြုသော ငါးအစာများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း/ တင်ပို့ခြင်းနှင့် မွေးမြူ ထုတ်လုပ်သော အလှမွေးငါးများ ရောဂါကင်းရှင်းကြောင်း အသိအမှတ်ပြုလက်မှတ် (Health Certificate) တို့ကို ငါးလုပ်ငန်းဦးစီးဌာနတွင် ခွင့်ပြုချက်ရယူရမည်။

(၃-၄) ပို့ကုန်/သွင်းကုန်ဆိုင်ရာ ရေနေသတ္တဝါအရှင်ကျန်းမာရေးဆိုင်ရာမှတ်ပုံတင်လက်မှတ်

တင်ပြရန်လိုအပ်မည့်အထောက်အထားများ	(က) ငါးအရှင်များပြည်ပမှပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့တင်ပို့ခြင်းအတွက် ခွင့်ပြုမိန့် လျှောက်လွှာ (Form d) (ခ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သွင်းကုန်လိုင်စင် (ဂ) ငါးလုပ်ငန်းဦးစီးဌာန၏ ထောက်ခံစာ (ဃ) တင်သွင်းလာသောနိုင်ငံမှ သက်ဆိုင်ရာ၏ ကျန်းမာရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ် (င) အရောင်းအဝယ်စာချုပ်၊ ကုန်မှာစာ၊ ကုန်ပစ္စည်းစာရင်းနှင့်

	ထိန်းသိမ်းစစ်ဆေးရန်အတွက် တင်းသွင်းလာသော တိရစ္ဆာန်နမူနာ (စ) တင်သွင်းလာသောနိုင်ငံ၏ သက်ဆိုင်ရာမှ မွေးမြူသော နေရာနှင့် ရေသတ္တဝါများ၏ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက် (ဆ) ရောဂါစစ်ဆေးရန်အတွက် တိရစ္ဆာန်နမူနာ (ဇ) ငါးလုပ်ငန်းဦးစီးဌာနမှ ခွင့်ပြုထားသော မွေးမြူရန်နေရာ (ဈ) တင်သွင်းခြင်း/တင်ပို့ခြင်းအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ သဘောတူညီချက်
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ပို့ကုန်/သွင်းကုန်ဆိုင်ရာ ရေနေ သတ္တဝါ အရှင်ကျန်းမာရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ် လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြ လျှောက်ထားရမည်။ (ခ) ငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသောအထောက်အထား များကို စစ်ဆေးပြီးပြည့်စုံခဲ့လျှင် ပို့ကုန်/သွင်းကုန်ဆိုင်ရာ ရေနေသတ္တဝါအရှင်ကျန်းမာရေးဆိုင်ရာ မှတ်ပုံတင် လက်မှတ်ကို ထုတ်ပေးမည်။
ဝန်ဆောင်ခ	ရှာဖွေစစ်ဆေးနိုင်သောရောဂါ (၃) မျိုးအတွက် Polymerase Chain Reaction (PCR) စစ်ဆေးမှု နမူနာတစ်ခုလျှင်ခန့်မှန်း ၄၈၀၀၀ ကျပ်
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျှင် ခန့်မှန်း အလုပ်လုပ်ရက် (၇) ရက် အတွင်း
လျှောက်ထားရမည့် နေရာ	ငါးလုပ်ငန်းဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တာဝန်ခံအရာရှိမှ လက်မှတ် ရေးထိုးခြင်း

သတ်မှတ်ချက်များ	ဤလက်မှတ်သည် ထုတ်ပေးသည့် နေ့မှစ၍ (၇) ရက် အတွင်း သာ အကျုံးဝင်သည်။ ငါး (အရှင်) နှင့် ရေချိုကျောက်ပုစွန် (အရှင်)၊ ရေချိုပုစွန်ထုပ်ကြီး၊ (အေးခဲ၊ အရှင်၊ ရေခဲရိုက်)၊ ရေချိုပုစွန်၊ ရေငန်ပုစွန်၊ ပုစွန်ဖြူ တင်သွင်းမှုအတွက် PCR စစ်ဆေးမှုကိုပြုလုပ်ရမည်။

(၄) ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံးဆိုင်ရာလုပ်ထုံးလုပ်နည်းများ

(၄-၁) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကုမ္ပဏီ၏ (Letter Head) ဖြင့်တင်ပြလာသော လျှောက်လွှာ (ခ) ပိုင်ရှင်၏နိုင်ငံသားကတ်မှတ်ပုံတင် (မိတ္တူ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ရေထွက်ပစ္စည်း ရောင်းဝယ် စုဆောင်းခွင့်လိုင်စင် လျှောက်ထားရန်အတွက် တင်ပြရန် လိုအပ်သော အထောက်အထားများကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြ လျှောက်ထားရမည်။ (ခ) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီး ဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ရေထွက်ပစ္စည်းရောင်းဝယ် စုဆောင်းခွင့်လိုင်စင်ကို ထုတ်ပေးမည်။
ဝန်ဆောင်ခ	မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရ ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခွင့် လိုင်စင်ခွန်နှုန်းထားများကို အမျိုးအစား၊ ပမာဏအလိုက် သတ်မှတ်ထားခြင်းဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်ငွေစာရင်းသို့ အခွန်အခအဖြစ် ပေးသွင်းစေလျက်ရှိပါ သည်။ နောက်ဆက်တွဲ ၁ ကို ကြည့်ပါ။
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျှင် အလုပ်လုပ် ရက် ၁ ရက်အတွင်း
လျှောက်ထားရမည့်	တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး

နေရာ	
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
သတ်မှတ်ချက်များ	• ဤလိုင်စင်ကို သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ စစ်ဆေးသည့်အခါ ပြသရမည်။ • နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့် ငါးလုပ်ငန်းဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်နှင့်စည်းကမ်းချက်၊ ကန့်သတ်ချက်များကို တိကျစွာ လိုက်နာရမည်။ • မိမိအား ရောင်းဝယ်ခွင့်ပြုထားသည့် ရေထွက်ပစ္စည်းကို ခွင့်ပြုထားသည့်ဒေသနှင့် အချိန်ကာလအတွင်း သယ်ယူရမည်။ • လိုင်စင်ရရှိသူသည် စုဆောင်းရရှိသည့် ရေထွက်ပစ္စည်း ပမာဏ၊ နေရာဒေသနှင့် ရောင်းချသည့် ရေထွက်ပစ္စည်း ပမာဏ၊ နေရာဒေသတို့ကို လစဉ်သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနမှူးများထံ တင်ပြရမည်။ • လိုင်စင်ရရှိသူသည် ခွင့်ပြုထားသည့်ဒေသတွင်သာ ရေထွက်ပစ္စည်းများ ရောင်းဝယ်ရန်အတွက် စုဆောင်းခွင့်ရှိသည်။ ရောင်းဝယ်သည့် ရေထွက်ပစ္စည်းများကို ဒေသတစ်ခုမှ တစ်ခုသို့ သယ်ယူပို့ဆောင်ရာတွင် သက်ဆိုင်ရာဒေသရှိ ငါးလုပ်ငန်းဦးစီးဌာနမှူးထံမှ သယ်ယူခွင့် မျှောစာလက်မှတ်ဖြင့် သယ်ယူပို့ဆောင်ရမည်။ • ရောင်းဝယ်ခွင့်ရရှိသည့် ရေထွက်ပစ္စည်းများကို နိုင်ငံတော်၏ တည်ဆဲ ဥပဒေနှင့်အညီ တရားဝင်ခွင့်ပြုထားသည့် နည်းလမ်းများဖြင့်သာ လွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း ပြုလုပ်ရမည်။ • ဤလိုင်စင်ကို ငါးလုပ်ငန်းဦးစီးဌာနတွင် သက်တမ်းတိုးလျှောက်ထားနိုင်သည်။

(၄-၂) ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်ခွင့်လိုင်စင် (အငယ်စား၊ အလတ်စားလုပ်ငန်း လိုင်စင်)

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်ခွင့်လိုင်စင် လျှောက်လွှာ (အငယ်စား၊ အလတ်စားလုပ်ငန်းလိုင်စင်) (ခ) ပိုင်ရှင်၏နိုင်ငံသားကတ်မှတ်ပုံတင် (မိတ္တူ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ရေထွက်ပစ္စည်းပြုပြင် ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားရန်အတွက် တင်ပြရန် လိုအပ်သော အထောက်အထားများကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ရေထွက်ပစ္စည်းပြုပြင် ထုတ်လုပ်ခွင့်လိုင်စင် (အငယ်စား၊ အလတ်စားလုပ်ငန်း လိုင်စင်) ထုတ်ပေးမည်။
ဝန်ဆောင်ခ	တစ်နှစ်လျှင် မှတ်ပုံတင်ကြေး ၂၀၀၀ကျပ်
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျှင် အလုပ်လုပ်ရက် ၂ ရက်မှ ၃ အတွင်း
လျှောက်ထားရမည့် နေရာ	တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး
အတည်ပြု လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
သတိမှတ်ချက်များ	• ဤလိုင်စင်ကို အငယ်စား၊ အလတ်စား ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သည့် စက်ရုံ၏ မြင်သာသည့် နေရာတွင် ချိတ်ဆွဲထားရမည်။ • ဤလိုင်စင်ကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးသည့်အခါ ပြသရမည်။

	• နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့် ငါးလုပ်ငန်းဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်နှင့် စည်းကမ်းချက်၊ ကန့်သတ်ချက်များကို တိကျစွာ လိုက်နာရမည်။ • ငါးလုပ်ငန်းဦးစီးဌာနမှ တောင်းသော လိုအပ်သည့် အချက်အလက် အပြည့်အစုံကို ဤလိုင်စင် ကိုင်ဆောင်သူမှ တင်ပြရမည်။ • ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ဤလိုင်စင်ပါ အချက်အလက်များကို ပြင်ဆင်ခြင်း မပြုရ။ • ဤလိုင်စင်ကိုသက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း ငါးလုပ်ငန်းဦးစီးဌာနတွင် သက်တမ်းတိုးလျှောက်ထားရမည်။ • သတ်မှတ်ထားသည့် အချိန်အတွင်း သက်တမ်းတိုး ဆောင်ရွက်ခြင်းမရှိခဲ့လျှင် ဤလိုင်စင်သည် အလိုအလျောက် ပျက်ပြယ်သည်။ လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ဆောင်ခဲ့လျှင် ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်သည်။ • လုပ်ငန်းသည် ယာယီရပ်တန့်ခဲ့လျှင် သို့မဟုတ် ဖျက်သိမ်းခဲ့လျှင် ငါးလုပ်ငန်းဦးစီးဌာနသို့ အကြောင်းကြားရန် လိုအပ်ပြီး၊ လိုင်စင်ကို ဌာနသို့ ပြန်လည်ပေးအပ်ရမည်။ • အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ကောင်းမွန်သော ကုန်ထုတ်လုပ်မှုနည်းစဉ်များ (GMP) နှင့် SSOP လမ်းညွှန်ချက်များကို လိုက်နာရမည်။

(၄-၃) ငါးချဆိပ်ကမ်းမှတ်ပုံတင်လက်မှတ်

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	ကုမ္ပဏီ၏ (Letter Head) ဖြင့်တင်ပြလာသောလျှောက်လွှာ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ငါးချဆိပ်ကမ်း မှတ်ပုံတင်လက်မှတ် လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး

	ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ငါးချဆိပ်ကမ်းမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးမည်။
ဝန်ဆောင်ခ	ဝန်ဆောင်ခ မဟုတ်ပါ။ ငါးချဆိပ်ကမ်းမှတ်ပုံတင်ကြေးကို တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာ ငွေစာရင်းသို့ မှတ်ပုံတင်လိုင်စင်ခအဖြစ် ပေးသွင်းစေလျက်ရှိပါသည်။
ကြာမြင့်ချိန်	သက်ဆိုင်ရာဌာနများ၏ ထောက်ခံစာများ၊ သဘောတူညီချက်နှင့် လိုအပ်သောလိုင်စင်များလျှောက်ထားမှုအပေါ်တွင်မူတည်သည်။
လျှောက်ထားရမည့် နေရာ	တိုင်းဒေသကြီး / ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
သတ်မှတ်ချက်များ	• ဤလိုင်စင်ကိုသက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးသည့်အခါ ပြသရမည်။ • နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့် ငါးလုပ်ငန်းဦးစီးဌာနက အခါအား လျော်စွာထုတ်ပြန်သည့် အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာရမည်။ • ငါး/ပုစွန်များအား ကြမ်းခင်း (မြေနင်းဖက်) တွင် မချရ။ • ငါး/ပုစွန်တင်ချသည့် ဧရိယာတွင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ကွမ်းတံတွေးထွေးခြင်း မပြုလုပ်ရန်၊ သတိပေးဆိုင်းပုဒ်ကပ်ရန်နှင့် လိုက်နာစေရန်။ • ငါးတင်ချရာနေရာတွင် အိမ်မွေးတိရစ္ဆာန်များ၊ ခွေး၊ ကြောင်များ မဝင်ရောက်နိုင်ရေး စီမံထားရှိရမည်။ • ယင်၊ ကြွက်၊ ငှက်များ မရှိစေရေး စီမံဆောင်ရွက်ရန်။ • ငါး/ပုစွန်အတွက်အသုံးပြုသော ရေ၊ ရေခဲသန့်ရှင်းရမည်။

	• ကျန်းမာရေးဝန်ကြီးဌာနတွင် တစ်နှစ်တစ်ကြိမ် အသုံးပြုသော ရေအားဓာတုဆိုင်ရာ စစ်ဆေးမှုခံယူရမည်။ • ဝန်ထမ်းများ တစ်နှစ်တစ်ကြိမ် ဆေးစစ်၍ မှတ်တမ်းထားရှိရမည်။ • ဝန်ထမ်းများသန့်ရှင်းသော ယူနီဖောင်းဝတ်ဆင်ရမည်။ • ငါးတင်/ချရန်လာရောက်မည့် မော်တော်ယာဉ်မှထွက်ရှိသော မီးခိုး၊ ငါး/ပုစွန်နှင့် ထိတွေ့ခြင်းမရှိစေရန် ဆောင်ရွက် ထားရှိရမည်။ • ငါး/ပုစွန်အား အမြန်ဆုံးတင်ချရန် နေရောင်အောက်တွင် မထားရှိရန်။ • ငါး/ပုစွန်၏ အရည်အသွေးမကျစေရန် ရေခဲနှင့် အမြဲထိတွေ့နိုင်ရေး ဆောင်ရွက်ရန်။ • ငါး/ပုစွန်များသယ်ယူရာတွင် အမိုးအကာပါရှိသော ကားများဖြင့်သာ သယ်ယူရန်။

(၄-၄) ရေလုပ်ငန်းသုံး ရေခဲစက်ရုံမှတ်ပုံတင်လက်မှတ်

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	ကုမ္ပဏီ၏ (Letter Head) ဖြင့်တင်ပြလာသောလျှောက်လွှာ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ရေလုပ်ငန်းသုံး ရေခဲစက်ရုံ မှတ်ပုံတင်လက်မှတ် လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) ငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီးပြည့်စုံခဲ့လျှင် ရေလုပ်ငန်းသုံး ရေခဲစက်ရုံ မှတ်ပုံတင် လက်မှတ်ထုတ်ပေးမည်။
ဝန်ဆောင်ခ	တစ်နှစ်လျှင် မှတ်ပုံတင်ကြေး ၅၀၀၀၀ကျပ်
ကြာမြင့်ချိန်	တင်ပြလာသောအထောက်အထားများ ပြည့်စုံခဲ့လျှင် အလုပ်လုပ်

	ရက် ၃ ရက်မှ ၅ ရက်အတွင်း
လျှောက်ထားရမည့်နေရာ	ပြည်နယ် (သို့) တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနရုံး၊
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
သတ်မှတ်ချက်များ	• ဤမှတ်ပုံတင်လက်မှတ်ကို အများမြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရမည်။ • ဤမှတ်ပုံတင်လက်မှတ်ကို မသက်ဆိုင်သူအား လွှဲအပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း မပြုရ။ • ဤမှတ်ပုံတင်လက်မှတ်ပါ အချက်အလက်များကို ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း မပြုရ။ • ဤမှတ်ပုံတင်လက်မှတ် ပျောက်ဆုံးလျှင် မှတ်ပုံတင်လက်မှတ်မိတ္တူကို ထုတ်ပေးပါရန် ငါးလုပ်ငန်းဦးစီးဌာနသို့ ခိုင်လုံသော အထောက်အထားနှင့်အတူ လျှောက်ထားရမည်။ • မှတ်ပုံတင်လက်မှတ် ပျက်စီးလျှင် သို့မဟုတ် မထင်မရှား ဖြစ်လျှင် သို့မဟုတ် မှတ်ပုံတင် လက်မှတ်ပါ အချက်အလက်များ ပြောင်းလဲရန် လိုအပ်လျှင် ငါးလုပ်ငန်းဦးစီးဌာနသို့ မှတ်ပုံတင်လက်မှတ်နှင့် ပူးတွဲတင်ပြရမည်။ • ဤမှတ်ပုံတင်လက်မှတ်ကို ရေခဲထုတ်လုပ်ခြင်း လုပ်ငန်းနှင့် စပ်လျဉ်းသည့်ကိစ္စမှအပ မည်သည့်ကိစ္စတွင်မှ အသုံးမပြုရ။ • မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ နှစ်စဉ်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားရာတွင် ဤမှတ်ပုံတင်လက်မှတ်ကို ပူးတွဲ တင်ပြရမည်။ • သက်တမ်းကုန်ဆုံးပြီး ရက်ပေါင်း ၆၀ အတွင်း သက်တမ်းတိုးမြှင့်လျှောက်ထားပါက သတ်မှတ်သည့် ဒဏ်ကြေးကို ပေးဆောင်ရမည်။ • သက်တမ်းတိုးမြှင့်ရန် လျှောက်ထားခြင်း မရှိပါက မှတ်ပုံတင်

	ပျက်ပြယ်ပြီး ဖြစ်သည်။ • သက်ဆိုင်ရာ စစ်ဆေးရေးမှူးက စစ်ဆေးသည့်အခါ ပြသရမည်။ • ငါးလုပ်ငန်းဦးစီးဌာန ချမှတ်ပေးသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

(၄-၅) ရေထွက်ပစ္စည်းသယ်ယူသည့်ထောက်အထားလက်မှတ်ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	ကုမ္ပဏီ၏ (Letter Head) ဖြင့်တင်ပြလာသောလျှောက်လွှာ
လုပ်ငန်းစဉ်များ	(က) လျှောက်ထားသူသည် ရေထွက်ပစ္စည်း သယ်ယူသည့် အထောက်အထားလက်မှတ် လျှောက်ထားရန်အတွက် တင်ပြရန် လိုအပ်သော အထောက်အထားများကို မြို့နယ်ရုံး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) မြို့နယ်ရုံး ငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီးပြည့်စုံခဲ့လျှင် ရေထွက်ပစ္စည်းသယ်ယူသည့် အထောက်အထားလက်မှတ်ကို ထုတ်ပေးမည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများပြည့်စုံခဲ့လျှင် အလုပ်လုပ်ရက် ၁ ရက်အတွင်း
လျှောက်ထားရမည့် နေရာ	မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၊
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး
သတ်မှတ်ချက်များ	• မွေးမြူထုတ်လုပ်သောရေထွက်ကုန်ဖြစ်လျှင် မည်သည့် မွေးမြူနည်းစနစ်ဖြင့် (ဥပမာ – GAqP စနစ်ဖြင့် မွေးမြူခြင်း (သို့မဟုတ်) ကြက်နှင့်ငါးတွဲဖက်မွေးမြူခြင်း) မွေးမြူသော

	ရေထွက်ကုန် ဖြစ်ကြောင်း ဖော်ပြရမည်။

(၅) ရေထွက်ပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

(၅-၁) မွေးမြူရေးအတွက်လိုအပ်သော ငါးစာ၊ အစာကုန်ကြမ်းနှင့် ဖြည့်စွက်စာ၊ ဆေးဝါး တင်သွင်းခြင်းအတွက် ထောက်ခံချက်

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ (သက်တမ်းရှိ) (ခ) နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှု သက်သေခံထောက်အထား (ဂ) ကိုယ်စားလှယ်လွှဲစာ (ဃ) တင်သွင်းမည့် ကုန်ပစ္စည်း၏ ရောင်စုံဓာတ်ပုံမှတ်တမ်း (င) တင်သွင်းပစ္စည်းများ ရောက်ရှိစဉ်မျက်မြင် အသေးစိတ်စစ်ဆေးမှုဆောင်ရွက်ခြင်း (စ) ငါးစာ၊ အစာကုန်ကြမ်းနှင့်ဖြည့်စွက်စာ၊ ဆေးဝါးများ၏ အရည်အသွေးဆိုင်ရာ (ထုတ်လုပ်မှုရက်စွဲ၊ သက်တမ်းကုန်ဆုံးမှုရက်စွဲအပါအဝင်) နှင့် ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာတို့အား ထုတ်လုပ်သည့် တိုင်းပြည်၏ တာဝန်ရှိအဖွဲ့အစည်း၏ ထောက်ခံချက်ဖြင့် တင်ပြလျှောက်ထားရမည်။ (ဆ) အရောင်းအဝယ်စာချုပ်၊ ကုန်အမှာစာနှင့် Packing List (ဇ) မွေးမြူရေးအစာနှင့်အစာပါဝင်ပစ္စည်းများ ထုတ်လုပ်သည့် မှတ်ပုံတင်စက်ရုံနှင့်စပ်လျဉ်းသည့် လိုအပ်သည့် စာရွက်စာတမ်းများ (ဈ) အစာပါဝင်ပစ္စည်းများ၏ အဟာရဆိုင်ရာပါဝင်မှု (ည) ယခင် တင်သွင်းခဲ့သော ပစ္စည်းများ၏ အရည်အတွက် (မက်ထရစ်တန်) နှင့် တန်ဖိုး (အမေရိကန်ဒေါ်လာ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် တင်ပြရန် လိုအပ်သော အထောက်အထားများကို ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) လျှောက်ထားသော ပစ္စည်းများသည် ကန့်သတ်ထားသည့်

	စာရင်းထဲတွင် မပါဝင်ပါက ထောက်ခံချက်ကို ထုတ်ပေးမည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၁၀ ရက်
လျှောက်ထားရမည့်နေရာ	ငါးလုပ်ငန်းဦးစီးဌာန
အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တာဝန်ခံအရာရှိမှ လက်မှတ်ရေးထိုးခြင်း
သတ်မှတ်ချက်များ	• ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းတွင် အသုံးမပြုရန် ကန့်သတ်ထားသောပစ္စည်းများမှအပ ကျန်ပစ္စည်းများအတွက် ထောက်ခံချက်ကို ထုတ်ပေးမည်ဖြစ်သည်။ • တင်သွင်းမည့် ပစ္စည်းအားလုံးအတွက် ငါးလုပ်ငန်းဦးစီးဌာန၏ ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးချက် လိုအပ်မည်ဖြစ်သည်။

(၅-၂) ငါး/ပုစွန်သားပေါက်၊ အလှမွေးငါးနှင့် မွေးမြူရေးငါးများ တင်သွင်းခြင်းအတွက် ထောက်ခံချက်

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	**ငါး/ပုစွန်သားပေါက်တင်သွင်းခြင်းအတွက်** (က) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ (သက်တမ်းရှိ) (ခ) နိုင်ငံခြားငွေ ရင်းနှီးမြှုပ်နှံမှု သက်သေခံ အထောက်အထား (ဂ) ကိုယ်စားလှယ်လွှဲစာ (ဃ) တင်သွင်းလာသော ငါး/ပုစွန်မျိုးစိတ်များ၏ ရောင်စုံဓာတ်ပုံများ (င) သားပေါက် ထုတ်လုပ်ခြင်းဆိုင်ရာ သမိုင်းကြောင်းနှင့် လုပ်ငန်းအခြေအနေ (စ) သက်ရှိရေနေသတ္တဝါ မျက်မြင်အသေးစိတ် စစ်ဆေးမှုဆောင်ရွက်ခြင်း (ဆ) အရောင်းအဝယ်စာချုပ်၊ ကုန်အမှာစာ

(ဈ) တင်သွင်းလာသောနိုင်ငံမှ မွေးမြူရေးကန်နှင့် ငါးသား ဖောက်လုပ်ငန်း၏ အချက်အလက်နှင့် Profile

(ဈ) ငါးနှင့်ပုစွန်သားပေါက် ထုတ်လုပ်ခြင်းဆိုင်ရာ သမိုင်း ကြောင်းနှင့် လက်ရှိအချက်အလက်

(ည) တင်သွင်းလာသော နိုင်ငံ၏ သက်ဆိုင်ရာမှ ထုတ်ပေးထား သော လုပ်ငန်းလိုင်စင်နှင့် ငါး/ပုစွန်သားပေါက် မွေးမြူခြင်း ဆိုင်ရာထောက်ခံချက်

(ဋ) တင်သွင်းလာသောနိုင်ငံ၏ သက်ဆိုင်ရာမှ ထုတ်ပေးထား သော Fry Movement Document (FMD) နှင့် ထောက်ခံချက်

(တ) တင်သွင်းလာသောနိုင်ငံ၏ သက်ဆိုင်ရာမှ ထုတ်ပေးထား သောတင်သွင်းလာသော ငါး/ပုစွန်သားပေါက်၏ ကျန်းမာရေးထောက်ခံချက်နှင့် ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

(ထ) ယခင်တင်သွင်းခဲ့သော ပစ္စည်းများ၏ အရေအတွက် (သားပေါက်ကောင်ရေ) နှင့် တန်ဖိုး (အမေရိကန်ဒေါ်လာ)

အလှမွေးငါး၊ မွေးမြူရေးငါးများ တင်သွင်းခြင်းအတွက်

(က) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ (သက်တမ်းရှိ)

(ခ) နိုင်ငံခြားငွေ ရင်းနှီးမြှုပ်နှံမှု သက်သေခံ အထောက်အထား

(ဂ) ကိုယ်စားလှယ်လွှဲစာ

(ဃ) တင်သွင်းလာသော ငါး/ပုစွန်မျိုးစိတ်များ၏ ဆက်စပ် ရောင်စုံဓာတ်ပုံများ

(င) သားပေါက် ထုတ်လုပ်ခြင်းဆိုင်ရာ သမိုင်းကြောင်းနှင့် လုပ်ငန်းအခြေအနေ

(စ) သက်ရှိရေနေသတ္တဝါ ဖြစ်သောကြောင့် မျက်မြင်အရ အသေးစိတ် စစ်ဆေးမှုဆောင်ရွက်ခြင်း

(ဆ) အရောင်းအဝယ်စာချုပ်၊ ကုန်အမှာစာ

(ဇ) သက်တမ်းရှိ ငါးမွေးမြူရေးလုပ်ငန်းလိုင်စင်

	(ဈ) တင်သွင်းလာသောနိုင်ငံ၏ သက်ဆိုင်ရာမှ ထုတ်ပေးထားသောတင်သွင်းလာသော အလှမွေး ငါး/ပုစွန်သားပေါက်၏ ကျန်းမာရေးထောက်ခံချက်နှင့် ရောဂါကင်းရှင်းကြောင်း ထောက်ခံချက် (ည) အလှမွေးငါး မွေးမြူသောဧရိယာနှင့် နေရာ (ဋ) တင်သွင်းလာသောနိုင်ငံ၏ သက်ဆိုင်ရာမှ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်နှင့် အလှမွေးငါး/ပုစွန်သားပေါက်မွေးမြူခြင်းဆိုင်ရာ ထောက်ခံချက် (ဌ) တင်သွင်းမည့်ရေနေသတ္တဝါများသည်ဒေသရင်း ငါးမျိုးစိတ်များကို ထိခိုက်စေနိုင်မည့် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထုတ်ပြန်ထားသော အသားစားငါးများနှင့် အခြားငါးများကို တင်သွင်းခွင့်မပြုပါ။ (ဍ) ယခင်တင်သွင်းခဲ့သော ပစ္စည်းများ၏ အရေအတွက် (သားပေါက်ကောင်ရေ) နှင့် တန်ဖိုး (အမေရိကန်ဒေါ်လာ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် တင်ပြရန် လိုအပ်သော အထောက်အထားများကို ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) လျှောက်ထားသည့်ပစ္စည်းများသည် ကန့်သတ်ထားသည့် စာရင်းထဲတွင် မပါဝင်ပါက ထောက်ခံချက်ကိုထုတ်ပေးမည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၁၀ ရက်
လျှောက်ထားရမည့် နေရာ	ငါးလုပ်ငန်းဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ် ကိုယ်စား တာဝန်ခံအရာရှိမှ လက်မှတ်ရေးထိုးခြင်း
သတ်မှတ်ချက်များ	• တင်သွင်းလာသောနိုင်ငံမှ

	တင်ပြလာသောစာရွက်စာတမ်းများ အားလုံးကို English ဘာသာဖြင့်ဖော်ပြရမည်။ • မွေးမြူရေးလုပ်ငန်းတွင် အသုံးမပြုရန်ကန့်သတ်ထားသော ပစ္စည်းများမှအပ ကျန်ပစ္စည်းများအတွက် ထောက်ခံချက်ကို ထုတ်ပေးမည်ဖြစ်သည်။ • တင်သွင်းမည့် ပစ္စည်းအားလုံးအတွက် ငါးလုပ်ငန်းဦးစီးဌာန ၏ ငါးရောဂါဓာတ်ခွဲခန်း စမ်းသပ်စစ်ဆေးချက် ရယူ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

(၆) ရေထွက်ပစ္စည်းများတင်ပို့ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(၆-၁) ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့်အအေးခန်းစက်ရုံနှင့် ငါးပေါင်းမှုန့်စက်ရုံလိုင်စင်

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကုမ္ပဏီ၏ (Letter Head) ဖြင့် တင်ပြလာသော လျှောက်လွှာ (ခ) စည်ပင်သာယာရေးဦးစီးဌာနမှ ခွင့်ပြုလိုင်စင်မိတ္တူ (ဂ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ (ဃ) အခွန်ကိစ္စ စိစစ်ပေးသွင်းပြီးကြောင်းထောက်ခံချက် (င) ပြီးခဲ့သည့်နှစ်၏ လစဉ်ထုတ်လုပ်မှု (စ) ကန့်ကွက်ရန်မရှိကြောင်း သက်ဆိုင်ရာဇုန်/ အဖွဲ့အစည်း ထောက်ခံချက် (ဆ) စက်ရုံဓာတ်ပုံ(၂) ပုံ (ဇ) စက်ရုံပိုင်ရှင် ဓာတ်ပုံ(၂) ပုံ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ရေထွက်ပစ္စည်း ပြုပြင်စက်ရုံ လိုင်စင်နှင့် ငါးပေါင်းမှုန့်စက်ရုံလိုင်စင် လျှောက်ထားရန် အတွက် တင်ပြရန် လိုအပ်သော အထောက်အထားများကို ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာနထံသို့ တင်ပြ လျှောက်ထားရမည်။ (ခ) ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလာသော အထောက် အထားများကို စစ်ဆေးပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီ

	ပြည့်စုံခဲ့လျှင် ရေထွက်ပစ္စည်းပြုပြင်စက်ရုံလိုင်စင်ကို ထုတ်ပေးမည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	တင်ပြလာသောအထောက်အထားများ ပြည့်စုံခဲ့လျှင် အလုပ်လုပ်ရက် ၁ ပတ်အတွင်း
လျှောက်ထားရမည့် နေရာ	ငါးလုပ်ငန်းဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ် ကိုယ်စား တာဝန်ခံအရာရှိမှ လက်မှတ်ရေးထိုးခြင်း
သတ်မှတ်ချက်များ	• ရေထွက်ပစ္စည်း ပို့ကုန်သွင်းကုန်နည်းစနစ်ပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Technical Regulation for Export and Import of Fishery Products) နှင့်အညီ လိုက်နာဆောင်ရွက် ရမည်။ (ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်အမှတ် ၈/ ၂၀၁၈) • လိုင်စင်ပါခွင့်ပြုထားသည့် ရေထွက်ပစ္စည်းအမျိုးအစားကိုသာ ပြုပြင်လုပ်ကိုင်ခွင့်ရှိသည်။ • ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ပြုပြင်ထုတ်လုပ်ရန်နှင့် လိုအပ်ပါက နိုင်ငံတကာဈေးကွက်သတ်မှတ်ချက်၊ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရပါမည်။ • ခွင့်ပြုထားသော ရေထွက်ပစ္စည်းများမှအပ အခြားသော ပစ္စည်းများ ပြုပြင်မွမ်းမံ၊ အေးခဲ၊ သိုလှောင်ခြင်း မပြုရ။ • ရေထွက်ပစ္စည်းများအား GMP/ HACCP စသည့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စနစ်များနှင့်အညီ ပြုပြင်ထုတ်လုပ်ရမည်။ • အထူးသဖြင့်ငါးပေါင်းမှုန့် (Fishmeal) ထုတ်လုပ်သည့် စက်ရုံများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး အတွက် သက်ဆိုင်ရာတာဝန်ရှိ ဌာနကြီးကြပ်မှုအဖွဲ့များမှ

	ချမှတ်ထားသည့်စည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရပါမည်။ • ငါးလုပ်ငန်းဦးစီးဌာနသို့ လုပ်ငန်းလိုင်စင်လျှောက်ထားသည့်အခါ ငါးပေါင်းမှုန့် (Fishmeal) စက်ရုံလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ကန့်ကွက်ရန်မရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိဌာန/ မြို့နယ်/ ခရိုင်အထွေထွေအုပ်ချုပ်ရေး/ ဇုန်ကြီးကြပ်မှုကော်မတီစသည်တို့၏ ထောက်ခံစာတစ်ပါတည်း ပူးတွဲတင်ပြရမည်။

(၆-၂) ကျန်းမာရေးထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကုမ္ပဏီ၏ Letter Head ဖြင့် တင်ပြလာသော လျှောက်လွှာ (ခ) ကုန်ပစ္စည်းစာရင်း (မိတ္တူ) (ဂ) ဓါတ်ခွဲစစ်ဆေးမှုရလဒ် (မူရင်း) (ဃ) ပို့ကုန်ကြေငြာလွှာ (မိတ္တူ) (င) သင်္ဘောတင်ကုန်ပစ္စည်းစာရင်း(မိတ္တူ) (စ) ပြည်ပသို့ရေထွက်ပစ္စည်းများမတင်ပို့မီ ကြိုတင်စစ်ဆေးခြင်း (PEV) အစီရင်ခံစာ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ကုမ္ပဏီ၏ Letter Head ဖြင့် တင်ပြလျှောက်ထားရမည်။ (ခ) တင်ပို့မည့် ရေထွက်ကုန်ပစ္စည်းများမှ နမူနာကိုထုတ်ယူပြီး လူအများစားသုံးရန် သင့်တော်ခြင်း ရှိ မရှိ စစ်ဆေးနိုင်ရန် ငါးလုပ်ငန်း ဦးစီးဌာန၊ ဓါတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရမည်။ (ဂ) ငါးလုပ်ငန်းဦးစီးဌာနမှ စစ်ဆေးရေးမှူးများသည် တင်ပြလာသော အထောက်အထားများကို PEV နှင့်အညီ စစ်ဆေးခြင်း ဆောင်ရွက်ရမည်။ (ဃ) PEV စစ်ဆေးမှု ရလဒ်များအရ ကွဲလွဲချက်များ တစုံတရာ

	မရှိခဲ့လျှင် ညွှန်ကြားရေးမှူးချုပ် ကိုယ်စားတာဝန်ခံအရာရှိမှ လက်မှတ်ရေးထိုး၍ ကျန်းမာရေးထောက်ခံချက် ထုတ်ပေးမည်။ (င) လျှောက်ထားသူသည် ကျန်းမာရေးထောက်ခံချက်ကို ငါးလုပ်ငန်းဦးစီးဌာနတွင် လူကိုယ်တိုင်လာရောက် ထုတ်ယူရမည်။
ဝန်ဆောင်ခ	ဓာတ်ခွဲစမ်းသတ်မှုအတွက် ဝန်ဆောင်ခကောက်ခံပါမည်။ ကောက်ခံမည့်နှုန်းထားများသည် စမ်းသပ်စစ်ဆေးမည့် နမူနာပစ္စည်းအမျိုးအစားပေါ်တွင် မူတည်သည်။
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများပြည့်စုံခဲ့လျှင် နေ့ချင်းပြီး ဆောင်ရွက်ပေးပါသည်။
လျှောက်ထားရမည့်နေရာ	ငါးလုပ်ငန်းဦးစီးဌာန
အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် တာဝန်ခံအရာရှိမှ လက်မှတ် ရေးထိုးခြင်း
သတ်မှတ်ချက်များ	ဤကျန်းမာရေးထောက်ခံချက် လက်မှတ်သည် ပို့ကုန် အခေါက်တိုင်းအတွက် လိုအပ်ပါသည်။

(၇) လက်ခစားအပ်ကုန်စနစ် (CMP) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(၇-၁) ရေထွက်ပစ္စည်းများအား လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်ရန် တင်သွင်းခြင်းအတွက် သွင်းကုန်လိုင်စင်ဆိုင်ရာ ထောက်ခံချက်ထုတ်ပေးခြင်း။

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကုမ္ပဏီ၏ (Letter Head) ဖြင့် တင်ပြလာသော လျှောက်လွှာ (ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (ငါး/ပုစွန်ပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်းနှင့်စပ်ဆက် လုပ်ငန်းများအတွက် ခွင့်ပြုမိန့် (CMP) ပါရှိမည်။ (ဂ) လက်ခစားအပ်ကုန်စနစ်ဖြင့် ရေထွက်ပစ္စည်း ပြုပြင်

	ထုတ်လုပ်ရန်အတွက် ကုန်ကြမ်းထောက်ပံ့သူ ပြည်ပကုမ္ပဏီနှင့် လက်ခစားလုပ်ကိုင်သူကုမ္ပဏီတို့ နှစ်ဦးကြားလုပ်ငန်းစဉ်အပြည့်အစုံ ဖော်ပြလျက် ချုပ်ဆိုထားသောသဘောတူစာချုပ် (ဃ) ကုန်ပို့လွှာ (င) ကုန်ပစ္စည်းစာရင်း (စ) ကျန်းမာရေးထောက်ခံချက် (ဆ) ပင်ရင်းနိုင်ငံဖော်ပြချက် (ဇ) သင်္ဘောတင်ကုန်ပစ္စည်းစာရင်း(မိတ္တူ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် တင်ပြရန်လိုအပ်သော အထောက်အထားများနှင့် ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ဒါရိုက်တာ လက်မှတ်ရေးထိုးထားသည့် ကုမ္ပဏီ၏ Letter Head ဖြင့်လျှောက်လွှာတို့ကို ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာနသို့တင်ပြလျှောက်ထားရမည်။ (ခ) တာဝန်ခံအရာရှိသည် တင်ပြလာသော အထောက်အထားများကို ပြည့်စုံမှု ရှိ မရှိ ကိုစစ်ဆေးမည်။ (ဂ) ပြည့်စုံခဲ့လျှင် ထောက်ခံချက် ထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာညွှန်ကြားရေးမှူးထံသို့ ဆက်လက်တင်ပြသွားမည်။ (ဃ) ညွှန်ကြားရေးမှူး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်၏ လက်မှတ်ကိုရရှိပြီးနောက် မူရင်းထောက်ခံချက်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသို့ တင်သွင်းလိုင်စင်ထုတ်ပေးနိုင်ရန်အတွက် online မှတစ်ဆင့်ပေးပို့ပြီး မူရင်းနှင့် မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးမည်။ (င) ထောက်ခံချက်မိတ္တူကိုလက်ခံရရှိပြီးနောက် လျှောက်ထားသူသည် ကုန်သွယ်ရေးဦးစီးဌာနတွင် တင်သွင်းလိုင်စင် လျှောက်ထားခြင်းကို ဆက်လက် ဆောင်ရွက်ရမည်။

	(စ) တင်သွင်းလိုင်စင်ကို လက်ခံရရှိပြီးနောက် လျှောက်ထားသူအနေဖြင့်လက်ခစား အပ်ကုန်စနစ်ဖြင့် ဆောင်ရွက်ရမည့် ရေထွက်ပစ္စည်းများကို တင်သွင်းနိုင်ပါသည်။ (ဆ) တာဝန်ခံအရာရှိသည် တင်ပြလာသော အထောက်အထားများ ပြည့်စုံခြင်း ရှိ/မရှိကို အောက်ပါ စံချိန်စံညွှန်းများနှင့် စစ်ဆေးမည်- ➢ ရေထွက်ပစ္စည်းအမျိုးအစား ➢ ပမာဏ ➢ တင်သွင်းမည့်နိုင်ငံ ➢ ပြုပြင်ထုတ်လုပ်မှုနည်းစနစ် ➢ ခန့်မှန်းကုန်ချောထွက်ရှိမှုရာခိုင်နှုန်း ➢ MIC ခွင့်ပြုချက်နှင့် ကိုက်ညီမှုရှိ/မရှိ ➢ ပြုပြင်ထုတ်လုပ်သည့် စက်ရုံသည် ပြန်လည်တင်ပို့မည့် ဈေးကွက်ရှိ သက်ဆိုင်ရာနိုင်ငံ၏ Listed/Approved စာရင်းဝင်နိုင်ငံ ဟုတ်/မဟုတ် (ဇ) Register စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိပါသည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျှင် ၁ ပတ်အတွင်း ဆောင်ရွက်ပေးပါသည်။
လျှောက်ထားရမည့်နေရာ	ငါးလုပ်ငန်းဦးစီးဌာန
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တာဝန်ခံအရာရှိမှ လက်မှတ်ရေးထိုးခြင်း

(၇-၂) လက်ခစားအပ်ကုန်စနစ်ဖြင့် ထုတ်လုပ်ထားသော ကုန်ချောရေထွက်ပစ္စည်းများကို ပြန်လည်တင်ပို့နိုင်ရန်အတွက် ပြန်လည်တင်ပို့လိုင်စင်ဆိုင်ရာ ထောက်ခံချက် ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	ကုမ္ပဏီ၏ Letter Head ဖြင့်တင်ပြလာသောလျှောက်လွှာ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် တင်ပြရန်လိုအပ်သောအထောက်အထားများနှင့် ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ဒါရိုက်တာ လက်မှတ်ရေးထိုးထားသည့် ကုမ္ပဏီ၏ Letter Head ဖြင့် လျှောက်လွှာတို့ကို ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) တာဝန်ရှိအရာရှိသည် တင်ပြလာသောအထောက်အထားများကို ပြည့်စုံမှု ရှိ မရှိကို စစ်ဆေးမည်။ (ဂ) ပြည့်စုံခဲ့လျှင် ထောက်ခံချက် ထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာညွှန်ကြားရေးမှူးထံသို့ ဆက်လက်တင်ပြသွားမည်။ (ဃ) ညွှန်ကြားရေးမှူး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်၏ လက်မှတ်ကို ရရှိပြီးနောက်၊ မူရင်းထောက်ခံချက်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေး ဦးစီးဌာနသို့ ပြန်လည်တင်ပို့လိုင်စင် ထုတ်ပေးနိုင်ရန်အတွက် Online မှတစ်ဆင့်ပေးပို့ပြီး၊ မူရင်းနှင့် မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးမည်။ (င) ထောက်ခံချက်မိတ္တူကိုလက်ခံရရှိပြီးနောက် လျှောက်ထားသူသည် ကုန်သွယ်ရေးဦးစီးဌာနတွင် ပြန်လည်တင်ပို့လိုင်စင်လျှောက်ထားခြင်းကို ဆက်လက် ဆောင်ရွက်ရမည်။ (စ) ပြန်လည်တင်ပို့လိုင်စင်ကို လက်ခံရရှိပြီးနောက်၊ လျှောက်ထားသူအနေဖြင့် လက်ခစားအပ်ကုန် စနစ်ဖြင့် ထုတ်လုပ်ထားသော ကုန်ချောရေထွက်ပစ္စည်းများကို ပြန်လည်တင်ပို့နိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာန၏

	တင်ပို့ခြင်းဆိုင်ရာနည်းလမ်းအတိုင်း တင်ပို့နိုင်ပါသည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျှင် ၁ ပတ် အတွင်း ဆောင်ရွက်ပေးပါသည်။
လျှောက်ထားရမည့် နေရာ	ငါးလုပ်ငန်းဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တာဝန်ခံအရာရှိမှ လက်မှတ် ရေးထိုး ခြင်း

(၈) ပြည်တွင်းစားသုံးရန်အတွက် ရေထွက်ပစ္စည်းတင်သွင်းခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများ

(၈-၁) ပြည်တွင်းစားသုံးရန် ပြည်ပမှ ရေထွက်ပစ္စည်းများ တင်သွင်းခြင်းအတွက် သွင်းကုန် လိုင်စင်ဆိုင်ရာ ထောက်ခံချက်ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကုမ္ပဏီ၏ Letter Head ဖြင့် တင်ပြလာသော လျှောက်လွှာ (ခ) ကုမ္ပဏီ Letter Head ဖြင့် မည့်သည့်နိုင်ငံထွက် ပစ္စည်းများ အား မည်သည့်နိုင်ငံမှတစ်ဆင့် မည်သည့်လမ်းကြောင်း (ကုန်ကြောင်း၊ လေကြောင်း၊ ရေကြောင်း) မှ တင်သွင်းမည်ကို ဖော်ပြ၍တင်ပြရန်၊ (ဂ) တင်သွင်းမည့် ငါးများ၏ Country Origin, Sanitary certificate (သို့) Health certificate, Sale Contract, Profoma Invoice, တင်သွင်းလိုသည့် ကုမ္ပဏီ၏ ကုမ္ပဏီ မှတ်ပုံတင်၊ ထုတ်ကုန်/ သွင်းကုန် လိုင်စင်မိတ္တူ၊ တင်သွင်းမည့် ရေထွက်ပစ္စည်းများ၏ ရောင်စုံဓါတ်ပုံစသည် များ တင်ပြရန် (ဃ) မြန်မာနိုင်ငံဘက်သို့ တင်သွင်းပစ္စည်း ရောက်ရှိပါက ငါးလုပ်ငန်းဦးစီးဌာနသို့ Online မှ တစ်ဆင့် MACCS

	စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်ရန်နှင့် နမူနာငါးများအား ငါးလုပ်ငန်းဦးစီးဌာန၊ ဓါတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရန်၊
လက်တွေ့လုပ်ထုံး လုပ်နည်း	(က) လျှောက်ထားသူသည် တင်ပြရန်လိုအပ်သည့်အထောက် အထားများနှင့် ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ဒါရိုက်တာ လက်မှတ်ထိုးထားသည့် ကုမ္ပဏီ၏ Letter Head ဖြင့် လျှောက်လွှာတို့ကို ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) တာဝန်ခံအရာရှိသည် တင်ပြလာသောအထောက်အထား များ ပြည့်စုံမှု ရှိ မရှိကို စစ်ဆေးမည်။ (ဂ) ပြည့်စုံခဲ့လျှင် ထောက်ခံချက် ထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာညွှန်ကြားရေးမှူးထံသို့ ဆက်လက်တင်ပြသွား မည်။ (ဃ) ညွှန်ကြားရေးမှူး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်၏ လက်မှတ်ကို ရရှိပြီးနောက် မူရင်းထောက်ခံချက်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသို့ သွင်းကုန် လိုင်စင်ထုတ်ပေးနိုင် ရန်အတွက် Online မှတဆင့် ပေးပို့ပြီး၊ မူရင်းနှင့် မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးမည်။ (င) တင်သွင်းလိုင်စင်ကို လက်ခံရရှိပြီးနောက် လျှောက်ထားသူ အနေဖြင့် ပြည်တွင်းစားသုံးရန်အတွက် ဆောင်ရွက်မည့် ရေထွက်ပစ္စည်းများကို တင်သွင်းနိုင်ပါသည်။ (စ) ကုန်ပစ္စည်းများရောက်ရှိပြီး ဓါတ်ခွဲခန်းစစ်ဆေးချက်အဖြေ ရရှိပါက ငါးလုပ်ငန်းဦးစီးဌာနမှ အဆိုပါ Test Report အား MACCS စနစ်ဖြင့် အကောက်ခွန်ဦးစီးဌာနသို့ သဘောထား မှတ်ချက်ပြန်ကြားပေးမည်။
ဝန်ဆောင်ခ	ဓါတ်ခွဲခန်းစမ်းသပ်မှုအတွက် ဝန်ဆောင်ခ ကောက်ခံပါသည်။ ကောက်ခံမည့် နှုန်းထားများသည် စမ်းသပ်စစ်ဆေးမည့် တိုင်းတာချက် (Parameter) ပေါ်တွင် မူတည်သည်။ Micro Biological Test (၅) မျိုး စစ်ဆေးခ ၅၀၀၀၀ ကျပ်

ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများပြည့်စုံခဲ့လျှင် ၁ ပတ် အတွင်း ဆောင်ရွက်ပေးပါသည်။
လျှောက်ထားရမည့် နေရာ	ငါးလုပ်ငန်းဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ် ကိုယ်စား တာဝန်ခံအရာရှိမှ လက်မှတ် ရေးထိုးခြင်း
သတ်မှတ်ချက်များ	ပြည်တွင်းတွင် ထွက်ရှိခြင်းမရှိသည့် ရေထွက်ပစ္စည်းများကိုသာ ဦးစားပေးဆောင်ရွက် ခွင့်ပြုပေးပါသည်။ တင်သွင်းလာသော ရေထွက်ပစ္စည်း ရောက်ရှိပါက ငါးလုပ်ငန်း ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(၉) ရေထွက်ပစ္စည်းတင်ပို့ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(၉-၁) ပြည်ပသို့ ရေထွက်ပစ္စည်းများတင်ပို့ခြင်းအတွက် အကောက်ခွန်ဦးစီးဌာနသို့ ရေထွက် ပစ္စည်းထောက်ခံစာ ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကုမ္ပဏီ၏ Letter Head ဖြင့်တင်ပြလာသော လျှောက်လွှာ (ခ) တင်ပို့လိုသည့် ကုမ္ပဏီ၏ မှတ်ပုံတင် (မိတ္တူ) (ဂ) ထုတ်ကုန်သွင်းကုန်လိုင်စင် (မိတ္တူ) (ဃ) Sale Contract (င) Invoice (စ) Packing list (ဆ) ပို့ကုန်ကြေညာလွှာ(မိတ္တူ)
လက်တွေ့လုပ်ထုံး လုပ်နည်း	(က) လျှောက်ထားသူသည် တင်ပြရန်လိုအပ်သည့်အထောက် အထားများနှင့် ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ဒါရိုက်တာ လက်မှတ်ထိုးထားသည့် ကုမ္ပဏီ၏ Letter Head ဖြင့် လျှောက်လွှာတို့ကို ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) တာဝန်ခံအရာရှိသည် တင်ပြလာသော အထောက်အထား

	များ ပြည့်စုံမှု ရှိ မရှိကို စစ်ဆေးမည်။ (ဂ) ညွှန်ကြားရေးမှူးချုပ် ကိုယ်စား သက်ဆိုင်ရာတာဝန်ခံ အရာရှိမှလက်မှတ်ရေးထိုးပြီးနောက် မူရင်းထောက်ခံချက်ကို အကောက်ခွန်ဦးစီးဌာနသို့ ထုတ်ပေးရမည်။
ဝန်ဆောင်ခ	Micro/Chemical/Physical စစ်ဆေးခများအား တင်ပို့ ရေထွက်ပစ္စည်းအမျိုးအစားနှင့် တန်ချိန်ပေါ်မူတည်၍ ကောက်ခံပါသည်။
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျှင် နေ့ချင်းပြီး ဆောင်ရွက်ပေးပါသည်။
လျှောက်ထားရမည့် နေရာ	ငါးလုပ်ငန်းဦးစီးဌာန
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ် ကိုယ်စား တာဝန်ခံအရာရှိမှ လက်မှတ်ရေးထိုးခြင်း
သတိမှတ်ချက်များ	ရေထွက်ပစ္စည်း ထုတ်လုပ်သော စက်ရုံများအနေဖြင့် မိမိစက်ရုံမှ ထုတ်လုပ်သောပစ္စည်းများ (အထူးသဖြင့် ပြင်ပမှ အပ်ကုန်စနစ်ဖြင့် ထုတ်လုပ်သော ရေထွက်ပစ္စည်းများအတွက်) စက်ရုံ၏ မန်နေဂျင်း ဒါရိုက်တာ (သို့မဟုတ်) ဒါရိုက်တာ (သို့မဟုတ်) အထွေထွေမန်နေဂျာမှ လက်မှတ်ရေးထိုးထားသောစက်ရုံမှ ထုတ်လုပ်သည့်ရေထွက်ပစ္စည်းဖြစ်ကြောင်း ကတိခံဝန်ချက် မူရင်းတင်ပြရမည်။

ပုံစံများ

(၁) ပင်လယ်ငါးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သည့် ပုံစံများ		
စဉ်	**ပုံစံအမှတ်**	**အမည်**
၁	ပုံစံ	ကမ်းဝေးငါးဖမ်းလိုင်စင် လျှောက်လွှာ
၂	ပုံစံ	ကမ်းဝေးငါးဖမ်းလိုင်စင် နမူနာ
၃	ပုံစံ	ကမ်းနီးငါးဖမ်းလိုင်စင် လျှောက်လွှာ
၄	ပုံစံ	ကမ်းနီးငါးဖမ်းလိုင်စင် နမူနာ
၅	ပုံစံ	ငါးသယ်ရေယာဉ်လိုင်စင် လျှောက်လွှာ
၆	ပုံစံ	ပြည်တွင်း ငါးသယ်ရေယာဉ်လိုင်စင် နမူနာ
၇	ပုံစံ	နိုင်ငံခြား ငါးသယ်ရေယာဉ်လိုင်စင် နမူနာ
၈	ပုံစံ	ရေလုပ်သားမှတ်ပုံတင် လျှောက်လွှာ
၉	ပုံစံ	ရေလုပ်သားမှတ်ပုံတင်ကတ် နမူနာ (Form 23)
(၂) ရေချိုငါးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သည့် ပုံစံများ		
စဉ်	**ပုံစံအမှတ်**	**အမည်**
၁၀	ပုံစံ	ဂရန်အင်းငှားရမ်းခွင့် လျှောက်လွှာ (Form 2)
၁၁	ပုံစံ	ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် နမူနာ (Form 3)
၁၂	ပုံစံ	အငှားဂရန် နမူနာ (Form 6)
၁၃	ပုံစံ	သီးသန့်အင်းငှားရမ်းခွင့် လျှောက်လွှာ (Form 26)
၁၄	ပုံစံ	တင်ဒါလိုင်စင်လျှောက်လွှာ (Form 8)
၁၅	ပုံစံ	တင်ဒါဆွဲဝယ်ခွင့်လက်မှတ် နမူနာ (Form 9)
၁၆	ပုံစံ	တင်ဒါလိုင်စင် နမူနာ (Form 12)
၁၇	ပုံစံ	ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ (Form 13)
၁၈	ပုံစံ	ငါးဖမ်းကိရိယာလိုင်စင် နမူနာ (Form 15)
(၃) ငါးမွေးမြူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သည့် ပုံစံများ		
စဉ်	**ပုံစံအမှတ်**	**အမည်**
၁၉	ပုံစံ	ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် အသိအမှတ်ပြုလက်မှတ် နမူနာ (GAqP)
၂၀	ပုံစံ	ငါးမွေးမြူခြင်းလိုင်စင်လျှောက်လွှာ (ငါး/ပုစွန်) (Form b)
၂၁	ပုံစံ	စီးပွားဖြစ် ငါးမွေးမြူခြင်းလိုင်စင် နမူနာ

၂၂	ပုံစံ	ငါးသားဖောက်စီးပွားဖြစ်လုပ်ငန်း၊ အလှမွေးငါးစီးပွားဖြစ်မွေးမြူခွင့်လိုင်စင်လျှောက်လွှာ(Form c)
၂၃	ပုံစံ	ငါးအရှင်များ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ခြင်းအတွက် ခွင့်ပြုမိန့်လျှောက်လွှာ (Form d)
၂၄	ပုံစံ	ပို့ကုန်/သွင်းကုန်ဆိုင်ရာ ရေနေသတ္တဝါအရှင် ကျန်းမာရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ် နမူနာ
(၄) ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် သက်ဆိုင်သည့် ပုံစံများ		
စဉ်	**ပုံစံအမှတ်**	**အမည်**
၂၅	ပုံစံ	ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင် နမူနာ
၂၆	ပုံစံ	ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ခွင့် လိုင်စင်လျှောက်လွှာ (အငယ်စား၊ အလတ်စား လုပ်ငန်းလိုင်စင်)
၂၇	ပုံစံ	ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ခွင့် လိုင်စင် (အငယ်စား၊ အလတ်စား လုပ်ငန်းလိုင်စင်) နမူနာ
၂၈	ပုံစံ	ငါးချဆိပ်ကမ်းမှတ်ပုံတင်လက်မှတ် နမူနာ
၂၉	ပုံစံ	ရေလုပ်ငန်းသုံး ရေခဲစက်ရုံမှတ်ပုံတင်လက်မှတ် နမူနာ
၃၀	ပုံစံ	ရေထွက်ပစ္စည်းသယ်ယူသည့် အထောက်အထား လက်မှတ် နမူနာ (PMD)
(၅) ရေထွက်ပစ္စည်းများ တင်ပို့ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် သက်ဆိုင်သည့် ပုံစံများ		
စဉ်	**ပုံစံအမှတ်**	**အမည်**
၃၁	ပုံစံ	ရေထွက်ပစ္စည်းပြုပြင် စက်ရုံလိုင်စင်နမူနာ
၃၂	ပုံစံ	ကျန်းမာရေးထောက်ခံချက်လက်မှတ် နမူနာ

နောက်ဆက်တွဲ ၁

ရေထွက်ပစ္စည်းများ ရောင်းဝယ်စု ဆောင်းခြင်းဆိုင်ရာ လိုင်စင်နှုန်းထားများ

စဉ်	ရေထွက်ပစ္စည်း အမျိုးအစားများ	ပစ္စည်းပမာဏနှင့် လိုင်စင်နှုန်းထားများ
(၁) (၂) (၃)	Shell Fish Skin Others	၁ တန် မှ ၁၀ တန် အထိ ၁ တန် လျှင် ၁၅၀ ကျပ် အဆိုပြုထားသောပမာဏထက်ကျော်လွန်ပါက ဒဏ်ကြေး အဖြစ် ၁ တန် လျှင် ၁၅ ကျပ် ပေးဆောင်ရ မည်။
(၄) (၅) (၆) (၇)	Fresh Fish Marine Fish Loligo (squid) Salted Fish	၁ တန် မှ ၁၀ တန် အထိ ၁ တန် လျှင် ၂၀၀ ကျပ် အဆိုပြုထားသောပမာဏထက် ကျော်လွန်ပါက ဒဏ်ကြေး အဖြစ် ၁ တန် လျှင် ၂၀ ကျပ် ပေးဆောင်ရမည်။
(၈)	Jelly Fish	၁ တန် မှ ၁၀ တန် အထိ၁ တန် လျှင် ၂၅၀ ကျပ်အဆိုပြုထားသော ပမာဏထက် ကျော်လွန်ပါက ဒဏ်ကြေးအဖြစ် ၁ တန် လျှင် ၂၅ ကျပ် ပေးဆောင်ရမည်။
(၉)	Crab	၁ တန် မှ ၁၀ တန် အထိ ၁ တန် လျှင်၁၇၅ကျပ် အဆိုပြုထားသော ပမာဏထက် ကျော်လွန်ပါကဒဏ်ကြေး အဖြစ် ၁ တန် လျှင် ၃၅ ကျပ် ပေးဆောင်ရမည်။
(၁၀) (၁၁)	Grouper Eel	၁ တန် မှ ၅ တန် အထိ ၁ တန် လျှင် ၂၅၀ ကျပ် အဆိုပြုထားသောပမာဏထက်ကျော်လွန်ပါက ဒဏ်ကြေး အဖြစ် ၁ တန် လျှင် ၅၀ ကျပ် ပေးဆောင်ရ မည်။
(၁၂) (၁၃) (၁၄) (၁၅)	Freshwater Prawn Marine Shrimp Dry Fish Dry Shrimp	၁ တန် လျှင် ၁၀၀ ကျပ်
(၁၆) (၁၇)	Lobster King Lobster	၁ တန် လျှင် ၁၂၅ ကျပ်
(၁၈)	Sea Cucumber	၁ တန် လျှင် ၂၀၀ ကျပ်

ကမ်းဝေးငါးဖမ်းလိုင်စင်လျှောက်လွှာ

သို့

ညွှန်ကြားရေးမှူးချုပ်

ငါးလုပ်ငန်းဦးစီးဌာန

နေ့စွဲ-

အကြောင်းအရာ <u>၂၀ -၂၀ ငါးဖမ်းရာသီအတွက် ငါးဖမ်းလိုင်စင်လျှောက်ထားခြင်း</u>

၁။ ကျွန်တော်/ကျွန်မ ------------------------- ၏ ငါးဖမ်းရေယာဉ်ကို ၂၀ -၂၀ ငါးဖမ်းရာသီအတွက် ငါးဖမ်းလိုင်စင်လျှောက်ထားရာတွင် အသုံးပြုနိုင်ရန် လျှောက်ထားအပ်ပါသည်။

(က) ငါးဖမ်းရေယာဉ်၏အမည် --

(ခ) ပိုင်ရှင်၏အမည်/အမျိုးသားမှတ်ပုံတင်အမှတ် --------------------------------

(ဂ) လိပ်စာ --

(ဃ) လုပ်ငန်းအမျိုးအစား ---

(င) ငါးဖမ်းပိုက်၏အလျား/အနံ ---

(စ) ငါးဖမ်းကွက် ---

(ဆ) ငါးဖမ်းရေယာဉ်၏အရွယ်အစား/တန်ချိန် နှင့် အရှည် -------------------- ပေ, အလျား --------------------- ပေ ----------------------- တန်

၂။ ကျွန်တော်/ကျွန်မ၏ ---------------------------- ငါးဖမ်းရေယာဉ်သည် နိုင်ငံခြားသား၏ အစုထည့်ဝင်ခြင်း၊ အကူအညီပေးခြင်းတို့မရှိသည့်အပြင်၊ ယင်းကဲ့သို့ နိုင်ငံခြားသားပိုင်ဆိုင်မှု သို့မဟုတ် အကူအညီတို့ရှိကြောင်းတွေ့ရှိပါက ငါးလုပ်ငန်းဦးစီးဌာန၏အရေးယူခြင်းကို လက်ခံပါမည်။ ငါးဖမ်းကွက်ရှိသည့် နေရာများကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသို့ သတင်းပို့ပါမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

လက်မှတ် ----------------------------

အမျိုးသားမှတ်ပုံတင်အမှတ် -------------

လိပ်စာ ----------------------------

ကမ်းဝေးငါးဖမ်းလိုင်စင်နမူနာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ကမ်းဝေးငါးဖမ်းလိုင်စင်

လိုင်စင်အမှတ် ____________________

ခုနှစ် ____________________

ဓါတ်ပုံ

ပြည်နယ်/တိုင်းဒေသကြီး . . . .

၁။ လိုင်စင်ရရှိသူအမည် ....

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ....

၃။ နေရပ်လိပ်စာ ....

....

၄။ ခွင့်ပြုသည့်ငါးဖမ်းလုပ်ငန်း ....

၅။ ရေယာဉ်အမည် ....

၆။ ငါးလုပ်ငန်းဦးစီးဌာန၏ ရေယာဉ်မှတ်ပုံတင်အမှတ် / ရက်စွဲ ....

၇။ အရွယ်အစား ..... အလျား ..... အနံ ...... ရေစူး ....

၈။ တန်ချိန် ....

၉။ စက်အမျိုးအစား (၁) .... မြင်းကောင်ရေ

(၂) .... မြင်းကောင်ရေ

၁၀။ လှေဂရံအမှတ် / ရက်စွဲ ....

၁၁။ ငါးဖမ်းလိုင်စင်ခွင့်ပြုသည့်စာအမှတ်/ ရက်စွဲ ....

....

၁၂။ လိုင်စင်/ ငါးစိုခွန်/စက်လှေခွန်/မှတ်ပုံတင်ကြေး

ချလံအမှတ်/ရက်စွဲ (၁) ....

(၂) ....

၁၃။ ခွင့်ပြုသည့်ငါးဖမ်းကိရိယာနှင့် အရေအတွက် ....

၁၄။ ငါးဖမ်းဆီးခွင့်ပြုသည့်ဒေသ ....

....

....

၁၅။ လိုင်စင်သက်တမ်းကုန်ဆုံးသည့်ရက် ....

ပြည်နယ်/တိုင်းဒေသကြီးဦးစီးဌာနမှူး

စည်းကမ်းချက်များ

၁။ ဤလိုင်စင်ကို ငါးဖမ်းရေယာဉ်ပေါ်တွင် အစဉ်အမြဲသိမ်းဆည်းထားရမည်။

၂။ သက်ဆိုင်ရာ စစ်ဆေးရေးမှူးက စစ်ဆေးသောအခါ ပြသရမည်။

၃။ မြန်မာ့ပင်လယ် ငါးလုပ်ငန်း ရေပြင်အတွင်း ခွင့်ပြုသည့်ဒေသ၊ ခွင့်ပြုသည့် ငါးလုပ်ငန်း နှင့် ငါဖမ်းကိရိယာ ကိုသာလုပ်ကိုင်ခွင့်ရှိသည်။

၄။ နိုင်ငံတော်၏ တည်ဆဲ ဥပဒေများနှင့် ငါးလုပ်ငန်းဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက် များကို လိုက်နာရမည်။

၅။ ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ရေလုပ်သားကိုသာ တင်ဆောင်ရမည်။

၆။ ကမ်းဝေးငါးဖမ်းဒေသမှာ ပူးတွဲရေပုံအရကမ်းခြေမှ (၁၀) မိုင်အပြင်ဘက်တွင် ငါးဖမ်းစီးရန်ဖြစ်သည်။

၇။ ဤလိုင်စင် ရရှိသူသည် ငါးလုပ်ငန်းဦးစီးဌာနမှ လိုအပ်၍ တောင်ခံသည့် စာရင်းဇယားနှင့် အချက်အလက်များ ကိုပြည့်စုံစွာတင်ပြပေးရမည်။

၈။ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လိုင်စင်ပါအချက်အလက်တစ်စုံတစ်ရာ ပြောင်းလဲခြင်းမပြုရ။

၉။ ငါးဖမ်းဆီးခွင့် ပိတ်ပင်ထားသည့်ကာလမှာ နှစ်စဉ် ဇွန်လ (၁) ရက်နေ့မှ ဩဂုတ်လ (၃၁) ရက်နေ့ အထိဖြစ်သည်။

ကမ်းနီးငါးဖမ်းလိုင်စင်လျှောက်လွှာ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
---------- မြို့၊ --------------- တိုင်း/ပြည်နယ်
ကမ်းနီးငါးဖမ်းလိုင်စင်လျှောက်လွှာ

သို့

မြို့နယ်မှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
----------- မြို့

နေ့စွဲ ------------------------

အကြောင်းအရာ **ကမ်းနီးငါးဖမ်းလိုင်စင်လျှောက်ထားခြင်း**

၁) အမည် --
၂) အမျိုးသားမှတ်ပုံတင်အမှတ် ---
၃) လိပ်စာ --
၄) လျှောက်ထားသည့် လုပ်ငန်းအမျိုးအစား/ပမာဏ ---------------------------
၅) ငါးဖမ်းရေယာဉ်၏အမည် --------------------------------------
၆) ငါးဖမ်းရေယာဉ်၏အရွယ်အစား
(က) အရှည် ------------------(ခ) အလျား --------------- (ဂ) အနက် ------
၇) စုစုပေါင်းအလေးချိန် (တန်) --
၈) (က) အင်ဂျင်အမျိုးအစား ---------------------------------- မြင်းကောင်ရေ --
(ခ) အင်ဂျင်အလုံးရေ ------------------------------------
၉) (က) အင်ဂျင်အပို၏အမျိုးအစား -------------------------- မြင်းကောင်ရေ -----
(ခ) အင်ဂျင်အလုံးရေ ---
၁၀) ငါးဖမ်းရေယာဉ်၏ ဂရံ/ ထုတ်ပေးသည့်နေ့ -----------------------------------
၁၁) လျှောက်ထားလိုသည့် ငါးဖမ်းကွက် ---

ကမ်းနီးငါးဖမ်းလုပ်ငန်းကို လုပ်ဆောင်ရာတွင် မြန်မာ့ငါးလုပ်ငန်းဥပဒေပါ ညွှန်ကြားချက်များနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်းများကို လိုက်နာပါမည်ဟု ခံဝန် ကတိပြုပါသည်။

လျှောက်ထားသူ

လက်မှတ် ------------------------
အမည် ----------------------------

ကမ်းနီးငါးဖမ်းလိုင်စင် နမူနာ

စည်းကမ်းချက်

၁။ ဤလိုင်စင်ကို ရေယာဉ်ပေါ်တွင် အမြဲသိမ်းဆည်းထားရမည်။

၂။ စစ်ဆေးရေးမှူးက စစ်ဆေးသောအခါ ပြသရမည်။

၃။ ခွင့်ပြုသည့်ဒေသ၊ လုပ်ငန်းနှင့် ကိရိယာကိုသာ လုပ်ကိုင်ခွင့်ရှိသည်။

၄။ ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ရေလုပ်သားကိုသာ တင်ဆောင်ရမည်။

၅။ ဦးစီးဌာနမှတောင်းခံသော စာရင်းဇယား အချက်အလက်များ ပြည့်စုံစွာ တင်ပြရမည်။

၆။ ဤလိုင်စင်ကို လွှဲပြောင်း ကိုင်ဆောင်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အချက်အလက် ပြင်ဆင်ခြင်း မပြုလုပ်ရ။

၇။ သက်တမ်းကုန်ဆုံးနေသော လိုင်စင်ဖြင့် လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၈။ သတ်မှတ်သည့် မြို့နယ်အတွင်း၌သာ လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည်။

၉။ ရေလမ်းကြောင်းပိတ်ဆို့၍ ငါးဖမ်းဆီးခြင်းမပြုရ။

၁၀။ ညအချိန်တွင် အခြားရေယာဉ်များမြင်သာအောင် အချက်ပြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

ကမ်း နီး ငါး ဖမ်း လိုင် စင်

လိုင်စင်အမှတ် -

ခုနှစ် - ....

လှေအမည် - ....

လုပ်ငန်း - ....

ငါးသယ်ရေယာဉ်လိုင်စင်လျှောက်လွှာ

ရေယာဉ်၏ ဘယ်ဘက်ခြမ်းပုံကပ်ရန်

ရေယာဉ်၏ ညာဘက်ခြမ်းပုံကပ်ရန်

၁။ ပိုင်ရှင်အမည် ______________________________

၂။ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ______________________

၃။ နေရပ်လိပ်စာ ______________________________

____

၄။ ရေယာဉ်မှတ်ပုံတင်အမှတ် ______________________

၅။ လှေအရွယ်အစား

(က) အလျား ____ (ခ) အနံ ____ (ဂ) စောက် ____

၆။ စက်အမျိုးအစား/မြင်းကောင်ရေ ______________________

၇။ စက်နံပါတ် ______________________________

၈။ ခွင့်ပြုသည့်ဒေသ ______________________________

၉။ ခွင့်ပြုသည့်ကိရိယာနှင့်အဝိုင်းအတာ ______________________

____

၁၀။ လိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့ ______________________

ကန့်သတ်ချက်များ ______________________________

____

____

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်/ ထောက်ခံချက်ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စု တစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အဖွဲ့ (OSS) ရှိ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းအဖွဲ့တွင် ကျောက်မျက်ရတနာလုပ်ငန်းနှင့် စပ်လျဉ်း သည့် ခွင့်ပြုမိန့် လျှောက်ထားရန် သတင်းအချက်အလက်များအား စုံစမ်းရယူနိုင်ပါသည်။ ကျောက်မျက် ရတနာလုပ်ငန်းနှင့် စပ်လျဉ်းသည့် ခွင့်ပြုမိန့်အမျိုးအစားများမှာ ကျောက်မျက် ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့် နှင့်ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာ အချောထည်၊ လက်ဝတ်ရတနာနှင့် ကျောက်မျက်ဖြင့် ပြုလုပ် ထားသောပစ္စည်းများ ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်တို့ပါဝင်ပါသည်။

အဆိုပါခွင့်ပြုမိန့်များအား မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း သို့လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ကျောက်မျက်ရတနာ လုပ်ကွက် စိစစ်ချထားပေး ရေးအဖွဲ့သို့လည်းကောင်း တင်ပြလျှောက်ထားရမည်။ အလတ်စားတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်ကို တင်ဒါစနစ်ဖြင့် အဆိုပြုလွှာခေါ်ယူ၍ စိစစ်ရွေးချယ်ပြီး အဆိုပါ လုပ်ကွက်များမှာ သတ်မှတ်ထားသော ရတနာနယ်မြေအတွင်း ကျရောက်သော လုပ်ကွက်များ ဖြစ်ပါသည်။ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ် ခွင့်ပြုမိန်များကိုမူ တစ်ဦးချင်း သို့မဟုတ် ကုမ္ပဏီအနေဖြင့် လျှောက်ထားမှုအပေါ် စိစစ် ခွင့်ပြုပေးခဲ့ပါသည်။ လက်ရှိအခြေအနေတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ခွင့်ပြုထားခြင်း မရှိပါ။ ရောင်းချခြင်း လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်နှင့် စပ်လျဉ်း၍ လိုင်စင်ရရှိသူသည် ခွင့်ပြုမိန့် ရရှိသူက ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်၊ သယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာ ပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ ပြုလုပ်ခွင့်ရှိပါသည်။

(မှတ်ချက်။ ၂၀၁၆ ခုနှစ်မှစတင်၍ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း အား ခွင့်ပြုမိန့်အသစ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်းတို့အား ခွင့်ပြုခြင်း မရှိပါ။ သို့သော် ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာ အချောထည်၊ လက်ဝတ် ရတနာနှင့် ကျောက်မျက်ဖြင့်ပြုလုပ်သောပစ္စည်းများအား ရောင်းချခြင်း လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်အား ဆက်လက်ထုတ်ပေးလျက်ရှိပါသည်။)

(၁)　သတ္တုတွင်းလုပ်ငန်း

(၁.၁)　ခဲတ်သတ္တုရှာဖွေရန်ခွင့်ပြုမိန့်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ဝန်ကြီးဌာနသို့ ခဲတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့် လျှောက်လွှာ၊ ဦးစီးဌာနသို့ ကျောက်ရှာဖွေရန် ခွင့်ပြုမိန့် လျှောက်လွှာ၊ တိုင်းဒေသကြီး/ပြည်နယ် လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့သို့ ခဲတ်သတ္တု ရှာဖွေရန်ခွင့်ပြုမိန့် လျှောက်လွှာ (ခ) လျှောက်လွှာတွင်ဖော်ပြထားသည့် အထောက်အထားများ (ဂ) ခွင့်ပြုမိန့်လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များအား နောက်ဆက်တွဲ -၂ တွင် ကြည့်ရန်။
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများ နှင့်တကွ လျှောက်လွှာပုံစံကို သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ လိပ်မူပြီး တင်ပြ လျှောက်ထားရမည်။ (ခ) သက်ဆိုင်ရာခွင့်ပြုသည့် ဌာနသည် လျှောက်ထားသည့် မြေဧရိယာမှာ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုအား ခွင့်ပြုထားပြီး မြေဧရိယာ ဟုတ် မဟုတ်၊ တူးဖော်ရေးဧရိယာ သို့မဟုတ် ခဲတ်သတ္တုကန့်သတ် နယ်မြေတွင် အကျုံးဝင်ခြင်း ရှိ မရှိတို့ကိုစိစစ်ပါမည်။ (ဂ) သက်ဆိုင်ရာခွင့်ပြုသည့်ဌာနသည် လျှောက်ထားချက်ကို စစ်ဆေးပြီးပြည့်စုံမှုရှိပါက မှတ်ပုံတင်ပါမည်။ (ဃ) လျှောက်ထားသည့်မြေနေရာသည် ဒေသန္တရဘူမိဗေဒ ဆိုင်ရာ ချက်အလက်များ ရှာဖွေလေ့လာခြင်း မပြုရသည့် မြေနေရာဖြစ်ပါက ဦးစွာလျှောက်ထားသူအား ဦးစားပေး စိစစ်ရွေးချယ်ပါမည်။ (လုပ်ထုံးလုပ်နည်း-၂ နှင့်အညီ) (င) လျှောက်ထားသည့်မြေနေရာသည် ဘူမိဗေဒ အချက် အလက်များ ပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့်စပ်လျဉ်း၍ စီးပွားဖြစ်ထုတ်လုပ်နိုင်သော မြေနေရာဖြစ်ပါက ယှဉ်ပြိုင်မှု

	နည်းလမ်းဖြင့် စိစစ်ရွေးချယ်ပါမည်။ (လုပ်ထုံးလုပ်နည်း-၂ နှင့်အညီ) (စ) စိစစ်ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်။ (ဆ) ရွေးချယ်ခံရသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်းအဆိုပြုလွှာ ရေးဆွဲတင်ပြရမည်။ (ဇ) ဝန်ကြီးဌာနသည် လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် သက်တမ်း ၁ နှစ်ထက်မပိုသော ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ကို ထုတ်ပေးပါမည်။ (ဈ) ဦးစီးဌာနသည် ဦးစီးဌာန လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သက်တမ်း ၁ နှစ်ထက်မပိုသော ကျောက်ရှာဖွေရန် ခွင့်ပြုမိန့်ကို ထုတ်ပေးပါမည်။ (ည) တိုင်းဒေသကြီး/ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေး အဖွဲ့သည် ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထား ရယူ၍ သက်တမ်း ၁ နှစ်ထက်မပိုသော ဓာတ်သတ္တု ရှာဖွေရန် ခွင့်ပြုမိန့်ကိုထုတ်ပေးပါမည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ- ၃ နှင့်နောက်ဆက်တွဲ - ၄ ကို ကြည့်ပါ။
ကြာမြင့်ချိန်	-
လျှောက်ထားရမည့် နေရာ	နောက်ဆက်တွဲ - ၁ ကို ကြည့်ပါ။
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	နောက်ဆက်တွဲ - ၁ ကို ကြည့်ပါ။
မှတ်ချက်	(က) ဓာတ်သတ္တုရှာဖွေခွင့် ဆက်လက် ဆောင်ရွက်လိုပါက

	အနည်းဆုံး ၃ လကြိုတင်၍လျှောက်ထားရမည်။ (ခ) ခာတ်သတ္တုရှာဖွေရန်ခွင့်ပြုမိန့် ထုတ်ပေးထားသော ဧရိယာကို ခာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုပါက မူလခွင့်ပြုထားသည့် ခာတ်သတ္တု အမျိုးအစားအတွက် ထိုဧရိယာတွင် ခာတ်သတ္တု ရှာဖွေရန်ခွင့်ပြုမိန့်ကိုမူလ ခွင့်ပြုမိန့်ရရှိသူအား ထပ်မံမထုတ်ပေးပါ။ (ဂ) ခာတ်သတ္တုရှာဖွေရန်ခွင့်ပြုမိန့် ထုတ်ပေးထားသော ကာလအတွင်း ခွင့်ပြုဧရိယာအား အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသို့ ခာတ်သတ္တု စမ်းသပ်တိုင်းတာရန်၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာရန်နှင့် ထုတ်လုပ်ရန်ခွင့်ပြုမိန့်ကို ထပ်မံမထုတ်ပေးပါ။ (ဃ) ခာတ်သတ္တုရှာဖွေမှုလုပ်ငန်းများ ပြီးဆုံးပါက စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်အားရှာဖွေမှု အစီရင်ခံစာနှင့်အတူ အနည်းဆုံး ၃လ ကြိုတင်၍ လျှောက်ထား နိုင်ပါသည်။

(၁.၁.၁) ခာတ်သတ္တုရှာဖွေရန်ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ဝန်ကြီးဌာနသို့ခာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့် သက်တမ်းတိုးလျှောက်လွှာ၊ ဦးစီးဌာနသို့ ခာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့် သက်တမ်းတိုးလျှောက်လွှာ၊ တိုင်းဒေသကြီး/ပြည်နယ် လုပ်ကွက်စိစစ်ရေးအဖွဲ့သို့ ခာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့် သက်တမ်းတိုး လျှောက်လွှာ (ခ) လျှောက်လွှာတွင် ဖော်ပြထားသည့် အထောက်အထားများ (ဂ) ခွင့်ပြုမိန့်လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များအား နောက်ဆက်တွဲ-၂ တွင်ကြည့်ရန်။
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ၃ လကြိုတင်၍ သက်တမ်းတိုး လျှောက်လွှာကို သက်ဆိုင်ရာဌာနသို့ တင်ပြ လျှောက်ထားရမည်။ (ခ) လျှောက်ထားသူသည် ခွင့်ပြုမိန့်ပါ စည်းကမ်း တစ်စုံတစ်ရာကို ပျက်ကွက်လျှင်လည်းကောင်း၊ အဆိုပြု ခာတ်သတ္တု

	ရှာဖွေရေး လုပ်ငန်းအစီအစဉ်သည် မပြည့်စုံလျှင်လည်းကောင်း၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် သက်တမ်းတိုးခွင့်ပြုမိန့် ထုတ်ပေးရန်မသင့်ဟု ယူဆလျှင်လည်းကောင်း သက်ဆိုင်ရာခွင့်ပြုသည့်ဌာနသည် လျှောက်ထားချက်အား ငြင်းပယ်နိုင်သည်။ လျှောက်ထားချက်သည် နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးရှိမည်ဟု ယူဆလျှင် (ဂ) ဝန်ကြီးဌာနသည် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် သက်တမ်း ၁ နှစ်ထက် မပိုသော သက်တမ်းကို တိုးမြှင့်ပေးမည်။ (ဃ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သက်တမ်း ၁ နှစ်ထက်မပိုသော သက်တမ်းကို တိုးမြှင့်ပေးမည်။ (င) တိုင်းဒေသကြီး/ပြည်နယ် လုပ်ကွက်စိစစ် ချထားပေးရေး အဖွဲ့သည် ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထား ရယူ၍ သက်တမ်း ၁ နှစ်ထက်မပိုသော သက်တမ်းကို တိုးမြှင့်ပေးမည်။
ဝန်ဆောင်ခ	-
ကြာမြင့်ချိန်	-
လျှောက်ထားရမည့်နေရာ	နောက်ဆက်တွဲ ၁ ကို ကြည့်ပါ။
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
မှတ်ချက်	တစ်ကြိမ်လျှင် ၁ နှစ်သက်တမ်းဖြင့် သက်တမ်းတိုး ၂ ကြိမ်ပြုလုပ်နိုင်ပါသည်။

(၁.၂) ခာတ်သတ္တုစမ်းသပ်တိုင်းတာရန်ခွင့်ပြုမိန့်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ဝန်ကြီးဌာနသို့ ခာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့် လျှောက်လွှာ၊ ဦးစီးဌာနသို့ ခာတ်သတ္တုစမ်းသပ် တိုင်းတာရန် ခွင့်ပြုမိန့်လျှောက်လွှာ၊ တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ကွက်စိစစ်ရေးအဖွဲ့သို့ ခာတ်သတ္တု စမ်းသပ် တိုင်းတာရန်ခွင့်ပြုမိန့် လျှောက်လွှာ (ခ) လျှောက်လွှာတွင်ဖော်ပြထားသည့် အထောက်အထားများ (ဂ) ခွင့်ပြုမိန့်လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များအား (နောက်ဆက်တွဲ-၂ တွင်ကြည့်ရန်။)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သောအထောက်အထားများ နှင့်တကွ လျှောက်လွှာပုံစံကို သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် တိုင်းဒေသကြီး၊ ပြည်နယ် လုပ်ကွက်စိစစ်ချထား ပေးရေးအဖွဲ့သို့ လိပ်မူပြီး တင်ပြ လျှောက်ထားရမည်။ (ခ) သက်ဆိုင်ရာခွင့်ပြုသည့်ဌာနသည် လျှောက်ထားသည့် မြေဧရိယာမှာ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုအား ခွင့်ပြုထားပြီး မြေဧရိယာ ဟုတ် မဟုတ်၊ တူးဖော်ရေးဧရိယာ သို့မဟုတ် ခာတ်သတ္တုကန့်သတ် နယ်မြေတွင် အကျုံးဝင်ခြင်း ရှိ မရှိတို့ကို စိစစ်ပါမည်။ (ဂ) သက်ဆိုင်ရာခွင့်ပြုသည့်ဌာနသည် လျှောက်ထားချက်ကို စစ်ဆေးပြီး ပြည့်စုံမှုရှိပါက မှတ်ပုံတင်ပါမည်။ (ဃ) လျှောက်ထားသည့် မြေနေရာသည် ဒေသန္တရဘူမိဗေဒ ဆိုင်ရာ အချက်အလက်များ ရှာဖွေလေ့လာခြင်း မပြုရသည့် မြေနေရာဖြစ်ပါက ဦးစွာလျှောက်ထားသူအား ဦးစားပေး စိစစ်ရွေးချယ်ပါမည်။ (လုပ်ထုံးလုပ်နည်း-၂ နှင့်အညီ) (င) လျှောက်ထားသည့် မြေနေရာသည် ဘူမိဗေဒ အချက်အလက်များ ပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့် စပ်လျဉ်း၍ စီးပွားဖြစ်ထုတ်လုပ်နိုင်သော မြေနေရာဖြစ်ပါက ယှဉ်ပြိုင်မှုနည်းလမ်းဖြင့် စိစစ်ရွေးချယ်ပါမည်။ (လုပ်ထုံး

	လုပ်နည်း – ၂ နှင့်အညီ) (စ) စိစစ်ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်။ (ဆ) ရွေးချယ်ခံရသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်းအဆိုပြုလွှာ ရေးဆွဲတင်ပြရမည်။ (ဇ) သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ သတ္တုတွင်းလုပ်ငန်းတို့မှ ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပါမည်။ (ဈ) ကွင်းဆင်း စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအပေါ် သတ္တုတွင်းဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီမှ စိစစ်၍ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူပါမည်။ (ည) ဝန်ကြီးဌာနသည် ဝန်ကြီးဌာန၊စီမံခန့်ခွဲရေး ကော်မတီ၏ သဘောတူညီချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်တမ်း ၃ နှစ်ထက်မပိုသော ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ကို ထုတ်ပေးပါမည်။ (ဋ) ဦးစီးဌာနသည် ဦးစီးဌာနလုပ်ကွက် စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သက်တမ်း ၃ နှစ်ထက်မပိုသော ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ကို ထုတ်ပေးပါမည်။ (ဌ) တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ဝန်ကြီးဌာနနှင့်ညှိနှိုင်း သဘောထားရယူ၍ သက်တမ်း ၁ နှစ်ထက်မပိုသော ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ကို ထုတ်ပေးပါမည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ-၃ နှင့်နောက်ဆက်တွဲ- ၄ ကို ကြည့်ပါ။
ကြာမြင့်ချိန်	–

လျှောက်ထားရမည့် နေရာ	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
မှတ်ချက်	(က) ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန် အနည်းဆုံး ၃ လ ကြိုတင်၍ လျှောက်ထားရမည်။ (ခ) စမ်းသပ်တိုင်းတာမှုလုပ်ငန်းများ ပြီးဆုံးပါက စမ်းသပ်တိုင်းတာမှုအစီရင်ခံစာကို သက်တမ်း ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ ထက် နောက်မကျစေဘဲ သတ္တုတွင်းဦးစီးဌာနသို့ ပေးပို့ရမည်။ သတ္တုသိုက်ပမာဏနှင့် အရည်အသွေး အတည်ပြုနိုင်ရန်အတွက် သတ္တုတွင်းဦးစီးဌာနမှ ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသို့ ကုမ္ပဏီ ၏ အစီရင်ခံစာအား ပေးပို့ပါမည်။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာနမှ အစီရင်ခံစာအပေါ် သတ္တုသိုက်ပမာဏနှင့် အရည်အသွေးကို လက်ခံနိုင်သည့် အခြေအနေရှိပါက သတ္တုတွင်းဦးစီးဌာနသို့ အကြောင်း ပြန်ကြားပါမည်။

(၁.၂.၁) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန်ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ဝန်ကြီးဌာနသို့ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့် သက်တမ်းတိုးလျှောက်လွှာ၊ ဦးစီးဌာနသို့ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့် သက်တမ်းတိုး လျှောက်လွှာ၊ တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ကွက် စိစစ်ရေးအဖွဲ့သို့ ဓာတ်သတ္တုစမ်းသပ်တိုင်းတာ ရန်ခွင့်ပြုမိန့် သက်တမ်းတိုး လျှောက်လွှာ (ခ) လျှောက်လွှာတွင်ဖော်ပြထားသည့် အထောက်အထားများ (ဂ) ခွင့်ပြုမိန့်လျှောက်ထားရာတွင်ပါဝင်ရမည့် အချက်များအား (နောက်ဆက်တွဲ- ၂ တွင်ကြည့်ရန်။)

လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ၃ လ ကြိုတင်၍ သက်တမ်းတိုး လျှောက်လွှာကို သက်ဆိုင်ရာဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) လျှောက်ထားသူသည် ခွင့်ပြုမိန့်ပါ စည်းကမ်း တစ်စုံတစ်ရာကို ပျက်ကွက်လျှင်လည်းကောင်း၊ အဆိုပြုဓာတ်သတ္တုရှာဖွေရေးလုပ်ငန်း အစီအစဉ်သည် မပြည့်စုံလျှင်လည်းကောင်း၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် သက်တမ်းတိုးခွင့်ပြုမိန့် ထုတ်ပေးရန်မသင့်ဟု ယူဆလျှင်လည်းကောင်း သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာနသည် လျှောက်ထားချက်အား ငြင်းပယ်နိုင်သည်။ လျှောက်ထားချက်သည် နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးရှိမည်ဟုယူဆလျှင် (ဂ) ဝန်ကြီးဌာနသည်ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ သဘောတူညီချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်တမ်း ၁ နှစ်ထက်မပိုသော သက်တမ်းကို တိုးမြှင့်ပေးမည်။ ကနဦးခွင့်ပြုမိန့် သက်တမ်း အပါအဝင် စုစုပေါင်း ၅ နှစ်အထိ တိုးမြှင့်ပေးနိုင်သည်။ (ဃ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သက်တမ်း ၁ နှစ်ထက်မပိုသော သက်တမ်းကို တိုးမြှင့်ပေးမည်။ ကနဦးခွင့်ပြုမိန့်သက်တမ်း အပါအဝင် စုစုပေါင်း ၅ နှစ်အထိ တိုးမြှင့်ပေးနိုင်သည်။ (င) တိုင်းဒေသကြီး/ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေး အဖွဲ့သည် ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ သက်တမ်း ၁ နှစ်ထက် မပိုသော သက်တမ်းကို တိုးမြှင့်ပေးမည်။ ကနဦးခွင့်ပြုမိန့်သက်တမ်းအပါအဝင် စုစုပေါင်း ၃ နှစ်အထိ တိုးမြှင့်ပေးနိုင်သည်။
ဝန်ဆောင်ခ	–
ကြာမြင့်ချိန်	–
လျှောက်ထားရမည့်	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။

နေရာ	
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
မှတ်ချက်	(က) ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ ၃လ ကြိုတင် လျှောက်ထားခြင်းမပြုပါက ဆက်လက်လုပ်ကိုင်လို ခြင်းမရှိဟုယူဆသည်။ (ခ) တစ်ကြိမ်လျှင် ၁ နှစ် သက်တမ်းဖြင့် သက်တမ်းတိုး ၃ ကြိမ်ပြုလုပ်နိုင်ပါသည်။

(၁.၃) ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန်ခွင့်ပြုမိန့်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ဝန်ကြီးဌာနသို့ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်း လေ့လာရန် ခွင့်ပြုမိန့်လျှောက်လွှာ (ခ) လျှောက်လွှာတွင် ဖော်ပြထားသည့်အထောက်အထားများ (ဂ) ခွင့်ပြုမိန့်လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များအား (နောက်ဆက်တွဲ-၂တွင်ကြည့်ရန်။)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများနှင့်တကွ လျှောက်လွှာပုံစံကို ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ လိပ်မူပြီးတင်ပြလျှောက်ထားရမည်။ (ခ) ဝန်ကြီးဌာနသည် လျှောက်ထားသည့်မြေဧရိယာမှာ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်အဖွဲ့အစည်းတစ်ခုခုအား ခွင့်ပြုထားပြီး မြေဧရိယာ ဟုတ်/မဟုတ်၊ တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တုကြန့်သတ်နယ်မြေတွင် အကျုံးဝင်ခြင်း ရှိ မရှိ တို့ကို စိစစ်ပါမည်။ (ဂ) ဝန်ကြီးဌာနသည် လျှောက်ထားချက်ကို စစ်ဆေးပြီး ပြည့်စုံမှုရှိပါက မှတ်ပုံတင်ပါမည်။ (ဃ) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့် ရရှိထားသူက ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်း လုပ်ငန်းများကို

	ဆောင်ရွက်ခဲ့ပြီး ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လို၍ လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင်ခွင့်ပြုပေးမည်။ (င) လျှောက်ထားသည့်မြေနေရာသည် ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်းလုပ်ငန်း လုပ်ကိုင်ခဲ့သူက ဆက်လက်လုပ်ကိုင်လိုခြင်းမရှိသည့် မြေနေရာ သို့မဟုတ် သတ္တုသိုက်ပမာဏနှင့်စပ်လျဉ်း၍ စီးပွားဖြစ် ထုတ်လုပ်နိုင်သောမြေနေရာဖြစ်ပါက ယှဉ်ပြိုင်မှုနည်းလမ်းဖြင့် စိစစ် ရွေးချယ်ပါမည်။ (လုပ်ထုံးလုပ်နည်း-၂ နှင့်အညီ) (စ) စိစစ်ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်။ (ဆ) ရွေးချယ်ခံရသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်းအဆိုပြုလွှာရေးဆွဲတင်ပြရမည်။ (ဇ) ဝန်ကြီးဌာနသည် လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်တမ်း ၁ နှစ်ထက်မပိုသော ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်းလေ့လာရန်ခွင့်ပြုမိန့်ကို ထုတ်ပေး ပါမည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ-၃ နှင့်နောက်ဆက်တွဲ-၄ကိုကြည့်ပါ။
ကြာမြင့်ချိန်	-
လျှောက်ထားရမည့် နေရာ	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။

မှတ်ချက်	(က) ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန် အနည်းဆုံး ၃ လ ကြိုတင်၍ လျှောက်ထားရမည်။ (ခ) သတ္တုတူးဖော်မှု လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးအစီရင်ခံစာ တင်ပြချိန်တွင် (EIA) သို့မဟုတ် (IEE) တို့ကိုပါ တစ်ပါတည်း ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြအတည်ပြုချက် ရယူရပါမည်။ (ဂ) စီးပွားဖြစ် ထုတ်လုပ်နိုင်သည့် သတ္တုသိုက်ပမာဏနှင့် အရည်အသွေးတွေ့ရှိပါက ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် သတ္တုတွင်း ဦးစီးဌာနမှ သက်ဆိုင်ရာလုပ်ငန်းများသို့ အမှုတွဲ လွှဲပြောင်း ပေးပို့ပါမည်။

(၁.၄) ဓာတ်သတ္တုထုတ်လုပ်ရန်ခွင့်ပြုမိန့်

(၁.၄.၁) ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန်ခွင့်ပြုမိန့်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ဝန်ကြီးဌာနသို့ ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်လွှာ (ခ) လျှောက်လွှာတွင် ဖော်ပြထားသည့်အထောက်အထားများ (ဂ) ခွင့်ပြုမိန့်လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များအား (နောက်ဆက်တွဲ-၂တွင်ကြည့်ရန်။)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများ နှင့်တကွ လျှောက်လွှာပုံစံကို ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနသို့ လိပ်မူပြီး တင်ပြလျှောက်ထားရမည်။ (ခ) ဝန်ကြီးဌာနသည် လျှောက်ထားသည့်မြေဧရိယာမှာ ပုဂ္ဂိုလ် တစ်ဦးဦးသို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ခွင့်ပြုထားပြီး မြေဧရိယာဟုတ်/မဟုတ်၊ တူးဖော်ရေး ဧရိယာ သို့မဟုတ် ဓာတ်သတ္တု ကန့်သတ်နယ်မြေတွင် အကျုံးဝင်ခြင်း ရှိ/မရှိ တို့ကို စိစစ်ပါမည်။

	(ဂ) ဝန်ကြီးဌာနသည် လျှောက်ထားချက်ကို စစ်ဆေးပြီး ပြည့်စုံမှုရှိပါက မှတ်ပုံတင်ပါမည်။ (ဃ) ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်း လေ့လာရန် ခွင့်ပြုမိန့် ရရှိထားသူက ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လို၍ လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် စိစစ်၍ ခွင့်ပြုပေးမည်။ (င) လျှောက်ထားသည့်မြေနေရာသည် ဓာတ်သတ္တု ဖြစ်မြောက် နိုင်စွမ်း လေ့လာခြင်းလုပ်ငန်း လုပ်ကိုင်ခဲ့သူက ဆက်လက် လုပ်ကိုင်လိုခြင်း မရှိသည့် မြေနေရာ ဖြစ်ပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်သော သတ္တုသိုက် ပမာဏတွက်ချက်ထား သည့် ဘူမိဗေဒအစီရင်ခံစာနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းအစီရင်ခံစာအား တရားဝင် တင်ပြနိုင် ပါက ဦးစွာလျှောက်ထားသူအား ဦးစားပေး စိစစ်ရွေးချယ်ပါ မည်။ (စ) လျှောက်ထားသည့် မြေနေရာသည် ဘူမိဗေဒ အချက် အလက်များပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့် စပ်လျဉ်း၍ စီးပွားဖြစ်ထုတ်လုပ်နိုင်သော မြေနေရာ ဖြစ်ပါက ယှဉ်ပြိုင်မှု နည်းလမ်းဖြင့် စိစစ်ရွေးချယ်ပါမည်။ (လုပ်ထုံး လုပ်နည်း- ၂ နှင့်အညီ) (ဆ) စိစစ်ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက် ရမည်။ (ဇ) ရွေးချယ်ခံရသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ ရေးဆွဲတင်ပြရမည်။ (ဈ) လုပ်ကွက်စိစစ်ရေးအဖွဲ့သည် လျှောက်ထားသူ၏ အကြီးစား ထုတ်လုပ်ရန် အဆိုပြုအစီအစဉ်အား စိစစ်ပြီးဝန်ကြီးဌာနသို့

	တွေ့ရှိချက်အစီရင်ခံစာအား တင်ပြပါမည်။ (ည) လုပ်ကွက်စိစစ်ရေးအဖွဲ့သည် လျှောက်ထားချက်ကို စိစစ်ရာတွင် လျှောက်ထားသူအား အဆိုပြု ဓာတ်သတ္တု ထုတ်လုပ်မှုလုပ်ငန်း အမှန်တကယ် စီးပွားဖြစ် ထုတ်လုပ်နိုင်မည့် အစီအစဉ်များကို ကျွမ်းကျင်သူများဖြင့် စိစစ်ခြင်း၊ ဓာတ်သတ္တုထွက်ရှိရာဒေသမှ ဒေသခံများအတွက် လူမှုရေးတာဝန်ယူမှုဆောင်ရွက်မှုလုပ်ငန်း၊ အများပြည်သူများနှင့် အကြိုညှိနှိုင်း ဆွေးနွေးခြင်း၊ သဘောထားရယူခြင်း လုပ်ငန်းများ ဆောင်ရွက်စေနိုင်သည်။ (ဋ) ဝန်ကြီးဌာနသည် လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ၁၅ နှစ် အထက်မှ နှစ် ၅၀ အထိ သက်တမ်းရှိသော ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ထုတ်ပေးပါမည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ-၃နှင့်နောက်ဆက်တွဲ-၄ကိုကြည့်ပါ။
ကြာမြင့်ချိန်	-
လျှောက်ထားရမည့်နေရာ	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
မှတ်ချက်	(က) ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်အရဆောင်ရွက်ခဲ့ပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်သည့် ဓာတ်သတ္တုကို တွေ့ရှိပြီးနောက် ဥပဒေအရသော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များအရသော်လည်းကောင်း၊ လွှဲပြောင်း ရယူထားသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းကို မူလခွင့်ပြု မိန့်ရရှိသူကဲ့သို့ မှတ်ယူပါသည်။ (ခ) ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန် အနည်းဆုံး ၁ နှစ် ကြိုတင်

	၍ သက်တမ်းတိုးလျှောက်ထားရမည်။

(၁.၄.၂) ခာတ်သတ္တုအကြီးစားထုတ်လုပ်ရန်ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ဝန်ကြီးဌာနသို့ ခာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်သက်တမ်းတိုး လျှောက်လွှာ (ခ) လျှောက်လွှာတွင်ဖော်ပြထားသည့် အထောက်အထားများ (ဂ) ခွင့်ပြုမိန့်လျှောက်ထားရာတွင်ပါဝင်ရမည့် အချက်များအား (နောက်ဆက်တွဲ-၂ တွင်ကြည့်ရန်။)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ၁ နှစ် ကြိုတင်၍ သက်တမ်းတိုး လျှောက်လွှာကို တင်ပြလျှောက်ထားရမည်။ (ခ) လျှောက်ထားသူသည် ခွင့်ပြုမိန့်ပါ စည်းကမ်း တစ်စုံတစ်ရာကို ပျက်ကွက်လျှင်လည်းကောင်း၊ ခာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် ခွင့်ပြုဧရိယာအတွင်း ထုတ်လုပ်မှုလုပ်ငန်းများ သင့်တင့်သောနှုန်းဖြင့် တိုးတက်အောင် လုပ်ကိုင်မှုမရှိလျှင် လည်းကောင်း၊ ထုတ်လုပ်ရန် သင့်တင့်သော သတ္တုသိုက် လက်ကျန်မရှိလျှင်လည်းကောင်း၊ အဆိုပြုခာတ်သတ္တု အကြီးစားထုတ်လုပ်ရေး လုပ်ငန်းအစီအစဉ်သည် မပြည့်စုံ လျှင်လည်းကောင်း၊ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် သက်တမ်းတိုးခွင့်ပြုမိန့်ထုတ်ပေးရန် မသင့်ဟုယူဆလျှင် လည်းကောင်း ဝန်ကြီးဌာနသည် လျှောက်ထားချက်အား ငြင်းပယ်နိုင်သည်။ (ဂ) ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ရေး ငြင်းပယ်ရန် ရည်ရွယ်ပါက ငြင်းပယ်လိုသော အကြောင်း အချက်များကို ဖော်ပြလျက်လိုအပ်သော ပြုပြင် ပြောင်းလဲမှု များ ဆောင်ရွက်ရန်သတ်မှတ်ရက် မတိုင်မီ ရှင်းလင်းတင်ပြ စေရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ (ဃ) လျှောက်ထားချက်သည် နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည်ဟု ယူဆလျှင် ဝန်ကြီးဌာနသည် ဝန်ကြီးဌာန၊

	စီမံခန့်ခွဲရေး ကော်မတီ၏ သဘောတူညီချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၅ နှစ် ထက်မပိုသော သက်တမ်းကို တိုးမြှင့်ပေးမည်။
ဝန်ဆောင်ခ	-
ကြာမြင့်ချိန်	-
လျှောက်ထားရမည့် နေရာ	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
မှတ်ချက်	ခွင့်ပြုလုပ်ကွက်ဧရိယာနှင့်ဆက်စပ်လျက်ရှိသော ဧရိယာများတွင် တိုးချဲ့ခွင့်ပြုရန် သော်လည်းကောင်း၊ ခွင့်ပြုလုပ်ကွက် ဧရိယာ တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပြန်လည်အပ်နှံရန် သော်လည်းကောင်း ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်ပါသည်။

(၁.၅) ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန်ခွင့်ပြုမိန့်လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ဝန်ကြီးဌာနသို့ ဓာတ်သတ္တုဆင့်တက် ပြုပြင်ရန် ခွင့်ပြုမိန့် လျှောက်လွှာ၊ ဦးစီးဌာနသို့ ကျောက်ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်လျှောက်လွှာ၊ တိုင်းဒေသကြီး/ ပြည်နယ် လုပ်ကွက်စိစစ်ရေးအဖွဲ့သို့ ဓာတ်သတ္တု အသေးစား၊ လက်လုပ်လက်စား ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့် လျှောက်လွှာ (ခ) လျှောက်လွှာတွင်ဖော်ပြထားသည့် အထောက်အထားများ (ဂ) ခွင့်ပြုမိန့်လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များအား (နောက်ဆက်တွဲ-၂ တွင် ကြည့်ရန်။)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများ နှင့်တကွ လျှောက်လွှာပုံစံကို သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေး အဖွဲ့သို့ လိပ်မူပြီး တင်ပြ

	လျှောက်ထားရမည်။ (ခ) လုပ်ကွက်စိစစ်ရေးအဖွဲ့သည် လျှောက်ထားသူ၏ ခာတ်သတ္တုဆင့်တက်ပြုပြင်ရန် အဆိုပြုအစီအစဉ်ကို စိစစ်စစ်ဆေးပါမည်။ (ဂ) ဝန်ကြီးဌာနသည် လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခာတ်သတ္တုအမျိုးအစားနှင့် လုပ်ငန်းပမာဏအပေါ် မူတည်၍ ၁၅ နှစ်အထက်မှ နှစ် ၅၀ အထိ သက်တမ်း သို့မဟုတ် ၁၀ နှစ်အထက်မှ ၁၅ နှစ်အထိ သက်တမ်း သို့မဟုတ် ၅ နှစ်အထက်မှ ၁၀ နှစ်အထိ သက်တမ်းရှိသော ခာတ်သတ္တုဆင့်တက် ပြုပြင်ရန် ခွင့်ပြုမိန့်ကို ထုတ်ပေးပါမည်။ (ဃ) ဦးစီးဌာနသည် ဦးစီးဌာနလုပ်ကွက် စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခာတ်သတ္တုအမျိုးအစားနှင့် လုပ်ငန်းပမာဏအပေါ် မူတည်၍ ၁၀ နှစ်အထက်မှ ၁၅ နှစ်အထိ သက်တမ်း သို့မဟုတ် ၁၀ နှစ်အထက်မှ ၁၅ နှစ်အထိ သက်တမ်း သို့မဟုတ် ၅ နှစ်အထက်မှ ၁၀ နှစ်အထိ သက်တမ်းရှိသော ကျောက်ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ကို ထုတ်ပေးပါမည်။ (င) တိုင်းဒေသကြီး/ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ဝန်ကြီးဌာနနှင့်ညှိနှိုင်း သဘောထားရယူ၍ အသေးစား ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းအား ၅ နှစ်အထက်မှ ၁၀ နှစ်အထိ သက်တမ်းဖြင့်လည်းကောင်း၊ လက်လုပ်လက်စား ဆင့်တက်ပြုပြင်ခြင်း အားသက်တမ်း ၁ နှစ်စီဖြင့် လည်းကောင်း ခာတ်သတ္တု ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ကို ထုတ်ပေးပါမည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ-၃နှင့် နောက်ဆက်တွဲ-၄ကို ကြည့်ပါ။
ကြာမြင့်ချိန်	-

လျှောက်ထားရမည့်နေရာ	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
မှတ်ချက်	ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန် အနည်းဆုံး ၃ လကြိုတင်၍ လျှောက်ထားရမည်။

(၁.၅.၁) ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန်ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့်အထောက်အထားများ	(က) ဝန်ကြီးဌာနသို့ ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့် သက်တမ်းတိုး လျှောက်လွှာ၊ ဦးစီးဌာနသို့ ဓာတ်သတ္တုဆင့်တက် ပြုပြင်ရန်ခွင့်ပြုမိန့် သက်တမ်းတိုး လျှောက်လွှာ၊ တိုင်းဒေသကြီး/ ပြည်နယ်လုပ်ကွက် စိစစ်ရေးအဖွဲ့သို့ ဓာတ်သတ္တု ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့် သက်တမ်းတိုး လျှောက်လွှာ (ခ) လျှောက်လွှာတွင်ဖော်ပြထားသည့် အထောက်အထားများ (ဂ) ခွင့်ပြုမိန့်လျှောက်ထားရာတွင်ပါဝင်ရမည့် အချက်များအား (နောက်ဆက်တွဲ-၂ တွင်ကြည့်ရန်။)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ၃ လကြိုတင်၍ သက်တမ်းတိုး လျှောက်လွှာကို သက်ဆိုင်ရာ ဌာနသို့တင်ပြ လျှောက်ထားရမည်။ (ခ) လျှောက်ထားသူသည် ခွင့်ပြုမိန့်ပါစည်းကမ်း တစ်စုံတစ်ရာကို ပျက်ကွက်လျှင်လည်းကောင်း၊ အဆိုပြု ဓာတ်သတ္တုဆင့်တက် လုပ်ငန်းအစီအစဉ်သည် မပြည့်စုံလျှင်လည်းကောင်း၊ နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် သက်တမ်းတိုးခွင့်ပြုမိန့် ထုတ်ပေးရန် မသင့်ဟု ယူဆလျှင်လည်းကောင်း သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာနသည် လျှောက်ထားချက်အား ငြင်းပယ်နိုင်သည်။ လျှောက်ထားချက်သည် နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုး

	ရှိမည်ဟု ယူဆလျှင် (ဂ) ဝန်ကြီးဌာနသည် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၅ နှစ်ထက်မပိုသော သက်တမ်းကို တိုးမြှင့်ပေးမည်။ (ဃ) ဦးစီးဌာနသည်ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ၂ နှစ် ထက် မပိုသော သက်တမ်းကိုတိုးမြှင့်ပေးမည်။ (င) တိုင်းဒေသကြီး၊ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေး အဖွဲ့သည် ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထား ရယူ၍ ၂ နှစ် ထက်မပိုသော သက်တမ်းကိုတိုးမြှင့်ပေးမည်။
ဝန်ဆောင်ခ	-
ကြာမြင့်ချိန်	-
လျှောက်ထားရမည့် နေရာ	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
မှတ်ချက်	ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ ၃ လ ကြိုတင်လျှောက်ထားခြင်း မပြုပါက ဆက်လက်လုပ်ကိုင်လိုခြင်းမရှိဟု ယူဆသည်။

(၁.၆) ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ဝန်ကြီးဌာနသို့ ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်လျှောက်လွှာ၊ ဦးစီးဌာနသို့ ဓာတ်သတ္တု ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း လုပ်ကိုင် ရန် ခွင့်ပြုမိန့် လျှောက်လွှာ၊ တိုင်းဒေသကြီး၊ ပြည်နယ် လုပ်ကွက်စိစစ်ရေးအဖွဲ့သို့ ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်လျှောက်လွှာ

	(ခ) လျှောက်လွှာတွင်ဖော်ပြထားသည့်အထောက်အထားများ (ဂ) ခွင့်ပြုမိန့်လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များအား (နောက်ဆက်တွဲ -၂ တွင်ကြည့်ရန်။)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများနှင့်တကွ လျှောက်လွှာပုံစံကို သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် တိုင်းဒေသကြီး၊ ပြည်နယ် လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့သို့ လိပ်မူပြီးတင်ပြ လျှောက်ထားရမည်။ (ခ) လုပ်ကွက်စိစစ်ရေးအဖွဲ့သည် လျှောက်ထားချက်အား စိစစ်စစ်ဆေးပါမည်။ (ဂ) ဝန်ကြီးဌာနသည်လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်တမ်း ၃ နှစ်ထက်မပိုသော ဓာတ်သတ္တုရှာဖွေခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို ထုတ်ပေးပါမည်။ (ဃ) ဦးစီးဌာနသည် ဦးစီးဌာန လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သက်တမ်း ၃ နှစ်ထက် မပိုသော ကျောက်ရှာဖွေခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို ထုတ်ပေးပါမည်။ (င) တိုင်းဒေသကြီး/ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဝန်ကြီးဌာနနှင့်ညှိနှိုင်း သဘောထား ရယူ၍ သက်တမ်း ၃ နှစ်ထက်မပိုသော ဓာတ်သတ္တု ရှာဖွေခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို ထုတ်ပေးပါမည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ- ၃ နှင့်နောက်ဆက်တွဲ- ၄ ကို ကြည့်ပါ။
ကြာမြင့်ချိန်	-
လျှောက်ထားရမည့်	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။

နေရာ	
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
မှတ်ချက်	ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန် အနည်းဆုံး ၃ လကြိုတင်၍ လျှောက်ထားရမည်။

(၁.၆.၁) ခာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် သက်တမ်းတိုး လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ဝန်ကြီးဌာနသို့ခာတ်သတ္တု ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်သက်တမ်းတိုး လျှောက်လွှာ၊ ဦးစီးဌာနသို့ ခာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်သက်တမ်းတိုး လျှောက်လွှာ၊ တိုင်းဒေသကြီး၊ ပြည်နယ် လုပ်ကွက်စိစစ်ရေးအဖွဲ့သို့ ခာတ်သတ္တု ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်သက်တမ်းတိုး လျှောက်လွှာ (ခ) လျှောက်လွှာတွင် ဖော်ပြထားသည့် အထောက်အထားများ (ဂ) ခွင့်ပြုမိန့်လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များအား (နောက်ဆက်တွဲ-၂ တွင်ကြည့်ရန်။)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ၃ လ ကြိုတင်၍ သက်တမ်းတိုး လျှောက်လွှာကို သက်ဆိုင်ရာဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) သက်ဆိုင်ရာခွင့်ပြုသည့်ဌာနသည် လျှောက်ထားချက်ကို စိစစ်ပြီး နိုင်ငံတော်နှင့် ပြည်သူအတွက်အကျိုးရှိမည်ဟု ယူဆလျှင် ၃ နှစ် ထက်မပိုသော သက်တမ်းကို တိုးမြှင့်ပေးမည်။
ဝန်ဆောင်ခ	-
ကြာမြင့်ချိန်	-

လျှောက်ထားရမည့် နေရာ	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
မှတ်ချက်	ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ ၃ လ ကြိုတင် လျှောက်ထားခြင်း မပြုပါက ဆက်လက်လုပ်ကိုင်လိုခြင်း မရှိဟုယူဆသည်။

(၁.၇) ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းများအနက် လုပ်ငန်းတစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်ရန်ခွင့်ပြုမိန့် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ဝန်ကြီးဌာနသို့ ဓာတ်သတ္တုလုပ်ငန်းတစ်ရပ် ထက်ပိုမို၍ လုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်လွှာ (ခ) လျှောက်လွှာတွင်ဖော်ပြထားသည့် အထောက်အထားများ (ဂ) ခွင့်ပြုမိန့်လျှောက်ထားရာတွင်ပါဝင်ရမည့် အချက်များအား (နောက်ဆက်တွဲ-၂ တွင်ကြည့်ရန်။)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများ နှင့်တကွ လျှောက်လွှာပုံစံကို ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနသို့ လိပ်မူပြီးတင်ပြလျှောက်ထားရမည်။ (ခ) ဝန်ကြီးဌာနသည် လျှောက်ထားသည့်မြေဧရိယာမှာ ပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ခွင့်ပြုထားပြီး မြေဧရိယာ ဟုတ် မဟုတ်၊ တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တု ကန့်သတ်နယ်မြေတွင် အကျုံးဝင်ခြင်း ရှိ မရှိ တို့ကို စိစစ်ပါမည်။ (ဂ) ဝန်ကြီးဌာနသည်လျှောက်ထားချက်ကို စစ်ဆေးပြီး ပြည့်စုံမှု ရှိပါက မှတ်ပုံတင်ပါမည်။ (ဃ) လျှောက်ထားသည့် မြေနေရာသည် ဒေသန္တရဘူမိဗေဒ

	ဆိုင်ရာအချက်အလက်များ ရှာဖွေလေ့လာခြင်း မပြုရသည့် မြေနေရာဖြစ်ပါက ဦးစွာလျှောက်ထားသူအား ဦးစားပေး စိစစ်ရွေးချယ်ပါမည်။ (လုပ်ထုံးလုပ်နည်း-၂ နှင့်အညီ) (င) လျှောက်ထားသည့် မြေနေရာသည် ဘူမိဗေဒ အချက်အလက်များ ပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့် စပ်လျဉ်း၍ စီးပွားဖြစ် ထုတ်လုပ်နိုင်သော မြေနေရာဖြစ်ပါက ယှဉ်ပြိုင်မှုနည်းလမ်းဖြင့် စိစစ်ရွေးချယ်ပါမည်။ (လုပ်ထုံးလုပ်နည်း- ၂ နှင့်အညီ) (စ) စိစစ်ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှု ရှိစွာဆောင်ရွက်ရမည်။ (ဆ) ရွေးချယ်ခံရသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်းအဆိုပြုလွှာ သို့မဟုတ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် သို့မဟုတ် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာရေးဆွဲ တင်ပြရမည်။ (ဇ) ဝန်ကြီးဌာနသည်လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ သဘောတူညီချက် နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်အမျိုးအစား၊ ဓာတ်သတ္တု အမျိုးအစားနှင့် လုပ်ငန်း ပမာဏအပေါ် မူတည်၍ သတ်မှတ်ထားသော သက်တမ်း အတွက် ဓာတ်သတ္တုလုပ်ငန်းတစ်ရပ်ထက် ပိုမို၍ လုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို ထုတ်ပေးပါမည်။
ဝန်ဆောင်ခ	နောက်ဆက်တွဲ- ၃ နှင့် နောက်ဆက်တွဲ- ၄ ကို ကြည့်ပါ။
ကြာမြင့်ချိန်	-
လျှောက်ထားရမည့် နေရာ	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။
အတည်ပြုလက်မှတ် ရေးထိုးသည့်	နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ။

ရာထူး/အဆင့်	
မှတ်ချက်	ခွင့်ပြုမိန့်သက်တမ်းတိုးရန် လျှောက်ထားချက်မှာ သက်ဆိုင်ရာ ခေတ်သတ္တုလုပ်ငန်းတစ်ခုချင်းစီ၏ လုပ်ထုံးလုပ်နည်းအလိုက် လျှောက်ထားရမည်။

(၂) မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း

(၂.၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုမိန့်

(၂.၁.၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း (အလတ်စား တူးဖော်ထုတ်လုပ်ခြင်းအတွက်)

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ် (ခ) ကုမ္ပဏီ(သို့မဟုတ်) အသင်း မှတ်ပုံတင်လက်မှတ်မိတ္တူ (ဂ) ကုမ္ပဏီ (သို့မဟုတ်) အသင်းအဖွဲ့ဝင်စာရင်းမိတ္တူနှင့် Profile (ဃ) ငွေကြေးခိုင်မာမှု (Bank Statement) အထောက်အထား (င) မြေအောက်တူးဖော်လုပ်ကိုင်မည့်လုပ်ကွက်ကို လျှောက်ထားပါက ယခင်က မြေပေါ် သို့မဟုတ် မြေအောက်တူးဖော်မှုစနစ်ဖြင့် တူးဖော်ထုတ်လုပ်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံ ရှိမရှိနှင့် လုပ်ငန်းအတွေ့အကြုံ ရှိပါက ယင်းအတွေ့အကြုံနှင့် သက်ဆိုင်သည့် အထောက် အထား
လုပ်ငန်းစဉ်အဆင့်	(က) အဆိုပြုလွှာခေါ်ယူခြင်း/လျှောက်ထားခြင်း (ခ) ဖွင့်ဖောက်စစ်ဆေးခြင်း (ဂ) ပဏာမရွေးချယ်ရန် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခြင်း (ဃ) လုပ်ငန်းစီမံချက်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တင်ပြခြင်း (င) အတည်ပြုရွေးချယ်ရန် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခြင်း (စ) အဆိုပြုငွေပေးသွင်းခြင်းနှင့် CSR ရန်ပုံငွေပေးသွင်းခြင်း

	(ဆ) ခွင့်ပြုမိန့်ကတ်ထုတ်ယူခြင်း (ဇ) လုပ်ကွက်ပိတ်သိမ်းရန်ပုံငွေပေးသွင်းခြင်း (ဈ) စာချုပ်ချုပ်ဆိုခြင်း
ဝန်ဆောင်ခ	(က) လုပ်ငန်းမှတ်ပုံတင်ကြေးငွေကျပ် (၅၀၀၀၀ိ/-) (ခ) လုပ်ကိုင်ခွင့်ရရှိရန် တင်သွင်းသည့် လုပ်ကွက်အဆိုပြုငွေ (ကုမ္ပဏီ (သို့) အသင်းတို့က လုပ်ကွက်တစ်ကွက်ကို လုပ်ကိုင်ခွင့်ရရှိရန်အတွက် လျှောက်ထားရာ၌ လျှောက်လွှာတွင် လုပ်ကွက်အဆိုပြုငွေကို ဖြည့်သွင်းရပါသည်။ လုပ်ကိုင်ခွင့်ရရှိပါက ၎င်း အဆိုပြုငွေကို ပေးသွင်းရမည်ဖြစ်ပါသည်။)
ကြာမြင့်ချိန်	**(၆) လ နှင့် (၂၂) ရက်** **ဆောင်ရွက်ရမည့်ဌာန ကြာချိန်** (က) ဝန်ကြီးဌာန ၁ လ ၁၅ ရက် (ခ) ကုမ္ပဏီ ၄ လ ၇ ရက် (ဂ) ဝန်ကြီးဌာန+ကုမ္ပဏီ ၁ လ (အဆိုပြုလွှာခေါ် + လျှောက်) စုစုပေါင်းကြာချိန် ၆ လ ၂၂ ရက်
လျှောက်ထားရမည့် နေရာ	မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
မှတ်ချက်	(၃၀.၁.၂၀၁၉) ရက်နေ့တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေသစ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေတွင် အလတ်စား၊ အသေးစား၊ လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းဟူ၍ အမျိုးအစား ၃ မျိုးပါရှိပါသည်။ အလတ်စားတူးဖော်ထုတ်လုပ်ခြင်းကို ပြည်ထောင်စုအဆင့်က လုပ်ကိုင်ခွင့်ပြုပြီး အသေးစားနှင့် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက

	လုပ်ကိုင်ခွင့်ပြုပါသည်။ (က) အလတ်စားတူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းခွင့်ပြုမိန့် သက်တမ်းမှာ ၃ နှစ်ဖြစ်ပါသည်။ လုပ်ကွက်တစ်ကွက်လျှင် ၅ ဧက ဖြစ်ပါသည်။ (ခ) ဝန်ကြီးဌာနသည် အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ထုတ်လုပ်မှုအပေါ် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ကိုင်ရမည်။ (ဂ) ကျောက်မျက်ရတနာလုပ်ကွက် တစ်ခုချင်းအတွက် လိုအပ်ပါက ဈေးနှုန်းပြန်လည်သတ်မှတ်ပြီး သုံးနှစ်အထိတစ်ကြိမ်သာ ခွင့်ပြုမိန့်သက်တမ်း တိုးပေးရမည်။ (ဃ) ခွင့်ပြုမိန့်ရရှိသူသည် ရတနာနယ်မြေတွင် မြေအသုံးပြုခွင့်မိန့်ရရှိရန် လျှောက်ထားနိုင်သည်။ (င) ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာအချောထည် သို့မဟုတ် လက်ဝတ်ရတနာ ပြုလုပ်ရောင်းချရာ၌ အသုံးပြုရန် အမှန်တကယ်လိုအပ်သော ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုနှင့်ဆိုင်သော စက်ပစ္စည်းကိရိယာများကို အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိသည်။

(၂.၁.၂) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း (အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း အတွက်)

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	**အသေးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်** (က) မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ထုတ် ပေးထားသည့် မှတ်ပုံတင်လက်မှတ် (ခ) ကုမ္ပဏီ(သို့မဟုတ်) အသင်း မှတ်ပုံတင်လက်မှတ်မိတ္တူ (ဂ) ကုမ္ပဏီ (သို့မဟုတ်) အသင်းအဖွဲ့ဝင်စာရင်းမိတ္တူနှင့် Profile

	(ဃ) ငွေကြေးခိုင်မာမှု (Bank Statement) အထောက်အထား (င) မြေအောက်တူးဖော်လုပ်ကိုင်မည့်လုပ်ကွက်ကို လျှောက်ထား ပါက ယခင်က မြေပေါ် သို့မဟုတ် မြေအောက်တူးဖော်မှုစနစ် ဖြင့် တူးဖော်ထုတ်လုပ်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံ ရှိမရှိ နှင့် လုပ်ငန်းအတွေ့အကြုံ ရှိပါက ယင်းအတွေ့အကြုံနှင့် သက်ဆိုင်သည့် အထောက်အထား **လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းအတွက်** (က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာလုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့က ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ် (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် အမျိုးသား မှတ်ပုံတင်လက်မှတ်မိတ္တူ (ဂ) အိမ်ထောင်စုစာရင်းမိတ္တူ (ဃ) ပြစ်မှုကင်းရှင်းကြောင်းနှင့် ရဲစခန်း ထောက်ခံချက်နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက် (င) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျောက် မျက်ရတနာလုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့က သတ်မှတ်သော အထောက်အထားများ။
လုပ်ငန်းစဉ်အဆင့်	**အသေးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်** (က) အဆိုပြုလွှာခေါ်ယူခြင်း/လျှောက်ထားခြင်း (ခ) ဖွင့်ဖောက်စစ်ဆေးခြင်း (ဂ) ခွင့်ပြုမိန့်ထုတ်ပေးရန် ပဏာမရွေးချယ်ခြင်း (ဃ) လုပ်ငန်းစီမံချက်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တင်ပြခြင်း (င) ခွင့်ပြုမိန့်ထုတ်ပေးရန် အတည်ပြုရွေးချယ်ခြင်း (စ) အဆိုပြုငွေပေးသွင်းခြင်းနှင့် CSR ရန်ပုံငွေပေးသွင်းခြင်း (ဆ) ခွင့်ပြုမိန့်ကတ်ထုတ်ယူခြင်း

	လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းအတွက် (က) အဆိုပြုလွှာခေါ်ယူခြင်း/လျှောက်ထားခြင်း (ခ) ခွင့်ပြုမိန့်ထုတ်ပေးရန် ရွေးချယ်ခြင်း (ဂ) အဆိုပြုငွေပေးသွင်းခြင်း (ဃ) ခွင့်ပြုမိန့်ကတ်ထုတ်ယူခြင်း
ဝန်ဆောင်ခ	**အသေးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်** (က) လုပ်ငန်းမှတ်ပုံတင်ကြေးငွေကျပ် (၃၀၀၀၀ိ/-) (ခ) လုပ်ကိုင်ခွင့်ရရှိရန် တင်သွင်းသည့် လုပ်ကွက်အဆိုပြုငွေ (ကုမ္ပဏီ(သို့)အသင်းတို့က လုပ်ကွက်တစ်ကွက်ကို လုပ်ကိုင်ခွင့်ရရှိရန်အတွက် လျှောက်ထားရာ၌ လျှောက်လွှာတွင် လုပ်ကွက် အဆိုပြုငွေကို ဖြည့်သွင်းရပါသည်။ လုပ်ကိုင်ခွင့်ရရှိပါက ၎င်းအဆိုပြုငွေကို ပေးသွင်းရမည်ဖြစ်ပါသည်။) **လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းအတွက်** သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ကျောက်မျက်ရတနာလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က သတ်မှတ်ထားသည့် လုပ်ကွက်အဆိုပြုငွေပေးသွင်းရပါမည်။
ကြာမြင့်ချိန်	-
လျှောက်ထားရမည့်နေရာ	သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကျောက်မျက်ရတနာလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	-
မှတ်ချက်	(က) အသေးစား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်သက်တမ်းမှာ ၂ နှစ်၊ လုပ်ကွက်တစ်ကွက်လျှင် ၃ ဧကဖြစ်ပြီး လက်လုပ်လက်စားတူးဖော် ထုတ်လုပ်ခြင်းမှာ ၁ နှစ်၊ လုပ်ကွက်တစ်ကွက်လျှင် ၁ ဧက ဖြစ်ပါသည်။ (ခ) ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးမြှင့်ခွင့်ပြုသည့်အခါ အသေးစားတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ပြီး နှစ်နှစ်အထိ တစ်ကြိမ်သာ ခွင့်ပြုမိန့်

	သက်တမ်း တိုးပေးရမည်။ (ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ခွင့်ပြုရန် ၃ လ ကြိုတင်၍ လျှောက်ထားရပါမည်။) (ဂ) လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းအတွက် သက်တမ်း တိုးမြှင့်ခွင့်မပြုပါ။ (ဃ) ခွင့်ပြုမိန့်ရရှိသူသည် ရတနာနယ်မြေတွင် မြေအသုံးပြုခွင့်မိန့်ရရှိရန် လျှောက်ထားနိုင်သည်။ (င) ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာအချောထည် သို့မဟုတ် လက်ဝတ်ရတနာပြုလုပ်ရောင်းချရာ၌ အသုံးပြုရန် အမှန်တကယ်လိုအပ်သော ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုနှင့်ဆိုင်သော စက်ပစ္စည်းကိရိယာများကို အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိသည်။

(၂.၁.၃) ကျောက်မျက်ရတနာအချောထည်၊ လက်ဝတ်ရတနာနှင့် ကျောက်မျက်ဖြင့်ပြုလုပ်သော ပစ္စည်းများအား ရောင်းချခြင်းလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှလျှောက်လွှာ (ခ) ကျောက်မျက်ရတနာအချောထည်၊ လက်ဝတ်ရတနာနှင့် ကျောက်မျက်ဖြင့်ပြုလုပ်သောပစ္စည်းများအား ရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်ရန် အဆိုပြုလွှာ (ဂ) လျှောက်လွှာတွင် ဖော်ပြထားသည့် လိုအပ်သော အထောက်အထားများ- (၁) လိုင်စင်ဓာတ်ပုံ ၂ ပုံ (၂) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (၃) ရတနာဆိုင် ဖွင့်လှစ်ရောင်းချမည့် ဆိုင်ခန်းနေရာ ဓာတ်ပုံ ၂ ပုံ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သောအထောက်အထားများနှင့်တကွ အဆိုပြုလွှာပုံစံကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မိုးကုတ်၊ မြစ်ကြီးနားတို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းရုံးများတွင် တင်ပြလျှောက်

	ထားနိုင်ပါသည်။ (ခ) လျှောက်ထားချက်တွင် လိုအပ်ချက်များရှိပါက ပြန်လည်အကြောင်းကြားပေးပါမည်။ (ဂ) MGE ရုံးသည် လျှောက်ထားသည့်လိပ်စာအတိုင်း ဆိုင်ခန်းဖွင့်လှစ်ထားခြင်း၊ ဆိုင်းဘုတ် တင်ထားခြင်း ရှိမရှိ မြေပြင်ဆင်း၍ စစ်ဆေးပါမည်။ (ဃ) စစ်ဆေးပြီးနောက် လျှောက်ထားချက်ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ စီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြပါမည်။ (င) မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးကော်မတီမှ စစ်ဆေးပြီးသည့်အခါ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ အတည်ပြုချက် တောင်းခံပါမည်။ (စ) အတည်ပြုချက်ရရှိသည့်အခါ လျှောက်ထားသူသည် MGE ရုံး တွင် လိုင်စင်ကြေးပေးဆောင်ပြီး ကျောက်မျက်ရတနာ အချောထည်၊ လက်ဝတ်ရတနာနှင့် ကျောက်မျက်ဖြင့် ပြုလုပ်သောပစ္စည်းများ ရောင်းချခြင်း လုပ်ငန်းလိုင်စင်ကို ထုတ်ယူရရှိနိုင်ပါသည်။
ဝန်ဆောင်ခ	၁ နှစ်စာအတွက် လိုင်စင်ကြေး ၅၀,၀၀၀ ကျပ်
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၂၀ ရက်
လျှောက်ထားရမည့်နေရာ	ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မိုးကုတ်၊ မြစ်ကြီးနားတို့ရှိမည်သည့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးကိုမဆို တင်ပြလျှောက်ထားနိုင်ပါသည်။
အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
မှတ်ချက်	(က) လိုင်စင်သက်တမ်းမှာ ၁ နှစ် (သို့) ၂ နှစ် (သို့) ၃ နှစ် အထိ လျှောက်ထားမှုမပေါ် မူတည်၍ လုပ်ကိုင်ခွင့်ရှိပါမည်။ (ခ) အခွန်ပေးဆောင်မှုကို တစ်နှစ်တစ်ကြိမ် ရှင်းလင်းရပါမည်။ (အခွန်ပေးဆောင်မှုပြေစာကို လိုင်စင်သက်တမ်းတိုးသည့်

	အခါ ပူးတွဲတင်ပြရပါမည်။)

နောက်ဆက်တွဲ (၁) – သတ္တုလုပ်ငန်းအမျိုးအစားများနှင့် လျှောက်ထားရမည့် ဌာနများ

စဉ်	လုပ်ငန်းအမျိုးအစား	လျှောက်ထားရမည့် ဌာန	ခွင့်ပြုမိန့်ထုတ်ပေးမည့်ဌာန	သက်တမ်းတိုးလျှောက်ထားရန် ဌာန
၁	**ခတ်သတ္တုရှာဖွေခြင်း**			
၁.၁	(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပါရှိသောသတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း (ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုအကြီးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း (ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်း ပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစားထုတ်လုပ်မှု လုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း (ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့်	ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာန (ပုံစံ-၁)	ပြည်ထောင်စုဝန်ကြီး ၊သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၄)	ပြည်ထောင်စုဝန် ကြီး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၇)

	သတ္တု သို့မဟုတ် စက်မှု တွင်းထွက်ကုန်ကြမ်း ပစ္စည်းကို အလတ်စား ထုတ်လုပ်မှု လုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း (င) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှု တွင်းထွက် ကုန်ကြမ်း ပစ္စည်းတို့ကို အသေးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက် ဖြင့် ရှာဖွေခြင်း			
၁.၂	(က) ကျောက်ကို အလတ်စား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက် ဖြင့် ရှာဖွေခြင်း (ခ) ဝန်ကြီးဌာနက အမိန့် ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ကျောက်ကို အသေးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက် ဖြင့် ရှာဖွေခြင်း	ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန (ပုံစံ-၂)	ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန (ပုံစံ-၅)	ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန (ပုံစံ-၈)
၁.၃	(က) ဝန်ကြီးဌာနက အမိန့် ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုများမှအပ	တိုင်းဒေသကြီး (သို့) ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေး အဖွဲ့	တိုင်းဒေသကြီး (သို့) ပြည်နယ် လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့	တိုင်းဒေသကြီး (သို့) ပြည်နယ် လုပ်ကွက် စိစစ်ချထားပေး

	ကျန်ဓာတ်သတ္တုများကို အသေးစားထုတ်လုပ်မှု လုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း	(ပုံစံ-၃)	(ပုံစံ-၆)	ရေး အဖွဲ့ (ပုံစံ-၉)
၂	**ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း**			
၂.၁	(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပါရှိသော သတ္တု၊ စက်မှု တွင်းထွက်ကုန်ကြမ်း ပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက် ဖြင့် စမ်းသပ်တိုင်းတာခြင်း (ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုအကြီးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက် ဖြင့် စမ်းသပ်တိုင်းတာခြင်း (ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှု တွင်းထွက် ကုန်ကြမ်း ပစ္စည်း သို့မဟုတ် ကျောက် ကို အကြီးစားထုတ်လုပ်မှု လုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း (ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု သို့မဟုတ် စက်မှုတွင်း ထွက်ကုန်ကြမ်းပစ္စည်းကို အလတ်စားထုတ်လုပ်မှု လုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့်	ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၁၀)	ပြည်ထောင်စုဝန်ကြီး ၊သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၁၃)	ပြည်ထောင်စု ဝန်ကြီး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၁၆)

	စမ်းသပ်တိုင်းတာခြင်း (င) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းတို့ကိုအသေးစား ထုတ်လုပ်မှု လုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း			
၂.၂	(က) ကျောက်ကို အလတ်စားထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း (ခ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသောကျောက်ကို အသေးစားထုတ်လုပ်မှု လုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း	ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန (ပုံစံ-၁၁)	ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန (ပုံစံ-၁၄)	ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန (ပုံစံ-၁၇)
၂.၃	(က) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသောဓာတ်သတ္တုများမှအပ ကျန်ဓာတ်သတ္တုများကို အသေးစားထုတ်လုပ်မှု လုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း	တိုင်းဒေသကြီး သို့ ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ (ပုံစံ-၁၂)	တိုင်းဒေသကြီး သို့ ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ (ပုံစံ-၁၅)	တိုင်းဒေသကြီး သို့ ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ (ပုံစံ-၁၈)

၃	ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း			
၃.၁	(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပါရှိသော သတ္တု၊ စက်မှု တွင်းထွက်ကုန်ကြမ်း ပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက် ဖြင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း (ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု အကြီးစားထုတ်လုပ် မှုလုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း (ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှု တွင်းထွက်ကုန်ကြမ်း ပစ္စည်း သို့မဟုတ် ကျောက် ကို အကြီးစားထုတ်လုပ်မှု လုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း (ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု သို့မဟုတ် စက်မှု တွင်းထွက်ကုန်ကြမ်း ပစ္စည်းကို အလတ်စား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက် ဖြင့်ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း	ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၁၉)	ပြည်ထောင်စု ဝန်ကြီး၊ သယံဇာတ နှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၂၀)	ပြည်ထောင်စုဝန် ကြီး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဌာန (ပုံစံ-၂၁)

၄	ခေတ်သတ္တုအကြီးစားထုတ်လုပ်ခြင်း			
၄.၁	(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသောသတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကိုအကြီးစားထုတ်လုပ်ခြင်း (ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုအကြီးစားထုတ်လုပ်ခြင်း (ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစားထုတ်လုပ်ခြင်း (ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အလတ်စားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း လုပ်ငန်းခွင့်ပြု မိန့်ရရှိထားသော နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် စမ်းသပ်တိုင်းတာထားသည့် ဘူမိဗေဒအစီရင်ခံစာအရ သတ္တု သိုက်ပမာဏနှင့် အရည်အသွေးပေါ် မူတည်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖက်စပ် လုပ်ငန်းအဖြစ် ကူးပြောင်း လုပ်ကိုင်မည့် ခေတ်သတ္တုအကြီးစားထုတ်လုပ်ခြင်း	ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၂၂)	ပြည်ထောင်စု ဝန်ကြီး၊ သယံဇာတ နှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၂၃)	ပြည်ထောင်စုဝန် ကြီး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၂၄)

၅	ခေတ်သတ္တုအလတ်စားထုတ်လုပ်ခြင်း			
၅.၁	(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းကို အလတ်စား ထုတ်လုပ်ခြင်း	ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၂၅)	ပြည်ထောင်စု ဝန်ကြီး၊ သယံဇာတ နှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၂၇)	ပြည်ထောင်စုဝန် ကြီး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၂၉)
၅.၂	(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်ကို အလတ်စား ထုတ်လုပ်ခြင်း	ညွှန်ကြားရေးမှူးချုပ် သတ္တုတွင်းဦးစီးဌာန (ပုံစံ-၂၆)	ညွှန်ကြားရေးမှူး ချုပ်၊ သတ္တုတွင်း ဦးစီးဌာန (ပုံစံ-၂၈)	ညွှန်ကြားရေးမှူး ချုပ်၊ သတ္တုတွင်း ဦးစီးဌာန (ပုံစံ-၃၀)
၆	ခေတ်သတ္တုအသေးစားထုတ်လုပ်ခြင်း			
၆.၁	(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းကို အသေးစားထုတ်လုပ်ခြင်း	ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာန (ပုံစံ-၃၁)	ပြည်ထောင်စု ဝန်ကြီး၊ သယံဇာတ နှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ပုံစံ-၃၄)	ပြည်ထောင်စုဝန် ကြီး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဌာန (ပုံစံ-၃၇)
၆.၂	(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထား သောကျောက်ကို အလတ်စားထုတ်လုပ်ခြင်း	ညွှန်ကြားရေးမှူးချုပ် ၊ သတ္တုတွင်းဦးစီးဌာန (ပုံစံ-၃၂)	ညွှန်ကြားရေးမှူး ချုပ်၊ သတ္တုတွင်းဦးစီး ဌာန (ပုံစံ-၃၅)	ညွှန်ကြားရေးမှူး ချုပ်၊ သတ္တုတွင်းဦးစီး ဌာန (ပုံစံ-၃၈)

၆.၃	(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ခတ်သတ္တုများမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အသေးစားထုတ်လုပ်ခြင်း	တိုင်းဒေသကြီး သို့ ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေး အဖွဲ့ (ပုံစံ-၃၃)	တိုင်းဒေသကြီး သို့ ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေး အဖွဲ့ (ပုံစံ-၃၆)	တိုင်းဒေသကြီး သို့ ပြည်နယ် လုပ်ကွက် စိစစ်ချထားပေး ရေး အဖွဲ့ (ပုံစံ-၃၉)
၇	**ခတ်သတ္တုလက်လုပ်လက်စားထုတ်လုပ်ခြင်း**			
၇.၁	(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ခတ်သတ္တုများမှအပ ကျန်ခတ်သတ္တုများကို လက်လုပ်လက်စား ထုတ်လုပ်ခြင်း	တိုင်းဒေသကြီး သို့ ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေး အဖွဲ့ (ပုံစံ-၄၀)	တိုင်းဒေသကြီး သို့ ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေး အဖွဲ့ (ပုံစံ-၄၁)	-
၈	**ခတ်သတ္တုဆင့်တက်ပြုပြင်ခြင်း**			
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် Tradenet 2.0 စနစ်တွင် Application Form ဖြည့်သွင်း၍ လိုအပ်သော အထောက်အထားများနှင့်တကွ ကုန်သွယ်ရေးဦးစီးဌာန (OSS) သို့ တင်ပြလျှောက်ထားရမည်။ (ခ) Application Form တွင် အဆင့်ဆင့်ဖြည့်သွင်းပြီးပါက Summit Buttonကို နှိပ်၍ ကုန်သွယ်ရေးဦးစီးဌာန (OSS) သို့ ပေးပို့ရပါမည်။ (ဂ) လိုအပ်သော အထောက်အထားများ ပြည့်စုံပါက လျှောက်ထားလာသည့် Application အား ကုန်သွယ်ရေးဦးစီးဌာန (OSS) မှ Approve ပြုလုပ်ပေးမည်ဖြစ်ပါသည်။ (ဃ) မိမိလျှောက်ထားလာသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အား ထုတ်ယူနိုင်ရန်အတွက် MPU Payment Gateway တွင် မှတ်ပုံတင်ကြေးအား MPU e-Commerce ဖြင့် ငွေပေးသွင်းမှုကို ဆောင်ရွက်ရပါမည်။ (င) ငွေပေးသွင်းမှု ဆောင်ရွက်ပြီးစီးပါက မိမိလျှောက်ထားသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်နှင့် Payment Voucher ကို Print ထုတ်ယူနိုင်မည်ဖြစ်ပါသည်။
ဝန်ဆောင်ခ	Online ဝန်ဆောင်ခ ၃၀၀၀ ကျပ်နှင့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အသစ်လျှောက်ထားခြင်း။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ်ပြင်ဆင်ခြင်း။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်း။ နောက်ဆက်တွဲ - ၁
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၁ ရက်

လျှောက်ထားရမည့်နေရာ	ကုန်သွယ်ရေးဦးစီးဌာန (OSS)
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ကုန်သွယ်ရေးဦးစီးဌာန (OSS) ၏ တာဝန်ခံ
မှတ်ချက်	(က) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် ၅နှစ်ဖြစ်သည်။ (ခ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် သက်တမ်းတိုး လျှောက်ထားခြင်းနှင့် ပြင်ဆင်ချက်လျှောက်ထားခြင်း ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

နောက်ဆက်တွဲ-၁ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ကြေး

စဉ်	သက်တမ်း	မှတ်ပုံတင်ကြေး
၁။	သက်တမ်း (၅) နှစ်ကတ်အသစ်	၂၀၀,၀၀၀ ကျပ်
၂။	ပြင်ဆင်ချက် (၁) ချက်လျှင်	၁၀,၀၀၀ ကျပ်
၃။	သက်တမ်းတိုးကြေး (သက်တမ်း-၅နှစ်)	၂၀၀,၀၀၀ ကျပ်

(၂) ပို့ကုန်/သွင်းကုန်လိုင်စင်ထုတ်ပေးခြင်း

(၂-၁) သွင်းကုန်လိုင်စင်ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်မည့်အထောက်အထားများ	(က) ကုန်ပို့လွှာ (ခ) အရောင်းအဝယ်စာချုပ် (ဂ) တင်သွင်းမည့်ပစ္စည်းများနှင့်စပ်လျဉ်း၍ ထောက်ခံချက်လိုအပ်သော ကုန်ပစ္စည်းများအတွက် သက်ဆိုင်သောဌာနများ၏ထောက်ခံချက်
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် Tradenet 2.0 တွင် Application Form ဖြည့်သွင်းရပါမည်။ (ခ) မိမိလျှောက်ထားသည့် ကုန်ပစ္စည်း၏ HS Code,

	Description, Price, Quantity, Value စသည့် လိုအပ်သည့် အချက်အလက်များအား ဖြည့်သွင်းရပါမည်။ (ဂ) ဆက်လက်၍ လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများနှင့် ထောက်ခံချက်များအား Attach file အဖြစ် ဆက်လက် ထည့်သွင်းရမည်ဖြစ်ပါသည်။ (Eg: Invoice (or) Sale Contract, OGA Recommendations) (ဃ) သွင်းကုန်လိုင်စင် Application Form တွင် အဆင့်ဆင့်ဖြည့်သွင်းပြီးပါက Summit Button ကိုနှိပ်၍ ကုန်သွယ်ရေးဦးစီးဌာန (OSS) သို့ ပေးပို့ရပါမည်။ (င) စိစစ်သုံးသပ်ချက် လုပ်ငန်းစဉ်များအောင်မြင်ပါက လျှောက်ထားလာသည့် Application အား ကုန်သွယ်ရေးဦးစီးဌာန (OSS) မှ Approve ပြုလုပ်ပေးမည်ဖြစ်ပါသည်။ (စ) မိမိလျှောက်ထားလာသည့် လိုင်စင်အားထုတ်ယူနိုင်ရန်အတွက် MPU Payment Gateway တွင် လိုင်စင်ကြေးများအား MPU e-Commerce ဖြင့် ငွေပေးသွင်းမှုကို ဆောင်ရွက်ရပါမည်။ (ဆ) ငွေပေးသွင်းမှုအား ဆောင်ရွက်ပြီးစီးပါက မိမိလျှောက်ထားသည့် လိုင်စင်အချောအား Print ထုတ်ယူနိုင်ပြီဖြစ်သကဲ့သို့ Payment Voucher ကိုလည်း Print ထုတ်ယူနိုင်မည်ဖြစ်ပါသည်။
ဝန်ဆောင်ခ	Online ဝန်ဆောင်ခ ၃၀၀၀ ကျပ်နှင့် သွင်းကုန်လိုင်စင်ကြေး (နောက်ဆက်တွဲ-၂)
ကြာမြင့်ချိန်	အလုပ်လုပ်ရက် (၁) ရက်
လျှောက်ထားရမည့်နေရာ	Tradenet 2.0 ၊ ကုန်သွယ်ရေးဦးစီးဌာန (OSS)

အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ကုန်သွယ်ရေးဦးစီးဌာန (OSS) ၏ တာဝန်ခံ
မှတ်ချက်	သက်ဆိုင်ရာဌာနများဆိုသည်မှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနစသည့် တင်သွင်းခွင့်အတွက် ထောက်ခံချက်ရယူရမည့်ဌာနတို့ဖြစ်ပါသည်။

(၂-၂) ပို့ကုန်လိုင်စင်ထုတ်ပေးခြင်း

တင်ပြရန်လိုအပ်မည့်အထောက်အထားများ	(က) ကုန်ပို့လွှာ/အရောင်းအဝယ်စာချုပ် (ခ) တင်ပို့မည့်ပစ္စည်းများနှင့်စပ်လျဉ်း၍ ထောက်ခံချက်လိုအပ်သော ကုန်ပစ္စည်းများအတွက် သက်ဆိုင်သောဌာနများ၏ထောက်ခံချက်
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် Tradenet 2.0 တွင် Application Form ဖြည့်သွင်းရပါမည်။ (ခ) မိမိလျှောက်ထားသည့် ကုန်ပစ္စည်း၏ HS Code, Description, Price, Quantity, Value စသည့် လိုအပ်သည့် အချက်အလက်များ အားဖြည့်သွင်းရပါမည်။ (ဂ) ဆက်လက်၍ လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများနှင့် ထောက်ခံချက်များအား Attach file အဖြစ် ဆက်လက် ထည့်သွင်းရမည်ဖြစ်ပါသည်။ (Eg: Invoice (or) Sale Contract, OGA Recommendations) (ဃ) ပို့ကုန်လိုင်စင် Application Formတွင် အဆင့်ဆင့်ဖြည့်သွင်းပြီး ပါက Summit Button ကို နှိပ်၍ ကုန်သွယ်ရေးဦးစီးဌာန (OSS) သို့ပေးပို့ရပါမည်။ (င) စိစစ်သုံးသပ်ချက် လုပ်ငန်းစဉ်များအောင်မြင်ပါက

	လျှောက်ထားလာသည့် Application အား OSS မှ Approve ပြုလုပ်ပေးမည်ဖြစ်ပါသည်။ (စ) မိမိလျှောက်ထားလာသည့် လိုင်စင်အားထုတ်ယူနိုင်ရန် အတွက် MPU Payment Gateway တွင် လိုင်စင်ကြေးများအား MPU e-Commerce ဖြင့် ငွေပေးသွင်းမှု ကို ဆောင်ရွက်ရပါမည်။ (ဆ) ငွေပေးသွင်းမှုအား ဆောင်ရွက်ပြီးစီးပါက မိမိ လျှောက်ထားသည့် လိုင်စင်အချောအား Print ထုတ်ယူ နိုင်ပြီဖြစ်သကဲ့သို့ Payment Voucher ကိုလည်း Print ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ Quantity, Value စသည့် လိုအပ်သည့် အချက်အလက်များအား ဖြည့်သွင်းရပါမည်။
ဝန်ဆောင်ခ	Online ဝန်ဆောင်ခ ၃၀၀၀ ကျပ်
ကြာမြင့်ချိန်	အလုပ်လုပ်ရက် (၁) ရက်
လျှောက်ထားရမည့် နေရာ	Tradenet 2.0 ၊ ကုန်သွယ်ရေးဦးစီးဌာန (OSS)
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	ကုန်သွယ်ရေးဦးစီးဌာန (OSS) ၏ တာဝန်ခံ
မှတ်ချက်	သက်ဆိုင်ရာဌာနများဆိုသည်မှာ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနစသည်တို့ဖြစ်ပါသည်။

နောက်ဆက်တွဲ-၂ သွင်းကုန်လိုင်စင်ကြေး

သွင်းကုန်ပစ္စည်း၏ဆိပ်ကမ်းရောက်တန်ဖိုး (CIF)	သွင်းကုန်လိုင်စင်ကြေး
(က) ၅၀,၀၀,၀၀၀ ကျပ်အထိ	ကျပ် ၃၀,၀၀၀
(ခ) ၅၀,၀၀,၀၀၁ ကျပ်မှ ၁၀၀,၀၀,၀၀၀ ကျပ်အထိ	ကျပ် ၅၀,၀၀၀
(ဂ) ၁၀၀,၀၀,၀၀၁ ကျပ်မှ ၅၀၀,၀၀,၀၀၀ ကျပ်အထိ	ကျပ် ၆၀,၀၀၀
(ဃ) ၅၀၀,၀၀,၀၀၁ ကျပ်မှ ၁၅၀၀,၀၀,၀၀၀ ကျပ်အထိ	ကျပ် ၈၀,၀၀၀
(င) ၁၅၀၀,၀၀,၀၀၁ ကျပ်နှင့်အထက်	ကျပ် ၉၀,၀၀၀

ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Certificate of Origin–CO) ထုတ်ပေးခြင်းအတွက် ရုံးလုပ်ငန်းသုံး Standard Operating Procedures (SOP)

၁။ **ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသည့်အာဏာပိုင်**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်ရေးဦးစီးဌာန

၂။ **အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် လျှောက်ထားနိုင်သည့်နေရာများ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး (ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်)၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းအဖွဲ့ရုံး(ရန်ကင်း)၊ သီလဝါအထူးစီးပွားရေးဇုန်) နှင့် ကုန်သွယ်ရေးစခန်း ၁၄ ခု (မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊ တာချီလတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ တမူး၊ ရိဒ်၊ ထီးခီး၊ ကျိုင်းတုံ၊ မယ်စဲ့နှင့်မောတောင်)

၃။ **စိစစ်ခွင့်ပြုထုတ်ပေးသည့် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ**

(က) တစ်ဖက်သတ် အကောက်ခွန်သက်သာ/ ကင်းလွတ်ခွင့်အစီအစဉ်များအရ ခွင့်ပြု ထုတ်ပေးလျက်ရှိသည့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ

စဉ်	အစီအစဉ်	အကျုံးဝင်သည့်နိုင်ငံများ	ပုံစံ အမျိုးအစား
(၁)	ဖွံ့ဖြိုးပြီးနိုင်ငံများမှ တစ်ဖက်သတ်ပေးသော အကောက်ခွန်သက်သာခွင့် အစီအစဉ် (Generalized System of Preferences – GSP)	ဩစတြေးလျ၊ ဘီလာရုစ်၊ ကနေဒါ၊ အိုက်စ်လန်၊ ဂျပန်၊ ကာဇက်စတန်၊ နယူးဇီလန်၊ နော်ဝေ၊ ရုရှား၊ ဆွစ်ဇာလန်၊ တူရကီ၊ အမေရိကန် (စုစုပေါင်းနိုင်ငံ– ၃၉)	Form A
(၂)	LDCs နိုင်ငံများအတွက် ကိုရီးယားနိုင်ငံက တစ်ဖက်သတ်ပေးသော အကောက်ခွန်သက်သာ ကင်းလွတ်ခွင့်အစီအစဉ်	ကိုရီးယားနိုင်ငံ	Form Korea

စဉ်	အစီအစဉ်	အကျိုးဝင်သည့်နိုင်ငံများ	ပုံစံ အမျိုးအစား
(၃)	LDCs နိုင်ငံများအတွက် အိန္ဒိယနိုင်ငံက တစ်ဖက်သတ် ပေးသော အကောက်ခွန် သက်သာ ကင်းလွတ်ခွင့် အစီအစဉ် (Duty Free Tariff Preference DFTP Scheme)	အိန္ဒိယနိုင်ငံ	Form DFTP
(၄)	LDCs နိုင်ငံများအတွက် တရုတ်နိုင်ငံက တစ်ဖက်သတ် ပေးသော အကောက်ခွန် သက်သာ ကင်းလွတ်ခွင့် အစီအစဉ် (Duty Free Treatment granted by China)	တရုတ်နိုင်ငံ	Form China

(ခ) **လွတ်လပ်သောကုန်သွယ်မှုဒေသများအရ ထုတ်ပေးလျက်ရှိသော ခွင့်ပြုထုတ်ပေးလျက်ရှိသည့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ**

စဉ်	အစီအစဉ်	အကျိုးဝင်သည့် နိုင်ငံများ	ပုံစံ အမျိုးအစား
(၁)	အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ	အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ	Form D
(၂)	အာဆီယံ – တရုတ် လွတ်လပ်သော ကုန်သွယ်မှု ဒေသ	အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်နိုင်ငံ	Form E
(၃)	အာဆီယံ – ကိုရီးယား လွတ်လပ်သောကုန်သွယ်မှု ဒေသ	အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ကိုရီးယား နိုင်ငံ	Form AK
(၄)	အာဆီယံ – ဂျပန်	အာဆီယံအဖွဲ့ဝင် ၁၀	Form AJ

စဉ်	အစီအစဉ်	အကျုံးဝင်သည့် နိုင်ငံများ	ပုံစံ အမျိုးအစား
	လွတ်လပ်သော ကုန်သွယ်မှု ဒေသ	နိုင်ငံနှင့် ဂျပန်နိုင်ငံ	
(၅)	အာဆီယံ – ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ	အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဩစတြေးလျ၊ နယူးဇီလန်	Form AANZ
(၆)	အာဆီယံ – အိန္ဒိယ လွတ်လပ်သော ကုန်သွယ်မှုဒေသ	အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့်အိန္ဒိယနိုင်ငံ	Form AI
(၇)	အာဆီယံ – ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသ	အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဟောင်ကောင် (တရုတ်)နိုင်ငံ	Form AHK

၄။ **ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် လျှောက်ထားနိုင်သူများ**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ထားသူဖြစ်ရမည်။

၅။ **လျှောက်ထားအသုံးပြုနိုင်သည့်စနစ်များ**

Online CO Application System ဝန်ဆောင်မှုရရှိသည့် ရုံးများနှင့် ကုန်သွယ်ရေးစခန်းများတွင် Online မှတစ်ဆင့်လျှောက်ထားနိုင်ပြီး၊ မမျှော်လင့်သောအခြေအနေတစ်ခုခုတွင် Online CO Application System အဆင်အပြေသည့်အခါ Manual စနစ်ဖြင့် လျှောက်ထားရယူနိုင်သည်။ Online CO Application System ဖြင့် လျှောက်ထားလိုသူများသည် အင်တာနက် ရရှိသည့် မည်သည့်နေရာမှမဆို http://onlineco.myanmartrade net.com Link မှ ဝင်ရောက် လျှောက်ထားနိုင်သည်။

၆။ **အကျုံးဝင်သည့်နိုင်ငံနှင့်ကုန်စည်**

(က) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ လျှောက်ထားရာတွင် တင်ပို့ရောင်းချမည့် ကုန်တင်သွင်းနိုင်ငံသည် တစ်ဖက်သတ်အကောက်ခွန်သက်သာခွင့် အခွင့်အရေးပေးသည့် နိုင်ငံ (သို့) လွတ်လပ်သောကုန်သွယ်မှုဒေသအလိုက် စာချုပ်ဝင်နိုင်ငံဖြစ်ရမည်။

(ခ) တင်ပို့သောကုန်စည်သည် နိုင်ငံအလိုက် သက်ဆိုင်ရာအစီအစဉ်များတွင် အကျုံးဝင်သည့် ကုန်စည်ဖြစ်ရမည်။ တစ်ဖက်သတ်အစီအစဉ်များအရ အကောက်ခွန် သက်သာကင်းလွတ်ခွင့်မပြုသည့် ကုန်စည်စာရင်းမှ ကုန်စည်များကို ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် လျှောက်ထားခွင့်မရှိပါ။ သို့သော် လွတ်လပ်သော ကုန်သွယ်မှုဒေသများအရ အကောက်ခွန် သက်သာကင်းလွတ်ခွင့်မပြုသည့် ကုန်စည်စာရင်းမှ ကုန်စည်များကို ပေါင်းစပ်တွက်ချက်ခြင်းအတွက် ရည်ရွယ်၍ လျှောက်ထားရယူနိုင်သည်။

(ဂ) ယေဘုယျအားဖြင့် တင်ပို့ကုန်စည်၏ FOB တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၀၀ အောက်နည်းပါက CO Form လျှောက်ထားရန်မလိုအပ်ပါ။

(ဃ) ကုန်စည်တင်ပို့ပြီးနောက် တစ်နှစ်အတွင်း လာရောက်လျှောက်ထားသော ကုန်စည်အတွက်သာ CO Form လာရောက်လျှောက်ထားနိုင်သည်။

(င) ကနဦးစိစစ်ချက်အရ တင်ပို့မည့်ကုန်စည်သည် သက်ဆိုင်ရာစည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိပါက လျှောက်ထားမှုကို ငြင်းဆိုနိုင်သည်။

၇။ **CO Form လျှောက်ထားရာတွင်ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ**

(ဥပမာ– ATIGA Form D)

CO Form အား ဖျက်ရာပြင်ရာမပါရှိဘဲ အင်္ဂလိပ်ဘာသာဖြင့် ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူပူးတွဲတင်ပြရမည်–

(က) ရာနှုန်းပြည့်ထုတ်ကုန်များအတွက် ရာနှုန်းပြည့် ထွက်ကုန်ဖြစ်ကြောင်း ခံဝန်ချက်၊

(ခ) စက်မှုထုတ်ကုန်များအတွက် “Certificate of Product Registration”၊

(ဂ) ပို့ကုန်လိုင်စင် (မိတ္တူ) /ပို့ကုန်ကြေငြာလွှာ (မူရင်းနှင့်မိတ္တူ)

(ဃ) သင်္ဘောတင်အထောက်အထား(Bill of Lading) (မိတ္တူ)

(င) အရောင်းပြေစာ(Invoice) (မိတ္တူ)

မှတ်ချက်။ စာရွက်စာတမ်းများသည်မိတ္တူမှန်ဖြစ်ကြောင်းနှင့် CO ပေါ်တွင် Board of Director List ၌ပါဝင်သူတစ်ဦးဦးမှ မှန်ကန်ကြောင်း လက်မှတ်ထိုးစေရန်၊

၈။ **အခြားCO Form လျှောက်ထားရာတွင်ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ**

CO Form အား ဖျက်ရာပြင်ရာ မပါရှိဘဲ အင်္ဂလိပ်ဘာသာဖြင့် ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါစာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည်-

(က) ရာနှုန်းပြည့်ထုတ်ကုန်များအတွက် ရာနှုန်းပြည့် ထွက်ကုန်ဖြစ်ကြောင်း ခံဝန်ချက်၊

(ခ) စက်မှုထုတ်ကုန်များအတွက်-

(၁) ကုန်စည်တစ်ယူနစ်အတွက် Cost Statement တွက်ချက်မှု ဖော်ပြချက်၊

(၂) ပါဝင်ထုတ်လုပ်သော ကုန်ကြမ်းများ၏ HS Code (6-Digit Level) နှင့် ကုန်ချော၏ HS Code (6-Digit Level) ကိုဖော်ပြရန်၊

(၃) ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည့် စာရွက်စာတမ်းများတင်ပြရန်၊ (လိုအပ်ပါကကုန်စည်၏ခေတ်ပုံ တင်ပြရန်)

(ဂ) ပို့ကုန်လိုင်စင် (မိတ္တူ) /ပို့ကုန်ကြေငြာလွှာ (မူရင်းနှင့်မိတ္တူ)

(ဃ) သင်္ဘောတင်အထောက်အထား (Bill of Lading) (မိတ္တူ)

(င) အရောင်းပြေစာInvoice (မိတ္တူ)

၉။ **ATIGA Form-D လျှောက်ထားမည့်စက်မှုထုတ်ကုန် (အဝတ်အထည်) များအတွက် စက်မှု ထုတ်ကုန်ပစ္စည်း မှတ်ပုံတင်လျှောက်ထားခြင်း**

(က) **စက်မှုထုတ်ကုန်ပစ္စည်းမှတ်ပုံတင် လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ**

(၁) ကုန်စည်တစ်ယူနစ်အတွက် Cost Statement တွက်ချက်မှုဖော်ပြချက်၊

(၂) ပါဝင်ထုတ်လုပ်သောကုန်ကြမ်းများ၏ HS Code (6–Digit Level) နှင့် ကုန်ချော၏ HS Code (8–Digit Level)ကိုဖော်ပြချက်၊

(၃) ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည့် စာရွက်စာတမ်းများတင်ပြချက် (လိုအပ်ပါကကုန်စည်၏ဓာတ်ပုံ)၊

(၄) ကုန်ကြမ်းများအတွက်သွင်းကုန်ကြေငြာလွှာ (မိတ္တူ)

(၅) အရောင်းပြေစာ (Invoice) (မိတ္တူ)

မှတ်ချက်။ ပို့ကုန်လိုင်စင်လျှောက်ထားရန် မလိုအပ်သည့် ကုန်စည်စာရင်းတွင် ပါဝင်သည့် ပို့ကုန်များအတွက် လိုအပ်ပါက အရောင်းအဝယ်စာချုပ် တင်ပြစေရန်၊

(ခ) **စက်မှုထုတ်ကုန်ပစ္စည်းမှတ်ပုံတင် လျှောက်ထားသောအမှုတွဲများ လက်ခံရာတွင် စစ်ဆေးရန်အချက်များ**

ပထမအဆင့်

(၁) ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများပြည့်စုံမှုရှိ – မရှိစိစစ်ရန်၊

ဒုတိယအဆင့်

လျှောက်ထားသူက တင်ပြလာသောစာရွက်စာတမ်းများကို စိစစ်ခြင်း

(၂) ကုန်စည်၏ HS Code (8– Digit Level) နှင့် အမျိုးအမည် ဖော်ပြချက်ကိုက်ညီမှု/ မှန်ကန်မှုရှိ–မရှိစိစစ်ရန်၊

(၃) သက်ဆိုင်ရာအစီအစဉ်အလိုက်ကုန်စည်၏ ပင်ရင်းမှတ်ကျောက်ကို စိစစ်ရန်၊

(၄) ဒေသတွင်းပါဝင်ထုတ်လုပ်မှု တန်ဖိုးမှတ်ကျောက်အရ Cost Statement တွက်ချက်မှုကို စိစစ်ရန်နှင့်ကုန်ကြမ်းများအတွက် သွင်းကုန်ကြေငြာလွှာ အား စိစစ်ရန်၊

(၅) ပေါင်းစပ်တွက်ချက်မှုအတွက် အကျုံးဝင်သောနိုင်ငံများမှ ပင်ရင်းကုန်ကြမ်း ပါဝင်မှုတန်ဖိုးကို စိစစ်တွက်ချက်ရန်၊

(၆) HS Code ပြောင်းလဲခြင်း မှတ်ကျောက်အရကုန်ကြမ်းများ၏ HS Code များမှ ကုန်ချော၏ HS Code သို့ပြောင်းလဲမှု ရှိ–မရှိကို စိစစ်ရန်၊

(၇) သီးသန့်ထုတ်လုပ်မှုနည်းစဉ် မှတ်ကျောက်နှင့်ကိုက်ညီမှု ရှိ-မရှိကို စိစစ်ရန်အတွက် ကုန်စည်၏ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်အား စိစစ်ရန်၊

တတိယအဆင့်

(၈) ပူးတွဲစာရွက်စာတမ်းများအား စစ်ဆေးပြီး၊ မှန်ကန်မှုရှိပါက ဌာန၏ ကနဦးစိစစ်ချက်နှင့်အတူ စက်မှုဝန်ကြီးဌာနအောက်ရှိ Cost Sheet စိစစ် ထောက်ခံချက်ပေးရေးအဖွဲ့သို့ ဆက်လက်ပေးပို့ရန်၊

(၉) Cost Sheet စိစစ်ထောက်ခံချက်ပေးရေးအဖွဲ့မှ ထောက်ခံချက် ရရှိပါက စက်မှုထုတ်ကုန်မှတ်ပုံတင်လက်မှတ် (မူကြမ်း) ပြုစုရန်၊

(၁၀) မှန်ကန်မှုရှိပါက “Certificate of Product Registration” ကို စိစစ်၍ အတည်ပြုထုတ်ပေးရန်၊

၁၀။ **CO Formပေါ်တွင်ဖြည့်စွက်ရမည့်ယေဘုယျအချက်အလက်များ (ဥပမာ-ATIGA Form D)**

(က) **ပုံစံပေါ်ရှိအကွက်များအလိုက် ဖြည့်စွက်ရမည့်ယေဘုယျအချက်အလက်များ**

စဉ်	Boxes	ဖြည့်စွက်ရမည့်အကြောင်းအရာများ
(၁)	Box-1	ကုန်တင်ပို့သူ (Exporter) ၏လုပ်ငန်းအမည်နှင့်လိပ်စာ
(၂)	Box-2	ကုန်လက်ခံမည့်သူ၏အမည်နှင့်လိပ်စာ
(၃)	Box-3	ထွက်ခွာသည့်နေ့စွဲ၊ ကုန်စည်သယ်ယူမည့်ယာဉ်အမည်၊ ကုန်ချမည့်ဆိပ်ကမ်း
(၄)	Box-4	ကုန်တင်သွင်းနိုင်ငံ၏သက်ဆိုင်ရာအာဏာပိုင်မှ အသုံးပြုရန်
(၅)	Box-5	ကုန်စည်အမျိုးအစားအလိုက်နံပါတ်များ
(၆)	Box-6	အထုတ်များတွင်ပါရှိသော အမှတ်အသားနှင့်နံပါတ်များ
(၇)	Box-7	အထုတ်အမျိုးအစားနှင့်အရေအတွက်၊ ကုန်စည်အမျိုးအစား ဖော်ပြချက် (အရေအတွက်နှင့်ကုန်တင်ပို့နိုင်ငံ၏ HS code)
(၈)	Box-8	ပင်ရင်းမှတ်ကျောက် (ပုံစံကျောဘက်တွင်ကြည့်ရှုရန်)၊
(၉)	Box-9	အကြမ်းဖျဉ်းအလေးချိန် (သို့) အခြားပမာဏနှင့်တန်ဖိုး (အကယ်၍ RVC မှတ်ကျောက်အသုံးပြုပါက FOB တန်ဖိုး)

စဉ်	Boxes	ဖြည့်စွက်ရမည့်အကြောင်းအရာများ
(၁၀)	Box–10	Invoice နံပါတ်နှင့် Invoice ပါနေ့စွဲ။
(၁၁)	Box–11	Exporter ၏ကြေညာချက်။ (တင်ပို့နိုင်ငံ၊ တင်သွင်းမည့်နိုင်ငံ၊ တင်ပို့သူလက်မှတ်၊အမည်တံဆိပ်တုံး၊နေရာနှင့်နေ့ရက်)
(၁၂)	Box–12	CO ထုတ်ပေးသည့်သက်ဆိုင်ရာ အာဏာပိုင်၏ အတည်ပြုသည့် လက်မှတ်၊အမည်တံဆိပ်တုံး၊ ထုတ်ပေးသည့်နေရာနှင့် နေ့ရက်
(၁၃)	Box–13	တင်ပို့သည့်ရည်ရွယ်ချက်အလိုက် အမှတ်အသားပြုရန်၊

(ခ) တင်ပို့သည့်ရည်ရွယ်ချက်အလိုက်အမှတ်အသားပြုရမည့် Box 13 တွင် လမ်းညွှန်ချက်

Box	Purpose
Third Country Invoicing	တတိယနိုင်ငံက အရောင်းပြေစာထုတ်ပေးသော ကိစ္စရပ်များ အတွက် အမှတ်အသားပြုရန်
Accumulation	အခြားအာဆီယံအဖွဲ့ဝင်များမှ ကုန်ကြမ်းများ ပါဝင်ပေါင်းစပ် တွက်ချက်မှု ၁၀၀ % ရှိပါက အမှတ်အသားပြုရန်
Back–to–Back CO	မူလ CO ကိုအခြေပြု၍ ထုတ်ပေးသော Back–to–Back CO ဖြစ်ပါက အမှတ်အသားပြုရန်
Partial Cumulation	တစ်စိတ်တစ်ဒေသ ပေါင်းစပ်ထုတ်လုပ်သော ကုန်စည်ဖြစ်ပါက အမှတ်အသားပြုလုပ်ရန်
Exhibition	ပြပွဲများအတွက်တင်ပို့သော ကုန်စည်ဖြစ်ပါကအမှတ်အသားပြုရန်
De Minimis	ဘောင်မဝင်ကုန်ကြမ်းပါဝင်ထုတ်လုပ်သော ကုန်စည်ဖြစ်ပါက အမှတ်အသားပြုရန်
Issued Retroactively	ကုန်စည်တင်ပို့ချိန်အတွင်း(သို့) B/L ရက်စွဲမှ ၃ ရက်အတွင်း မတင်ပို့နိုင် သော ကုန်စည်များအတွက် နောက်ကြောင်းပြန် ထုတ်ပေးရာတွင် အမှတ်အသားပြုရန်

(ဂ) ကုန်စည်သည်ပင်ရင်းမှတ်ကျောက်နှင့်ကိုက်ညီပါက Box 8 တွင် ဖြည့်စွက်ရမည့် အချက်အလက်များအတွက် လမ်းညွှန်ချက်

No.	Circumstances of production or manufacture in the first country named in Box 11 of this form	Insert in Box 8
(a)	Goods wholly obtained or produced in the exporting Member State satisfying Article 27 (Wholly Obtained) of the ATIGA	"WO"
(b)	Goods satisfying Article 28 (Non–wholly obtained) of the ATIGA - Regional Value Content - Change in Tariff Classification - Specific Processes – Combination Criteria	– Percentage of Regional Value Content, example "40%" – The actual CTC rule, example "CC" or "CTH" or "CTSH" – "SP" – The actual combination criterion, example "CTSH + 35%"
(c)	Goods satisfying paragraph 2 of Article 30 (Partial Cumulation) of the ATIGA	"PC x%", where x would be the percentage of Regional Value Content of less than 40%, example "PC 25%"

၁၁။ **လျှောက်ထားသောအမှုတွဲများအား လက်ခံစစ်ဆေးရန်အဆင့်များ (ဥပမာ– ATIGA Form D)**

ပထမအဆင့်

(က) ပုံစံတွင်ဖြည့်စွက်ချက်များကို အင်္ဂလိပ်ဘာသာဖြင့် ဖျက်ရာပြင်ရာမပါရှိဘဲ ဖြည့်စွက်ထားခြင်း ရှိမရှိ စိစစ်ရန်

(ခ) Board of Director List ၌ ပါဝင်သူတစ်ဦးဦးမှ လက်မှတ်ထိုးခြင်း ရှိ/ မရှိ စိစစ်ရန်

(ဂ) ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ ပြည့်စုံမှု ရှိ မရှိစိစစ်ရန်

ဒုတိယအဆင့်

လျှောက်ထားသူက ပူးတွဲစာရွက်စာတမ်းအပြည့်အစုံဖြင့် တင်ပြလာသော လျှောက်လွှာနှင့် ပုံစံတွင် ဖြည့်စွက်ချက်များစစ်ဆေးခြင်း

(ဃ) Box 1 တွင်ဖော်ပြသည့် Exporter’s name and Address သည် BL, EL, ED တို့တွင် ဖော်ပြထားသည်နှင့်ကိုက်ညီခြင်း ရှိ မရှိစိစစ်ရန်

(င) Box 2 တွင်ဖော်ပြသည့် Consignee’s name and Address သည် BL, Invoice တို့တွင် ဖော်ပြထားသည်နှင့်ကိုက်ညီခြင်းရှိ မရှိစိစစ်ရန်

(စ) Box 3 တွင်City/ Town, Myanmar မှမည်သည့်နိုင်ငံသို့ ပို့သည်၊ ပို့ဆောင်သည့် လမ်းကြောင်း (By air, By Sea, ……) စသည်ဖြင့် ဖော်ပြထားခြင်းရှိ မရှိစိစစ်ရန်

(ဆ) Box 5 တွင်ပါရှိသည့် Item number သည် BL, ED တွင်ပါရှိသည်နှင့် ကိုက်ညီမှုရှိ မရှိ စိစစ်ရန်

(ဇ) Box 6 တွင်ဖော်ပြသည့် Marks and Number of Packages သည် BL တွင် ဖော်ပြထားသည်နှင့်ကိုက်ညီမှု ရှိ မရှိစိစစ်ရန်

(ဈ) Box 7 တွင်ဖော်ပြသည့် Number and Type of Packages, Description of Goods, Quantity သည် EL, ED, BL, Invoice တို့တွင်ဖော်ပြထားသည် နှင့်ကိုက်ညီမှု ရှိ မရှိစိစစ်ရန်

(ည) Box 8 တွင် Origin Criterion မှာသတ်မှတ်ထားသော ပင်ရင်းနိုင်ငံစည်းမျဉ်း နှင့် ကိုက်ညီခြင်းရှိ မရှိစိစစ်ရန်နှင့် စက်မှုထုတ်ကုန်ဖြစ်ပါက “Certificate of Product Registration” တွင်ဖော်ပြထားသည့် ပင်ရင်းမှတ်ကျောက်နှင့် တူညီခြင်း ရှိ မရှိ စိစစ်ရန်

(ဋ) Box 9 တွင်ဖော်ပြသည့် Gross Weight သည် BL ပါ ဖော်ပြချက်နှင့် ကိုက်ညီခြင်းရှိ မရှိ စိစစ်ရန်

(ဌ) Box 10 တွင်ပါရှိသည့် Invoice No.နှင့် Date သည် Invoiceပါ Invoice No.နှင့် Date နှင့် ကိုက်ညီမှုရှိ မရှိစိစစ်ရန်

(ဍ) Box 12 တွင် Importing Country, Exporting Country, Date, Place, Seal, Sign များ မှန်ကန်စွာဖော်ပြထားရှိခြင်းရှိ မရှိစိစစ်ရန်

တတိယအဆင့်

အတည်ပြုစိစစ်ခွင့်ပြုထုတ်ပေးခြင်း

(ဎ) ပုံစံပေါ်တွင်ကျန်ရှိနေသောနေရာလွတ်အား“ Z ” ပုံစံမျဉ်းသား၍ ပိတ်ရန်

(ဏ) ပုံစံတွင်ဖြည့်စွက်ချက်များအား ပူးတွဲစာရွက်စာတမ်းများနှင့် တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်မှုရှိပါက လက်မှတ်ရေးထိုးခွင့်ရှိသည့် အရာထမ်းက အမည်၊ ရာထူး၊ ဌာန ပါဝင်သည့် တံဆိပ်တုံးထု၍ အတည်ပြုလက်မှတ်ရေးထိုးပြီး ခွင့်ပြုထုတ်ပေးရန်

စတုတ္ထအဆင့်

(တ) Reference No. အကွက်တွင်နံပါတ်ပါ/ မပါနှင့်မှန်ကန်မှု ရှိ မရှိစစ်ဆေးရန်၊

(ထ) ပို့ကုန်ကြေညာလွှာ (မူရင်း)ပါတန်ဖိုးနှင့် CO လျှောက်ထားမှုတန်ဖိုးကိုစိစစ်ရန်

၁၂။ **ဝန်ဆောင်ခနှုန်းထားများ**

(က) **Manual CO Form**

စဉ်	အကြောင်းအရာ	ကျသင့်ငွေ (ကျပ်)
(၁)	ပုံစံတစ်စုံကြေး	၃၀၀
(၂)	ဝန်ဆောင်ခကြေး	၃,၀၀၀
(၃)	မိတ္တူမှန်	၅,၀၀၀
(၄)	ပြင်ဆင်ကြေး	၁,၀၀၀

(ခ) **e-CO Application system**

(၁) **CO Form လျှောက်ထားခြင်း**

စဉ်	အကြောင်းအရာ	ကျသင့်ငွေ (ကျပ်)
(ကက)	အွန်လိုင်းအသုံးပြုခကြေး	၃,၀၀၀
(ခခ)	ဝန်ဆောင်ခကြေး	၃,၀၀၀

(ဂဂ)	မိတ္တူမှန်	၅,၀၀၀
(ဃဃ)	ပြင်ဆင်ကြေး	၁,၀၀၀

(၂) **Certificate of Product Registration လျှောက်ထားခြင်း**

စဉ်	**အကြောင်းအရာ**	**ကျသင့်ငွေ (ကျပ်)**
(ကက)	အွန်လိုင်းအသုံးပြုခကြေး	၃,၀၀၀
(ခခ)	ဝန်ဆောင်ခကြေး	၅,၀၀၀
(ဂဂ)	မိတ္တူမှန်	၅,၀၀၀
(ဃဃ)	သက်တမ်းတိုးကြေး	၅,၀၀၀
(ငင)	ပြင်ဆင်ကြေး	၁,၀၀၀

(၃) **Certificate of Certified Exporter လျှောက်ထားခြင်း**

စဉ်	**အကြောင်းအရာ**	**ကျသင့်ငွေ (ကျပ်)**
(ကက)	အွန်လိုင်းအသုံးပြုခကြေး	၃,၀၀၀
(ခခ)	ဝန်ဆောင်ခကြေး	-
(ဂဂ)	မိတ္တူမှန်	-
(ဃဃ)	သက်တမ်းတိုးကြေး	-
(ငင)	ပြင်ဆင်ကြေး	-

၁၃။ **အထွေထွေ**

(က) အကောက်ခွန်သက်သာခွင့်အစီအစဉ်နှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသအလိုက် အသုံးပြုသော CO Form များမှန်ကန်မှုရှိရမည်။

(ခ) ပျောက်ဆုံး၊ ပျက်စီးခြင်းများအတွက် မိတ္တူမှန် (Certified True Copy) လာရောက် လျှောက်ထားခြင်းကို လွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် အကောက်ခွန် သက်သာခွင့်အစီအစဉ်များ၏ လုပ်ထုံးလုပ်နည်းများအတိုင်း စိစစ်ခွင့်ပြုထုတ် ပေးနိုင်သည်။

(ဂ) စိစစ်ခွင့်ပြုထုတ်ပေးခဲ့သည့် CO Form ၏ ဒုတိယမိတ္တူနှင့်လျှောက်ထားရာတွင် တင်ပြသည့် အခြားအထောက်အထားစာရွက်စာတမ်းများကို CO Form ခွင့်ပြုထုတ်ပေးသည့်နေ့စွဲမှ ၃ နှစ်ထက်မနည်း သိမ်းဆည်းရမည်။

(ဃ) သက်ဆိုင်ရာကုန်တင်သွင်းနိုင်ငံမှ မေးမြန်းသော နောက်ကြောင်းပြန် မေးမြန်းစုံစမ်းမှုများကို သတ်မှတ်ကာလအတွင်းပြန်ကြားရမည်။

(င) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များပေါ်တွင် အသုံးပြုမည့် ရုံးတံဆိပ်တုံးများ၊ လက်မှတ်ရေးထိုးမည့် အရာထမ်းများ၏ လက်မှတ်နမူနာများနှင့် တံဆိပ်တုံး များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ သက်ဆိုင်ရာသံရုံးများနှင့် အဖွဲ့အစည်းများ ထံသို့ နှစ်စဉ်ပေးပို့ရမည်။ အပြောင်းအလဲများရှိပါက လိုအပ်သလို အချိန်နှင့် တပြေးညီအကြောင်းကြားရမည်။

ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Certificate of Origin–CO)
လျှောက်ထားခြင်းအတွက်လုပ်ငန်းရှင်များအသုံးပြုရန် Standard Operating Procedures (SOP)

၁။ **ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ထုတ်ပေးခွင့်ရှိသည့်အာဏာပိုင်**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်ရေးဦးစီးဌာန

၂။ **အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် လျှောက်ထားနိုင်သည့်နေရာများ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး (ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းအဖွဲ့ရုံး (ရန်ကင်း)၊ သီလဝါအထူးစီးပွားရေးဇုန်)နှင့် ကုန်သွယ်ရေးစခန်း ၁၄ ခု (မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ တမူး၊ ရိဒ်၊ ထီးခီး၊ ကျိုင်းတုံ၊ မယ်စဲ့နှင့်မောတောင်)

၃။ **စိစစ်ခွင့်ပြုထုတ်ပေးသည့် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ**

(က) **တစ်ဖက်သတ် အကောက်ခွန်သက်သာ/ ကင်းလွတ်ခွင့်အစီအစဉ်များအရ ခွင့်ပြု ထုတ်ပေးလျက်ရှိသည့်ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ**

စဉ်	အစီအစဉ်	အကျုံးဝင်သည့်နိုင်ငံများ	ပုံစံအမျိုးအစား
(၁)	ဖွံ့ဖြိုးပြီးနိုင်ငံများမှ တစ်ဖက်သတ်ပေးသော အကောက်ခွန် သက်သာခွင့်အစီအစဉ် (Generalized System of Preferences – GSP)	ဩစတြေးလျ၊ ဘီလာရုစ်၊ ကနေဒါ၊ အိုက်စ်လန်၊ ဂျပန်၊ ကာဇက်စတန်၊ နယူးဇီလန်၊ နော်ဝေ၊ ရုရှား၊ ဆွစ်ဇာလန်၊ တူရကီ၊ အမေရိကန် (စုစုပေါင်းနိုင်ငံ– ၃၉)	**Form A**
(၂)	LDCs နိုင်ငံများအတွက် ကိုရီးယားနိုင်ငံက တစ်ဖက်သတ်ပေးသော အကောက်ခွန်သက်သာ ကင်းလွတ်ခွင့်အစီအစဉ်	ကိုရီးယားနိုင်ငံ	Form Korea

စဉ်	အစီအစဉ်	အကျုံးဝင်သည့်နိုင်ငံများ	ပုံစံအမျိုးအစား
(၃)	LDCs နိုင်ငံများအတွက် အိန္ဒိယနိုင်ငံက တစ်ဖက်သတ် ပေးသော အကောက်ခွန် သက်သာကင်းလွတ်ခွင့်အစီအစဉ် (Duty Free Tariff Preference DFTP Scheme)	အိန္ဒိယနိုင်ငံ	Form DFTP
(၄)	LDCs နိုင်ငံများအတွက် တရုတ်နိုင်ငံက တစ်ဖက်သတ် ပေးသော အကောက်ခွန် သက်သာကင်းလွတ်ခွင့် အစီအစဉ် (Duty Free Treatment granted by China)	တရုတ်နိုင်ငံ	Form China

(ခ) **လွတ်လပ်သော ကုန်သွယ်မှုဒေသများအရ ထုတ်ပေးလျက်ရှိသော ခွင့်ပြု ထုတ်ပေး လျက်ရှိသည့်ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ**

စဉ်	အစီအစဉ်	အကျုံးဝင်သည့်နိုင်ငံများ	ပုံစံအမျိုးအစား
(၁)	အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ	အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ	Form D
(၂)	အာဆီယံ – တရုတ် လွတ်လပ်သော ကုန်သွယ်မှု ဒေသ	အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့်တရုတ်နိုင်ငံ	Form E
(၃)	အာဆီယံ – ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှု ဒေသ	အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့်ကိုရီးယားနိုင်ငံ	Form AK

စဉ်	အစီအစဉ်	အကျုံးဝင်သည့်နိုင်ငံများ	ပုံစံအမျိုးအစား
(၄)	အာဆီယံ – ဂျပန် လွတ်လပ်သော ကုန်သွယ်မှုဒေသ	အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့်ဂျပန်နိုင်ငံ	Form AJ
(၅)	အာဆီယံ – ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ	အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဩစတြေးလျ၊ နယူးဇီလန်	Form AANZ
(၆)	အာဆီယံ–အိန္ဒိယ လွတ်လပ်သော ကုန်သွယ်မှုဒေသ	အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့်အိန္ဒိယနိုင်ငံ	Form AI
(၇)	အာဆီယံ – ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသ	အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့်ဟောင်ကောင် (တရုတ်) နိုင်ငံ	Form AHK

၄။ **ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်လျှောက်ထားနိုင်သူများ**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်အဖြစ်မှတ်ပုံတင်ထားသူဖြစ်ရမည်။

၅။ **လျှောက်ထားအသုံးပြုနိုင်သည့်စနစ်များ**

Online CO Application System ဝန်ဆောင်မှုရရှိသည့်ရုံးများနှင့် ကုန်သွယ်ရေးစခန်းများတွင် Online မှတစ်ဆင့်လျှောက်ထားနိုင်ပြီး၊ မမျှော်လင့်သော အခြေအနေတစ်ခုခုတွင် Online CO Application System အဆင်အပြေသည့်အခါ Manual စနစ်ဖြင့် လျှောက်ထားရယူနိုင်သည်။ Online CO Application System ဖြင့် လျှောက်ထား လိုသူများသည် အင်တာနက်ရရှိသည့် မည်သည့်နေရာမှမဆို http://onlineco.myanmartrade net.com Link မှဝင်ရောက်လျှောက်ထားနိုင်သည်။

၆။ **အကျုံးဝင်သည့်နိုင်ငံနှင့်ကုန်စည်**

(က) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ လျှောက်ထားရာတွင် တင်ပို့ရောင်းချမည့် ကုန်တင်သွင်းနိုင်ငံသည် တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်

အခွင့်အရေး ပေးသည့် နိုင်ငံ(သို့) လွတ်လပ်သောကုန်သွယ်မှုဒေသအလိုက် စာချုပ်ဝင်နိုင်ငံ ဖြစ်ရမည်။

(ခ) တင်ပို့သောကုန်စည်သည် နိုင်ငံအလိုက်သက်ဆိုင်ရာအစီအစဉ်များတွင် အကျုံးဝင်သည့် ကုန်စည်ဖြစ်ရမည်။ တစ်ဖက်သတ်အစီအစဉ်များအရ အကောက်ခွန် သက်သာကင်းလွတ်ခွင့်မပြုသည့် ကုန်စည်စာရင်းမှ ကုန်စည်များကို ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် လျှောက်ထားခွင့်မရှိပါ။ သို့သော် လွတ်လပ်သောကုန်သွယ်မှုဒေသများအရ အကောက်ခွန် သက်သာကင်းလွတ်ခွင့်မပြုသည့် ကုန်စည်စာရင်းမှ ကုန်စည်များကို ပေါင်းစပ်တွက်ချက်ခြင်းအတွက်ရည်ရွယ်၍ လျှောက်ထားရယူနိုင်သည်။

(ဂ) ယေဘုယျအားဖြင့် တင်ပို့ကုန်စည်၏ FOB တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၀၀ အောက်နည်းပါက CO Form လျှောက်ထားရန်မလိုအပ်ပါ။

(ဃ) ကုန်စည်တင်ပို့ပြီးနောက် တစ်နှစ်အတွင်း လာရောက်လျှောက်ထားသော ကုန်စည်အတွက်သာ CO Form လာရောက်လျှောက်ထားနိုင်သည်။

(င) သက်ဆိုင်ရာအရာထမ်း၏ ကနဦးစိစစ်ချက်အရ တင်ပို့မည့်ကုန်စည်သည် သက်ဆိုင်ရာစည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိပါက လျှောက်ထားမှုကို ငြင်းဆိုခံရနိုင်သည်။

၇။ **CO Form လျှောက်ထားရာတွင်ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ**

(ဥပမာ– ATIGA Form D)

CO Form အား ဖျက်ရာပြင်ရာမပါရှိဘဲ အင်္ဂလိပ်ဘာသာဖြင့် ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ပူးတွဲတင်ပြရမည်–

(က) ရာနှုန်းပြည့်ထုတ်ကုန်များအတွက် ရာနှုန်းပြည့်ထွက်ကုန်ဖြစ်ကြောင်းခံဝန်ချက်၊

(ခ) စက်မှုထုတ်ကုန်များအတွက် “Certificate of Product Registration”၊

(ဂ) ပို့ကုန်လိုင်စင် (မိတ္တူ) /ပို့ကုန်ကြေငြာလွှာ (မူရင်းနှင့်မိတ္တူ)

(ဃ) သင်္ဘောတင်အထောက်အထား(Bill of Lading) (မိတ္တူ)

(င) အရောင်းပြေစာ(Invoice) (မိတ္တူ)

မှတ်ချက်။ ။စာရွက်စာတမ်းများသည်မိတ္တူမှန်ဖြစ်ကြောင်းနှင့် CO ပေါ်တွင် Board of Director List ၌ပါဝင်သူတစ်ဦးဦးမှ မှန်ကန်ကြောင်း လက်မှတ်ထိုးရမည်။

၈။ **အခြား CO Form လျှောက်ထားရာတွင်ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ**

CO Form အား ဖျက်ရာပြင်ရာမပါရှိဘဲ အင်္ဂလိပ်ဘာသာဖြင့် ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါစာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည်-

(က) ရာနှုန်းပြည့်ထုတ်ကုန်များအတွက်
ရာနှုန်းပြည့်ထွက်ကုန်ဖြစ်ကြောင်းခံဝန်ချက်၊

(ခ) စက်မှုထုတ်ကုန်များအတွက်-

(၁) ကုန်စည်တစ်ယူနစ်အတွက် Cost Statement တွက်ချက်မှုဖော်ပြချက်၊

(၂) ပါဝင်ထုတ်လုပ်သောကုန်ကြမ်းများ၏ HS Code (6-Digit Level) နှင့်ကုန်ချော၏ HS Code (6-Digit Level) ကိုဖော်ပြရန်၊

(၃) ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည့် စာရွက်စာတမ်းများတင်ပြရန်၊ (လိုအပ်ပါကကုန်စည်၏ဓာတ်ပုံတင်ပြရန်)

(ဂ) ပို့ကုန်လိုင်စင် (မိတ္တူ) /ပို့ကုန်ကြေငြာလွှာ (မူရင်းနှင့်မိတ္တူ)

(ဃ) သင်္ဘောတင်အထောက်အထား (Bill of Lading) (မိတ္တူ)

(င) အရောင်းပြေစာInvoice (မိတ္တူ)

၉။ **ATIGA Form-D လျှောက်ထားမည့်စက်မှုထုတ်ကုန် (အဝတ်အထည်) များအတွက် စက်မှု ထုတ်ကုန်ပစ္စည်းမှတ်ပုံတင်လျှောက်ထားခြင်း**

(က) **လျှောက်ထားရာတွင်ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ**

(၁) ကုန်စည်တစ်ယူနစ်အတွက် Cost Statement တွက်ချက်မှုဖော်ပြချက်၊

(၂) ပါဝင်ထုတ်လုပ်သောကုန်ကြမ်းများ၏ HS Code (6-Digit Level) နှင့်ကုန်ချော၏ HS Code (8-Digit Level)ကိုဖော်ပြချက်၊

(၃) ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည့် စာရွက်စာတမ်းများတင်ပြချက်၊ (လိုအပ်ပါကကုန်စည်၏ဓာတ်ပုံတင်ပြရန်)

(၄) ကုန်ကြမ်းများအတွက် သွင်းကုန်ကြေငြာလွှာ (မိတ္တူ)

(၅) အရောင်းပြေစာ (Invoice) (မိတ္တူ)

မှတ်ချက်။ ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုအပ်သည့် ကုန်စည်စာရင်းတွင် ပါဝင်သည့် ပို့ကုန်များအတွက်လိုအပ်ပါက အရောင်းအဝယ် စာချုပ် တင်ပြရမည်။

(ခ) **ခွင့်ပြုထုတ်ပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်**

(၁) ပူးတွဲစာရွက်စာတမ်းများအားစစ်ဆေးပြီး၊ မှန်ကန်မှုရှိပါက စက်မှုဝန်ကြီးဌာနအောက်ရှိ Cost Sheet စိစစ်ထောက်ခံချက်ပေးရေးအဖွဲ့သို့ ဌာန၏ကနဦးစိစစ်ချက်နှင့်အတူဆက်လက်ပေးပို့မည်။

(၂) Cost Sheet စိစစ်ထောက်ခံချက်ပေးရေးအဖွဲ့မှ ထောက်ခံချက်ရရှိပါက ကုန်သွယ်ရေးဦးစီးဌာနက "Certificate of Product Registration" ကို စိစစ်၍ သက်တမ်းတစ်နှစ်ဖြင့် အတည်ပြုထုတ်ပေးမည်။

၁၀။ **CO Formပေါ်တွင် ဖြည့်စွက်ရမည့် ယေဘုယျအချက်အလက်များ (ဥပမာ–ATIGA Form D)**

(က) **ပုံစံပေါ်ရှိအကွက်များအလိုက် ဖြည့်စွက်ရမည့် ယေဘုယျအချက်အလက်များ**

စဉ်	Boxes	ဖြည့်စွက်ရမည့်အကြောင်းအရာများ
(၁)	Box–1	ကုန်တင်ပို့သူ (Exporter) ၏လုပ်ငန်းအမည်နှင့်လိပ်စာ
(၂)	Box–2	ကုန်လက်ခံမည့်သူ၏အမည်နှင့်လိပ်စာ၊
(၃)	Box–3	ထွက်ခွာသည့်နေ့စွဲ၊ ကုန်စည်သယ်ယူမည့်ယာဉ်အမည်၊ ကုန်ချမည့်ဆိပ်ကမ်း
(၄)	Box–4	ကုန်တင်သွင်းနိုင်ငံ၏သက်ဆိုင်ရာအာဏာပိုင်မှ အသုံးပြုရန်
(၅)	Box–5	ကုန်စည်အမျိုးအစားအလိုက်နံပါတ်များ
(၆)	Box–6	အထုတ်များတွင်ပါရှိသော အမှတ်အသားနှင့်နံပါတ်များ
(၇)	Box–7	အထုတ်အမျိုးအစားနှင့်အရေအတွက်၊ ကုန်စည်အမျိုးအစားဖော်ပြချက် (အရေအတွက်နှင့်ကုန်တင်ပို့နိုင်ငံ၏ HS code)
(၈)	Box–8	ပင်ရင်းမှတ်ကျောက် (ပုံစံကျောဘက်တွင်ကြည့်ရှုရန်)
(၉)	Box–9	အကြမ်းဖျဉ်းအလေးချိန် (သို့) အခြားပမာဏနှင့်တန်ဖိုး

		(အကယ်၍ RVC မှတ်ကျောက်အသုံးပြုပါက FOB တန်ဖိုး)
(၁၀)	Box-10	Invoice နံပါတ်နှင့် Invoice ပါနေ့စွဲ
(၁၁)	Box-11	Exporter ၏ ကြေညာချက်။ (တင်ပို့နိုင်ငံ၊ တင်သွင်းမည့်နိုင်ငံ၊ တင်ပို့သူလက်မှတ်၊ အမည်တံဆိပ်တုံး၊ နေရာနှင့်နေ့ရက်)
(၁၂)	Box-12	CO ထုတ်ပေးသည့် သက်ဆိုင်ရာအာဏာပိုင်၏ အတည်ပြုသည့် လက်မှတ်၊အမည်တံဆိပ်တုံး၊ထုတ်ပေးသည့်နေရာနှင့်နေ့ရက်
(၁၃)	Box-13	တင်ပို့သည့်ရည်ရွယ်ချက်အလိုက်အမှတ်အသားပြုရန်

(ခ) တင်ပို့သည့်ရည်ရွယ်ချက်အလိုက် အမှတ်အသားပြုရမည့် Box 13 တွင် လမ်းညွှန်ချက်

Box	Purpose
Third Country Invoicing	တတိယနိုင်ငံက အရောင်းပြေစာထုတ်ပေးသော ကိစ္စရပ်များ အတွက် အမှတ်အသားပြုရန်
Accumulation	အခြားအာဆီယံအဖွဲ့ဝင်များမှ ကုန်ကြမ်းများ ပါဝင်ပေါင်းစပ် တွက်ချက်မှု ၁၀၀ % ရှိပါက အမှတ်အသားပြုရန်
Back-to-Back CO	မူလ CO ကို အခြေပြု၍ထုတ်ပေးသော Back-to-Back CO ဖြစ်ပါက အမှတ်အသားပြုရန်
Partial Cumulation	တစ်စိတ်တစ်ဒေသပေါင်းစပ်ထုတ်လုပ်သောကုန်စည်ဖြစ်ပါက အမှတ်အသားပြုလုပ်ရန်
Exhibition	ပြပွဲများအတွက်တင်ပို့သော ကုန်စည်ဖြစ်ပါက အမှတ်အသားပြုရန်
De Minimis	ဘောင်မဝင်ကုန်ကြမ်းပါဝင်ထုတ်လုပ်သော ကုန်စည်ဖြစ်ပါက အမှတ် အသားပြုရန်
Issued Retroactively	ကုန်စည်တင်ပို့ချိန်အတွင်း (သို့) B/L ရက်စွဲမှ ၃ ရက်အတွင်း မတင်ပို့နိုင်သော ကုန်စည်များအတွက် နောက်ကြောင်းပြန် ထုတ်ပေးရာ တွင် အမှတ်အသားပြုရန်

(ဂ) ကုန်စည်သည်ပင်ရင်းမှတ်ကျောက်နှင့်ကိုက်ညီပါက Box 8 တွင် ဖြည့်စွက်ရမည့် အချက်အလက်များအတွက် လမ်းညွှန်ချက်

No.	**Circumstances of production or manufacture in the first country named in Box 11 of this form**	**Insert in Box 8**
(a)	Goods wholly obtained or produced in the exporting Member State satisfying Article 27 (Wholly Obtained) of the ATIGA	"WO"
(b)	Goods satisfying Article 28 (Non–wholly obtained) of the ATIGA - Regional Value Content - Change in Tariff Classification - Specific Processes – Combination Criteria	– Percentage of Regional Value Content, example "40%" – The actual CTC rule, example "CC" or "CTH" or "CTSH" – "SP" – The actual combination criterion, example "CTSH + 35%"
(c)	Goods satisfying paragraph 2 of Article 30 (Partial Cumulation) of the ATIGA	"PC x%", where x would be the percentage of Regional Value Content of less than 40%, example "PC 25%"

၁၁။ **ဝန်ဆောင်ခနှုန်းထားများ**

(က) **Manual CO Form**

စဉ်	အကြောင်းအရာ	ကျသင့်ငွေ (ကျပ်)
(၁)	ပုံစံတစ်စုံကြေး	၃၀၀
(၂)	ဝန်ဆောင်ခကြေး	၃,၀၀၀

(၃)	မိတ္တူမှန်	၅,၀၀၀
(၄)	ပြင်ဆင်ကြေး	၁,၀၀၀

(ခ) **e-CO Application system**

(၁) **CO Form လျှောက်ထားခြင်း**

စဉ်	အကြောင်းအရာ	ကျသင့်ငွေ (ကျပ်)
(ကက)	အွန်လိုင်းအသုံးပြုခကြေး	၃,၀၀၀
(ခခ)	ဝန်ဆောင်ခကြေး	၃,၀၀၀
(ဂဂ)	မိတ္တူမှန်	၅,၀၀၀
(ဃဃ)	ပြင်ဆင်ကြေး	၁,၀၀၀

(၂) **Certificate of Product Registration လျှောက်ထားခြင်း**

စဉ်	အကြောင်းအရာ	ကျသင့်ငွေ (ကျပ်)
(ကက)	အွန်လိုင်းအသုံးပြုခကြေး	၃,၀၀၀
(ခခ)	ဝန်ဆောင်ခကြေး	၅,၀၀၀
(ဂဂ)	မိတ္တူမှန်	၅,၀၀၀
(ဃဃ)	သက်တမ်းတိုးကြေး	၅,၀၀၀
(ငင)	ပြင်ဆင်ကြေး	၁,၀၀၀

(၃) **Certificate of Certified Exporter လျှောက်ထားခြင်း**

စဉ်	အကြောင်းအရာ	ကျသင့်ငွေ (ကျပ်)
(ကက)	အွန်လိုင်းအသုံးပြုခကြေး	၃,၀၀၀
(ခခ)	ဝန်ဆောင်ခကြေး	-
(ဂဂ)	မိတ္တူမှန်	-
(ဃဃ)	သက်တမ်းတိုးကြေး	-
(ငင)	ပြင်ဆင်ကြေး	-

၁၂။ **အထွေထွေ**

(က) CO Form ပျောက်ဆုံး၊ ပျက်စီးခြင်းများအတွက် မိတ္တူမှန် (Certified True Copy) ကို တင်ပို့သူလက်ခံမိတ္တူတင်ပြ၍ ပြန်လည်လျှောက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာက စိစစ်ခွင့်ပြုထုတ်ပေးခဲ့သည့် CO Form မိတ္တူ၊ တင်ပို့သူလက်ခံမိတ္တူနှင့် လျှောက်ထားရာတွင် တင်ပြသည့်အခြားအထောက်အထားစာရွက်စာတမ်းများကို CO Form ခွင့်ပြုထုတ်ပေးသည့်နေ့စွဲမှ ၃ နှစ်ထက်မနည်း သိမ်းဆည်းရမည်။

(ဂ) သက်ဆိုင်ရာကုန်တင်သွင်းနိုင်ငံမှ မေးမြန်းသော နောက်ကြောင်းပြန် မေးမြန်းစုံစမ်းမှုများအတွက် အချက်အလက်များ ပံ့ပိုးပေးရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာအာဏာပိုင်နှင့်ပူးပေါင်းဆောင်ရွက်ရမည်။

(ဃ) တင်ပို့သော ပင်ရင်းထုတ်ကုန်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက လာရောက်စစ်ဆေးမှုများကို လက်ခံ၍ ပူးပေါင်းဆောင်ရွက်ရမည်။

(င) လွတ်လပ်သော ကုန်သွယ်မှုဒေသများနှင့် အကောက်ခွန်သက်သာခွင့်အစီအစဉ်များ၏ ပင်ရင်းနိုင်ငံစည်းမျဉ်းများ၊ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနကထုတ်ပြန်ထားသော အမိန့် ကြော်ငြာစာများ၊ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာများ၊ အသိပေး အကြောင်းကြားစာများတွင် အသေးစိတ်လေ့လာကြည့်ရှုနိုင်သည်။

(စ) ကိုးကားကြည့်ရှုနိုင်သည့် Website များမှာအောက်ပါအတိုင်းဖြစ်သည်-

www.unctad.org (GSP အစီအစဉ်များနှင့်အစီအစဉ်များ)

www.asean.org (လွတ်လပ်သောကုန်သွယ်မှုဒေသများ)

www.commerce.gov.mm (ပင်ရင်းနိုင်ငံစည်းမျဉ်းဆိုင်ရာကိစ္စရပ်များ)

(၁၄) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်၊ ထောက်ခံချက်ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စု တစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အဖွဲ့ (One Stop Service– OSS) ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတွင် ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် (ပြည်တွင်း၊ ပြည်ပ) အား တင်ပြလျှောက်ထားနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အခြားဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းလိုင်စင်များနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကိုလည်း အဆိုပါဌာနတွင် စုံစမ်းရယူနိုင်ပါသည်။

၂။ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းလုပ်ကိုင်လိုသည့် ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းစီမံချက် စတင်အကောင်အထည်မဖော်မီ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက် အအုံတစ်ခုခုကို ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့ ပြုလုပ်လိုပါက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရပါမည်။

၃။ ထို့နောက် ရင်းနှီးမြှုပ်နှံသူသည် အောက်ဖော်ပြပါ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း လိုင်စင်များအား ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားနိုင်ပါသည်။

(က) ဟိုတယ်လုပ်ငန်းလိုင်စင်

(ခ) တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်

(ဂ) ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်

(ဃ) ဧည့်လမ်းညွှန်လိုင်စင်

(င) ခရီးသွားလုပ်ငန်းဆိုင်ရာအခြားဝန်ဆောင်မှုလုပ်ငန်းလိုင်စင်

အထက်ဖော်ပြပါ လုပ်ငန်းလိုင်စင်များသက်တမ်းတိုးမြှင့်ခြင်းကိုလည်း ဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းကော်မတီသို့ လျှောက်ထားနိုင်ပါသည်။

(၁) ခွင့်ပြုမိန့်

(၁.၁) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ တည်ဆောက်မှုနှင့် ပြုပြင်မွမ်းမံမှု ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) ကြိုတင်ခွင့်ပြုချက် တောင်းခံသည့် လျှောက်လွှာ (ခ) ကြိုတင်ခွင့်ပြုချက် အဆိုပြုလွှာပုံစံ (ပုံစံ- ၁) (ဂ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး (သို့) ပြည်နယ် အစိုးရအဖွဲ့ရုံး၏ ထောက်ခံချက် (ဃ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက် (င) ရပ်ကွက် (သို့) ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက် (စ) သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက် (နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့၏ စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ) (ဆ) မြို့နယ်ရဲစခန်း၏ ထောက်ခံချက် (ဇ) မြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက် (ဈ) မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက် (ည) တာဝန်ခံအင်ဂျင်နီယာ လက်မှတ်ရေးထိုးထားသည့် ဆောက်လုပ်မည့် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အဦပုံစံ (Site Plan, Floor Plan, Room Plan) (ဋ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ထောက်ခံချက် (ဌ) မြေပိုင်ဆိုင်မှုအထောက်အထား၊ မြေကိုငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့်အထောက်အထား၊ အဆောက်အအုံကို ငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့်အထောက်အထား (ဍ) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာဆောက်လုပ်ခြင်း အတွက် ငွေကြေးလုံလောက်မှု ရှိကြောင်း

	အထောက်အထား (ဃ) အဆိုပြုသည့်မြေနေရာနှင့် အဆောက်အအုံသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ဆက်စပ်တည်ရှိပါက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၏ ထောက်ခံချက် (ဏ) အဆိုပြုသည့် မြေနေရာနှင့် အဆောက်အအုံသည် သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး နယ်မြေနှင့် ဆက်စပ်တည်ရှိပါက သစ်တောဦးစီးဌာန၏ ထောက်ခံချက် (တ) အဆိုပြုသည့်မြေနေရာသည် လေယာဉ်ကွင်းနှင့် နီးကပ်ပါက လေကြောင်းပို့ဆောင်ရေး ဦးစီးဌာန၏ ထောက်ခံချက်
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများနှင့်တကွ အဆိုပြုလွှာကို ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားရမည်။ (ခ) ကြိုတင်ခွင့်ပြုချက်စိစစ်ရေးအဖွဲ့သည် လျှောက်ထားချက်အား ဥပဒေ၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ၊ အနာဂတ်စီမံကိန်းများအတွက် အထောက်အကူဖြစ် မဖြစ်၊ လုပ်ငန်းလုပ်ကိုင်မည့် နယ်မြေဒေသ၏ ဝန်ဆောင်နိုင်အားနှင့် မျှတမှု ရှိ မရှိ စိစစ်ပြီး ဆုံးဖြတ်ချက် ချမှတ်ရမည်။ (ဂ) လုပ်ငန်းစီမံချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားရမည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	အလုပ်လုပ်ရက် (၃၀) ရက်

လျှောက်ထားရမည့်နေရာ	သက်ဆိုင်ရာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	အများအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လုပ်ငန်းလိုင်စင်နှင့်ပတ်သတ်၍ လိုင်စင်အားလုံးကို ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌ (သို့) ဥက္ကဋ္ဌမှ တာဝန်ပေးအပ်ထားသော ကော်မတီအဖွဲ့ဝင်များမှ အတည်ပြုလက်မှတ်ရေးထိုးကြပါသည်။
မှတ်ချက်	- မြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့် မလျှောက်ထားမီ ဟိုတယ်တည်ဆောက်မှုနှင့် ပြုပြင်မွမ်းမံမှု ကြိုတင်ခွင့်ပြုချက်အားဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်။ - ကြိုတင်ခွင့်ပြုချက်ရရှိသူသည် လုပ်ငန်းဆောင်ရွက်မှု ကြန့်ကြာသည့်ကာလ (၆) လထက်ကျော်လွန်ပါက ဆောင်ရွက်ပြီးစီးမှုအခြေအနေကို (၆) လတစ်ကြိမ် တင်ပြအစီရင်ခံရမည်။ - သတ်မှတ်ကာလအတွင်းဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ ဆောက်လုပ်ပြီးစီးပါက လုပ်ငန်းလိုင်စင်ရရှိရေးအတွက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသို့ဆက်လက် လျှောက်ထားနိုင်ပါသည်။

(၂) လိုင်စင်များ

(၂.၁) ဟိုတယ်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့်အထောက်အထားများ	(က) ဟိုတယ်တည်ဆောက်မှုနှင့် ပြုပြင်မွမ်းမံမှု ကြိုတင်ခွင့်ပြုချက် (မိတ္တူ) (ခ) ဘဏ်ရှင်းတမ်းမိတ္တူ (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၏ ထောက်ခံချက် (မိတ္တူ) (ဃ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်

(င) သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်

(စ) မြို့နယ်ရဲစခန်း၏ ထောက်ခံချက်

(ဆ) မြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်

(ဇ) မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်

(ဈ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ထောက်ခံချက်

(ည) ဘေးပတ်ဝန်းကျင်နေသူများမှ သဘောတူညီကြောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်

(ဋ) မြေပိုင်ဆိုင်မှုအထောက်အထား၊ ငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့် အထောက်အထား

(ဌ) ဆောက်လုပ်ပြီးအဆောက်အဦနှင့် အခန်းဓါတ်ပုံများ

(ဍ) လုပ်ငန်းရှင်၏ (၆) လ အတွင်းရိုက်ထားသည့် ပတ်စ်ပို့ အရွယ် ရောင်စုံဓါတ်ပုံ (၃) ပုံ

(ဎ) ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ် သို့မဟုတ် အဖွဲ့အစည်းမှတ်ပုံတင်မိတ္တူ

(ဏ) နိုင်ငံခြားသားနှင့် ဖက်စပ်ဆောင်ရွက်ခြင်းဖြစ်ပါက ဖက်စပ်ဆောင်ရွက်ကြောင်း အထောက်အထားမိတ္တူ

(တ) ဝန်ထမ်းအင်အားစာရင်း

(ထ) ရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ဆက်စပ်တည်ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ၏ ထောက်ခံချက်၊

(ဒ) သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး နယ်မြေနှင့် ဆက်စပ်တည်ရှိပါက သစ်တော ဦးစီးဌာန၏ ထောက်ခံချက်

(ဓ) ကမ်းခြေဒေသဖြစ်ပါက ကမ်းခြေဒေသရေရှည် တည်တံ့ ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန် အမိန့်ပါ ညွှန်ကြားထားမှုများအတိုင်း လိုက်နာဆောင်ရွက်ရန်

လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထား များနှင့်တကွ အဆိုပြုလွှာကို ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီသို့ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားရမည်။ (ခ) ပြည့်စုံသောအထောက်အထားများရရှိပါက လိုင်စင်စိစစ် ရေးအဖွဲ့သည် လျှောက်ထားချက်အား လုပ်ငန်းလိုအပ် ချက်များနှင့် ညီညွတ်မှု ရှိ/ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ဆုံးဖြတ်ပါမည်။ (ဂ) လိုင်စင်ထုတ်ပေးခြင်းမပြုမီ လိုင်စင်လျှောက်ထားသူ သည် သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာနက ဘဏ္ဍာနှစ် အလိုက်ထုတ်ပေးသော အခွန်ကင်းရှင်း ကြောင်း သက်သေခံလက်မှတ်တင်ပြရမည်။ (ဃ) လျှောက်ထားသူသည် သတ်မှတ်ထားသော လိုင်စင် ကြေးကို ပေးသွင်းပြီးနောက် လိုင်စင်ကိုထုတ်ယူရ ပါမည်။
ဝန်ဆောင်ခ	ဟိုတယ်လုပ်ငန်း- (ပြည်တွင်း)- ၄ သိန်းမှ ၁၄ သိန်းခွဲအထိ၊ (ပြည်ပ၊ ဖက်စပ်) - အမေရိကန်ဒေါ်လာ ၄၀၀၀ နှင့် ညီမျှသော မြန်မာကျပ်မှ ၇၀၀၀ နှင့် ညီမျှသော မြန်မာကျပ်
ကြာမြင့်ချိန်	အလုပ်လုပ်ရက် (၃၀) ရက်
လျှောက်ထားရမည့် နေရာ	သက်ဆိုင်ရာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ
အတည်ပြု လက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	အများအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လုပ်ငန်း လိုင်စင်နှင့်ပတ်သတ်၍ လိုင်စင်အားလုံးကို ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌ (သို့) ဥက္ကဋ္ဌမှ တာဝန်ပေးအပ်ထား သော ကော်မတီအဖွဲ့ဝင်များမှ အတည်ပြုလက်မှတ်ရေးထိုးကြပါ သည်။

(၂.၂) ဟိုတယ်လုပ်ငန်းလိုင်စင် သက်တမ်းတိုးလျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) လုပ်ငန်းလိုင်စင်သက်တမ်းတိုးလျှောက်လွှာ (ခ) လုပ်ငန်းလိုင်စင်မူရင်း (ဂ) လုပ်ငန်းလိုင်စင်သက်တမ်းတိုးခွင့်ပြုပါရန် လျှောက်လွှာ (ဃ) လုပ်ငန်းရှင်၏ (၆)လ အတွင်း ရိုက်ထားသည့် အပြာရောင်နောက်ခံဖြင့် ပတ်စပို့အရွယ် (၁.၃" x ၁.၅") ကာလာဓါတ်ပုံ (၃) ပုံ (င) သက်ဆိုင်ရာ မြို့နယ်ပြည်တွင်းအခွန်ဦးစီးရုံးသို့ ပေးဆောင်ထားသည့် အခွန်ပြေစာ (မိတ္တူ) (စ) လိုင်စင်သက်တမ်း (၃) နှစ်စာအတွင်း အရှုံးအမြတ်စာရင်း (ဆ) ဝင်ငွေတွင် နိုင်ငံခြားငွေရရှိဖော်ပြခဲ့ပါက နိုင်ငံခြားငွေဘဏ်စာအုပ် (မိတ္တူ) (ဇ) နိုင်ငံခြားသားဧည့်သည်များတည်းခိုနိုင်ရန် အဆင့်မီစွာဝန်ဆောင်မှုပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုချက် (ဈ) သက်ဆိုင်ရာရုံးခွဲများ၏ ထောက်ခံချက် ကုမ္ပဏီပိုင်ဖြစ်ပါက အထက်ပါအချက်များအပြင် အောက်ပါတို့လိုအပ်ပါသည်။ (ည) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ) (ဋ) ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းများ (မိတ္တူ)
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများနှင့်တကွ အဆိုပြုလွှာကို ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်။ (ခ) ပြည့်စုံသောအထောက်အထားများ ရရှိပါက လိုင်စင်စိစစ်ရေးအဖွဲ့သည် လျှောက်ထားချက်အား လုပ်ငန်းလိုအပ်ချက်များနှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ပြီးနောက် လုပ်ငန်းလိုင်စင်ကို သက်တမ်းတိုးပေးပါမည်။

ဝန်ဆောင်ခ	ဟိုတယ်လုပ်ငန်း- (ပြည်တွင်း)- ၄ သိန်းမှ ၁၄ သိန်းခွဲအထိ၊ (ပြည်ပ/ဖက်စပ်) - အမေရိကန်ဒေါ်လာ ၄၀၀၀ နှင့် ညီမျှသော မြန်မာကျပ်မှ ၇၀၀၀ နှင့်ညီမျှသော မြန်မာကျပ်
ကြာမြင့်ချိန်	ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက် ရရှိသည့် အချိန်
လျှောက်ထားရမည့် နေရာ	သက်ဆိုင်ရာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	အများအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လုပ်ငန်း လိုင်စင်နှင့်ပတ်သတ်၍ လိုင်စင်အားလုံးကို ဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌ (သို့) ဥက္ကဋ္ဌမှ တာဝန် ပေးအပ်ထားသော ကော်မတီအဖွဲ့ဝင်များမှ အတည်ပြု လက်မှတ်ရေးထိုးကြပါသည်။

(၂.၃) တည်းခိုရိပ်သာလိုင်စင် လျှောက်ထားခြင်း

တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(က) လုပ်ငန်းလိုင်စင်လျှောက်လွှာ (ပုံစံ-၅) (ခ) တည်းခိုရိပ်သာ တည်ဆောက်မှုနှင့် ပြုပြင်မွမ်းမံမှု ကြိုတင်ခွင့်ပြုချက် (မိတ္တူ) (ဂ) တိုင်းဒေသကြီး (သို့) ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော် ကောင်စီ၏ ထောက်ခံချက် (မိတ္တူ) (ဃ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက် (င) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက် (စ) မြို့နယ်ရဲစခန်း၏ ထောက်ခံချက် (ဆ) မြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက် (ဇ) မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက် (ဈ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ထောက်ခံချက် (ည) ဘေးပတ်ဝန်းကျင်နေသူများမှ သဘောတူညီကြောင်း

	ရပ်ကွက် သို့ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက် (ဋ) မြေပိုင်ဆိုင်မှုအထောက်အထား၊ ငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့် အထောက်အထား (ဌ) ဆောက်လုပ်ပြီးအဆောက်အဦနှင့် အခန်းဓါတ်ပုံများ (ဍ) လုပ်ငန်းရှင်၏ (၆) လ အတွင်းရိုက်ထားသည့် ပတ်စ်ပို့ အရွယ် ရောင်စုံဓါတ်ပုံ (၂) ပုံ (ဎ) ဝန်ထမ်းအင်အားစာရင်း (ဏ) ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေနှင့် ဆက်စပ်တည်ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီး ဌာန၏ ထောက်ခံချက်၊ သစ်တောနှင့် သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေးနယ်မြေနှင့် ဆက်စပ်တည်ရှိပါက သစ်တောဦးစီးဌာန၏ ထောက်ခံချက်
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထား များနှင့်တကွ အဆိုပြုလွှာကို ဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းကော်မတီသို့ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားရမည်။ (ခ) ပြည့်စုံသောအထောက်အထားများ ရရှိပါက လိုင်စင် စိစစ်ရေးအဖွဲ့သည် လျှောက်ထားချက်အားလုပ်ငန်း လိုအပ်ချက်များနှင့် ညီညွတ်မှု ရှိ-မရှိ စိစစ်ပြီးလုပ်ငန်း လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်ပါမည်။ (ဂ) လိုင်စင်ထုတ်ပေးခြင်းမပြုမီလိုင်စင် လျှောက်ထားသူ သည် သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် ထုတ်ပေးသော အခွန်ကင်းရှင်း ကြောင်း သက်သေခံလက်မှတ် တင်ပြရမည်။ (ဃ) လျှောက်ထားသူသည် သတ်မှတ်ထားသော လိုင်စင်ကြေး ကို ပေးသွင်းပြီးနောက် လိုင်စင်ကို ထုတ်ယူရပါမည်။
ဝန်ဆောင်ခ	၁ သိန်းခွဲမှ ၂ သိန်းခွဲအထိ

ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၃၀ ရက်
လျှောက်ထားရမည့်နေရာ	သက်ဆိုင်ရာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	အများအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လုပ်ငန်းလိုင်စင်နှင့်ပတ်သတ်၍ လိုင်စင်အားလုံးကို ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌ (သို့) ဥက္ကဋ္ဌမှ တာဝန်ပေးအပ်ထားသော ကော်မတီအဖွဲ့ဝင်များမှ အတည်ပြုလက်မှတ်ရေးထိုးကြပါသည်။

(၂.၄) တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် သက်တမ်းတိုးလျှောက်ထားခြင်း

တင်ပြရန်လိုအပ်သည့်အထောက်အထားများ	(က) လုပ်ငန်းလိုင်စင်သက်တမ်းတိုးလျှောက်လွှာ (ခ) လုပ်ငန်းလိုင်စင်မူရင်း (ဂ) လုပ်ငန်းလိုင်စင်သက်တမ်းတိုးခွင့်ပြုပါရန် လျှောက်လွှာ (ဃ) လုပ်ငန်းရှင်၏ ၆ လ အတွင်းရိုက်ထားသည့် အပြာရောင်နောက်ခံဖြင့် ပတ်စပို့အရွယ် (၁.၃" x ၁.၅") ကာလာဓါတ်ပုံ (၃) ပုံ (င) သက်ဆိုင်ရာမြို့နယ် ပြည်တွင်းအခွန်များဦးစီးရုံးသို့ ပေးဆောင် ထားသည့် အခွန်ပြေစာ (မိတ္တူ) (စ) လိုင်စင်သက်တမ်း (၃)နှစ်စာအတွင်း အရှုံးအမြတ်စာရင်း (ဆ) ဝင်ငွေတွင် နိုင်ငံခြားငွေရရှိဖော်ပြခဲ့ပါက နိုင်ငံခြားငွေဘဏ်စာအုပ် (မိတ္တူ) (ဇ) နိုင်ငံခြားသားဧည့်သည်များတည်းခိုနိုင်ရန် အဆင့်မီစွာဝန်ဆောင်မှုပေးမည်ဖြစ်ပါကြောင်းဝန်ခံ ကတိပြုချက် (ဈ) သက်ဆိုင်ရာရုံးခွဲများ၏ ထောက်ခံချက် ကုမ္ပဏီပိုင်ဖြစ်ပါကအထက်ပါအချက်များအပြင် အောက်ပါတို့လိုအပ်ပါသည်။ (ည) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)

	(ဠ) ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းများ
လုပ်ငန်းစဉ်အဆင့်	(က) လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများနှင့်တကွ အဆိုပြုလွှာကို ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်။ (ခ) ပြည့်စုံသောအထောက်အထားများ ရရှိပါက လိုင်စင်စိစစ်ရေးအဖွဲ့သည် လျှောက်ထားချက်အား လုပ်ငန်းလိုအပ်ချက်များနှင့် ညီညွတ်မှု ရှိ-မရှိ စိစစ်ပြီးနောက် လုပ်ငန်းလိုင်စင်ကို သက်တမ်းတိုးပေးပါမည်။
ဝန်ဆောင်ခ	၁ သိန်းခွဲမှ ၂ သိန်းခွဲအထိ
ကြာမြင့်ချိန်	ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိသည့်အချိန်
လျှောက်ထားရမည့်နေရာ	သက်ဆိုင်ရာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	အများအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လုပ်ငန်းလိုင်စင်နှင့်ပတ်သတ်၍ လိုင်စင်အားလုံးကို ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌ (သို့) ဥက္ကဋ္ဌမှ တာဝန်ပေးအပ်ထားသော ကော်မတီအဖွဲ့ဝင်များမှ အတည်ပြုလက်မှတ်ရေးထိုးကြပါသည်။

(၂.၅) ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း (ပြည်တွင်းခရီးစဉ်နှင့် ပြည်ဝင်ခရီးစဉ်)

တင်ပြရန်လိုအပ်မည့်အထောက်အထားများ	(က) လုပ်ငန်းလိုင်စင်လျှောက်လွှာ (ပုံစံ-၂) (ခ) သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင် သို့မဟုတ် သမဝါယမအသင်းမှတ်ပုံတင် (မိတ္တူ) (ဂ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် သမဝါယမဦးစီးဌာနမှ အတည်ပြုထားသော ဒါရိုက်တာ အဖွဲ့ဝင်စာရင်း (ဃ) ဝန်ထမ်းစာရင်း

	(င) ဆောင်ရွက်မည့်ခရီးစဉ်၊ ဈေးနှုန်း၊ Tour Conditions and Agreement (စ) လုပ်ငန်းရှင်၏ မှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင် (ဆ) လုပ်ငန်းရှင်၏ (၆) လ အတွင်းရိုက်ထားသည့် ပတ်စ်ပို့ အရွယ် ရောင်စုံဓါတ်ပုံ (၂) ပုံ
